
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မင်းသိခ်

# မဟာမြို့ခံရိုးသည်

(ဇာတ်သိမ်းပိုင်း)

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ရှိဓာဘုရင်မ၏ လက်စွပ်အကြောင်း ၁

တောတွင်းခံပေါက် ၉

ဘီလူးမ ပန်သော ပန်း ၂၁

ဗိုးသူတော်ကြီးနှင့် တွေ့ပြီ ၃၅

မှုရို[illegible] ရှင်းမှန်တယ် ၅၅

ဝီကွမ်းက ညွှန်ပြခြင်း ၆၃

ရှမ်ဘဲလား၏ ဂီတသံ ၆၅

အဘိုးအို ရစ္စတီနှင့် တွေ့ပြီ ၈၁

မဟာမြိုင် ဒွတို ၉၇

အပြန်လမ်း ၁၀၉

စနေမောင်မောင်နှင့် အတူ ၁၂၁

သူတစ်လမ်း ကိုယ်တစ်လမ်း ၁၃၃

အန္တရာယ် လာပြီ ၁၃၉

ကြောက်ရွံ့၍ ရွတ်မိပါသည် ၁၄၇

ပြည်တော်ဝင် ဒွတို ၁၅၇

သစ္စာပြုပြီ ၁၆၅

တက်လမ်း ၁၇၃

ဂျူဒရီ ၁၈၃

သူကရှာ ကိုယ်က လှည့် ၁၃၉

မန်ကျည်းပင်ချကြား ၂၀၇

ငါမင်းသား ထိုင်လို့နေ ၂၁၃

ရှုတ်လိုက်တဲ့ မျှန်တွေ ၂၁၉

သိန်းကုဋေ ခြောက်သောင်း ၂၃၃

မဟာမြိုင်သို့ အပြန် ၂၄၃

ဆရာသခင်များနှင့် အတူ ၂၅၅

ပြည်တော်ဝင် တန်တော်မိုး ၂၅၉

ခြေတိုက်အတွင်းမှ မှတ်တမ်း ၂၆၅

မဟာမြိုင်ခရီးသည် မှတ်တမ်း ၂၆၉

မင်းလေးပါးခံ ရွှေတိဂုံ ၂၇၉


www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၁၂၈၆/၂၀၀၃ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၂၈/၂၀၀၄(၆) |
| | | တတိယအကြိမ် |
| | | ၂၀၀၄ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၁၀၀ ကျပ် |
| မျက်နှာဖုံးပန်းချီ | - | မြတ်မင်းဟန် |
| မျက်နှာဖုံးဂရပ်ဖစ်ဒီဇိုင်း | - | ရဲထွန်း |
| ကွန်ပျူတာစာစီ | - | Deep Blue (၃၃) လမ်း၊ |
| အတွင်းဖလင် | - | မျိုးဝင်းကျော်၊ လမ်း (၄၀) |
| စာအုပ်ချုပ် | - | ရှုတီး၊ ၁၁၄ လမ်း |
| ထုတ်ဝေသူ | - | လာဘ်မိုးဇွေ စာပေ |
| | | ဦးမောင်မောင်မြင့်အေး(မြ-၁၄ |
| မျက်နှာဖုံး နှင့် | - | ဦးမြင့်ဦး (မြ-၀၁၅၀၃) |
| အတွင်းပုံနှိပ် | | သိန်းသန်းဦးပုံနှိပ်တိုက် |
| ဖြန့်ချိရေး | - | လာဘ်မိုးဇွေစာပေ |
| | | အမှတ် (၁၁၁)၊ ပ-ထပ်၊ ၃၃ |
| | | ရန်ကုန်မြို့။ ဖုန်း-၀၁-၂၅၃ |


## ရှီတာဘုရင်မ၏ လက်စွပ်အကြောင်း

"တန်တော်မိုးက တယ်ခက်တာကိုး၊ ခင်ဗျားကိစ္စထဲမှာ ကျုပ်က ပါလာတာ မဟုတ်ဘူးဗျ၊ ကျုပ်ကိစ္စထဲမှာ ခင်ဗျားက မဆီမဆိုင် ပါလာလို့ ကျုပ်မှာ အလုပ်တွေ အတော်ပဲ ရှုပ်သွားရတယ်"

ဟု စနေမောင်မောင်က ပြောလေ၏။

"ဘယ်လိုကြောင့် ကျုပ်ကဆရာကြီးရဲ့အလုပ်မှာ ရှုပ်တဲ့လူ ဖြစ်ရပြန်တာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ရှမ်ဘဲလားမှာ ဆော်လမွန်ရဲ့ သေမင်းနိုင်ငံကျမ်းနဲ့ ဆော်လမွန် ကိုယ်တိုင်ဝတ်ခဲ့တဲ့ လက်စွပ်ရှိတယ်ဆိုတာ သိဖို့အတွက် ကျုပ်ဟာ ငွေတွေနဲ့ အချိန်တွေအများကြီး အကုန်ခံခဲ့ရတယ်၊ ပြီးတော့ အဲဒီခရီးစဉ်နဲ့ အဲဒီပစ္စည်းတွေအကြောင်း ကျုပ်အပြင်

**လာဘ်မိုးဇွေ**

www.burmeseclassic.com

www.burmeseclassic.com



အခြားသိတဲ့လူ ရှိသေးသလားလို့ လှေ့လာလိုက်တဲ့အခါ တရွ[illegible] ပွဲရုံသူဌေးတစ်ယောက်အကြောင်းသတင်းအစအနရခဲ့ တယ[illegible] အဲဒီမှာအဲဒီတရုတ်သူဌေးအကြောင်း သဲလွန်စကို ဆုံးခန်း တိုင[illegible] အောင်လိုက်လိုက်တော့ အဲဒီသူဌေးမှာသားသမီးတွေ ကျန်ခဲ[illegible] ကြောင်း၊ သို့ရာတွင်သားတစ်ယောက်မှုအမွေလုံးဝမပေးဘဲ[illegible] တစ်တောင်ပတ်လည်လောက်ရှိတဲ့ သေတ္တာနက်ကလေး[illegible] တစ်လုံးသာ ပေးခဲ့ကြောင်း သတင်းရပါလေရောဗျို့၊ အဲဒီ[illegible] မှာ ကျုပ်အဖို့ အလုပ်စပြီး ရှုပ်တော့တာပါပဲ၊ ရှမ်ဘဲလာ[illegible] နေရာနဲ့ ကင်းဆော်လမွန်ရဲ့ ကျန်ခဲ့တဲ့ ပစ္စည်းအကြောင်းကို ဂဃနဏ သိထားတဲ့ တရုတ်သူဌေးဟာ သေတ္တာနက်ထဲမှာ အဲဒီအကြောင်းကို အပြည့်အစုံရေးပြီး သူ့ရဲ့သားကို အမွေ အဖြစ် ပေးနိုင်တာပဲ"

ဟု ပြောကာ စနေမောင်မောင်သည် စီးကရက်ကို ဖွာနေလေ၏။

"အဲဒီတော့ ဘာဖြစ်သလဲ ဆရာကြီးရဲ့"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဘာဖြစ်ရမှာလဲဗျာ၊ အဲဒီသေတ္တာနက်ကလေးကို အမွေဆက်ခံ[illegible] မယ့်သူ့သားဆိုတာကို စုံစမ်းရတာပေါ့၊ အဲဒီလို စုံစမ်းလိုက် တယ်ဆိုရင်ပဲ တန်တော်မိုးဆိုတဲ့ လူတစ်ယောက်အကြောင်း သတင်းရတော့တာ ပေါ့ဗျာ၊ အဲဒီမှာကျုပ်က ဘာလုပ်ရသလဲ ဆိုတော့ ဒီသေတ္တာကလေး တန်တော်မိုးလက်ထဲမရောက်ခင်





ကျုပ်ဆီကိုရောက်အောင် ကြိုးပမ်းရတော့တာပဲ၊ အဲဒီလိုကြိုးပမ်း တဲ့နေရာမှာ ဂေါ်ရခါးတစ်ယောက် အချောင်သေသွားရ ရှာ တယ်၊ အန်းတားဆာမိဆိုတဲ့ကုလားရှေ့နေတစ်ယောက်ရဲ့ အိမ် မီးနှစ်ခါ အလောင်ခံရရှာတယ်"

ဟု စနေမောင်မောင်က ပြောလျှင် ကျွန်ုပ်က-

"ဒီလိုဆိုရင် သေတ္တာနက်ကလေးကို ထိန်းသိမ်းထားတဲ့ ဂေါ်ရခါး ကို ဆရာကြီး သတ်တာပေါ့"

ဟု မေးလိုက်လေ၏။

"သတ်ရတယ်လို့ မဟုတ်ရပါဘူးဗျာ၊ သူက ကျုပ်ကို ခွတ်ကရီး ဓားကောက်နဲ့ ခုတ်တယ်၊ အဲဒီမှာ သူ့အသက် ကိုယ့်အသက်လု တဲ့အချိန်ပေါ့ဗျာ၊ နောက်ဆုံးတော့ ကျုပ်အသက် အမိအရ လုယူ နိုင်တယ်ဆိုပါတော့၊ ကျုပ်က သူ့ကို အဆိပ်စူးနဲ့ ထိုးလိုက်တာ မသိတဲ့လူတွေက မြွေကိုက်ခံရတယ် မှတ်နေကြတယ်"

ဟု စနေမောင်မောင်က ပြောလေ၏။

"နောက်တော့ ဘယ်လိုဖြစ်သလဲ ဆရာကြီး၊ ပြောပါဦး"

ဟု ကျွန်ုပ်က မေးလိုက်ပြန်လေ၏။

"ဘယ်လိုဖြစ်ရမှာလဲ တန်တော်မိုးရယ်၊ အန်းတားဆာမိ သေတဲ့ နေ့မှာပဲ အဲဒီသေတ္တာလေးက ကိုယ့်လူလက်ထဲ ရောက်သွား တယ်လေ၊ အဲဒီတော့ ကိုယ့်လူဘာလုပ်မလဲစောင့်ကြည့်နေရ တယ်၊ အဲဒီမှာ ကိုယ့်လူကသတင်းစာထဲကနေ ထမင်းချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြေညာပြီး ခေါ်တော့တာပဲ၊ ကိုယ့်လူဆီကိုထမင်းချက်ငါးဆယ်လောက် ကျုပ်လွှတ်လိုက်တာ၊ ကိုယ့်လူကအဲဒီထဲကတစ်ယောက်မှမကြိုက်လို့ ဒေဝကိုရောက်အောင်ပို့လိုက်ရတာပဲ၊ ကျုပ်ခင်ဗျားကို မသတ်ချင်ဘူး တန်တော်မိုး၊ ဒါကြောင့် ကိုယ့် လူရဲ့လှုပ်ရှားမှုတွေဟာ ကျုပ်ရဲ့လုပ်ငန်းကိုလာပြီး အနှောင့်အယှက်မပြုနိုင်အောင် ဒေဝကို အနီးကပ်ထားပြီး ကိုယ့်လူကိုထိန်းသိမ်းပြီး ယောဒီနေရာအရောက် ခေါ်လာရတာပဲ၊ အဲဒီတော့ နားထောင်၊ ဒီနေရာကိုရောက်လာပြီ၊ ဒေဝမပါဘဲကိုယ့်လူဘယ်နည်းနဲ့မှ ခရီးဆက်ပြီး မသွား နိုင်ဘူး၊ ကျုပ်ကဒေဝကိုခေါ်သွားလိုက်တာနဲ့ တောထဲမှာ မျက်စိလည်ပြီးသေချင်သေ၊ ဒါမှမဟုတ်ဘာလက်ဘာရားသားတွေနဲ့တွေ့လို့ သေချင်သေ၊ ကိုယ့်လူ သေရတော့မယ်၊ ဒါပေမဲ့ ကိုယ့်လူကို အသက်ထိတော့ မလုပ်လိုက်ပါနဲ့၊ ချမ်းသာပေးပါလို့ဆိုပြီး ကိုယ့်လူရဲ့သူငယ်ချင်း မစ္စတာဗနာဂျီနဲ့ ကိုယ့်လူရဲ့ရည်းစားဟောင်း နိုနီတို့က မေတ္တာရပ်ခံထားလေတော့၊ ကျုပ်အနေနဲ့ ကိုယ့်လူရဲ့အသက်ကိုချမ်းသာပေးလိုက်ပါတယ်"

ဟု စနေမောင်မောင်က လေးနက်စွာ ပြောလေ၏။

"ကျွန်တော့်ရဲ့ အသက်ကို ချမ်းသာပေးမယ်ဆိုတော့ ဆရာကြီးက ဘယ်လိုလုပ်မှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။





"ခင်ဗျားကို ကျုပ် တစ်ပါတည်း ခေါ်သွားမယ်၊ အဲဒီလို ခေါ်သွားတာဟာ ခင်ဗျားအသက် ချမ်းသာဖို့ပဲ"

စနေမောင်မောင်က ပြောလိုက်လေ၏။

"ဆရာကြီးတို့နဲ့ အတူသွားတာတော့ ဟုတ်ပါပြီ၊ ကင်းဆော်လမွန်ရဲ့ ကျမ်းကြီးရတဲ့အခါမှာ ဝေစုက ဘယ်လိုခွဲမှာလဲ"

ကျွန်ုပ်က မေးရလေ၏။

"ဘာမှ ဝေစုခွဲမနေနဲ့တော့၊ အဲဒီကျမ်းကြီးကို ကိုယ့်လူတစ်ယောက်တည်း ယူသွား။ အဲဒီစာအုပ်ထဲမှာပါတဲ့ ရတနာမြေပုံကအညွှန်းတွေကို ကိုယ့်လူဘာသာ ကိုယ့်လူရှာယူပေတော့၊ကျုပ်ကအဲဒီကျမ်းကြီးကိုလို ချင်လို့ မဟုတ်ဘူး၊ အဲဒီကျမ်းကြီးနဲ့အတူရှိနေတဲ့ ကင်းဆော်လမွန်ရဲ့ လက်စွပ်ကိုလိုချင်လို့"

စနေမောင်မောင်က ပြောလေ၏။

"လက်စွပ်တစ်ကွင်းအတွက်များ ဒီလောက် ဒုက္ခရှာရသလားဆရာကြီးရယ်"

ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က-

"အဲဒီလက်စွပ်ဟာ ဆင်တူကမ္ဘာပေါ်မှာ နောက်ထပ်တစ်ကွင်းရှိသေးတယ်၊ ကျုပ်တို့ မြန်မာလူမျိုးတွေ နဝရတ်ကိုးပါးဝတ်သလိုပဲ ကင်းဆော်လမွန်ရဲ့ လက်စွပ်ဟာလည်း အဖိုးတန်ကျောက်ရှစ်မျိုးပါတယ်၊ အဲဒီကျောက်တွေဟာလည်း တစ်ခြမ်းစီပြီး နောက်ထပ်လက်စွပ်တစ်ကွင်း လုပ်ထားသေးတယ်၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်ကွင်းအကြီးက ကင်းဆော်လမွန်ကဝတ်တာ၊လက်စွပ်ကွင်းအငယ်က ရှီဗာဘုရင်မဝတ်တာ၊ ကျုပ်အနေနဲ့ ကင်းဆော်လမွန်ကို လက်မှာဝတ်နိုင်ရင်ရှီဗာဘုရင်မ လက်စွပ်ကို ဝတ်ထား တဲ့အမျိုးသမီးတစ်ဦးနဲ့ ဆက်သွယ်လို့ရပြီ"

ဟု စနေမောင်မောင်က ပြောလေ၏။

"ရှီဗာဘုရင်မ လက်စွပ်ကို ဝတ်ထားတဲ့လူက ဘယ်သူတုံး"

ဟု ကျွန်ုပ်က မေးလိုက်ရာ-

"ရှီဗာဘုရင်မရဲ့ မျိုးဆက်က မိန်းမတစ်ယောက်ပဲ၊ ဒါပေမဲ့ သူဟာ အခုတော့ ဘုရင်မ မဟုတ်ပါဘူး၊ ဘုရင်မ မဟုတ်ပေမယ့် သူနေတဲ့ အဆင့်အတန်းကတော့ဘုရင်မထက် မနိမ့်ပါဘူး၊ အိန္ဒိယပြည်ကို ရောက်လာတဲ့ ဘုရင်ခံချုပ် က သူ့ကို လက်ထပ်ပါရစေလို့ ခွင့်တောင်းဖူးတယ်"

ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"အဲဒီတော့ အဲဒီမိန်းမက ဘယ်လိုပြန်ပြီး အဖြေပေးသလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"လခစားတစ်ယောက်ရဲ့ မယားမလုပ်ချင်ဘူးလို့ အဖြေပေးလိုက်တယ်"

ဟု စနေမောင်မောင်က ပြန်၍ပြောပြန်လေ၏။

"မှန်တော့မှန်ပေသားပဲ စနေမောင်မောင်ရဲ့၊ ဘုရင်ခံချုပ်ဆိုတာလည်း လခနဲ့အလုပ်လုပ်ရပေတာကိုး၊ ဘာပဲဖြစ်ဖြစ် ဒီမိန်းမရဲ့ စိတ်ဓာတ်ကတော့ အံ့ဩစရာပဲ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် စနေမောင်မောင်က-

"ဘုရင်ခံချုပ်ကို ပေးတဲ့လခမျိုး လူခုနစ်ယောက်လောက်ကို သူက လခပေးပြီး ခန့်ထားနိုင်လောက်အောင် ချမ်းသာတယ်ဗျ"

ဟု ပြောလေ၏။

"နေစမ်းပါဦး ဆရာကြီးရဲ့၊ ဒီမိန်းမက ဘယ်လိုယောကျ်ားမျိုးကိုမှ အထင်ကြီးမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ပြန်၏။

"သူက. . . ကင်းဆော်လမွန် လက်စွပ်အကြောင်း သိတယ်ဗျ၊ သာမန်ယောကျ်ားတို့ ရယူနိုင်ဖို့ ခဲယဉ်းတယ်ဆိုတာလည်း သူက အကျအန သိထားတယ်၊ အဲဒီတော့ အဲဒီလက်စွပ်ကို ယူပြီး ဝတ်ပြနိုင်တဲ့အာဂ ယောကျ်ားမှ သူက စဉ်းစားပေမယ် ပေါ့ဗျာ"

ဟု စနေမောင်မောင်က ပြောလေ၏။

"သူက စဉ်းစားပြီဆိုရင် ဆရာကြီးက သူနဲ့ လက်ထပ်မယ်ပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"လက်ထပ်ဖို့ မထပ်ဖို့က ကျုပ်အနေနဲ့ အရေးမကြီးပါဘူး၊ သူနဲ့နီးစပ်မှ သူ့ဆီကပစ္စည်းလေးတစ်ခုရမှာ၊ အဲဒီပစ္စည်းလေးက ကင်းဆော်လမွန်နဲ့ရှီဗာဘုရင်မ နှစ်ဦးပေါင်းပြီးလုပ်သွားတဲ့







www.burmeseclassic.com

www.burmeseclassic.com



ရှေးတောင်း ရတနာသိုက်ရှာတဲ့ ကိရိယာကလေးပဲ၊ ဒါမျိုး ကင်းဆော်လမ္ဘန်လိုပုဂ္ဂိုလ်ကလွဲပြီး ကျန်တဲ့လူသားကြဲစည် လုပ်ကိုင်ဖို့ မလွယ်ဘူးဗျ၊ ဘယ်လိုလုပ်ထားတယ်ဆိုတာ ကျုပ်အနေနဲ့အတိအကျ မပြောနိုင်ပေမယ့် ရှေးအခါက စကြ္ကာမအတတ်ဆိုတာ ရှိခဲ့ဖူးတယ်၊ အဲဒီအတတ်မျိုးနဲ့စီရင် သွားတယ်လို့ စဉ်းစားမိတယ်"

ဟု စနေမောင်မောင်က ပြောပြလေ၏။

"ကင်းဆော်လမ္ဘန်ရေးခဲ့တဲ့ ရတနာသိုက်တွေရှိရာကို ညွှန်ပြတဲ့ကျမ်းထုက်ပဲ အဖိုးတန်သေးလား ဆရာကြီးရယ်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ကွာတော့ကွာတာပေါ့ဗျာ၊ ခင်ဗျားရမယ့် စာရင်းဟာလည်း အဖိုးတန်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကတော့ သိပ်ပြီး စိတ်မဝင်စားလှဘူး၊ အဲဒီပစ္စည်းကလေးကိုပဲစိတ်ဝင်စားတယ်"

ဟု စနေမောင်မောင်က ပြောလေ၏။

ထို့နောက်တွင်ကား ဆရာကြီး စနေမောင်မောင်၊ ထမင်းချက် ဒေဝနှင့် ကျွန်ုပ်တို့ သုံးဦးသားသည် လူသာမန်တို့ ရောက်နိုင် ပေါက်နိုင်ခဲ့သော ရှမ်းဘဲလားခေါ် မဟာမြိုင် စခန်းဆီသို့ စတင်၍ ခရီးထွက်ခဲ့ကြလေတော့သတည်း။



## တောတွင်း ဒံပေါက်

ကျွန်ုပ်တို့သည် မြင်းများနှင့် ခရီးနှင်ခဲ့ကြ၏။ တောသည် နက်သည်ထက် နက်လာ၏။ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လာသည်ဖြစ်ရာ မြင်းများကို လုံးဝ အသုံးပြု၍ မရတော့ပေ။ ထို့ကြောင့် မြင်းကုန်းနှီးများကို ဖြုတ်၍ လွှတ်ပစ်ပြီးလျှင် မြင်းသုံးကောင်စလုံးအား တောထဲတွင် ဘေးမဲ့လွှတ်လိုက်ရလေတော့၏။

ရှစ်ရက်တိတိ ခရီးထွက်ခဲ့ပြီးနောက် တောင်ကျစမ်းတစ်ခုအနီးတွင် သုံးယောက်သား စခန်းချ၍ နားကြလေ၏။ စနေမောင်မောင်သည် သူ၏ အိတ်အတွင်းမှ တစ်စုံတစ်ခုကို ထုတ်လိုက်၏။ ထိုသို့ ထုတ်လိုက်ပြီးနောက် ခေါက်ထားသောအရာများကို ဆန့်ခြင်း၊ ဝက်အူပေါက်များပါရှိ



www.burmeseclassic.com

www.burmeseclassic.com



သော နေရာများတွင် ဝက်အူတပ်ခြင်း၊ တင်းခြင်းများ ပြုလုပ်လိုက်သော အခါ၌ လွန်စွာလှပ၍ ကိုင်ချင်စဖွယ်ဖြစ်သော ဒူးလေးတစ်လက် ဖြစ်သွား၏။

ပြီးလျှင် ၎င်း၏အိတ်အတွင်းမှ မြားသုံးစင်းကို ထုတ်ကာ ဒူးလေးနှင့် တကွ ဒေဝ၏ လက်အတွင်းသို့ ပေးလိုက်၏။

"ငါ့ဆီမှာ ဆန်နည်းနည်း ကျန်သေးတယ်၊ ဟင်းစားလေး ဘာလေး ရှာပေတော့၊ သတိဝီရိယနဲ့သွား၊ ဘာလက်တွေနဲ့လည်း တွေ့နေဦးမယ်"

ဟု စနေမောင်မောင်က ဒေဝအား ပြောလိုက်လေ၏။ ထိုအခါ ဒေ ဝသည် ဒူးလေးနှင့် မြားကို ကိုင်ပြီးလျှင် ၎င်း၏ အိတ်ဆောင်နာရီကို ကြည့်လိုက်၏။ ထို့နောက် စနေမောင်မောင်ဘက်သို့ လှည့်ကာ-

"ဗုဒ္ဓဟူးအခါမှာ ထွက်ရမှာဆိုတော့ အင်္ဂါဝိဇ္ဇာ သဘောအရဆိုရင် ဆင်တစ်ကောင်တော့ ရနိုင်တယ်"

ဟု ပြောလေ၏။

"ကိုယ့်လူရဲ့ ဒူးလေးလောက်နဲ့ဆိုရင်တော့ ဆင်မသေနိုင်ဘူး"

ဟု ကျွန်ုပ်က ပြောရာ ဒေဝက-

"ဆင်မရရင် ဆတ်ပေါ့ဗျာ"

ဟု ပြန်၍ပြောကာ ထွက်သွားလေတော့၏။ တစ်နာရီခန့်ကြာလျှင် ဒေဝသည် တောင်ဆိတ်ကြီးတစ်ကောင်ကို မနိုင့်တနိုင် ထမ်းပိုး၍ပြန်လာလေ၏။ ထို့ကြောင့် ကျွန်ုပ်က-





"ဆတ်လည်း မဟုတ်ပါလား"

ဟု ပြောလိုက်ရာ ဒေဝက-

"ဆတ်မဟုတ်တော့လည်း ဆိတ်ပေါ့ဗျာ"

ဟု ပြန်ပြောလေ၏။ ဒေဝသည် စနေမောင်မောင်ထံမှ အမဲလိုက် ဓားကို တောင်းယူကာ တောင်ဆိတ်ကြီးကို ကျွမ်းကျင်စွာဖျက်လေ၏။ ကျွန်ုပ် သည် ဒေဝအားကူညီလုပ်ကိုင်ပေးရင်း-

"ဆိတ်ရတာတော့ ဟုတ်ပါပြီ၊ ငရုတ်သီး ကြက်သွန်မရှိ ဆားမရှိ၊ ဆီမရှိနဲ့ ဘယ်လိုစားရမှာတုံး"

ဟု မေးလိုက်လျှင် ဒေဝက-

"ဆရာကြီး စနေမောင်မောင်နဲ့ သွားရင် အဲဒါတွေ ဘာမှမပူနဲ့'လို့ အပ်တာတွေ သူက အားလုံး စီမံလာခဲ့တာ၊ ငရုတ်သီးရယ်၊ ကြက်သွန် ရယ်၊ ဆားရယ်၊ မဆလာရယ်၊ ထောပတ်ရယ်၊ သူ့ဟာသူ စီမံထားတာ အနည်းဆုံး တစ်နှစ်လောက်ခံမယ်၊ သယ်ယူလို့လည်း ပေါ့ပါးလွယ်ကူ အောင် လုပ်ထားတယ်၊ အဲဒါတွေကို ဆီစိမ်စက္ကူနဲ့ထုပ်ပြီး အပေါ်က မှိုင်းခံစက္ကူနဲ့ ပတ်ပြီးတော့မှ ဖယောင်းရည် စိမ်လိုက်တာ၊ အဲလို အထုပ်လေးတွေ ခြောက်လစာပါတယ်၊ ခရီးတစ်ဝက်အထိ ဆရာကြီး စနေမောင့်မောင် စည်သွပ်ဗူးကို သုံးတယ်၊ စည်သွပ်ဗူးကုန်သွားမှ ကျွန်တော့်ကို သားကောင်ရှာခိုင်းပြီး အဲဒီအထုပ်တွေနဲ့ ချက်ပြုတ် ခိုင်းတယ်၊ အဲဒါတွေ ကုန်သွားရင်လည်း ရိက္ခာခြောက် ရှိသေးတယ်"

ဟု ဒေဝက ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရိက္ခာခြောက် ကုန်သွားရင်ကော"

ဟု ကျွန်ုပ်က မေးလိုက်ရာ-

"ရိက္ခာခြောက်ကုန်သွားရင်တော့ ငတ်ပြီပေါ့ ဆရာရယ်၊ ဒါပေမဲ့ ဆရာကြီး စနေမောင်မောင်က ဘာမှ မစားမသောက်ဘဲ ဆယ့်ငါး ရက်လောက် နေနိုင်တယ်ဗျ"

ဟု ဒေဝက ပြန်၍ပြောပြန်၏။

"ကိုယ့်လူကတော့ ဘာမှ မစားမသောက်ဘဲ ဘယ်နှရက်လောက် နေနိုင်သလဲ"

ဟု ကျွန်ုပ်က မေးရပြန်၏။

"ကျွန်တော့်အနေနဲ့လည်း ငါးရက်လောက်တော့ နေနိုင်ပါတယ် ဆရာတန်ရယ်၊ ဆရာ့အနေနဲ့ကော"

ဟု ဒေဝက ပြန်၍မေးပြန်၏။

"ငါကတော့ တစ်နပ်၊ အလွန်ဆုံး နှစ်နပ်ပေါ့ကွာ၊ ဒီထက်ပိုပြီး မနေ နိုင်ပါဘူး"

ဟု ကျွန်ုပ်က ပြန်၍ဖြေလိုက်ရာ ဒေဝက ရယ်လေ၏။ ကျွန်ုပ်တို့ သည် စကားတပြောပြောဖြင့် ဆိတ်ကြီးကို ဖျက်ခဲ့ရာ ပြီးစီးခြင်းသို့ ရောက် ခဲ့၏။ ထိုအခါ ဒေဝသည် ဝါးပိုးဝါးပင်ကြီးတစ်ပင်ကို ခုတ်၍ ဝါးဆစ် တစ်ဆစ်ပြီး တစ်ဆစ်ကို ဖြတ်ယူကာ ဝါးဗူးတောင်းကြီး လုပ်လေ၏။ပြီးလျှင် ထိုဝါးဗူး တောင်းကြီးအတွင်းသို့ ဆန်နှင့်အသားများကိုထည့်လေ၏။ ထို့နောက် စနေမောင်မောင်ထံမှ ဖယောင်းရည်စိမ်ထားသော အထုပ်တစ်ထုပ်ကို





တောင်းယူပြီး ထိုအထုပ်ကို ဖောက်ကာ ဝါးဗူးတောင်းအတွင်းသို့ ထည့်ပြန် လေ၏။ ထို့နောက် မီးမွှေးကာ ဝါးဗူးတောင်းကြီးအား ကောက်ညှင်းကျည် ထောက် ဖုတ်သကဲ့သို့ဖုတ်လေ၏။ ကျန်သောအသားများအား ဝါးတံများ ဖြင့်ထိုးကာ မီးကင်လေ၏။

ကျွန်ုပ်လည်း ဒေဝအား ကူညီလုပ်ကိုင်ပေးရလေ၏။ ထိုသို့ လုပ်ကိုင် ပေးရင်း-

"နေစမ်းပါဦး ဒေဝရဲ့၊ မင်းက ဒူးလေးကြီးကိုကိုင်ပြီး အမဲလိုက်ခါ နီးမှာ အိတ်ဆောင်နာရီကို ကြည့်ပြီးတော့ ဆရာကြီး စနေမောင် မောင်ဘက်ကိုလှည့်ပြီး ဗုဒ္ဓဟူးအခါ ဖြစ်တယ်၊ ဒါကြောင့် ဆင်ရမယ်၊ ဆင်မရရင် ဆတ်ရမယ်လို့ ပြောပြီးသွားတယ်၊ အဲဒါ ဘာနည်းလဲကွ၊ ငါ့လည်း ပြောပါဦး"

ဟု ပြောလေ၏။

"အင်္ဂဝိဇ္ဇာ ပညာလို့ခေါ်တယ် ဆရာတန်ရဲ့၊ ဒီပညာက ရှေးပညာ၊ ဗမာလူမျိုးထဲမှာတော့ အတုလဆရာတော် ခင်ကြီးဖျော်ဆိုတဲ့ ဘုန်းကြီး တစ်ပါးဟာ ဒီပညာရဲ့ ဖခင်လို့ ဆိုရမှာပဲ"

ဟု ဒေဝက ပြန်၍ပြောလေ၏။

"နေစမ်းပါဦးကွ၊ သူက ဘယ်ညာပေါ်မှာ အခြေခံပြီး တွက်ချက် တာလဲ"

ဟု ကျွန်ုပ်ကမေးရာ ဒေဝက-

"အချိန်နာရီအပေါ်မှာ အခြေခံပြီး တွက်တာ၊ နည်းရှေ့ကတော့



www.burmeseclassic.com

www.burmeseclassic.com

အများကြီးပေါ့ ဆရာတန်ရယ်၊ တစ်ရက်ကို နှစ်ဆယ့်လေးနာရီ ပိုင်းပြီး တွက်တဲ့နည်းလည်းရှိတယ်၊ ခင်ကြီးဖျော်ရဲ့ နည်းကတော့ တစ်ရက်ကို ဆယ့်ခြောက်ကြိမ်ပိုင်းပြီး တွက်တဲ့နည်းပဲ၊ တစ်ချိန် တစ်ချိန်ကို တစ်နာရီ ခွဲထားတာ"

ဟု ဒေဝတပြော၏။

"အမယ်ကြီး စနေမောင်မောင်က အဲဒီနည်းတွေ တတ်မှာပေါ့နော်"

ဟု ကျွန်ုပ်က မေးပြန်ရာ ဒေဝက-

"တတ်ပြီလား ဆရာရယ်၊ ဆရာကြီးစနေမောင်မောင်ဟာ လောကီပညာတွေကို တစ်ဖက်ကမ်းခပ် တတ်မြောက်တယ်ဗျ၊ ကျွန်တော် သူနဲ့တွဲလာတာ ကြာပြီ၊ သူ့ဆီကလည်း ပညာတွေ အများကြီး ရခဲ့ပြီ၊ ဒါပေမဲ့ ပြည့်တယ်လို့ ဘယ်ရှိမလဲဗျာ"

ဟု ပြန်၍ပြောလေ၏။ ထိုအချိန်၌ပင် စနေမောင်မောင်သည်ကျွန်ုပ်တို့အနီးသို့ ရောက်ရှိလာလေ၏။

"နှစ်ယောက်သား ဘာတွေများ စကားလက်ဆုံ ကျနေကြတာလဲ"

ဟု စနေမောင်မောင်က မေးလိုက်လေ၏။

"ဒီလိုပါဆရာကြီးရယ်. . . ဟောဒီဆရာတန်က အင်္ဂဝိဇ္ဇာအကြောင်း မေးလို့ ပြောပြနေတာပါ"

ဟု ဒေဝက ပြောလေ၏။

"မင်း အင်္ဂဝိဇ္ဇာကို အတော်အတန် တတ်တယ်မဟုတ်လား၊ အဲဒီပညာဟာ တန်တော်မိုးအတွက် အသုံးဝင်ချင် ဝင်မယ်၊ အဲဒီတော့





သင်ပေးလိုက်ပါကွာ"

ဟု စနေမောင်မောင်က ပြောလေ၏။ ထို့ကြောင့် ဒေဝသည် ကျွန်ုပ် အား သူရဲ့ရှုသောကြာ'ဟူသော လင်္ကာကို အစပြုလျက် ကျွန်ုပ်အားလောကီ ပညာကို စတင်သင်ကြားပေးလေတော့၏။

ဒေဝသည် အလွန်အသင်အပြကောင်း၏။ ထို့ကြောင့် အစက ဆိုပညာကို စိတ်မဝင်စားသော်လည်းသင်မိသောအခါ၌တစ်စထက်တစ်စ စိတ်ဝင်စားမိတော့၏။ ကျွန်ုပ်တို့နှစ်ဦး အင်္ဂဝိဇ္ဇာသင်နေစဉ်၌ပင် မီးတွင် ဖုတ်ထားသော ဒေဝ၏ ဝါးကျည်တောက်အတွင်းမှ စားချင့်စဖွယ်ရနံ့များ ကျွန်ုပ်၏ နှာခေါင်းဆီသို့ ရောက်ရှိလာလေ၏။

"ဒေဝရေ. . . မင်းရဲ့ ကျည်တောက်ကြီးက ငါ့ကို ထမင်းဆာအောင် လုပ်နေပြီ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဒေဝက-

"မကြာခင် စားရတော့မယ်"

ဟု ပြောလေ၏။ အမှန်ပင်ဖြစ်၏။ မကြာမီ၌ဒေဝသည်မီးမှဝါးကျည် တောက်ကို ထုတ်ယူ၍ ဖတ်များခူးပြီးလျှင် ထမင်းနှင့် အသားများကို တစ္စာ သုံးပုံခွဲ၍ပုံလေ၏။ ထမင်းမှာထောပတ်များ ချွဲနေ၏။ တောဆိတ် အသားများမှာလည်းမွှေးကြိုင်နေသည်ဖြစ်ရာလွန်စွာနက်သော တော ကြီးထဲတွင် ရောက်နေသည်ဟု မထင်ရဘဲ ရန်ကုန်မြို့ မဂိုလမ်းရှိ ဒံပေါက် ဆိုင်တစ်ဆိုင်အတွင်း ရောက်နေသည်ဟု ထင်မှတ်လောက်အောင် ရနံ့များ သည် သင်းပျံ့လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်ုပ်တို့သည် ဝါးကျည်တောက်ဖြင့် ချက်ပြုတ်ခဲ့သော ဒေဝ၏ ထမင်းကို မြိန်ယှက်စွာ စားသောက်ကြလေ၏။ ထိုသို့ စားသောက်ရင်း ဒေဝက စနေမောင်မောင်အား-

"ဆရာကြီးကို ကျွန်တော်မေးမယ် မေးမယ်နဲ့ မမေးမိဘူး၊ ကျွန်တော်တို့တတ်ထားတဲ့ အင်ဂိဇ္ဇာပညာဟာ လိုအပ်ရင် တစ်ဖက်သားကို နာအောင်၊ ဒုက္ခရောက်အောင် ပျက်စီးအောင် ခတ်ရိုက်လို့ရတယ် မဟုတ်လား"

ဟု မေးလိုက်ရာ စနေမောင်မောင်က-

"ဟုတ်သားပဲ၊ အဲဒါ ဘာဖြစ်လို့လဲ"

ဟု ပြန်၍ မေးလိုက်လေ၏။

"ကျွန်တော်က ကုန်းဘောင်ခေတ်က ခင်ကြီးဖျော်ရဲ့ ကျမ်းတွေကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာခဲ့ပါတယ်၊ အဲဒီပညာနဲ့ ပတ်သက်လို့ ဆရာတော် ခင်ကြီးဖျော်ထက် စောတာရှိသေးလား"

ဟု ဒေဝက မေးရာ စနေမောင်မောင်က-

"အင်းဝခေတ်မှာ ရှင်မုံယိုတို့ ရှိခဲ့တယ်လေကွာ၊ ပုဂံခေတ် နန္ဒသေဏဆရာတော်တို့၊ ပညာမေ့သာမိ ဆရာတော်တို့ပေါ်ခဲ့တယ်လေကွာ၊ သရေခေတ္တရာခေတ်မှာ အင်ဂိဇ္ဇာဘက်ချွန်တဲ့ ရသေ့တစ်ပါး ပေါ်ပေါက်ခဲ့ဖူးတယ်လေကွာ၊ အဲဒီထက် စောတဲ့ခေတ်မှာ ရှိသေးတယ်၊ အဲဒါ သက်သာနေပြည်တော်ကြီးကောင်းစားတဲ့ခေတ်အချိန်ပေါ့၊ သက်သာနေပြည်တော် ဆိုတာက အခုခေတ် ပန်းတောင်းမြို့





ပေါ်ကွာ၊ အဲဒီအချိန်မှာ အင်ဂိဇ္ဇာ ဘက်ချွန်တဲ့ မေညီးဆိုတဲ့ ဆရာ တစ်ယောက် ပေါ်ဖူးတယ်လေကွာ၊ သူ့ ကိုပဲ ကာလီဒါသလို့ပြောနေကြတာ မဟုတ်လား"

ဟု တောတွင်းဒံပေါက်ကို ဝါးရင်း ပြောပြလေ၏။

"ကာလီဒါသက ဒီပညာကို ဘယ်ကရသလဲ"

ဟု ဒေဝက မေးပြန်၏။

"အခု မင်းတို့သိနေတဲ့ ယောမြို့ဆိုတာက ဟိုတုန်းက ယောပြည်လို့ ခေါ်တယ်၊ သူက တက္ကသိုလ်ကြီးပဲ၊ အဲဒီမှာကယောပြည်ကိုအုပ်ချုပ်တဲ့ အကြီးအကဲဟာ ပါမောက္ခချုပ်ပဲ၊ အတိုင်းတိုင်းအပြည်ပြည်က ပညာလိုလားတဲ့ မင်းညီမင်းသားတွေဟာ ယောပြည်ကိုလာပြီး သင်ရတယ်၊ ဆင်း ရဲသားထဲက ပညာသင်ချင်လို့လာရင် သူက လက်ခံတယ်၊ ကာလီဒါသ ဟာ ယောယူနီတစတီက ထွက်တာပေါ့၊ ယောမှာက ပညာသိပ်ပြီး ထွန်းကားတယ်၊ထွန်းကားရတဲ့အကြောင်း ကတော့ ဟိုးရှေးရှေး 'ပါတလိပုတ်' မှာနေတဲ့ စက္ကောမပညာရှင်တွေ ဟာ ယောပြည်မှာလာပြီး ခိုအောင်းနေထိုင်ကြရာကအစတက္ကသိုလ် ပြည်ကြီးလို ဖြစ်သွားတော့တာပဲ"

ဟု စနေမောင်မောင်က ပြောလေ၏။ ဒေဝသည် စားပြီးသော ဖက်ကို စုပေါင်း၍ လိပ်ရင်း စနေမောင်မောင်အား-

"ဒီလိုပါ ဆရာကြီး ကျွန်တော် မေးချင်တာက ကျွန်တော်တို့ အခု တတ်ထားတဲ့ အင်ဂိဇ္ဇာပညာနဲ့ တစ်ဖက်လူကို နာအောင်၊ သေ



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ပျက်စီးအောင် ရိုက်လို့ရတယ်ဆိုတာတော့ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဆရာကြီးရယ်၊ ကျွန်တော် သိချင်တာက လူတစ်ယောက်ကို ညာဘက်ဒူးခေါင်းလေး တစ်ဖက်တည်း နာအောင် ဘယ်ဘက်လက်မောင်း လေး တစ်ဖက်တည်း မြှောက်လို့မရအောင် ဆီးစပ်တည့်တည့် နေရာက အောင့်နေအောင် အဲဒီလို အသေးစိတ်ပြုစားသလို အင်ဂိဇ္ဇာပညာနဲ့ လုပ်လို့ရပါ့သလား"

ဟု မေးလိုက်ရာ စနေမောင်မောင်သည် လက်များကို ဆေးကြောပြီးနောက် လက်ကိုသုတ်ရင်း-

"ဒီလို ဒေဝရဲ့ ရှေးဟောင်း လောကီပညာရှင်တွေဟာ သိပ်ပြီး ညက် ပြီးကြတယ်၊ အဲဒီတော့ သူတို့ရဲ့ ပညာတွေ တိမ်ကောပျောက်ကွယ်သွားမှာစိုးလို့ အဲဒီလို မဖြစ်ရလေအောင် ဘယ်လိုလုပ်မလဲလို့ စဉ်းစားလိုက်တဲ့အခါမှာ လူသားတွေအနေနဲ့ သည်းခြေကြိုက်တဲ့ အကြောင်းအရာတွေ ထဲမှာ သူတို့ရဲ့ ပညာရပ်ကို ဝှက်သွားတယ် မင်းပြောတဲ့ အသေးစိတ် ဓာတ်ရိုက်တဲ့နည်းကို သုံးဆယ့် ခြောက်ကောင် ကစားနည်းမှာ ဝှက်သွားတယ်ကွ"

ဟု ရှင်းပြလေ၏။

"ဘယ်လို ဝှက်သွားတာလဲ ဆရာကြီး၊ ဥပမာတစ်ခု ကျွန်တော် မေးမယ်၊ ကျွန်တော်ဟာ အင်္ဂါသားတစ်ယောက်ရဲ့ ညာဘက်ဒူး ခေါင်းကလေး ပဲနာအောင် ဓာတ်ရိုက်ချင်တယ်၊ ဆရာပြောတဲ့ သုံးဆယ့်





ခြောက်ကောင်မှာ ဝှက်ထားတယ်ဆိုရင် အင်ဂိဇ္ဇာနည်းအရဘယ်လို ရိုက်မလဲ"

ဟု ဒေဝက မေးလိုက်လေ၏။

"ဒီလို ဒေဝရဲ့ အင်္ဂါသားဆိုရုံနဲ့တော့ မပြီးသေးဘူး၊ နေ့မှာမွေးတဲ့ အင်္ဂါသားဆိုရင် စစ်ပင်ရဲ့အသားကို အသုံးပြုရတယ်၊ ညမှာမွေးတဲ့ အင်္ဂါသားဆိုရင် ညောင်သားကို အသုံးပြုရမယ်၊ ဆိုကြပါတော့ကွာ၊ ညမွေး အင်္ဂါသားဆိုရင် ညောင်သားကို အရုပ်ထုရမယ်ကွ၊ အဲဒီလူက ဝရင် ဝဝ ထုရမယ်၊ ပိန်ရင် ပိန်ပိန်ထုရမယ်၊ ပြီးတော့ အဲဒီ အရုပ်ကို အဲဒီလူရဲ့ နာမည်ပေးရမယ်၊ အင်ဂိဇ္ဇာ စကားမှာက 'အမည်ပေး၍ အရေးတိုင်ပင်' ဆိုတဲ့စကားရှိတယ်ကွ၊ အဲဒီမင်းပြောတဲ့ အင်္ဂါသားဟာ 'စန်းမောင်' ဆိုပါတော့ကွာ၊ အဲဒီအရုပ်ကို စန်းမောင်လို့ နာမည်ပေးရမယ်၊ ပြီးတော့သုံးဆယ်ခြောက်ကောင် ထိ ဖွင့်တဲ့နေရာမှာ ချိတ်ထားတဲ့ ကြေးဆံနီနတ် ရုပ်ကြီးကိုမြင်ဖူးတယ်မဟုတ်လား၊ အဲဒီနတ်ရုပ်ကြီးကိုကြည့်လိုက်၊ညာဘက်ဒူးခေါင်း နေရာမှာ တီကောင်ကို တွေ့လိမ့်မယ်၊ အင်္ဂါသားကိုနာစေတဲ့ စတုရန်း ဓာတ်ခိုက်သားဟာသောကြာတွ၊အဲဒီလိုသိပြီဆိုတော့သောကြာ နံသီးသားနဲ့ လုပ်ထားတဲ့ တီကောင်ရုပ်ကိုလုပ်ပေါ့ကွာ၊ ပြီးတော့ စောစောက ညောင်သားနဲ့ လုပ်ထားတဲ့စန်းမောင်ရဲ့အရုပ်ညာဘက် ဒူးခေါင်းကို ဖောက်ပြီး အဲဒီတီကောင်ရုပ်ကိုသွင်းထားလိုက်ပေါ့ကွာ၊ ဒီလောက်ဖော်ပြီးရင် မင်းလည်းအင်ဂိဇ္ဇာသမားပဲကျွန်တဲ့ အစွတွေ



www.burmeseclassic.com

www.burmeseclassic.com





[illegible] ပွေ့ယူပေါ့ကွာ"

[illegible]က ရှင်းပြလိုက်ရာ ဒေဝသည် လွန်စွာဝမ်းမြောက် [illegible]ဖြစ်သွား၏။ သူ့အနေနဲ့ ကြံစည်မရသော လျှို့ဝှက် ချက်က[illegible] စနေမောင်မောင်က တစ်ထိုင်တည်းနဲ့ ရှင်းပြလိုက်သောကြောင့် ဝမ်း မြောက်ဝမ်းသာ ဖြစ်သွားရခြင်းဖြစ်သည်။

"[illegible]တင်လိုက်တာ ဆရာကြီးရယ်၊ အင်ဂိဗ္ဗာ ပညာရပ်မှာ သ[illegible] လွန်စွာပျော်နေတာကို ဆရာကြီးက ဖော်ပေးလိုက်တာကိုး"

ဟု ဒေဝက ပြောလျှင်-

"ဒါက အသေးအဖွဲပါ၊ ဒါမျိုးတွေ သိချင်ရင်မင်းအနေနဲ့ငါ့ကိုတော[illegible] မေးဖို့မလိုဘူး၊ ကေသဂိုဏ်းခေါ်တဲ့ အဲဒီဂိုဏ်းက ဘယ်ဆရာ မှ[illegible] မဆို မေးရင်တောင် သိနိုင်တယ်၊ အဲဒီ ကေသဆရာတွေလည်း အ[illegible] အခါမှာ တော့ ဟိုနားဒီနားမှာ တွေ့နိုင်ပါသေးတယ်"

ဟု စနေမောင်မောင်က ပြောလိုက်လေသတည်း။



## ဘီလူးမပန်သောပန်း

ကျွန်ုပ်တို့သည် ထိုနေရာမှ ခရီးထွက်ခဲ့ကြပြန်၏။ အမှန်စင်စစ် ကျွန်ုပ်တို့သည် လက်ပနော့ပ်ရေအိုင်ကြီးအား ကြိုးစား၍ပတ်နေခြင်း ဖြစ်၏။

ရက်နှစ်ဆယ်ကျော်ခန့် ခရီးအပြင်းနှင်လိုက်သောအခါ ထိုရေအိုင် ကြီး၏ အခြားသော အစပ်တစ်ခုသို့ ရောက်သွား၏။

"ရေအိုင်ကြီးကိုတော့ ကျုပ်တို့လွန်ပြီ၊ ဒီကနေဆက်ပြီး သွားရမယ့် နေရာဟာ သားရဲတိရစ္ဆာန်တွေ အလွန်များတယ်၊ အထူးသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်မှာ တစ်ကောင်တလေမျှတောင် မရှိတဲ့ ခြင်္သေ့ဟာ ဟောဒီ နေရာမှာ အလွန်ပေါတယ်"

ဟု စနေမောင်မောင်က သတိပေးလိုက်လေ၏။ ထိုအခါ ဒေဝက-

"ဆရာကြီးပြောတဲ့ သားရဲတိရစ္ဆာန်ပေါတယ်ဆိုတာက အခုလို တောနဲ့လွင်ပြင်နဲ့ စပ်နေတဲ့ နေရာမှာပဲ ဖြစ်လိမ့်မယ်ထင်တယ်"

ဟု ပြောလေ၏။

"ဒီကနေ မိုင်ခုနစ်ဆယ်လောက်မှာကတော့ တောနဲ့လွင်ပြင်နဲ့ စပ်နေတဲ့ နေရာချည်းပဲ၊ အဲဒီမှာ ခြင်္သေ့ရှိတယ်၊ ကျားသစ်ရှိတယ်၊ ဝံပုလွေ ရှိတယ်၊ ခွေးအရှိတယ်၊ ဝက်ဝံရှိတယ်၊ ရေအိုင်တွေထဲမှာ ကလည်း မိကျောင်းရှိတယ်"

ဟု စနေမောင်မောင်က ပြောလေ၏။

"အဲဒီ မိုင်ခုနစ်ဆယ်လောက်ကို လွန်ရင်တော့ အန္တရာယ်ကင်းသွားပြီပေါ့နော်"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က-

"အဲဒီကို လွန်မှ သေမင်း နဂါးပွက်အိုင်တွေရောက်မယ်၊ မြန်မာတွေက နဂါးပွက်အိုင်လို့ ခေါ်တာပေါ့၊ အင်္ဂလိပ်လိုက 'ဆွမ်'လို့ခေါ်တယ်၊ အင်မတန်နက်တဲ့ ရွံ့တွင်းကြီးတွေပေါ့၊ မြေမာအောင့်မေ့လို့ နင်းမိရင် တစ်ခါတည်း မြုပ်သွားရော၊ အဲဒီ သေမင်းနဂါးပွက်အိုင်ကလည်း မိုင်ခုနစ်ဆယ်လောက်ရှိတယ်၊ အထူးသတိထားပြီး သွားရမယ်"

ဟု ရှင်းပြလေ၏။





"အဲဒီ နဂါးပွက်အိုင်တွေ လွန်သွားရင်တော့ အန္တရာယ်ကင်းပြီပေါ့နော်"

ဟု ကျွန်ုပ်က မေးလိုက်လျှင် စနေမောင်မောင်က-

"အဲဒီ သေမင်းနဂါးပွက်အိုင်တွေ လွန်သွားရင် သေမင်းဆူးတော ဆိုတာ ရောက်မယ်၊ ဆူးပင် ဆယ်ပင်မှာ ကိုးပင်ဟာ အဆိပ်နဲ့ချည်းပဲ၊ ဆူးလေးတစ်ချောင်း စူးမိတာ မြွေပွေးရှစ်ကောင် အကိုက်ခံရထက် အဆိပ် တက်လိမ့်မယ်"

ဟု ပြန်ပြောလေ၏။

"ဆရာကြီးရယ် သေမင်းနဲ့ချည်းပဲ မလွတ်ပါလား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စနေမောင်မောင်က ရယ်မော၍-

"အဲဒါတွေနဲ့လည်း လွတ်ပြီး ရှမ်ဘဲလားကိုရောက်၊ ကိုယ်လိုချင်တဲ့ ပစ္စည်းတွေရပြီး ပြန်ခဲ့ရင်လည်း အပြန်လမ်းဟာ တယ်ပြီး မလွယ်လှဘူး၊ ဘလက်ဘရားသားတွေက နေရာအနှံ့ စောင့်နေမှာပဲ"

ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"အန္တရာယ်များလှချည်လား ဆရာကြီးရယ်"

ဟု ကျွန်ုပ်က ပြောရာ စနေမောင်မောင်က-

"သူများနဲ့မတူတဲ့ စည်းစိမ်ဥစ္စာတွေကို လိုချင်တဲ့လူတွေဆိုတော့ သူများနဲ့မတူတဲ့ အန္တရာယ်တွေကို ရင်ဆိုင်ရမှာပေါ့ဗျာ"

ဟု ပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့လာခဲ့ကြရာ သားရဲတိရစ္ဆာန်များ ပေါသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောဘော၏အလယ်သို့ရောက်သော် ခရီးပန်းလွန်းလှ၍ စခန်းချကြ လေ၏။

စခန်းချသည့်နေ၌ပင် ဒေဝသည် လမ်းတွင် လက်ဆောင်အဖြစ် ရခဲ့သော ဓားရှည်ကြီးကိုလွယ်လျက် စနေမောင်မောင်ထံမှ ဒူးလေးနှင့် မြားငါးစင်းကို တောင်းယူကာ အမဲလိုက်ရန် ထွက်သွားလေ၏။

သို့ရာတွင် မိုးချုပ်သည့်တိုင်အောင် ဒေဝ ပြန်မလာသောကြောင့် ကျွန်ုပ်က စနေမောင်မောင်အား-

"ဆရာကြီး ဒေဝတစ်ယောက်တော့ အန္တရာယ်တွေ့နေပြီထင်တယ်"

ဟု ပြောလိုက်ရာ စနေမောင်မောင်က-

"အန္တရာယ်တွေ့တာလောက် မကဘူး၊ သေတာဖြစ်လိမ့်မယ်"

ဟု ခပ်အေးအေးပင် ပြန်ပြောလေ၏။

နောက်တစ်နေ့ နံနက် မိုးလင်းသောအခါ၌ ကျွန်ုပ်နှင့် စနေမောင် မောင် သည် ဒေဝအား ရှာဖွေရန် ထွက်လာခဲ့တော့၏။ နေ့လယ် ဆယ့် တစ်နာရီထိုးလောက်တွင် ကျွန်ုပ်တို့နှစ်ဦးသည် တောင်ကုန်း တစ်ကုန်းပေါ် သို့ ရောက်ရှိ ခဲ့ကြလေ၏၊ ထိုအခါ စနေမောင်မောင်က-

"တန်တော်မိုး. . . ဟိုမှာ တွေ့လား"

ဟု ပြလိုက်ရာ တောင်ကုန်းအောက် မြေပြောင်ပြောင်တွင် ခြင်္သေ့ အသေ ကောင်နှင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဒေဝ၏အလောင်းကိုဝမ်းနည်း ဖွယ်ရာ တွေ့ရလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ဒေဝ၏ အလောင်းရှိရာသို့ ဆင်း၍သွားကြ၏။





ထိုသို့ ဆင်းသွားရင်း စနေမောင်မောင်က-

"ဘာပဲဖြစ်ဖြစ် ဒေဝဟာ ရန်သူဖြစ်တဲ့ ခြင်္သေ့ကို သေအောင် တိုက် ခိုက်သွားသေးတယ်၊ ခြင်္သေ့လည်း သူ့လက်ချက်နဲ့ သေ၊ သူလည်း ခြင်္သေ့ လက်ချက်နဲ့ သေဆုံးသွားရပြီ"

ဟု ဆိုကာ စနေမောင်မောင်သည် ဒေဝအနီးမှ ဓားကိုကောက်ယူ၍ ခြင်္သေ့ဆီသို့ သွားလေ၏၊ ကျွန်ုပ်မှာမူကား ဒေဝ၏ အလောင်းအနီးတွင် ဝမ်းနည်းပူဆွေး၍ ကျန်ခဲ့လေ၏။ ဒေဝ၏ မျက်နှာသည် ကြက်ယက် ထားသော မြေကြီးကဲ့သို့ အသားစများ ဖွာ၍ထွက်နေ၏။

ဒေဝ၏ ပေါင်တစ်ချောင်းမှာ မရှိတော့ပေ၊ ကျွန်ုပ်သည် စနေ မောင်မောင်ဆီသို့ လှမ်းကြည့်လိုက်၏။ စနေမောင်မောင်သည် ဒေဝ၏ ဓားဖြင့် ခြင်္သေ့၏ ပေါင်တစ်ဖက်ကို ခုတ်ဖြတ်ပြီး ဖြစ်နေ၏။

"ဘာလုပ်မလို့လဲ ဆရာကြီး"

ဟု ကျွန်ုပ်က မေးလိုက်ရာ-

"စားဖို့လေ၊ အကောင်းကြီး ရှိသေးတယ်၊ ကျုပ်တို့စားဖို့ ဒေဝပစ်တဲ့ ခြင်္သေ့လေ၊ သူပါသေသွားလို့ ကျုပ်တို့ဆီကို မပို့နိုင်တာ၊ သူစားစေချင် တဲ့ ခြင်္သေ့သား သူသေသွားလေတော့ ဒီညနေတော့ ခြင်္သေ့ဆီ ပြန် ဟင်း စားရသေးတာပေါ့၊ ဒါနဲ့ နေပါဦး တန်တော်မိုးရဲ့၊ ဟင်းတော့ ကောင်းကောင်းချက်တတ်ရဲ့လား"

ဟု စနေမောင်မောင်က မေးလေ၏။

"ဟင့်အင်း မချက်တတ်ဘူး ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ စနေမောင်မောင်က-

"ကိုယ့်လူ မချက်တတ်ရင်တော့ ကျုပ်က ချက်ရမှာ၊ ဒီခြသေ့်ဟင်းတော့ အပျက်မခံနိုင်ဘူး။ ကျုပ်တပည့်တစ်ယောက်ရဲ့ အသက်နဲ့လဲပြီး ယူထားရတဲ့ ခြသေ့်ဟင်းဗျ"

ဟု ပြောလိုက်လေ၏။ စခန်းချရာသို့ ပြန်ရောက်သောအခါ၌ စနေမောင်မောင်သည် အမှန်တကယ်ပင် ၎င်းကိုယ်တိုင် ချက်ပြုတ်လေ၏။ ဟင်းကျက်သောအခါ၌ ကျွန်ုပ်တို့နှစ်ဦးသည် ညစာ စားသောက်ကြ၏။ စနေမောင်မောင်၏ ဟင်းချက်လက်ရာသည် လွန်စွာ ကောင်းလှ၏။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်တွင် စနေမောင်မောင် ဆိုသူကား မည်သည့်ကိစ္စအရာ၌မဆို အကျွမ်းကျင်ဆုံး ဖြစ်အောင် ဆည်းပူးထား ပေသည်တကား ဟု တွေးထင်လေတော့၏။

ကျွန်ုပ်သည် ဒေဝ၏ မျက်နှာကို မကြာခဏ မြင်ယောင်နေ၏။ ထို့ကြောင့် ဒေဝ၏အကြောင်းကို မကြာခဏ ပြော၏။ စနေမောင်မောင်မှာမူ ဒေဝနှင့် စပ်လျဉ်း၍ တစ်လုံးတစ်ပါဒမျှ ပြောဆိုခြင်းမရှိတော့သဖြင့် ကျွန်ုပ်က-

"ဆရာကြီးအနေနဲ့ ဒေဝကို ကျွန်တော့်လောက် လွမ်းဆွတ်သတိရခြင်း မရှိဘူးနော်"

ဟု ပြောလိုက်ရာ စနေမောင်မောင်က ပြုံးရယ်လျက်-

"ဒေဝတစ်ယောက်တည်းကိုမှ မဟုတ်ဘူး၊ ကျုပ် ဘယ်သူ့ကိုမှ မလွမ်းတတ်ဘူး၊ သေသွားပြီဆိုတာ အပိုင်သိပြီးဖြစ်တော့ ပိုပြီးတောင်

လာဘ်မိုးရွှေ



သတိမရသေးတယ်၊ တစ်စုံတစ်ယောက်ကို သတိရပြီး လွမ်းဆွတ်တမ်းတနေတာတို့၊ ကြေကွဲဝမ်းနည်းနေတာတို့ဟာ စိတ်အားငယ်သူရဲ့ အလုပ်ဗျ၊ ကျုပ်က ဒီလိုလူမျိုးမှ မဟုတ်တာ"

ဟု ပြန်ပြောလေ၏။ နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် ခရီးဆက်ခဲ့ကြလေ၏။ ရက်ပေါင်းများစွာ ခရီးဆက်ခဲ့ကြရာ သားရဲတိရစ္ဆာန် ပေါသောတောကို ဖြတ်ကျော်ပြီး ဖြစ်လေတော့၏။ ထိုအခါ၌ စနေမောင်မောင်က-

"သေမင်း နဂါးပွက်ဆိုတဲ့အိုင်ကို စပြီးဝင်နေပြီဗျို့၊ ကျုပ်က ရပ်လို့ဆိုတဲ့ နေရာမှာ ချက်ချင်းရပ်လိုက်နော်၊ နောက်တစ်လှမ်းမှ မတိုးနဲ့၊ တိုးလိုက်တာနဲ့ သေမင်းပါးစပ်ထဲ ရောက်သွားလိမ့်မယ်၊ သိပ်ကို အရေးကြီးတဲ့ နေရာရောက်နေပြီ"

ဟု သတိပေးလိုက်လေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် မိုင်ခုနစ်ဆယ်ခန့် ရှည်လျားသော ထို 'သေမင်းနဂါးပွက်အိုင်'ဆိုသော ဒေသကို ဖြတ်ကျော်ကြလေ၏။

နဂါးပွက်အိုင်ကြီးများသည် တစ်ခုနှင့်တစ်ခု ဆက်နေသည်လည်း ရှိ၏။ မဆက်ဘဲ တစ်ခုတည်းနှင့် အကျယ်ကြီးလည်းရှိ၏။ နဂါးပွက်အိုင်ကလေးများချည်း ပြွတ်သိပ်၍နေသည်လည်း ရှိ၏။ ကျွန်ုပ်တို့သည် မြေမာကိုရွေးချယ်၍နင်းကာ ထိုသေမင်းနဂါးပွက်အိုင်များကို ရှောင်ကွင်း၍ ကျော်ဖြတ်ခဲ့ကြရ၏။

ထိုနေရာ၌ ငါးရက်တိုင်တိုင် ထမင်းမစားရဘဲ ခရီးနှင်ခဲ့ရ၏။ သုံး

လာဘ်မိုးရွှေ

www.burmeseclassic.com

www.burmeseclassic.com

ရက်တိုင်တိုင် ရေမသောက်ဘဲ ကြီးစွာသော ဒုက္ခဆင်းရဲကို ဖြတ်ကျော်ခဲ့ရလေ၏။

ထိုသေမင်း နဂါးပွက်အိုင်ဆိုသော ဒေသကို လွန်လျှင် သပ္ပတ်အူကို မြင်ရသကဲ့သို့ ရှုပ်ထွေးလှသော တောကြီးကို မြင်တွေ့ရ၏။ ထိုနေရာသို့ အရောက်၌ စနေမောင်မောင်က-

"သေမင်းတမန် ဆူးတောကို ရောက်ပြီဗျို့၊ ကမ္ဘာပေါ်မှာ ဆူးစူးလို့သေတာ ဒီနေရာပဲရှိတယ်၊ တစ်ချက်ကလေးမှ သတိမလစ်စေနဲ့"

ဟု သတိပေးလေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် ထိုနေရာသို့ အရောက်ခက်ခဲစွာသွားရလေ၏။ ပုံသဏ္ဌာန်အမျိုးမျိုးသော ဆူးပင်တို့ကိုတွေ့ရလေ၏၊ ထိုဆူးပင်များကိုလည်း အထူးဂရုစိုက်၍ ရှောင်ကွင်းရ၏။ ပါသမျှသော အဝတ်တို့ကို ဖြကာ တစ်ကိုယ်လုံး ပတ်ကြရ၏။

ကျွန်ုပ်တို့သည် တရွေ့ရွေ့နှင့် ခရီးထွက်ခဲ့ကြရာ နောက်ဆုံးတွင် သေမင်းတမန် ဆူးတောကိုလည်း လွန်ခဲ့ကြပြီဖြစ်၏။

"တန်တော်မိုးရေ. . . သေမင်းဆူးတောကိုလွန်ပြီ၊ ဟောဒီ လွင်ပြင်[illegible]လေးကို ဖြတ်ပြီးတာနဲ့ စုံတောမြိုင် တောအုပ်ရဲ့ အစပ်ကို ရောက်မယ်"

ဟု စနေမောင်မောင်က ကျွန်ုပ်အား အားပေးစကားပြော၏။ကျွန်ုပ်တို့သည်ခုနစ်မိုင်ခန့်ကျယ်သော လွင်ပြင်တစ်ခုကို ဖြတ်ကြလေ၏။ ထိုလွင်ပြင်ကို ဆုံးသည်နှင့်တစ်ပြိုင်နက် အေးချမ်းသော အရိပ်အာဝါသကို တွေ့ရလေ၏။





တသွင်သွင်ကျနေသော ရေတံခွန်များ၊ စိမ်းလန်းစိုပြည်သော မြက်ခင်းပြင်များ ရောင်စုံကျောက်တုံးကြီးများအကြားမှ တငြိမ့်ငြိမ့် စီးဆင်းနေသော စမ်းချောင်းများ၊ အမျိုးအမည်မသိသော လွန်စွာ လှပ၍ ရနံ့သင်းကြိုင်သော ပန်းများ၊ ထိုပန်းအမျိုးမျိုးတို့အနက် ကျွန်ုပ်မြင်ဖူးသော ပန်းမျိုးတစ်မျိုးကို တွေ့ရ၏။ ထိုပန်းမှာ ခေါင်ရမ်းပန်းဖြစ်၏။ သို့ရာတွင် ထိုခေါင်ရမ်းပန်းမှာ အနီရောင်ဖြစ်၏။ ကျွန်ုပ်၏ ချစ်သူ ရှိစီပန်ခဲ့သော ခေါင်ရမ်းပန်းအဝါမျိုးလည်း ကျွန်ုပ် တွေ့ခဲ့ရ၏။

ယခုတောအုပ်၌ တွေ့သော ခေါင်ရမ်းပန်းမှာ ရောင်စုံဖြစ်နေ၏။ ထို့ကြောင့် ကျွန်ုပ်က စနေမောင်မောင်အား-

"ဆရာကြီး. . . ဒီပန်းရဲ့ ပုံစံက ခေါင်ရမ်းပန်းနဲ့ အတော့်ကိုတူတယ်၊ ဒါပေမဲ့ အရောင်ကတော့ မတူဘူး၊ ဒီဥစ္စာက ရောင်စုံခြယ်ထားသလို အတော့်ကိုလှတယ်"

ဟု ပြောလိုက်ရာ စနေမောင်မောင်က-

"ခင်ဗျားတွေ့ဖူးတဲ့ ခေါင်ရမ်းပန်းက မသာမှာ ပန်ပေးရတဲ့ ဟာဗျ၊ သေမင်းနိုင်ငံမှာ ပန်တဲ့ပန်းပဲ၊ ဒီဥစ္စာက နတ်ပန်းဗျ၊ဒါပေမဲ့နတ်ပြည်မှာတော့ ဒီပန်းလောက်ကို မသုံးဘူးဗျ၊ နတ်ဘီလူးတွေ၊ နတ်နဂါးတွေသုံးတဲ့ ပန်းမျိုး"

ဟု စနေမောင်မောင်က ပြောလေ၏။

"နတ်နဂါးတွေက ပန်းတွေ ဘာတွေ ပန်လို့လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က-



www.burmeseclassic.com

www.burmeseclassic.com



"ပညာရှိ အမတ်ကြီး ဝိဓူရရဲ့ အသည်းနှလုံးကို လိုချင်တယ်ဆိုတဲ့ နတ်နဂါးမ ဣရာဏ္ဍသီနဲ့ နတ်ဘီလူးကြီး ပုဏ္ဏကအကြောင်းတော့ ကြားဖူးမှာပေါ့၊ နတ်နဂါးမဟာ ပုဏ္ဏကို မျှော်ရင်းကလည်း ကတယ်၊ ပန်းလည်းသီတယ်၊ ရယ်လည်းရယ်တယ်၊ အဲဒါကြောင့် (ကသီကရီ) နဲ့ပုဏ္ဏမကို မျှော်ခဲ့ရပါတယ်လို့ ပြောတာ ကြားဖူးတယ်မဟုတ်လား၊ အဲဒီ နဂါးမသီတယ်ဆိုတဲ့ ပန်းဟာ ခင်ဗျား မြင်ရတဲ့ ပန်းပဲ၊ သရဖူ ကိုးစောင်တွဲကျမ်း မှာ ဘီလူးမ ပန်တဲ့ပန်းနဲ့ ဖော်ရမယ့် ဆေးဆိုတာ ပါတယ်၊ အဲဒီဆေးဟာ ဒီပန်းနဲ့ ဖော်ရမှာ"

ဟု စနေမောင်မောင်က ပြောလေ၏။

"ဒီမှာတော့ အန္တရာယ်မရှိတော့ဘူး ထင်တယ်"

ဟု ကျွန်ုပ်က စနေမောင်မောင်အား ပြောလိုက်ရာ စနေမောင်မောင် က-

"အတတ်မပြောနိုင်ဘူးဗျ၊ ဒီနေရာတစ်ဝိုက်မှာ အလွန်ရိုင်းတဲ့ လူဝါ၊ လူပုတွေနေတယ်၊ သူတို့နဲ့တွေ့ရင်တော့ အန္တရာယ် တွေ့ကောင်း တွေ့လိမ့်မယ်၊ အဲဒီ လူရိုင်းတွေကလည်း ခပ်ဆန်းဆန်းပဲ၊ နေရာ ဒေသ အတည်တကျ မရှိကြဘူး၊ ဂိုဇီသဲကန္တာရကနေ ကွမ်းလုံ တောင်ကို သွားလိုက်၊ အဲဒီတောင်တန်းကနေ ဂိုဇီသဲကန္တာရကို သွားလိုက် လုပ်ရင်းနဲ့ပဲ လူ့သက်တမ်း စေ့ပြီး သေသွားကြရတယ်၊ အမြဲတမ်း ခရီးသွားနေတဲ့ လူစု ပဲ၊ ခရီးသွားရင်းနဲ့ပဲ မျိုးဆက်တွေ ထပ်ပြီးပေါက်ဖွားတယ်ဗျ၊ သူတို့လူစု နဲ့ တွေ့ရင်တော့ အန္တရာယ်





ဖြစ်ချင်လည်း ဖြစ်မယ်ပေါ့ဗျာ"

ဟု စနေမောင်မောင်က ပြောလေ၏။

"ဆရာကြီးက ဒီခရီးကို သွားနေတာ ကိုယ့်အိမ်ထဲကို သွားနေသလို ပဲ၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ အတတ်သိနေတယ်နော်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စနေမောင်မောင်က-

"ဒီနေရာကို မရောက်ဖူးပေမယ့် နှစ်ပေါင်းများစွာလေ့လာထားတာ၊ ဒီလောက်တော့ သိရမှာပေါ့"

ဟု ပြန်၍ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည်လွန်စွာ သာယာ သော စမ်းချောင်းငယ်တစ်ခုသို့ ရောက်သောအခါ၌ ရေဆင်းချိုးကြလေ ...။ ရေမှာအလွန်အေး၏။ လွန်စွာလည်းကြည်လင်သန့်ပြန့်၏။ ထို့ကြောင့် ...မဝံ့ဘဲ ရှိလေတော့၏။

ကျွန်ုပ်သည် ခေါင်းကို ရေထဲတွင် နှစ်လိုက်၊ ဖော်လိုက် လုပ်နေ၏။ ခေါင်းကို ရေထဲသို့ နှစ်ပြီး ပြန်၍ဖော်လိုက်သောအခါ စနေမောင်မောင် ...-

"နောက်ကျသွားပြီ တန်တော်မိုးရေ. . . လူဝါပုတွေ ကျုပ်တို့ကို ဝိုင်း ထားပြီ"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ဘေးပတ်ပတ်လည်သို့ ကြည့် လိုက်ရာ ...က်မြားလှစွာသော လူကြီး၊ လူလတ်၊ လူငယ်၊ မိန်းကလေး ငါးရာ ...သည် လှံများ၊ ဓားများ၊ ဆူးချွန်များ၊ မှိန်းများဖြင့် ချိန်ရွယ်ကာ ကျွန်ုပ် နှစ်ဦးအား ဝိုင်းထားသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ ဆရာကြီး"

ဟု ကျွန်ုပ်က အထိတ်တလန့် မေးလိုက်လေ၏။

"ဘယ်လိုလုပ်ရမလဲ အဖြေရှာနေတုန်းပဲ ကျုပ်တို့နှစ်ယောက်စလုံး အသက်ပျောက်သွားမှာပါ"

ဟု စနေမောင်မောင်က ပြန်၍ဖြေလေ၏။ ထိုအခါကျွန်ုပ်သည် ကြောက် လန့်သွား၍ အသားများ တဆတ်ဆတ် တုန်လာကာ မျက်ရည်များ တတွေ တွေကျလာ၏။ ထိုအခါ စနေမောင်မောင်က

"လက်ဝါးပြင်မှာ အာယုလမ်းကြောင်း နှစ်ကြောင်းပါရင်တော့ အ သေဆိုးနဲ့ မသေနိုင်ဘူးလို့ ပြောနိုင်တယ်၊ အဲဒီတော့ တန်တော်မိုး ကိုယ့်လူရဲ့ လက်ဝါး ထောင်ပြလိုက်စမ်း"

ဟု စနေမောင်မောင်က ပြောလိုက်၏။

"အရေးထဲ ဆရာကြီးက လက္ခဏာကြည့်ဦးမလို့လား၊ အခုပဲ သေ တော့မယ်ဆို"

ဟု ကျွန်ုပ်က ညည်းညူ၍ လက်ကိုထောင်ပြလိုက်လေ၏။

"အာယုလမ်းကြောင်းက နှစ်ကြောင်းတော့ မဟုတ်ဘူးဗျ၊ ဒါပေမဲ့ အပြတ်အတောက်တော့ မရှိဘူးဗျ၊ သူများသတ်လို့ မသေဘူးလို့ တော့ အာမမခံနိုင်ဘူး"

ဟု စနေမောင်မောင်က ပြောရာ-

"ဆရာကြီးရယ်. . . ကျွန်တော် စိတ်ချမ်းသာအောင် မသေနိုင်ဘူး လို့ ပြောလိုက်ပါလား၊ အခုတော့ ဆရာကြီးဟာက မတင်မကျကြီး"





ဟု ကျွန်ုပ်က ငိုသံပါကြီးနှင့်ပြောလိုက်လေ၏။

"ကိုယ့်လူ သေရမှာ သိပ်ကြောက်နေပြီထင်တယ်၊ ဒီလောက်လည်း မကြောက်ပါနဲ့ဗျာ၊ ကျုပ် ခင်ဗျားအသက်ကို ရအောင်ကယ်ပါ့မယ်၊ ဒါပေမဲ့ ဒီခရီးတစ်လျှောက်လုံးမှာ ကျုပ်စကားကိုတော့ တစ်သေဝေမတိမ်း နား ထောင်မှ ဖြစ်မယ်နော်၊ ကိုယ့်စိတ်ကူးကိုယ် လုပ်ရင်တော့ ကျုပ် တာဝန် မယူနိုင်ဘူး"

ဟု စနေမောင်မောင်က ပြောလေ၏။

"စိတ်ချပါ ဆရာကြီးရယ်. . . ဆရာကြီးစကားကိုတစ်သေဝေမတိမ်း နားထောင်ပါ့မယ်"

ဟု ကျွန်ုပ်က ကတိပေးလိုက်ရလေ၏။ ထိုအချိန်မှာပင် လူဝါရိုင်းများ သည် စမ်းချောင်းအတွင်းသို့ ဆင်းလာကြကာ ကျွန်ုပ်တို့နှစ်ဦးအား မား များ၊ လှံများ၊ ဆူးချွန်များဖြင့်ထောက်ကာ ဖမ်းဆီးလိုက်ကြလေတော့ သတည်း။


www.burmeseclassic.com

www.burmeseclassic.com



## ဖိုးသူတော်ကြီးနှင့် တွေ့ပြီ

လူဝါရိုင်းများသည် ကျွန်ုပ်တို့နှစ်ဦးအား ဖမ်းဆီးချုပ်နှောင်၍ စမ်းချောင်းအတွင်းမှ ခေါ်ယူခဲ့ကြ၏။ ကျွန်ုပ်တို့အား အဝတ်အစား ဝတ်ခွင့်သည်းမပေးပါ။ ကျွန်ုပ်နှင့် ဆရာကြီး စနေမောင်မောင်သည် ကိုယ်လုံးတီးအတိုင်းဖြစ်နေကြ၏။

ကျွန်ုပ်သည် ကြောက်လွန်း၍ ရှက်စိတ်များပင် ပျောက်နေ၏။ ဆရာကြီး စနေမောင်မောင်မှာမူ ကြောက်ခြင်း၊ ရှက်ခြင်းမရှိလှပေ။ လူ င်းများသည် ကျွန်ုပ်တို့နှစ်ဦးအား လွှနှစ်စွာညှီသော ဆီများဖြင့် ကျွန်ုပ်တို့ စ်ကိုယ်လုံးအား သုတ်လိမ်းကြ၏။

"ဆရာကြီးရေ. . . ဒီကောင်တွေ မဆိုးပါဘူး၊ ကျွန်တော်တို့ကို အဝတ်အစား ဝတ်ခွင့်မပေးပေမယ့် ချမ်းမှာစိုးလို့ ဆီတွေတော့ သုတ်လိမ်းပေးရှာသေးတယ်"

**လာဘ်မိုးရွာ**

www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ပြောလိုက်ရာ စနေမောင်မောင်က-

"ချမ်းမှာစိုးလို့ ဆီတွေလိမ်းပေးတာ မဟုတ်ဘူး။ ကျုပ်တို့ကို မီးကင်မှာဗျ၊ အသားမြန်မြန်ကျက်အောင် ဆီလူးပေးနေတာ"

ဟု ပြောလိုက်မှပင် ကျွန်ုပ်လည်း ကြက်သီးမွေးညင်းထသည့်တိုင် အောင် ကြောက်လန့်ရလေတော့၏။ များမကြာမီ၌ပင် ၎င်းတို့သည် မီးများဖိုလေ၏။

"ဆရာကြီး မီးတွေဖိုနေပြီ၊ ဘယ်လိုလုပ်ကြမတုံး"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က-

"ဘယ်လိုမှ မလုပ်နဲ့၊ လှုံခဲ့တန်းခဲ့တာလေးတွေ အာရုံပြုဖို့ပဲ"

ဟု ပြန်၍ပြောလေ၏။ များမကြာမီ၌ပင် လူရိုင်းများသည် ကျွန်ုပ်တို့ နှစ်ဦးအား ဝါးကပ်ကြီးများဖြင့် ညှပ်လိုက်လေတော့၏။ ထိုအခါ စနေမောင်မောင်က-

"သေချာပြီဗျို့၊ ဟောဒီဝါးညှပ်ကြီးနဲ့ ညှပ်ပြီး မီးဖိုပေါ်တင်မယ်၊ အဲဒီတော့ တစ်ခုပဲရှိတော့တယ်၊ ငယ်ငယ်က ဆိုဖူးတဲ့ သီချင်းလေး ဘာလေး မှတ်မိရင် ဆိုဗျာ"

ဟု ပြောလျှင်-

"သီချင်းတော့ ဝါသနာပါပါတယ်၊ ဆရာကြီးရယ်. . . သေခါနီးဆဲဆဲမှာဆိုလို့မရတော့ပါဘူး ဆရာကြီးရယ်"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်လေ၏။

"ကဲ. . . ဒီလိုဆိုရင်လည်း ကျုပ်ပဲဆိုမယ်၊ ကျုပ်ဆိုမယ့် သီချင်းက





အစိမ်းသေသရဲကနေ အစိမ်းသေသရဲမကို ချစ်ရေးဆို သစ္စာထားတဲ့ သီချင်းဗျ"

ဟု ဆိုကာ ဆရာကြီး စနေမောင်မောင်သည် အောက်ပါသီချင်းကို စိတ်အေးလက်အေး ဆိုနေတော့၏။

သွေပါဘူးရယ်နော်×××ပစ်ပါဘူးရယ်လို့××× ချစ်ဦးရယ်တဲ့စကား သံရယ်××× ကြား××× မသုန်ပေါင် ×××မမှန်ပေါင်××× မယုံယုံ အောင် ပြောလိုက်မယ်ကွယ်××× သွေလည်းမညို××× မြေလည်းလို့ မျိုပါရစေ××× ကုန်းဘေးထိထိ××× ရေဘေးထိထိ××× သေဘေး ထိထိ××× အတန်တန် ××× မမှန်မကန်× အကြံတစ်မျိုးနဲ့××× ရိုးရိုးမချစ်××× ဆိုးဆိုးညစ်ညစ်××× မိုးကြိုးပစ်စေ××× ဆိုချင်××× တစ်ဖုံယုံလို့××× ချစ်စမ်းပါ××× အစိမ်းနှစ် မခင်ရဲ့×××

သီချင်းဆုံးသည်နှင့်တစ်ပြိုင်နက် လွန်စွာကျယ်လောင်သော အသံကြီးတစ်သံကို ကြားရ၏။ ထိုအသံမှာ မည်သည့်ဘာသာစကားဖြင့် ပြောဆိုက်သည်ကို မသိနိုင်သော်လည်း လုပ်လက်စအလုပ်များကို ချက်ချင်း ရပ်စဲရန် အမိန့်ပေးလိုက်သော အသံဖြစ်ကြောင်းကိုမူ ကျွန်ုပ် ကောင်းစွာသိ၏။

လူဝါရိုင်းများသည် အသံကြားလိုက်သည်နှင့်တစ်ပြိုင်နက် မြေကြီးတွင် ပြားပြားဝပ်နေကြ၏။ လူငါးရာခန့် ကျွက်ကျွက်ညံနေသော လူအုပ်ကြီးသည် မီးကို ရေနှင့်သတ်သည့်အလား ငြိမ်၍သွား၏။ ကျွန်ုပ်သည် အသံလာရာဆီသို့ လှမ်း၍ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အရပ်ခြောက်ပေကျော်ကျော်ခန့် မြင့်၍ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်သော လူထွားကြီးတစ်ဦးသည် အလွန်ကြီးမားသော ဝါးတောင်ဝှေးကြီးကိုကိုင်ကာ ခြေကိုခွဲ၍ ရပ်နေသည်ကို တွေ့ရ၏။

ထိုလူထွားကြီးသည် ပိတ်ဖြူသင်သိုင်းကြီးကို ဆင်မြန်းထား၏။ မကြာသေးမီက ရိတ်ထားသောကြောင့် သူ၏ဦးပြည်းသည် ခပ်စိမ်းစိမ်း ၏။ ထိုလူထွားကြီး၏ မေးရိုးသည် လွန်စွာ တုတ်ခိုင်လှ၏။

"ဗျို့ တန်တော်မိုး၊ ဟိုတောင်ကုန်းပေါ်က လူကြီးကို ဗန္ဓုလ အဝတ်အစားဝတ်ပေးပြီး ဘိုင်စကုတ်ရိုက်ရရင် အတော့်ကို သဘာဝကျမယ်ဗျ၊ သူ့ဂိုက်ကတော့ ဗာကယ့်ကို စစ်သူကြီးဂိုက်ဗျ၊ ကျုပ်တို့ သတ်မယ့် လူရိုင်းတွေတော့ သူ့ကိုကြောက်ပြီး မြေကြီးပေါ် မှာဝပ်နေကြပြီ၊ ဘာပဲဖြစ် ဖြစ် ဒီလူကြီးနဲ့ လောလောဆယ်တော့ ပေါင်းရမှာပဲ"

ဟု စနေမောင်မောင်က တီးတိုးလေသံဖြင့် ပြောလိုက်လေ၏။

ထိုလူထွားကြီးသည် တောင်ကုန်းပေါ်မှ ဆင်းလာပြီးနောက် လူရိုင်းတို့၏ အကြီးအကဲအား သူ၏ တောင်ကြီးဝှေးဖြင့် တစ်အား လွှဲရိုက်လိုက်လေတော့၏။

ထို့နောက် ကျွန်ုပ်တို့အား ကြိုးများဖြေပေးရန်၊ အဝတ်အစားနှင့် ပစ္စည်းများပေးရန် ပြောလိုက်ရာ လူဝါရိုင်းတို့၏ အကြီးအကဲကိုယ်တိုင် ကြိုးများလာ၍ဖြေပေး၏။ ထို့နောက် ထိုလူထွားကြီးသည် မှောက်နေသော လူရိုင်းများအား ထခိုင်းပြီးလျှင် အချိန်အတော်ကြာကြာ တရားဟော





တော့၏။

တရား တစ်ပိုဒ် တစ်ပိုဒ်ပြီးတိုင်း လူရိုင်းအကြီးအကဲအား တောင်ဝှေးနှင့် တစ်ချက်တစ်ချက် ရိုက်လေတော့၏။

"ဆရာကြီး အခု ဒီလူကြီး ပြောနေတာ ဘာစကားလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က-

"လူရိုင်းတွေအားလုံး နားလည်တယ်ဆိုတော့ သူ့စကားဟာ လူရိုင်းစကားပဲဖြစ်မှာပေါ့"

ဟု ပြန်၍ပြောလေ၏။

"အဲဒါ အရေးမကြီးဘူး၊ ဒီလူကြီးကို ဘယ်လို စကားနဲ့ပြောရင် သူ နားပေါက်မလဲ မဆိုနိုင်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ-

"ဒီအတွက် သိပ်ပြီးမပူပါနဲ့၊ ကျုပ် ကြည့်ပြီး စီစဉ်ပါ့မယ်၊ ကျုပ် ခန့်မှန်းချက်အရတော့ **Esperanto** 'အက်စ်ပရန်တို'နဲ့ ပြောရင် ရလိမ့်မယ်ထင်တယ်"

ဟု စနေမောင်မောင်က ပြန်၍ပြော၏။

"အက်စ်ပရန်တို စကားဆိုတာ ဘယ်လိုဟာလဲ"

ဟု ကျွန်ုပ်က ပြောရာ-

"အက်စ်ပရန်တိုဆိုတာ ယူနီဗာစတီလမ်းဗွေ့လို့ ခေါ်တဲ့ ကြော်ငြာသုံးစကားပေါ့ဗျာ"

ဟု စနေမောင်မောင်က ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီတောကြီး မျက်မည်းထဲမှာ ဒီလူကြီးက ဒီစကားမျိုး တတ်ပ့ါမလား ဆရာကြီးရဲ့"

ဟု ကျွန်ုပ်က ပြောရာ စနေမောင်မောင်က-

"ဟာမစ်ကြီးဆိုရင်တော့ တတ်ရလိမ့်မယ်"

ဟု ပြောလေ၏။

"ဟာမစ်ကြီးဆိုတာ ဘယ်လိုဟာမျိုးလဲ"

ဟု ကျွန်ုပ်က မေးရပြန်၏။

"ဟာမစ်ဆိုတာ ဖိုးသူတော်ကို ပြောတာ"

ဟု စနေမောင်မောင်က ပြန်၍ပြောပြန်၏။

"ဖိုးသူတော်တွေ အများကြီးကျွန်တော်တွေ့ဖူးပါတယ်ဗျာ၊ဆရာကြီး ပြောတဲ့ အက်စ်ပရန်တို တတ်တယ်လို့ မကြားမိပါဘူး"

ဟု ကျွန်ုပ်က ပြောရာ စနေမောင်မောင်က-

"ခင်ဗျားတွေ့ဖူးတဲ့ ဖိုးသူတော်တွေက တောင်းနှစ်လုံးထမ်းပြီး ကြေးစည်တနောင်နှောင် ထုပြီး ဆန်အရောင်းအဝယ် လုပ်နေတဲ့ ခပ်ညံ့ညံ့ ဖိုးသူတော်တွေပါဗျာ၊ ကျုပ်ဆိုလိုတဲ့ ဖိုးသူတော်ဆိုတာ ဒါမျိုး မဟုတ်ပါဘူး၊ သူက တကယ်တော်လို့ကို ဖိုးသူတော်လို့ ခေါ်ရတာမျိုး"

ဟု စနေမောင်မောင်က ပြောလေ၏။

လူထွားကြီးသည် တရားဟောပြီးနောက် လူဝါရိုင်းများကို မောင်းထုတ်လိုက်လေတော့၏။ လူဝါရိုင်းများသည် နွေရာသီ ကျောင်းပိတ်ရက်





အတွက် ကျောင်းအပြီးပိတ် ကျောင်းဆင်းပေးလိုက်သော ကျောင်းသားများ ကဲ့သို့ အားရဝမ်းသာ ထွက်ပြေးသွားကြလေတော့၏။

ထိုအခါကျမှ ဖိုးသူတော်ကြီးသည် ကျွန်ုပ်တို့နှစ်ဦးဆီသို့ လျှောက်လာလေတော့၏။ အနီးသို့ရောက်လျှင် စနေမောင်မောင်က အက်စ်ပရန်တို ဘာသာစကားဖြင့်-

"ကျေးဇူးတင်လိုက်တာ"

ဟု ပြောရာ ထိုလူထွားကြီးက အက်စ်ပရန်တို ဘာသာစကားဖြင့် ပင်-

"ဒီကောင်တွေ ရိုင်းတုန်းပဲ၊ သင်တို့နှစ်ယောက်ကို မီးကင်ပြီး ထားမလို့တဲ့၊ ကျွန်ုပ်တို့ဆီလာတဲ့ လူအတော်များများဟာ သူတို့နဲ့တွေ့ပြီး အစားခံသွားရတယ်"

ဟု ပြောလေ၏။ ထိုအခါ စနေမောင်မောင်က-

"သင် ဘာလူမျိုးလဲ"

ဟု မေး၏။ လူထွားကြီးက အိုင်ယာလန်အမျိုးသားဖြစ်ကြောင်း ပြောလေ၏။ ၎င်းအား အင်္ဂလိပ်ဘာသာစကားဖြင့်လည်း ပြောလို့ရကြောင်း တစ်ဆက်တည်း ပြောလိုက်၏။ ထိုအခါ စနေမောင်မောင်က အင်္ဂလိပ်ဘာသာစကားဖြင့်-

"သင်ဟာ ကျွန်ုပ်တို့ကို ကယ်ဆယ်ဖို့ လာပြီးစောင့်နေတာလား"

ဟု မေးလိုက်ရာ ထိုလူထွားကြီးက-

"မဟုတ်ပါဘူး၊ ကျွန်းဖျားမှာ ဆားကုန်နေလို့ ဆင်းပြီး ဆားရှာတာ"

ဟု ပြောလိုက်လျှင် စနေမောင်မောင်က-



www.burmeseclassic.com

www.burmeseclassic.com



"ခြောက် ကွန်းမြူဆိုတာ ရှမ်ဘဲလားကို ပြောတာလား"

ဟု ပြောလိုက်လေ၏။

"ဟုတ်တယ်လေ၊ သင်လည်း ရှမ်ဘဲလားကို လာတာမဟုတ်လား၊ သင့်လက်မှာ လက်စွပ်လေးကွင်းတွေ့တယ်၊ အဲဒီလို လက်စွပ်လေး ကွင်း ဝတ်ထားတဲ့ လူတွေဟာ ခုနစ်နှစ်မှာ တစ်ခေါက် လာလေ့ရှိတယ်"

ဟု ဖိုးသူတော်ကြီးက ပြန်၍ပြောလေ၏။

"အဲဒီလို လာတဲ့လူ ဘယ်နှယောက်ကို ခင်ဗျား တွေ့ဖူးသလဲ"

ဟု စနေမောင်မောင်က မေးပြန်လေ၏။

"သင်နဲ့ပါဆိုရင် ဆယ့်သုံးယောက်ရှိသွားပြီ"

ဟု လူထွားကြီးက ပြန်၍ဖြေလေ၏။

"ခုနစ်နှစ်မှာ တစ်ခေါက်လာတဲ့လူ ဆယ့်သုံးယောက်ကို မြင်ဖူးတယ် ဆိုတော့ သူ့အသက်ဟာ တစ်ရာကျော်ရမယ်၊ ဖြစ်နိုင်ပါ့မလား"

ဟု ကျွန်ုပ်က ဆရာကြီး စနေမောင်မောင်အား မေးလိုက်ရာ စနေမောင်မောင်က-

"ကျုပ်က သူ့ကို ဒီလောက်မကဘ ခန့်မှန်းထားတာ"

ဟု ပြန်၍ပြောလေ၏။ ထို့နောက် ထိုလူထွားကြီးက ကျွန်ုပ်တို့နှစ် ဦးအား ခေါ်ဆောင်သွားလေတော့၏။

"ဆရာကြီး ရှမ်ဘဲလားကို ရောက်ဖို့ ဘယ်လောက်သွားရဦးမှာလဲ၊ မေးကြည့်စမ်းပါ"





ဟု ပြောလိုက်ရာ စနေမောင်မောင်က-

"သူ အင်္ဂလိပ်လို တတ်တယ်လို့ ပြောထားတာပဲဗျာ၊ ခင်ဗျားဟာ ခင်ဗျားပဲ မေးကြည့်ပေါ့"

ဟု ပြန်၍ပြောသဖြင့် ကျွန်ုပ်က ထိုလူထွားကြီးအား မေးကြည့်ရာ လူထွားကြီးက-

"သင်တို့သုံးတဲ့ မိုင်နဲ့ဆိုရင် မိုင်တစ်ရာလောက် သွားရဦးမယ်"

ဟု ပြန်၍ပြောလိုက်လေ၏။

"လမ်းမှာ စားဖို့သောက်ဖို့ရော လွယ်ရဲ့လား"

ဟု ကျွန်ုပ်က မေးရာ လူထွားကြီးက-

"ကျွန်ုပ်မှာ ပြာနည်းနည်းပါတယ်"

ဟု ပြောကာ ဝါးကြုတ်ကလေးနှင့် ထည့်ထားသော ပြာနှစ်ကျပ် သားခန့်ကို ကျွန်ုပ်အား ပြလေ၏။

"ဒီပြာက ဘာလုပ်ရမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ လူထွားကြီးက-

"ပြင်သစ်ပြည်က 'ဗွန်ဒီးဗရီး'ဆိုတဲ့ ကျောက်ပွဲစား အဂ္ဂိရတ်ဆရာ တစ်ယောက်ရဲ့ ပြာပေါ့၊ မာကြူရီ(ပြဒါး)ကနေ ထုတ်ထားတာ၊ အဲဒါလေး နည်းနည်းစားထားရင် ဆယ်ရက် ဘာမှ မစားဘဲ နေနိုင်တယ်၊ သင့်အစာအိမ်ထဲမှာရှိတဲ့ ကာဗွန်နိုက် အက်စစ်ဓာတ်ကို ဒီပြာက အခိုးသေအောင် လုပ်ပေးလိမ့်မယ်၊ အဲဒီမှာ သင် မဆာတော့ဘူး"

ဟု ပြောပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com


"သင် ဒီမှာ ဘာလုပ်နေတာလဲ"

ဟု ကျွန်ုပ်က မေးရာ လူထွားကြီးက-

"သင်ကော ဒီကို ဘာလာလုပ်တာလဲ"

ဟု ကျွန်ုပ်အား ပြန်၍မေးလေ၏။

"ကျွန်ုပ်ဖခင်က ဒီကို သွားဖို့ မှာထားလို့ ကျွန်ုပ် ဒီကို လာရတာ"

ဟု ကျွန်ုပ်က ဖြေလိုက်လျှင် ၎င်းက-

"ကျွန်ုပ်ဆရာကလည်း ကျွန်ုပ်ကို ဒီမှာနေဖို့ မှာထားလို့ ကျွန်ုပ် ဒီမှာ နေနေရတာ"

ဟု ပြန်၍ပြောလေ၏။

"ကျွန်ုပ်က ဒီလိုနေရာမျိုးမှာ ဗမာလူမျိုးတွေချည်း ရှိနေလိမ့်မယ် ထင်တာ"

ဟု ကျွန်ုပ်က ပြောလိုက်ရင် လူထွားကြီးက-

"ကျွန်ုပ်ကလည်း အိုင်ယာလန်လူမျိုးတွေချည်းပဲ ရှိနေလိမ့်မယ် ထင်တာ"

ဟု ပြန်၍ပြောလေ၏။

"ဘာပဲဖြစ်ဖြစ် တစ်ဦးနဲ့တစ်ဦး ဒီလောက် ရင်းနှီးနေကြပြီဆိုတော့ နာမည်လေး ဘာလေး သိထားဖို့တော့ လိုမယ်ထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ လူထွားကြီးက-

"ရှမ်ဘဲလားမှာက ကိုယ်စားလှယ်တွေရှိနေတယ်၊ ဥပမာ မစ္စတာ 'အေ'ဆိုတဲ့လူတစ်ယောက်ဟာ ရှမ်ဘဲလားကို ရောက်လာရင်



မစ္စတာအေက သူလာရာ အရပ်ကို ပြန်တဲ့အခါမှာ နောက် ရောက်လာတဲ့လူက မစ္စတာအေဆိုတဲ့နာမည်ကိုယူပြီးမစ္စတာအေရဲ့အလုပ်တာဝန်တွေကို ထမ်းဆောင်ရတယ်၊ မူလနာမည်တွေကို အပြီးအပိုင် စွန့်ပစ်ရတယ်၊ မစ္စ တာအေ ပြန်ရောက်မလာမချင်း သူဟာ မစ္စတာ အေပဲ၊ မစ္စတာအေ ပြန် ရောက်လာရင်တော့ သူ့နာမည်နဲ့သူ နေခွင့်ရှိတယ်၊ အဲဒါကြောင့် ကျုပ်မှာ နာမည်အရင်းမရှိဘူး၊ ကိုယ်စားလှယ်နာမည်ပဲရှိတယ်"

ဟု ပြောလေ၏။

"အဲဒီ ကိုယ်စားလှယ်နာမည်ပဲ ပြောပါဗျာ"

ကျွန်ုပ်က ပြောလိုက်ရာ လူထွားကြီးက-

"ရှမ်ဘဲလားမှာ ဟိုတုန်းက လူတစ်ယောက်ရှိတယ်၊ သူက မြန်မာလူမျိုးလို့ ပြောတယ်၊ သူနေတဲ့ တိုင်းပြည်ကလည်း မြန်မာပြည်လို့ ပြောတယ်၊ သူဟာ ပျော်ပျော်ပါးပါး နေတတ်တဲ့ လူတစ်ယောက်ပဲ၊ ရှမ်ဘဲလား ရောက်တော့ ရှမ်ဘဲလားကမစ္စတာအေကသူ့ကို 'ဟာမစ်' တာဝန်ပေးထားတယ်၊ ရှမ်ဘဲလားခေါ်တဲ့ကျွန်းဖျားကြီးတစ်ခုလုံးကို သူက စောင့်ရှောက်ရတယ်၊ လူသစ်တွေရောက်လာရင် စစ်ဆေးပြီး မာစတာတွေနဲ့ တွေ့ပေးရတယ်၊ မာစတာတွေ ပြောချင်တဲ့ စကားကို သူကတစ်ဆင့် လူ သစ်တွေကို ပြောပြရတယ်၊ ရှမ်ဘဲလားနဲ့ မိုင်တစ်ရာအတွင်းမှာ လူလူ ချင်း၊ တိရစ္ဆာန် တိရစ္ဆာန်ချင်း၊ လူနဲ့တိရစ္ဆာန် တစ်ဦးနဲ့တစ်ဦး သတ်ဖြတ်မှုမဖြစ်အောင်


www.burmeseclassic.com

www.burmeseclassic.com

စောင့်ရှောက်ရတယ်၊ သူ့နာမည်က 'ကေလုပို'လို့ခေါ်တယ်၊ သူတို့တိုင်းပြည်က လူအတော်များများ ရှမ်ဘဲလားကိုရောက်နေတာ သူသိတယ်၊ အဲဒီလူတွေက ရှမ်ဘဲလားကျွန်းဖြူတောင်ရဲ့ တောင်စွယ်တစ်ခုမှာ နေနေကြတယ်၊ အဲဒီမှာ ဘုန်းကြီးကျောင်းလည်းရှိတယ်၊ ဘုန်းကြီးရဲ့ဘွဲ့က ဦးဩဘာသ(ရက်ကန်းစင်တောင် ဆရာတော်)တဲ့၊ ဆံပင်အရှည်ကြီးထားတဲ့ ဘုန်းကြီးလည်းရှိတယ်၊ (ဆံရှည်ကိုယ်တော်ကို ဆိုလိုဟန်ရှိသည်) ဘားမဲ့ဆိုတဲ့ ဘုန်းကြီးတစ်ပါးလည်းရှိတယ်၊ ပြီးတော့ ဘုန်းကြီးထဲက 'ဦး ဝိမလ'ဆိုတာလည်း ရှိသေးတယ်၊ နောက် ဘုန်းကြီးတစ်ပါးကတော့ မျက် လုံးတစ်ခုက ကျဉ်းပြီး မျက်လုံးတစ်လုံးက အလွန်ကျယ်တယ်၊ (ရှင်အရွှေ ဂေါဏကို ဆိုလိုဟန် တူသည်)နောက်ပြီးတစ်ယောက်ရှိသေးတယ်၊ဒေါသအင်မတန်ကြီးတဲ့ ဆရာကြီးပဲ၊ အလွန်စိတ်တိုတယ်၊ အစက သူဟာ ဘုရင်တစ်ပါး ဖြစ်ခဲ့ဖူးတယ်လို့တော့ သိရတယ်၊ သူ့နာမည်အရင်းလား၊ ကိုယ်စားလှယ်နာမည်လားတော့ မဆိုနိုင်ဘူး၊ အောင်မင်းခေါင်(ဘိုးမင်းခေါင်)လို့ခေါ်တယ်၊ ပြီးတော့ ဆေးဆရာတွေလည်း အများကြီးပဲ၊ အဲဒီမှာ ဦးမှည့်(ဘိုးတော်မှည့်) ဆိုတဲ့ ဆေးဆရာလည်းရှိတယ်၊ ဦးဆိုင်(ဇော်မိပင် ဆရာဆိုင်)ဆိုတာလည်း ရှိသေးတယ်၊ နောက်ပြီးတော့ ရှမ်ဘဲလားမှာ နေ တာတော့ မဟုတ်ဘူး၊ မကြာခဏလာတဲ့ မာစတာတစ်ဦးလည်း ရှိသေး တယ်၊ သူ့ရဲ့ နာမည်ကတော့ 'မခေါယီ'တဲ့၊ သူက ရှမ်ဘဲလားမှာ မနေဘူး၊ မြောက်ဝင်ရိုးစွန်း





ရေခဲပြင်မှာနေတယ်၊ နောက် မာစတာတစ်ဦးကတော့ ဝါယမ(ဘိုးဝါယမ)လို့ခေါ်တယ်၊ နောက်ရှိသေးတယ်၊ ကျွန်ုပ် မှတ်မိသလောက်တော့ ပြောမယ်၊ မာစတာတွေ အများကြီးပဲ၊ ခြောက်ဆယ်ကျော်လောက်ရှိတယ်၊ ပြီးတော့ မာစတာတစ်ဦးက ဘုန်းကြီးပဲ၊ 'ဦးဝိဇ္ဇာ' (ဘိုးပေါက်ဆိန်)လို့ခေါ်တယ်၊ အဲဒီမာစတာတွေအားလုံး အတူတကွနေကြတယ်၊ သူတို့ရဲ့ အသက်တွေကလည်း မနည်းတော့ဘူး၊ သူတို့အတွက် ကိုယ်စားလှယ်တစ်ဦးလာရင် သူတို့တိုင်းပြည်ကို ခဏပြန်ကြတယ်၊ ဘုန်း ကြီးဝတ်နဲ့ မာစတာတစ်ဦးရှိသေးတယ်၊ သူ့ရဲ့ဘွဲ့က 'ဘားမဲ့'လို့ခေါ်တယ် လို့ ကျွန်ုပ် ပြောခဲ့ပြီးပြီ၊ သူ့နေရာမှာ အစားဝင်ဖို့ ပန်ချပ်ပြည်နယ်က ပန်ချာပီတစ်ယောက် ရောက်လာတယ်၊ မာစတာ ဘားမဲ့က အဲဒီ ပန်ချာ ပီကို ထားပြီး သူက ပန်ချာပီ အဝတ်တွေဝတ်ပြီး ပြန်သွားပြီ"

ဤ ကေလုပိုဆိုသည့် အိုင်ယာလန်ပြည်သားဖိုးသူတော်ကြီးကကျွန်ုပ် အား ရှင်းပြလေ၏။ ကျွန်ုပ်သည် လွန်စွာအံ့ဩမိ၏။ ဖိုးသူတော်ကြီး ကေလုပိုပြောသော ပုဂ္ဂိုလ်များမှာ ကျွန်ုပ်တို့ ဗမာလူမျိုးအများစု ယုံကြည်ကိုးကွယ်ကြသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ ဖြစ်နေကြ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဆရာကြီး စနေမောင်မောင်ရေ. . . ဖိုးသူတော်ကြီး ကေလုပိုပြောတာတွေအားလုံးလိုလို ဗမာလူမျိုးတွေ ယုံကြည်ကိုးကွယ်ကြတဲ့ ထွက်ရပ် ပေါက် ပုဂ္ဂိုလ်တွေချည်းပါလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်ရာ စနေမောင်မောင်က-

"မှန်တာပေါ့ တန်တော်မိုးရယ်၊ လူသာမန်တို့ ရောက်ဖို့မဆိုထားနဲ့၊ စိတ်ကူးတောင် မယဉ်ဝံ့နိုင်တဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ စံမြန်းရာ မဟာမြိုင်ဆိုတာ တခြားနေရာ ဟုတ်ရိုးလားဗျာ၊ ကျုပ်တို့ မကြာမီ ရောက်ရမယ့် ရှမ်ဘဲလားကို ပြောနေတာ၊ တချို့ မတောက်တခေါက် နားလည်တဲ့ သူတွေက မဟာမြိုင်ဆိုတာ ဟိမဝန္တာမှာ ရှိသလိုလို၊ ချင်းတွင်းမြစ်နားမှာ ရှိသလိုလို၊ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေကပဲ တန်ခိုးနဲ့ ကွယ်ဝှက်ထားသလို လို ပြောကြ၊ ရေးကြနဲ့ လုပ်နေကြတယ်၊ အမှန်ကတော့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေရှိနေကြတဲ့ မဟာမြိုင်ဟာ ရှမ်ဘဲလားပဲ၊ ရှမ်ဘဲလားနဲ့ ပတ်သက်တဲ့ အထောက်အထားတွေ အများကြီး ကျုပ် ပြောပြနိုင်တယ်၊ ဒီနေရာကို အနောက်တိုင်းသားတွေက The Valley of Immortals 'အမတတောင်ကြား'၊ Oasis of Lihgt 'အလင်းဓာတ်စခန်း'၊ တိဗက်တွေကတော့ ရှမ်ဘဲလားကို သူတို့ဘာသာစကားနဲ့ 'ဆင်ဘျို ပ'လို့ခေါ်တယ်၊ အဓိပ္ပာယ်ကလည်း ငြိမ်းချမ်းခြင်းလို့ အဓိပ္ပာယ် ရမှာပါ"

ဟု ပြောလေ၏။

"ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေက ဒီကို အသက်ရှင်လျက် ရောက်လာကြတာလား၊ သေပြီးမှ ရောက်လာကြတာလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။





"အဲဒါ ခက်တာပေါ့ တန်တော်မိုးရယ်၊ ကျုပ်တို့ မြန်မာပြည်မှာက ထွက်ရပ်ပေါက်တာကို နှစ်မျိုး ပြောနေကြတယ်၊ အသေထွက်တဲ့၊ အရှင်ထွက်တဲ့၊ ထွက်ရပ်ပေါက်တယ် ဆိုကတည်းက အရှင်လက်လက်ထွက်မှုကို ဖြစ်တာမျိုး၊ သေရင် ထွက်လည်းမထွက်ဘူး၊ ပေါက်လည်း မပေါက်ဘူး၊ ဂိုဏ်းဆရာတွေ သေသွားတဲ့အခါမှာ ကျန်ခဲ့တဲ့ တပည့်တွေက သူတို့ဆရာတွေ သိက္ခာကျမှာစိုးလို့ အသေထွက် ထွက်တယ်လို့ပြောတာ၊ သေ ရင် မထွက်နိုင်တော့ဘူး ကိုယ့်လူရေ၊ အဲဒါ မြဲမြဲ မှတ်ထားပေတော့၊ ကျုပ် ပြောတာမယုံရင်လည်း ခင်ဗျား ဘေးနားက ဗိုင်ယာလန်ဖိုးသူတော်ကြီး ကေလှပိုကို မေးကြည့်ပေ တော့"

နေမောင်မောင်က ပြောလိုက်လေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဖိုးသူတော်ကြီးအား-

"စောစောက ခင်ဗျားပြောတဲ့ မာစတာတွေဟာရှမ်ဘဲလားကိုသေပြီး မှ ရောက်လာတာလား၊ အသက်ရှင်လျက် ရောက်လာတာလား"

လိုက်ရာ ဖိုးသူတော်ကြီး ကေလှပိုက-

"သေပြီးမှ ဘယ်လိုလုပ်ပြီး ဒီကိုရောက်မှာလဲ၊ အားလုံး အသက်ရှင်လျက် ရောက်လာကြတာ၊ ဒီမှာ အမြဲနေမယ်ဆိုရင် အသက်တွေ အများကြီး ရှည်သွားမယ်၊ ဒီကနေ တခြားကို ပြန်ပြီးထွက်သွား ရင်တော့ သူ့အ ချိန်တန်ရင် သေသွားမှာပဲ"

ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အခြားနေရာမှာ ရိုးရိုးသက်တမ်းမှာသေပြီး ဒီနေရာကျမှ အသက်
တွေရှည်ပြီး နေတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စနေမောင်မောင်က-

"ဒီလိုစဉ်းစားကြည့်ရအောင် တန်တော်မိုး၊ ဈေးကဝယ်လာတဲ့ ဆီထ
သားဆိုပါတော့၊ ဒီအတိုင်းထားရင် မကြာခင် ပုပ်သွားမယ်၊ ရေခဲ
သေတ္တာထဲမှာ ထားတော့ ပုပ်ရမယ့် အချိန်မှာ မပုပ်ဘဲ ကြာရှည်
တယ် မဟုတ်လား၊ အဲဒါကို လက်ခံရင် ရှမ်ဘဲလားမှာ အသက်တွေ
ရှည်ကုန်ကြတယ် ဆိုတာ ဘာဆန်းသလဲဗျာ၊ ဒီနေရာက တကယ့်
ထူးတဲ့ နေရာပဲ၊ ရှေးတုန်း ကလူကြီးတွေ ပြောကြတယ်မဟုတ်လား
အသက်ကလေးရယ် ရှည်စေလို မန်းတောင်ရိပ်ကို ခိုဆိုတာလေ
ဗျာ"

ဟု စနေမောင်မောင်က ပြောလိုက်လျှင် ကျွန်ုပ်က-

"ကြားဖူးတယ် ဆရာကြီး ကြားဖူးတယ်၊ မန်းတောင်ရိပ်ခိုဆိုတာ
မန္တလေးတောင်ရိပ် ခိုတာလား"

ဟု ပြောလိုက်လေ၏။

"မန္တလေးတောင်ကို ပြောတာမဟုတ်ဘူးဗျ၊ မန်းစက်တော်ရာကို ပြော
တာ"

ဟု စနေမောင်မောင်က ပြန်၍ဖြေလေ၏။

"ဒီလိုဆိုရင် မန်းစက်တော်ရာဟာ ရှမ်ဘဲလားလို နေရာမျိုးပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ စနေမောင်မောင်က-





"မဟုတ်ဘူးဗျ၊ ရှမ်ဘဲလားကို ရောက်နေတဲ့ ပေါက်မြောက်ပြီးသား ဥ
မာစတာတွေက တစ်ဦးမဟုတ်ရင် တစ်ဦးဆိုသလိုမန်းစက်တော်ရာ့ပေါ်
ကို သွားလေ့ရှိတယ်၊ အဲဒီတော့ အသက်ရှည်ချင်လို့ မန်းစက်တော်
ရာကို သွား တဲ့လူဟာ သူတို့နဲ့ အဆက်အသွယ်ရနိုင်တာပေါ့ဗျာ၊
အဲဒီတော့ အသက် ရှည်ဖို့ လမ်းစရပြီပေါ့"

ဟု စနေမောင်မောင်က ပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့သည် လာခဲ့ကြရာ နေရာတစ်နေရာသို့
ရောက်လျှင် အလွန်လှပသော အသီးများ သီးနေသည့် အပင်တစ်ပင်ကို
တွေ့ရ၏။ အသီးမှာ အရောင်မျိုးစုံ ထွက်နေ၏။ အရွယ်ပမာဏမှာ ကြက်
ဥခန့်ရှိ၏။ ဖိုးသူတော်ကြီးသည် ထိုအပင်မှ အသီးသုံးလုံးကို ခူးယူလိုက်၏။
ကျွန်ုပ်နှင့် စနေမောင်မောင်အား တစ်လုံးစီပေးပြီး ၎င်းကိုယ်တိုင်က တစ်
လုံးယူထား၏။

ထို့နောက် ဝါးကျည်တောက်အတွင်းမှ ပြာကိုထုတ်ကာ ကျွန်ုပ်တို့
အား ထိုအသီးနှင့် ပြာကို တို့စားရန် ပြောလေ၏။ ကျွန်ုပ်က ထိုအသီး၏
အမည်ကို မေးရာ ဖိုးသူတော်ကြီးက-

"ဒီနေရာမှာတော့ ဒီအသီးကို 'ဇင်ကာရီ'သီးလို့ ခေါ်တယ်၊ ထူးဆန်း
တဲ့အသီးတစ်မျိုးပဲ၊ ခန္ဓာကိုယ်မှာ ကုန်ဆုံးသွားတဲ့ ကာဗွန် ဟိုက်ဒြိတ်
ဓာတ်ကို ဖြည့်ပေးတယ်၊ လျော့နည်းသွားတဲ့ ဓာတ်အားတွေအတွက်
အစားထိုးပေးတယ်၊ ပြီးတော့ နှလုံးကို ပုံမှန်အလုပ်လုပ်အောင်
ထိန်းချုပ်ပေးတယ်၊ ဦးနှောက်က 'ဂလင်း'တွေကို



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်နိုင်အောင် စွေခေါ်ပေးတယ်၊ ဒီအသီးကို စားပြီး

ငါ့ရုတ် ဆောင်ဘဲ မနားဘဲ ခရီးသွားနိုင်တယ်"

ဟု ပြောလေ၏။

"အမြိုက်သီးလို့ မှတ်ထားပေါ့ဗျာ"

ဟု စနေမောင်မောင်က ဝင်၍ပြောပေးလေ၏။

ကျွန်ုပ်သည် ထိုအသီးကို ပါးစပ်နှင့်အနည်းငယ်ကိုက်ပြီးနောက်

သူတော်ကြီး ပေးသော ပြာနှင့် တို့ပြီး စားလိုက်လေ၏။ ကျွန်ုပ်၏

စောင်ရှိ အကြောများ၊ လျှာရှိ အကြောများသည် လျှပ်စစ်ဓာတ်နှင့်

လိုက်သကဲ့သို့ ကျဉ်ခနဲ ဖြစ်သွား၏။

မျိုချလိုက်သည့် တစ်ခဏ၌ ကျွန်ုပ်၏ နား၊ မျက်စိ၊ နှာခေါင်း

ပါး စပ်အစရှိသော ဒွါရကိုးပေါက်မှ အခိုးအလျှံများ ထွက်လာသည်ဟု

ထင်မှတ်ရလေ၏။ ထို့နောက် ကျွန်ုပ်သည် မိုက်ခနဲ ဖြစ်သွား၏။ ပြီးလျှင်

တစ်ကိုယ်လုံး သွက်သွက်ခါ၍ လှုပ်သွားသည့်တိုင်အောင် ကျွန်ုပ်၏ တ

ကိုယ်လုံးရှိ အကြောများသည် တွန်းကန်ရုန်းဆွဲ လုပ်ကြလေတော့၏

ကျွန်ုပ်၏ စိတ်သည် ပေါ့ပါးနေသည်၊ ခုန်လိုက်လျှင် မြေပြင်

ဝါးနှစ်ရိုက်ခန့် မြင့်တက်သွားမည်ဟု ထင်ရလောက်အောင် ပေါ့ပါးနေ၏

တစ်အောင့်မျှကြာလျှင် ကျွန်ုပ်သည် ပို၍ချင် အန်ချင်သလို ဖြစ်လာ၏

ထို့ကြောင့် ပါးစပ်ဟပေးလိုက်သောအခါ ပါးစပ်အတွင်းမှ ချွေးများ ဒ

ဟော ထွက်ကျလာ၏။

ဖိုးသူတော်ကြီးနှင့် စနေမောင်မောင်တို့သည်လည်း ကျွန်ုပ်ကဲ့





ချွဲ များ ထွက်ကျလာ၏။ သို့သော် ကျွန်ုပ်လောက် မထွက်ကြပါ။ ချွဲများ

ထွက်ကျပြီးသောအခါ ကျွန်ုပ်၏ ရင်သည် ဗလာဟင်းလင်း ဖြစ်ပြီး ပေါ့

ပါးသွားသည်ဟု ခံစားရ၏။ ထိုအခါ စနေမောင်မောင်က-

"ဓာတ်သက်တာ ချော်၊ လူကိုသတ်တာ ချွဲတဲ့၊ ခင်ဗျားရင်ထဲက ချွဲ

တွေ ထွက်ကျကုန်ပြီ"

ဟု ပြောလိုက်လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ယူဖို့လာတာ ရရင် မှန်တယ်

ကျွန်ုပ်တို့သည် ဤသို့တရွေ့ရွေ့လာခဲ့ကြရာ သစ်သီးပါခေါ် ကျွန်းဖြူသို့မဟုတ် မဟာမြိုင် သို့မဟုတ် ရှမ်းဘဲလားဟုဆိုသော တောင်ကြီး၏ အောက်ခြေအနီးသို့ ရောက်ရှိခဲ့ပြီဖြစ်၏။ တောင်တစ်ခုလုံး စိမ်းစိမ်းစိုစို အပင်များရောင်စုံပန်းများဖြင့် အတိဖြစ်ရာ ရတနာအတိ စီခြယ်ထားသည့်အလား ထိုတောင်ကြီးသည် ကြည့်၍မဝနိုင်အောင် ရှိလေတော့၏။

တောင်အောက်ခြေ မလှမ်းမကမ်းမှ တောင်ပေါ်သို့ လှမ်းမျှော်ကြည့်ရှုရာ အဆောက်အဦများ ကျောက်လိုဏ်ဂူများကို တွေ့ရ၏။ တောင်ကြီး၏ ပုံသဏ္ဌာန်မှာ မြေပြင်မှ စွင့်စွင့်တက်နေသောလည်း တောင်ထိပ်၌မူ ပြားပြားညီညီဖြစ်သောကြောင့် မုန့်စိမ်းပေါင်းပုံကြီးနှင့်တူလေ၏။

**လှော်ခိုးငွေ**

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ပိုင်းသို့ ရောက်လုနီးတောင်စွယ်တစ်ခုတွင်ဘုံဆင့်များ ခေါင်းယည်၊ နီနန်း၊ စုလစ်မွန်းချွန်းတို့ဖြင့် ဆောက်လုပ်ထားသော မြန်မာဘုန်းကြီးကျောင်းသင်္ချာန်တို့လည်း တွေ့ရလေ၏။ အိုင်ယာလန်လူမျိုး ဘိုးသူတော်ကြီး တေလှုပိုတ -

"ရှမ်ဘဲလား ဆိုတာ ဒါပဲ၊ တောင်ပေါ်ရောက်တာနဲ့ အားလုံးအခြေအနေပြောင်းသွားမယ်၊ တောင်ထိပ်အထိမတက်ဘဲတောင်စွယ်ဘက်ကို ဆက်သွားပြီး တောအုပ်ဘက်ကို ဆင်းသွား၊ အဲဒီမှာ ခင်ဗျားတို့လူမျိုးတွေ ကိုးကွယ်တဲ့ မာစတာကြီးတွေရှိတယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်က-

"ဟိုးတောင်ထိပ်ပြားပြားကြီးတွေ ပေါ်မှာက ဘယ်သူတွေရှိသလဲ"

ဟု မေးလိုက်ရာ ဘိုးသူတော်ကြီးက-

"အဲဒီမှာ လူမျိုးစုံရှိတယ်၊ ဒီကမ္ဘာက မဟုတ်ဘူး၊ တခြားကမ္ဘာကရောက်နေတဲ့ လူတောင်ရှိသေးတယ်၊ အဲဒါမာစတာ ကူသူမီးပဲ၊ မာစတာကြီးတွေ အများကြီးနေတယ်၊ အဲဒီရောက်ရင် ပြန်ချင်မှာမဟုတ်ဘူး၊ ဒါပေမယ့် တောင်ပေါ်ရောက်ခါနီးမှာ သန့်ရှင်းဖို့လိုတယ်၊ အဲဒီမှာ ရေအိုင် ရှိတယ်၊ အားလုံးရေချိုးရမယ်၊ အဲဒီရေဟာနွားနို့လိုပဲ၊ ဖြူနေတာကို တွေ့ရမယ် တောင်ပေါ်ကကျတဲ့ စမ်းချောင်းတစ်ခုက ရေပါပဲ"

ဟု ဘိုးသူတော်ကြီးက ပြောလေ၏။

"အပေါ်မှာ စားဖို့သောက်ဖို့ ပြည့်ပြည့်စုံစုံ ရှိရဲ့လား"





ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်ကြီးက-

"ရှမ်ဘဲလားတောင်ရဲ့ မိုင်တစ်ရာပတ်လည်မှာ ဘယ်သူမှ အသားမစားဘူး၊ ခြင်္သေ့တောင် အသားမစားဘူး၊ စားချင်တဲ့အခါမိုင်တစ်ရာအပြင်ကို ထွက်သွားရတယ်၊ တိရစ္ဆာန်တွေလည်း တစ်ကောင်နဲ့တစ်ကောင် ရန်မမူကြဘူး၊ အားလုံး ငြိမ်းချမ်းနေတယ်၊ မျောက်ကမြေပြင်မှာ ခရီး သွားချင်ရင် ခြင်္သေ့ကို မြင်းလုပ်ပြီး သူက စီးသွားတာ၊ ထူးဆန်းတာတွေ သင်တို့အားလုံး တွေ့ရမယ်"

ဟု ပြောလေ၏။ များမကြာမီ၌ ရှမ်ဘဲလားတောင်ခြေရှိ တောအုပ်အတွင်းသို့ ကျွန်ုပ်တို့ ရောက်ရှိခဲ့ကြလေတော့၏။ ကျွန်ုပ်သည် သစ်ပင်အောက်တွင်အိပ်နေသောခြင်္သေ့ကြီးတစ်ကောင်ကိုတွေ့သဖြင့်ခြေလှမ်းတုံ့သွား၏။ သို့ရာတွင် ဘိုးသူတော်ကြီးက မကြောက်ရန် သတိပေးလိုက်၏။

ထို့ကြောင့် ကျွန်ုပ်လည်း ထိုခြင်္သေ့ကို သေချာစွာကြည့်လိုက်၏။ မျောက်တစ်ကောင်သည် ခြင်္သေ့၏ လည်ဆံမွေးကိုဖြဲ၍ သန်းရှာပေးနေ၏။ စိုင်ပေါက်ကလေးတစ်ကောင်သည် တုံးလုံးလဲနေသော ကျားမ၏နို့ကို စို့နေ၏။ ကျားမသည် စိုင်ငယ်၏ လက်တစ်ဖက်ကို လျှာဖြင့်လျက်ပေးနေ၏။ စိုင်ငယ်သည် ကျားမ၏ လျှာကြမ်းလွန်းသောကြောင့် တစ်ချက်လျက်တိုင်းတွန့်၍သွား၏။ တောမြင်းတစ်ကောင်နှင့်ကျားတစ်ကောင်သည်လိုက်တမ်းပြေးတမ်း ကစားနေကြ၏။ ဆက်ရက်အရွယ်ရှိငှက်ကလေးတစ်ကောင်သည် နွားနောက်၏ နားတွင် ကပ်နေသောမွှားများကို နှုတ်သီးဖြင့်ယူ၍ ဖယ်ချနေ၏။ ဒေါင်းတစ်ကောင်သည် မြေပြောင်ပြောင်တွင်



www.burmeseclassic.com

www.burmeseclassic.com

ကနေ၏၊ ၎င်းကနေသည်ကိုခွေးအနှစ်ကောင်ကအလှကြည့်နေကြ၏။

ကျွန်ုပ်တို့သည် ထိုနေရာမှ ခရီးထွက်ခဲ့ရာ တောင်ကျစမ်းတစ်ခုကို တွေ့ရလေ၏။ ထိုတောင်ကျစမ်းကြောင့် ဖြစ်ပေါ်နေသော အိုင်ငယ်တစ်ခုကိုလည်း တွေ့ရ၏။ ထိုအိုင်ငယ်အတွင်းမှရေသည် နွားနို့ကဲ့သို့ ဆွတ်ဆွတ်ဖြူနေ၏၊ ဘိုးသူတော်ကြီးသည် ကျွန်ုပ်တို့နှစ်ဦးအား ရေချိုးရန် ပြောလေ၏။ ၎င်းလည်း အိုင်ငယ်အတွင်းသို့ ဆင်း၍ ရေချိုးလေ၏။ ကျွန်ုပ်တို့နှစ်ဦးလည်း ၎င်းနှင့်အတူ ရေချိုး၏၊ ရေသည် အလွန်အေးမြလှ၏၊

ရေ၏ အရသာမှာလည်း ဆိမ့်သလိုလို ချိုသလိုလို ရှိ၏။ ရေချိုးပြီးသောအခါ၌ ကျွန်ုပ်တို့၏ နွမ်းနယ်မှုများသည် ပြေပျောက်သွားလေတော့၏။ ကျွန်ုပ်တို့၏ ရုပ်သည်လည်းကောင်း၊ စိတ်သည်လည်းကောင်း ပျို့မျှစ်နုနယ်ခြင်းသို့ ပြောင်းလဲသွားသည်ဟု သတိပြုမိကြ၏။

ကျွန်ုပ်အနေနှင့် ထိုရေချိုးပြီးနောက် စိတ်တွင်လန်းဆန်းသကဲ့သို့ ရှိသည့်အပြင် စိတ်ဓာတ်မှာလည်း ညွတ်ပျောင်း၍သွားပါတော့၏။ ကျွန်ုပ်တို့သည် တောင်ကို တရွေ့ရွေ့ တက်လာကြ၏။ တောင်ကမ်းပါးရံတစ်ခုသို့ ရောက်သောအခါ၌ မိုးစုပ်စုပ် ချုပ်သွားပြီဖြစ်သဖြင့် ထိုနေရာ၌ပင် အိပ်စက်နားနေရန် ဆုံးဖြတ်လိုက်ကြ၏။ ထိုအခါ၌ ဘိုးသူတော်ကြီးက-

"အခုရောက်နေတဲ့ တောင်ကြောကနေ ရှေ့တည့်တည့်ကို သွားရင် မင်းတို့လေးစားတဲ့ မာစတာကြီးတွေ ရှိတဲ့နေရာကို ရောက်မယ်၊ ဟိုး တောင်အောက်ကနေ လှမ်းပြီးမြင်ရတဲ့ ဘုန်းကြီးကျောင်းက အဲဒီမှာ ရှိတယ်"





ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က စနေမောင်မောင်အား-

"ဆရာကြီး ကျွန်တော်တို့ သွားကြရအောင်"

ဟု ပြောရာ စနေမောင်မောင်က-

"မသွားနဲ့ဗျ၊ သူတို့က ကျုပ်တို့ကို လောဘ၊ ဒေါသ၊ မောဟတွေ မရှိအောင် တရားဟောလိမ့်မယ်ဗျ၊ ကျုပ်က အဲဒီတရားမျိုးတွေ မနာချင်ဘူး၊ လူဟာ ဝက်သစ်ချပင် မဟုတ်ဘူးဗျ၊ လောဘ၊ ဒေါသ၊ မောဟတွေ မရှိလို့ မဖြစ်ဘူး၊ အဲဒါတွေ မရှိရင် လူအဖြစ်ကရွေ့လျားသွားရလိမ့်မယ်၊ ကျုပ်က ဘာမှ မဖြစ်ချင်ဘူး၊ လူပဲဖြစ်ချင်တယ်၊ လူဖြစ်ရတာ ကျေနပ် စရာ အကောင်းဆုံးပဲဗျ"

ဟု ပြောလေ၏။ ကျွန်ုပ်တို့သည် ထိုညက ထိုနေရာ၌ပင် အိပ်စက်ကြလေ၏။ မည်သည့်အန္တရာယ်မျှ မတွေ့ရဘဲ ချမ်းသာစွာ အိပ်စက်ရလေ၏။

နောက်တစ်နေ့ နံနက်တွင် ဆရာကြီးစနေမောင်မောင်က ပေါင်မုန့်နှင့် ဂျင်မ်ကို ပေးလေ၏။ ထို့နောက် ကျွန်ုပ်တို့လည်း ဆက်၍တက်ခဲ့ကြရာ နံနက် ဆယ့်တစ်နာရီ၊ ဆယ့်တစ်မိနစ် တိတိတွင် သာမန်လူသားတို့ ရောက်ဖို့ရန် ဝေးစွ၊ စိတ်မျှပင် မကူးဝံ့သော မဟာမြိုင်ခေါ် ရှမ်ဘဲလား တောင်ထွတ်သို့ ရောက်ရှိခဲ့ကြလေတော့၏။

"တန်တော်မိုးရေ. . . ဝိဇ္ဇာပုံပြင်တွေထဲက မဟာမြိုင်ဆိုတဲ့နေရာကို ကျုပ်တို့ ခြေချမိပြီ၊ ကိုယ့်လူကို တစ်ခုပဲမှာထားမယ်၊ ဒီနေရာကို အသက်နဲ့လဲပြီး လာခဲ့ရတာ၊ အလကားရောက်လာတာမဟုတ်ဘူး၊ အဲဒီတော့ ဒီ နေရာရောက်ဖို့ ပေးခဲ့ရတဲ့ အရင်းအနှီးက များတယ်၊



www.burmeseclassic.com

www.burmeseclassic.com


အဲဒါကြောင့် ဘယ် လိုအကြောင်းနဲ့မှ စိတ်ပြောင်းမသွားစေနဲ့၊ ကိုယ်လာခဲ့တဲ့ ရည်ရွယ်ချက် အတိုင်း ဖြိုးမြောက်အောင်မြင်အောင် လုပ်၊ ကင်းဆော်လမွန်ရဲ့ ရတနာ သိုက်စာရင်းကြီးကို ရအောင်ယူဖို့ လာခဲ့ကြတာမဟုတ်လား။ အဲဒါကြီးကို ရအောင်ယူ၊ ဘယ်သူ့မျက်နှာမှ မထောက်နဲ့၊ ယူဖို့လာတာ ရရင်မှန်တယ် ဆိုတဲ့ ဆောင်ပုဒ်ကို အမြဲရွတ်နေ"

ဟု ကျွန်ုပ်အား တိုးတိုးကပ်၍ သတိပေးလိုက်လေ၏။

အိုင်ယာလန်သား ဘိုးသူတော်ကြီးသည် တောင်ထွတ်ပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက်-

"ဒီတောင်ပေါ်မှာ နေတဲ့သူတွေ အများကြီးရှိတယ်၊ သင်တို့ကိုလာပြီး ကြိုဆိုပါလိမ့်မယ်၊ စားစရာတွေ ဘာတွေ ကျွေးလိမ့်မယ်၊ ပြီးတော့မှ သင်တို့တွေ့ချင်တဲ့ လူကို တွေ့ပေးမယ်၊ သင်တို့သွားချင်တဲ့ဆီကို ပို့ပေးမယ်၊ သင်တို့က မတွေ့ချင်တော့လည်းပဲ တွေ့သင့်တွေ့ထိုက်တဲ့လူကို တွေ့ပေး လိမ့်မယ်၊ ဒီတောင်ပေါ်မှာ အားလုံး အေးအေး ချမ်းချမ်းပဲ၊ ဒီတောင်ပေါ်မှာ တခြားဒေသမှာလိုဥပဒေတွေ၊ စည်းကမ်းတွေ မရှိဘူး၊ ဒီမှာနေကြတဲ့ လူတွေအားလုံး သတ်ဖြတ်ခြင်းကို ရှောင်ကြဉ်ကြတယ်၊ ခိုးဝှက်ခြင်းဆိုတာ လည်း ဒီနေရာမှာမရှိဘူး၊ မူးယစ်သောက်စားခြင်းဆိုတာလည်း ဒီမှာမရှိ ဘူး၊ မှားယွင်းတဲ့ မေထုန်မှုအပါအဝင် ယုတ်ညံ့တဲ့ ကိစ္စတွေ ဘာမှမရှိတဲ့ အတွက် တစ်ဦးနဲ့တစ်ဦး လိမ်ပြောတယ်ဆိုတာ ရယ်စရာအဖြစ်တောင်မလုပ်





ကြဘူး၊ ကမ္ဘာကြီးဟာ အကျယ်ကြီးပဲ၊ အဲဒီ ကျယ်ဝန်းတဲ့ ကမ္ဘာကြီးထဲမှာ ဒီနေရာကွက်ကွက်ကလေး တစ်ခုတည်း ငြိမ်းချမ်းမှု ရှိတယ်၊ ဒါပေမဲ့ ဒီနေရာမှာ ငြိမ်းချမ်းရေးဆိုတဲ့စကား ဘယ်သူမှမှ မပြောကြဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ တကယ်ငြိမ်းချမ်းနေလို့ပဲ၊ တကယ်ငြိမ်းချမ်းမှုမရှိ တဲ့ နေရာမှာတော့ ငြိမ်းချမ်းရေးဆိုတာ တစာစာ ပြောနေကြလိမ့်မယ်၊ ကဲ ကျွန်ုပ်သွားမယ်၊ ကျွန်ုပ်ရဲ့ မာစတာ ခိုင်းလိုက်တဲ့ ဆားအကြောင်း မာစတာ့ကို ပြော်ရမယ်"

ဟု ဆိုကာ ဘိုးသူတော်ကြီးသည် နှစ်လိုဖွယ်ရာ ပြုံးပြနှုတ်ဆက်ပြီး ထွက်သွားလေတော့၏။ ဘိုးသူတော်ကြီး အဝေးသို့ရောက်သွားလျှင် စနေမောင်မောင်က-

"ကဲ. . . တန်တော်မိုး၊ ကျုပ် သင်ပေးထားတဲ့ စကားကို ဆိုပြစမ်း"

ဟု ကျွန်ုပ်အား ပြောလိုက်သဖြင့် ကျွန်ုပ်က-

"ယူဖို့လာတာ၊ ရရင်မှန်တယ်"

ဟု ပြောလိုက်သော်လည်း ကျွန်ုပ်၏စိတ်၌ လိပ်ပြာမလုံမလဲ ဖြစ်ကာ တစ်စုံတစ်ယောက်များ နားထောင်နေမလားဟု ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်၏။ စနေမောင်မောင်ကမူ-

"ကိုယ့်လူ. . . ဘာတွေ လျှောက်ကြည့်နေတာလဲ၊ ဒီမှာနေတဲ့လူတွေက သူတစ်ပါးအသက် အသတ်ဘူးတဲ့၊ အဲဒီကတည်းက ကျုပ်တို့အတွက် ဘယ်လောက်လုံခြုံသလဲ၊ သတ်စရာရှိရင် ကျုပ်တို့ကသာ သတ်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု စနေမောင်မောင်က ပြောလိုက်ရာ ကျွန်ုပ်၏ စိတ်၌ စနိုးစနောင့် ဖြစ်၍သွားလေတော့သတည်း။



## ပီကွမ်းက ညှော်ခဲ့ခြင်း

ကျွန်ုပ်နှင့် စနေမောင်မောင်သည် ဘိုးသူတော်ကြီးနှင့် လမ်းခွဲပြီး ာက် လမ်းမအတိုင်းလျှောက်၍လာကြလေ၏။တစ်နေရာသို့ရောက် ၌င် မြေကမူမြင့်မြင့်လေးကို တွေ့ရလေ၏။ ထိုမြေကမူ မြင့်မြင့်ကလေး ါ်တွင် သစ်သားဖြင့် ဆောက်လုပ်ထားသော အိမ်တစ်ဆောင်ကို တွေ့ ၏၊ အိမ်မှာ အတော်အတန်ကြီး၏၊ အမိုးမှာလည်း သစ်သားကိုပင် လုပ်ထားကြောင်း သတိပြုမိလေ၏၊ အိမ်အမိုးပျဉ်များကို အနီရောင် င့် လည်းကောင်း၊ အိမ်၏ ဝရန်တာနှင့် တံခါးများကို အဖြူရောင်ဖြင့် ည်းကောင်း၊ အိမ်ကြီးတစ်ခုလုံးကိုမူ အနက်ရောင်အဖြစ်လည်းကောင်း တ်လိမ်းခြယ်သထားသောကြောင့် ကျွန်ုပ်က-



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ခေါင်တဲ့နေရာမှာ သဘော်ဆေး ဘယ်ကရသလဲ၊ အိ
ကြီးကို သုတ်ထားတဲ့ ဆေးတွေဟာ ရန်ကုန်မှာ ရနိုင်မယ့် သဘေ
ဆေးတွေ"

ဟု ကျွန်ုပ်က စနေမောင်မောင်အား ပြောလိုက်လေ၏။

"တန်တော်မိုးရေ . . ကျုပ်ကို မမေးနဲ့ဗျို့၊ ဟိုမှာ အိမ်ရှင်ဆင်းလ
ပြီ၊ သူ့ကိုပဲ မေးပေတော့"

ဟု ပြောလေ၏။ ထိုအချိန်၌ပင် လှေကားတွင် မတ်တတ်ရပ်
ကျွန်ုပ်တို့အား ကြည့်နေသော အရပ်ပုပု၊ ဂင်တိုတို လူတစ်ယောက်သ
ကျွန်ုပ်တို့ထံသို့ ဆင်း၍လာလေ၏။ ကျွန်ုပ်တို့အနီးသို့ရောက်လျှင် ထို
က အင်္ဂလိပ်ဘာသာစကားဖြင့်-

"ရှမ်ဘဲလားရဲ့ ကောင်းသော နံနက်ခင်းပါ"

ဟု နှုတ်ဆက်လိုက်လေ၏။ စနေမောင်မောင်ကလည်း-

"နေမင်းကို အကြောင်းပြုပြီး နှုတ်ဆက်ရတဲ့ နံနက်ခင်းမှာ
ဒီနံနက်ခင်းဟာ အကောင်းဆုံးပဲ"

ဟု ပြန်၍ နှုတ်ဆက်လိုက်လေ၏။

"ရောက်လာတဲ့ ဧည့်သည်တွေကို ဧည့်ခံဖို့တာဝန်ကို မာစတာ
က ကျွန်တော့်ကို ပေးထားပါတယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့ အိ
ကို ကြွကြပါ"

ဟု အရပ်ပုပု ဂင်တိုတို လူက ဖိတ်ခေါ်လေ၏။ ထိုအခါ ကျွန်ုပ်က

"မိတ်ဆွေရဲ့အိမ်ဟာ သိပ်ပြီးလှပါတယ်၊ အိမ်ကိုသုတ်တဲ့ သ





ဆေးတွေက ဘယ်လိုရသလဲဆိုတာ ကျွန်တော် သိချင်ပါတယ်"

ဟု မေးလိုက်ရာ ဂင်တိုတိုလူက-

"ခင်ဗျား ဒီကို ဘယ်လိုရောက်လာသလဲ၊ သဘော်ဆေးတွေလည်း
ဒီလိုပဲ ရောက်လာတာပေါ့"

ဟု ပြန်၍ပြောလေ၏။

"ကျွန်တော်က ဟောဒီက ကျွန်တော်ဆရာနဲ့အတူ ရောက်လာတာ၊
ဆရာက လမ်းကောင်းကောင်းသိတယ်၊ ကျွန်တော်က ဒီကိုလာဖို့
လမ်းမသိဘူး ဆိုပါတော့"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ ထိုအရပ်ပုပု ဂင်တိုတိုလူက-

"သဘော်ဆေးတွေကလည်း ဒီကိုလာဖို့ လမ်းကောင်းကောင်း မသိ
ရှာဘူး၊ ကျွန်တော်နဲ့ လိုက်လာကြတာ၊ အဲဒီတော့ မိတ်ဆွေကြီးနဲ့
သဘော်ဆေးတွေဟာ ဘာမှ မခြားနားပါဘူး"

ဟု အရပ်ပုပု ဂင်တိုတိုလူက ပြန်၍ပြောလိုက်လေ၏။

"ကျွန်တော်က စကားပြောတတ်တယ်ဗျာ၊ မိတ်ဆွေကြီးရဲ့ သဘော်
ဆေးတွေက စကားပြောတတ်မယ် မထင်ပါဘူး"

ဟု ကျွန်တော်က အထွန့်တက်လိုက်ရာ ၎င်းက-

"သဘော်ဆေးတွေလည်း စကားပြောတတ်ပါတယ်၊ ဟောဟို လက်
တန်းကဆေးအဖြူနဲ့ဒီဝရန်တာကဆေးအဖြူတစ်ချိန်တည်းသုတ်
တာဗျ၊ ဒါပေမဲ့ ဝရန်တာကဆေးတွေကအကောင်းပကတိအတိုင်းပဲ
လက်တန်းက ဆေးတွေက မှိန်ကုန်ပြီဗျ၊ အဲဒီလို မှိန်ကုန်တယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ကျုပ်ကို သင်္ဘောသားတွေက စကားတစ်ခွန်းပြောနေသ
ပဲ၊ သူ့ဘက်မှာ အမိုးမရှိ ဘူးတဲ့၊ ဒါကြောင့် သူ့အပေါ်ကို နှင်းပေ
တိုက်ရိုက်ကျဟယ်တဲ့၊ ဒါကြောင့် မကြာခဏ ပြန်ပြီး သုတ်ပေးပါတဲ့
အဲဒီလို မသုတ်ချင်ရင် သူ့အပေါ်ကို အမိုးမိုးပေးပါတဲ့၊ အဲဒါသင်္ဘော
သားအဖြူကကျုပ်ကိုပြောတဲ့စကားတွေပဲ"

ဟု ပြန်၍ပြောလိုက်လျှင်-

"ဟုတ်ပါ့ရဲ့ဗျာ၊ ကျွန်တော်က အဲဒါကို မသိလို့ပါ"

ဟု ထိုသူအား ဝန်ခံလိုက်ရလေ၏၊ ကျွန်ုပ်နှင့် စနေမောင်မောင် သည်
ထိုသူ၏ အိမ်အတွင်းသို့ ရောက်သွားကြလေ၏။ ထိုသူက ၎င်း၏ အမည်
ကို 'ဗိကွမ်း'ဖြစ်ကြောင်း ပြောပြလေ၏။ သူသည် တရုတ်လူမျိုး ဖြစ်ပြီ
'ချူကင်း'ပြည်နယ်၌ မွေးဖွားသူဖြစ်ကြောင်းလည်း ပြောပြလေ၏။ သူသည်
ရှမ်ဘဲလားသို့ ရောက်နေသော အချိန်ကာလကို ပြောပြရာ၌ ကျွန်ုပ်သည်
အံ့ဩရလေသေးတော့၏။

"ကျုပ် ဒီကို ရောက်တာ သိပ်မကြာသေးပါဘူး၊ ဒါပေမဲ့ ခင်ဗျား
ကမ္ဘာတစ်ခုလုံးက မှတ်ထားတဲ့ သက္ကရာဇ်နဲ့ ပြောမယ်ဆိုရင်တော့
၁၈၁၉- ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်နေ့ပေါ့ဗျာ"

ဟု ဂင်တိုတိုလူက ပြောလေ၏။

၎င်းပြောသောနေ့စွဲကို ကျွန်ုပ် ကောင်းစွာသိ၏။ အမေရိကန်သမ္မ
အီဘရယ်ဟင်လင်ကွန်း မွေးသောနေ့ပင်ဖြစ်၏။ နှစ်ပေါင်း တစ်ရာကျော်
ခဲ့ပြီဖြစ်၏။ ထိုခုနှစ်သည် မင်းတုန်းမင်း၊ နန်းတက်ပြီးစ အချိန်လော





ဖြစ်၏။ သို့သော် 'ဗိကွမ်း'ဆိုသူ၏ ရုပ်ရည်အရွယ်မှာ လေးဆယ်ပတ်ဝန်း
ကျင်ခန့်သာရှိသေးကြောင်း ကျွန်ုပ်ကောင်းစွာ အကဲခတ်နိုင်လေ၏။
ထို့ကြောင့် ကျွန်ုပ်က-

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ခင်ဗျားဟာ အသက်တစ်ရာကျော်
နေပြီပေါ့နော်"

ဟု ပြောလိုက်လျှင် ထိုသူက-

"မှန်ပေသပေါ့"

ဟု ပြောလေ၏။

"ဒါပေမဲ့ ခင်ဗျားရဲ့ ရုပ်ရည်က လေးဆယ်လောက်ပဲ ရှိသေးတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဗိကွမ်းက-

"ကျုပ် ရှမ်ဘဲလားကို ရောက်လာတာ အဲဒီအရွယ်ပဲ၊ အဲဒီတော့
ခင်ဗျား ဒီအရွယ်ကိုပဲ မြင်ရမှာပေါ့"

ဟု ပြန်၍ပြောလေ၏။

ကျွန်ုပ်တို့သည် ခုနစ်ထစ်ရှိသော လှေကားကို တက်လိုက်လျှင် အိမ်
၏ ခန်းမကြီးဆီသို့ ရောက်သွားလေ၏။ ခန်းမကြီးမှာ အလွန်ကျယ်၏၊
လွန်စွာ ရှေးကျသော မီးအိမ်များကို ဆွဲချိတ်ထား၏၊ ရှေးကျသော်လည်း
ဟောင်းနွမ်းခြင်းမရှိ၊ ပကတိသစ်လွင်နေ၏။ အိမ်ထောင်ပရိဘောဂများ
မှာလည်း ၁၉-ရာစုအတွင်း ဥရောပတိုက်ကြီးရှိ ကြီးကျယ်ခမ်းနားသော
အိမ်များတွင် အသုံးပြုသည့်ပုံစံအတိုင်း ဖြစ်၏။ ခန်းလုံးပြည့် ကော်ဇော
ကြီးတစ်ချပ် ခင်းထား၏၊ ထိုကော်ဇောမှာလည်း ရှေးဟောင်း ပါးရှားပြည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ် သော်လောဖြစ်၏၊ စနေမောင်မောင်က ကျွန်ုပ်က ကြည့်၍ပြုံးလိုက်
ပြီးနောက်-

"ကျွန်ုပ်နဲ့ ခင်ဗျားကတော့ ရာစုနှစ်တစ်ခု နောက်ဆုတ်ပြီး ၁၉-ရာစု
ထဲကို ရောက်သွားပြီနဲ့တူပါရဲ့"

ဟု မြန်မာဘာသာဖြင့် ပြောလိုက်ရာ ပီကွမ်းက-

"ခင်ဗျားတို့နှစ်ယောက် ဘာပြောကြတာလဲ"

ဟု မေးလေ၏။

"အခုက နှစ်ဆယ်ရာစုလေဗျာ၊ ဒါပေမဲ့ ခင်ဗျားအိမ်က ခြေခန်
ထဲကို ဝင်လိုက်တဲ့အခါမှာ ကျုပ်တို့နှစ်ယောက်လုံးဟာ ရာစုတစ်
နောက်ဆုတ်ပြီး ၁၉-ရာစုထဲကို ပြန်ရောက်သွားသလို ခံစားရတယ်
လို့ ပြောတာ ပါ"

ဟု ကျွန်ုပ်က အင်္ဂလိပ်ဘာသာဖြင့် ပြန်၍ရှင်းပြလိုက်ရာ ပီကွမ်း
ရယ်လေ၏။

"မှန်တာပေါ့ဗျာ၊ ကျုပ်က ၁၉-ရာစုကတည်းက ရှမ်ဘဲလားကို
ရောက်နေတာပဲ၊ ခင်ဗျားတို့ညာဘက်က ပြူတင်းပေါက်ကို လှမ်း
ကြည့် လိုက်စမ်းပါ"

ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း လှမ်းမျှော်၍ကြည့်ရှုလိုက်ရာ ချိုး
ဝှမ်းတစ်ခုအတွင်း ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံးကို တွေ့
ရလေ၏။

"အဲဒီ အိမ်ထဲရောက်သွားရင် ခင်ဗျားတို့ဟာ ၁၇-ရာစုကို ရောက်





သွားသလို ဖြစ်လိမ့်မယ်၊ အဲဒီမှာက 'ဝဒီဘင်စကစ်ကော့ဖ်'ဆိုတဲ့
ရုရှားလူမျိုး အဘိုးအိုတစ်ဦးနေတယ်၊ သူက ရှမ်ဘဲလားကို မရောက်
ခင်ကတည်း က 'ဗီလိုဗိုတိုက်'ဆိုတဲ့ ရုရှားသီချင်းကို စပ်ဆိုခဲ့တဲ့
အဘိုးကြီးပဲ၊ သူက ၁၇-ရာစု နှစ်ကတည်းက ဒီကိုရောက်နေတာ၊
ဒီကနေမှ ရုရှားပြည်ကို ပြန်သွားပြီး တောင်ပိုင်းကောလိပ်မှာ
ပရော်ဖက်ဆာလုပ်သေးတာ၊ ပရော် ဖက်ဆာလုပ်တုန်း ဗီလိုဗို
တိုက်ကို စပ်တာ၊ ဗီလိုဗိုတိုက်ဆိုတာ ရှမ်ဘဲလား အကြောင်းကို
ဖွဲ့နွဲ့စပ်ဆိုထားတဲ့ သီချင်းပဲ၊ အဲဟိုဘက်က တောင်ကုန်း ပေါ်မှာ
အိမ်တစ်လုံး တွေ့လိမ့်မယ်၊ အဲဒီအိမ်ထဲကို ရောက်ရင် ခင်ဗျား
၁၆-ရာစုနှစ်ထဲကို ပြန်ရောက်သွားသလို ဖြစ်လိမ့်မယ်၊ အဲဒီအိမ်ဟာ
ပြင်သစ်မင်းသား 'ပရင့်စ်ကားလ်'နေတဲ့ အိမ်ပဲ၊ သူ့နာမည် အရှည်
ကတော့ 'ကားလ်ဘွန်းဟာစီကစ်မယ်'ဖြစ်တယ်၊ သူ့ကို လူသိ နည်း
ပေမယ့် သူ့ဆရာ ကိုတော့ လူသိများပါတယ်၊ သူ့ဆရာက 'စိန့်ဂျာ
မိန်း'လို့ခေါ်တယ်၊ လက္ခဏာကျမ်းတွေ ဘာတွေ ရေးသွားသေး
တယ်၊ စိန့်ဂျာမိန်းရဲ့ နာမည်အရှည် က 'စိန့်ဂျာမိန်းလစ်ဗီ ရယ်တီ'
ဖြစ်တယ်၊ သူက အစ်မတော်ကိုးပါး 'လော့ချ်' လို့ခေါ်တဲ့ ပြင်သစ်
ပြည်ရဲ့ နာမည်ကြီး 'ဖရီးမေဆင်' အသင်းရဲ့ ဥက္ကဋ္ဌ ပဲ၊ အဲဒီ
အသင်းရဲ့ အသင်းသားတစ်ဦးဟာ ဘော်လ်တဲယားဆိုတဲ့ စာရေး
ဆရာပေါ့ဗျာ၊ ဒီလူက ထူးထူးဆန်းဆန်းဗျ၊ သေခါနီးမှ အသင်းထဲ
ဝင်လာတဲ့လူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှည်လျားစွာ ပြောလေ၏။ မျှားမကြာမီ၌ပင် အရပ်ထော ဖောင်မောင်းမောင်း မိန်းမတစ်ယောက်သည် ကျောက်ခွက်ဖြင့် ထ ထားသော နို့ပူပူနှစ်ခွက်ကို ကျွန်ုပ်တို့ထံသို့ ယူလာလေ၏။

ကျွန်ုပ်သည် ထိုမိန်းမကို မြင်လျှင် အံ့ဩသွား၏။ ထို့ကြောင့် ပီကွ အား လှမ်း၍ကြည့်လိုက်ရာ ပီကွမ်းက-

"အိုင်ယာလန်သူဗျ၊ သူ့အစ်ကိုက ရှမ်ဘဲလားတစ်ခုလုံးကို စော ရှောက်ထားတဲ့လူဗျ၊ သူ့အစ်ကိုနာမည်က ကေလှပိုလို့ခေါ်တယ် အဲဒီ မိန်းမကတော့ ကျုပ်ရဲ့ ဇနီးပေါ့၊ သူ့ကို အကြောင်းပြုပြီး က က ဒီကို ရောက်ရတာ၊ ကျုပ်ကို ရှမ်ဘဲလား မာစတာတွေက ညှ ကြိုဆို နေရာ ချပေးထားရေး တာဝန် ပေးထားတာ၊ နှစ်တစ်ရ ကျော်ပြီဗျ၊ တကယ်လို့ ခင်ဗျားတို့နှစ်ယောက် ဒီမှာနေမယ်ဆို တော့ ခင်ဗျားတို့နှစ်ယောက်ကို ... ဝန်လွှဲပြီး ကျုပ်လည်း တရ ပြည်ကို ခဏလောက်သွားလည်ချင်တယ်၊ သိပ်ပြီး မကြာပါဘူး နှစ်ခြောက်ဆယ်လောက်နေပြီး ပြန်ခဲ့မှာပဲ"

ဟု ပီကွမ်းက ပြောလိုက်ရာ ကျွန်ုပ်လည်း ... ၍ သွား တော့၏။

နှစ်ခြောက်ဆယ်ကာလအား ပီကွ ... ကားဂုဏ်းက အပ်နှံ ကြောင့် ၎င်းတို့သည် အချိန်ကာလကို မည်သို့မည်ပုံ ... သနည်းဟု အတွေးရခက်လေတော့၏။

ထို့နောက် ကျွန်ုပ်နှင့် စနေမောင်မောင်တို့သည် နို့ခွက်များကို





၍ သောက်ကြ၏။ ထိုနို့ကို တစ်ကျိုက်မျှ မျိုချလိုက်ချိန်တွင် ကျွန်ုပ်၏ တစ်ကိုယ်လုံး သိမ့်ခနဲဖြစ်ကာ အရသာ ထူးသွားလေ၏။ 'ဘာနို့လဲ'ဟု ကျွန်ုပ်က ပီကွမ်းအား မေးရာ ပီကွမ်းက-

"နွယ်နို့ဗျ၊ ခင်ဗျားတို့ တောင်ပေါ်ကို မတက်ခင်မှာ ရေချိုးသေးတယ် မဟုတ်လား၊ စမ်းချောင်းတစ်လျှောက်မှာ ဒီနွယ်တွေ ပြတ်ပြီး ရေထဲ ကို ကျနေတာ၊ ဒါကြောင့် အဲဒီရေတွေ ဖြူနေတာဗျ၊ ရှမ်ဘဲလားမှာ ဘယ်သတ္တဝါရဲ့ နို့ကိုမှ မသောက်ဘူး၊ နွယ်ကနို့ကိုပဲ သောက်တယ်၊ ခင်ဗျားတို့ ပြောနေတဲ့ ပရိုတိန်းဓာတ်ဆိုတာ အဲဒီထဲမှာ ပါပြီးသားပဲ၊ ဒါပေမဲ့ ပရိုတိန်း ရိုးရိုးတော့ မဟုတ်ဘူး၊ ပရိုတိုပလာဇမ် ပရိုတိန်းလို့ ခေါ်တဲ့ သက်ဦးဩ ဇာဓာတ်ပါဝင်တဲ့ ပရိုတင်းတစ်မျိုးဗျ"

ဟု ပီကွမ်းက ပြောလေ၏။ ထိုအခါ၌ ကျွန်ုပ်က-

"ဒီမှာ လင်ရယ် မယားရယ်လို့ ယူလို့ရသလား"

ဟု မေးလိုက်ရာ ပီကွမ်းက-

"ကျုပ်တို့ ... ကန်းကြီးတွေ မယ်သီလရှင်တွေ မဟုတ်ဘူးဗျ၊ ကာ ... မဂုဏ် ... န်နေတဲ့ လူတွေလည်း မဟုတ်ဘူးဗျ၊ ဒါပေမဲ့ ... တဲ့ စကားနှစ်ရပ်မှာ အိမ်ထောင်တော့ ပြုကြ

"ရောက်တ ... မွေးကြဘူး၊ ရှမ်ဘဲလားမှာ သားမွေးဆေးရုံ ... ။ ထို့အတူ ဝမ်းဆွဲသည်လည်း မရှိဘူး"

ဟု ပြောလိုက်ရာ ကျွန်ုပ်က စနေမောင်မောင်၏ မျက်နှာကို လှမ်း ၍ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ စနေမောင်မောင်က-

"အာဝတီနတ်ပြည်မှာ နတ်သမီးတွေ နတ်သားတွေ ရှိတယ်လေဗျာ၊ အဲဒီထဲမှာ ဘယ်နတ်သမီးမှ ကိုယ်ဝန်ဆောင်တယ်လို့ မကြားမိပါလား၊ အဲဒီ သဘောပေါ့ဗျာ၊ မေထုန်မှု ကိစ္စ ကျုပ်တို့ ခင်ဗျားတို့ နယ်ပယ်မှာလို အကြမ်းစားမရယူဘူးပေါ့ဗျာ၊ အဲဒီလို မရယူဘဲနဲ့ကိုပဲ ကျေနပ်လောက် အောင် ကာမဂုဏ်ချမ်းသာကို ရနေကြတယ်လို့ စဉ်းစားရင်တော့ ရတာ ပေါ့ဗျာ"

ဟု ဝင်၍ရှင်းပြလေ၏။

ထိုအချိန်ကျမှပင် ကျွန်ုပ်၏ စိတ်၌ 'ဪ . . . ဒီလိုကိုး'ဟု သဘောပေါက်သွားလေတော့၏။

စနေမောင်မောင်သည် နှုတ်ဆိတ်နိုင်သမျှ နှုတ်ဆိတ်နေသည်ကို ကျွန်ုပ် ကောင်းစွာ နားလည်၏။ သူသည် ကင်းဆော်လမွန် ဆင်မြန်းခဲ့သော ကျောက်ရှစ်လုံးစီခြယ်သည့် အဋ္ဌရတ်လက်စွပ်ကို ရယူရန်အတွက် အသေးစိတ် အကွက်ရိုက်၍ စဉ်းစားနေပုံရ၏။

ထို့နောက် ပီကွမ်းက-

"သင်တို့နှစ်ယောက် ရှမ်ဘဲလားကို လာတဲ့အကြောင်းရင်းကတော့ ရှေးယခင် စနေဂိုဏ်း၊ ယခု ဘလက်ဘရားသားဂိုဏ်းက အပ်နှံထားတဲ့ သေမင်းနိုင်ငံကျမ်းနဲ့ ကင်းဆော်လမွန်ရဲ့ လက်စွပ်ကို ကြည့်ဖို့ တာဝန်နဲ့ လာကြတယ်ဆိုတာ ဟောဟို မိတ်ဆွေရဲ့ လက်လေးချောင်းမှာ ဝတ်ထား တဲ့ ကြောင်လက်စွပ် လေးကွင်းက ဖော်ပြ





နေပါတယ်"

ဟု ပြောလိုက်ရာ စနေမောင်မောင်က-

"မှန်ပါတယ်၊ ကျုပ်တို့ဟာ ဘလက်ဘရားသားအကြီးအကဲတွေ ဖြစ်ပါတယ်၊ အဲဒီပြန်၍ပြောလိုက်လေ၏။

"သင်တို့ကြည့်ရမယ့် ပစ္စည်းတွေဟာ ဟောဟိုတောင်ကုန်းရဲ့ တစ်ဖက်မှာရှိတဲ့ ကျောက်ဂူမှာ ရှိပါတယ်၊ အဲဒီကျောက်ဂူကို ဒီမှာနေတဲ့ သူတွေက ဆော်လမွန်ကျောင်းတော်လို့ ခေါ်ပါတယ်၊ အဲဒီ ကျောင်းတော်မှာ ကျောင်းစောင့်ကပ္ပိယကြီး ရစ္စတီဆိုတာရှိပါတယ်၊ ဒီမှာ ရှိတဲ့ အဆောက် အအုံတွေအားလုံး တံခါးရယ်လို့ မရှိပါဘူး၊ ဆော်လမွန် ကျောင်းတော် တစ် ခုပဲ တံခါးရှိတယ်၊ အဲဒီတံခါးကို ခတ်တဲ့ သော့လည်း ရှိတယ်၊ ဒါကတော့ သူတစ်ပါးအပ်ထားတဲ့ ပစ္စည်းတွေဆိုတော့ ဂရုစိုက်ပေးတဲ့ သဘောပါ၊ ရှမ်ဘဲလားနဲ့ ဒီ ပစ္စည်းတွေ ဘာမှ မပတ်သက်ပါဘူး၊ ဟိုးမြင့်မြင့်တောင် ကုန်းမှာ ရှိတဲ့ မာစတာလက်ဘီတာနေတဲ့ ဂူရဲ့ဘေးမှာ အလွန်လှပတဲ့ ဂူ နှစ်ခုရှိပါတယ်"

ဟု ပီကွမ်းက ပြောလိုက်ရာ ကျွန်ုပ်က-

"ရောက်တုန်းရောက်ခိုက် အဲဒီ ဂူနှစ်ခုကို သွားကြည့်ဦးမှ"

ဟု ပြောလိုက်ရာ စနေမောင်မောင်က-

"ခင်ဗျားလာတဲ့ ကိစ္စက ဆော်လမွန်ကျမ်းကြီးကို ယူဖို့နော်၊ အခြားဟာတွေ ဘာပဲလုပ်လုပ် ကိုယ်လာရင်း ကိစ္စကိုတော့ မမေ့နဲ့၊ ယူဖို့



www.burmeseclassic.com

www.burmeseclassic.com



လာတာ ရရင်မှန်တယ်၊ မရဘဲပြန်သွားတယ်ဆိုရင်တော့ ကိုယ့်လုပ်ရပ်တာ မှားတယ်လို့ ကြပ်ကြပ်သတိထားပေတော့"

ဟူ ကျွန်ုပ်တို့ ကြိမ်မောင်းသလိုနှင့် သတိပေးလိုက်လေတော့သတည်း။



## ရှမ်ဘဲလား၏ ဂီတသ

ပီကွမ်းသည် ကျွန်ုပ်နှင့် စနေမောင်မောင်အား သတ်သက်လွတ် ဟင်းလျာများဖြင့် တည်ခင်းကျွေးမွေးလေ၏။ တစ်နေ့လျှင် လေးကြိမ်ကျွေးမွေးလေ၏။ ကျွေးမွေးသမျှသော ဟင်းလျာတို့မှာ အသီးအရွက် သစ်ဥသစ်ဖုတို့သာဖြစ်၏။ ထမင်းစားခန်းမှာ လွန်စွာခမ်းနား၏။ စားပွဲကုလားထိုင်များမှာ ပုံစံအားဖြင့် ရှေးကျသော်လည်း သစ်လွင်၏။ ဇွန်းခက်ရင်းများမှာ ငွေဖြင့် ပြုလုပ်ထားသည်ချည်းဖြစ်၏။ ပန်းကန်ခွက်ယောက်များမှာမူ လွန်



www.burmeseclassic.com

www.burmeseclassic.com

စွာကြွေသွားကောင်းသော ရှေးခေတ်တရုတ်ပြည်ဖြစ်ချည်းဖြစ်၏။

ထမင်းစားခန်း၏ အလယ်တွင် ပန်းအိုးတစ်လုံးရှိ၏။ ထိုပန်းအိုးထဲ၌မူ လမ်းတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသော နတ်ပန်းဆိုသည့်ပန်းကိုချည်း ထိုးထား၏။ တစ်ခုထူးသည်မှာ ရှမ်ပိန်ဘဲလားတွင် မည်သည့်ပန်းဖြစ်စေ အပင်မှ ဆွတ်ပြီး သုံးနှစ်အထိ ခံသည်ဆို၏။ ထိုနေ့အဖို့ ညစာကျွေးပြီးသောအခါ၌ ညှော်ခန်းရှိအခြားသော အခန်းတစ်ခုဆီသို့ ကျွန်ုပ်တို့နှစ်ဦးအားခေါ်သွား၏။

ထိုအခန်းထဲတွင် စန္ဒရားတစ်လုံးရှိလေ၏။ ထိုစန္ဒရားပေါ်တွင် တယောပြားလေးတစ်လက် တင်ထားသည်ကို တွေ့ရလေ၏။

"စန္ဒရားကတော့ အင်္ဂလန်က ဝယ်ခဲ့တာပါ၊ စန္ဒရားပေါ်မှာ တင်ထားတဲ့ တယောကတော့ အမှတ်တရ ပစ္စည်းတစ်ခုဖြစ်တယ်၊ တယော ဝိဇ္ဇာ မိုးဇက်နောက်ဆုံး ထိုးခဲ့တဲ့ တယောဖြစ်တယ်၊ ကျွန်တော်ရဲ့ ဇနီး သည်က မိတ်ဆွေတို့နှစ်ယောက်ကို စန္ဒရား တီးပြီး ညှော်ခံမှာဖြစ်တယ်"

ဟု ပီကွမ်းက ပြောလိုက်လေ၏။ ထို့နောက် ပီကွမ်းသည် ကျွန်ုပ်တို့နှစ်ဦး၏ မျက်နှာကို တစ်လှည့်စီ ကြည့်ပြီးနောက်-

"ခင်ဗျားတို့နှစ်ယောက်အနက် ဟောဒီဘက်က မိတ်ဆွေကြီး စေတန်မောင်မောင်ရဲ့ လက်ချောင်းတွေဟာ တယောကို ကောင်းကောင်းကြီး ထိုးတတ်ကြောင်း ပြောနေပါတယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့ ဇနီးက စန္ဒရား မတီးခင်မှာ မိတ်ဆွေကြီး စေတန်





မောင်မောင်က တယောကိုထိုးပြဖို့ ကျွန်တော်တို့ဇနီးမောင်နှံက တောင်းပန်ပါတယ်"

ဟု ပြောလိုက်ရာ စနေမောင်မောင်သည် ထိုင်ရာမှ ထသွားပြီးလျှင် စန္ဒရားအဖုံးပေါ်ရှိ တယောကိုယူကာ တယောကြိုးများကို ညှိလိုက်လေ၏။

ထို့နောက် ဘိုးတံကို ထင်းရှူးဆီတုံးဖြင့် အနည်းငယ် ပွတ်လိုက်ပြီးနောက် လက်သံစမ်း၍ နှစ်ပိုဒ်ထိုးလိုက်လေ၏။ ပြီးလျှင် ဝိဇ္ဇာတော်လားသီချင်းကို ထိုးလိုက်လေ၏။ စနေမောင်မောင်၏ တယောလက်သံသည် ကျွန်ုပ်၏နား၌ လွန်စွာနားဝင်ချိုလှ၏။ ဘိုးတံဆွဲယူပုံရှိက်ငင်ပုံတို့မှာလည်း ပညာပါလှ၏။

ကျွန်ုပ်သည် စနေမောင်မောင်အား မှော်ဆရာ၊ သိုက်ဆရာဟူ၍လည်းကောင်း၊ လောဘရမ္မက်ကြီးလွန်း၍ မိမိနှင့် မည်သို့မျှ မသက်ဆိုင်သော ကမ္ဘာအရပ်ရပ်ရှိ ရတနာသိုက်များကို လိုက်လံရှာဖွေ တူးဖော်နေသူဟူ၍သာ သိခဲ့၏။

ထို့ပြင် စနေမောင်မောင်၏ စိတ်ဓာတ်သည် ရက် စက်ကြမ်းကြုတ်သည်ဟုသာ ကျွန်ုပ်အနေနှင့် မှတ်ထင်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် ဂျင်း၏တပည့်ဒေဝ ခြင်္သေ့ကိုက်၍သေစဉ်က ဒေဝ၏အလောင်းကို ကြည့်၍ ကရုဏာသက်ရမည့်အစား ဒေဝလက်ချက်ဖြင့် သေဆုံးနေသော ခြင်္သေ့၏ပေါင်ကို သွားရောက်ခုတ်ယူကာ ထိုနေ့ညစာ အဖို့ ခြင်္သေ့ပေါင်သား ဟင်းလျာဖြင့် မြက်မြက်ကလေးလွေးရန် အကြံအစည်ဖြင့် ပြုမူလှုပ်ရှားနေသော စနေမောင်မောင်အား ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင်


www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရသောကြောင့် ဖြစ်၏။

ထိုစဉ်ကပင် ကျွန်ုပ်၏စိတ်၌ စနေမောင်မောင်ဆိုသူ၏ နှလုံးသားတား အကြွင်နာမဲ့၏ဟူ၍ တွေးထင်ထားခဲ့ခြင်းဖြစ်၏။ ဤမျှ စိတ်မိုက်စိတ်ရိုင်းရှိသူသည် ယခုအခါ၌ ငြိမ့်ညောင်းဂီတသံစဉ်များကို ဖန်တီးနေခြင်းအတွက် ကျွန်ုပ်သည် များစွာ အံ့ဩမိလေ၏။ စနေမောင် မောင်သည်သူ၏ တယောသံတွင် သူကိုယ်တိုင် နစ်မျော နေပုံရ၏။ စနေမောင်မောင် တယောထိုးပြီး သွားသောအခါ၌ ပီကွမ်းက လက်ခုပ်တီးလေ၏။ ထိုအခါကျမှပင် ကျွန်ုပ်လည်း ၎င်းတို့နှင့်အတူ ရော နှော၍ လက်ခုပ်တီး ရလေ၏။

ထို့နောက် စနေမောင်မောင်သည် တယောကိုထား၍ မူလနေရာတွင် ပြန်၍ထိုင်လေ၏။

ထိုအခါ၌ ပီကွမ်း၏ ဖနီး အိုင်ယာလန်သူကြီးသည် ကျွန်ုပ်တို့နှစ်ဦးအား ခေါင်းကိုညွှတ်၍ ပြုံးပြနှုတ်ဆက်ပြီးလျှင် စန္ဒရားဆီသို့ လျှောက်သွားလေ၏။ ပြီးလျှင် စန္ဒရားခလုတ်များကို စမ်းလိုက်လေ၏။ ထို့နောက် ရှည်လျားသော လက်စွမ်းပြလက်သံတစ်ခုကို တီးပြလေ၏။

ကျွန်ုပ်သည် ဂီတနှင့် ဝေးသူဖြစ်၏။ သို့ရာတွင် ဆရာနှင့် သင်ခဲ့သောကြောင့် တယောထိုးခြင်းကိုလည်းကောင်း၊ စန္ဒရားတီးခြင်းကိုလည်းကောင်း၊ တတ်မြောက်၏။ ထိုသို့ တတ်မြောက်သော်လည်း စနေမောင်မောင်၏ တယောလက်သံကို ကြားပြီးသောအခါ၌ ကျွန်ုပ်အနေနှင့် တယောကို ဤတစ်သက်တွင် ကိုင်ဝံ့တော့မည် မဟုတ်ပါ။

ယခုတစ်ဖန် ပီကွမ်း၏ မိန်းမဖြစ်သူ အိုင်ယာလန်သူကြီး၏





စန္ဒရားလက်သံကိုကြားမိသောအခါ နောက်နောင်တွင် စန္ဒရားတီးတတ်သည်ဟု လူရှေ့သူရှေ့၌ပြောဝံ့တော့မည်မဟုတ်ပါ။ အိုင်ယာလန်သူကြီးသည် စန္ဒရားကို ကျွမ်းကျင်စွာတီးနေသည်။

သူတီးသော စန္ဒရားသံကို ကျွန်ုပ်၏နားက ကြားနေသည်ဟု မထင်ပါ။ နှလုံးသားက ကြားနေသည်ဟုသာ ထင်ပါသည်။ ကျွန်ုပ်၏စိတ်သည် 'ဟိုက်'ခနဲဖြစ်ကာ သတိလစ်၍ လစ်၍ သွားသည့်တိုင်အောင်ဖြစ်သွား ရလေတော့၏။ စနေမောင်မောင်က ကျွန်ုပ်၏နား[illegible]အနီးသို့ ကပ်ကာ-

"ဒီလောက်ကောင်းတဲ့ စန္ဒရားလက်သံ ဒီတသက် ဒီအရွယ်အထိ

တစ်ခါမှ မကြားမိဖူးသေးဘူးဗျ"

ဟု ဝန်ခံရှာလေ၏။ အိုင်ယာလန်သူကြီးသည် ကျွန်ုပ်တို့အား စန္ဒရားလက်သံဖြင့် ကျေနပ်လောက်အောင် ဖမ်းစားပြီးနောက် ရပ်လိုက်လေတော့၏။

စနေမောင်မောင်နှင့် ပီကွမ်းက လက်ခုပ်တီးမှပင် ကျွန်ုပ်လည်းအူကြောင်ကြောင်ဖြင့်ထ၍ လက်ခုပ်တီးရလေ၏။

ထို့နောက် ပီကွမ်းက ကျွန်ုပ်တို့အား ဦးညွှတ်ပြုံးပြပြီးနောက် တယောရှိရာသို့သွားပြန်လေ၏။ ထိုအခါ စနေမောင်မောင်က ကျွန်ုပ်အနီးသို့ကပ်ကာ-

"ပီကွမ်းရဲ့ လက်ချောင်းတွေက တယောသမားတစ်ယောက်ရဲ့

လက်ချောင်းမျိုးတွေမဟုတ်ဘူး၊ ဒါပေမဲ့ ရှမ်ဘဲလားက တယော



www.burmeseclassic.com

www.burmeseclassic.com



လက်သံဆိုတော့ သူလည်း ကောင်းလိမ့်မယ်ဗျို့"

ဟု ပြောလေ၏။ ထိုအချိန်၌ ပီကွမ်းသည် တယောကို စမ်းနေပြီ ဖြစ်၏။ ကျေနပ်လောက်အောင် စမ်းပြီးသောအခါ၌ စတင်၍ တယောထိုးလေ၏။ မြင့်သောအသံကို ထိုးသောအခါ၌ ကျွန်ုပ်အား ဝါးလုံးအရှည်ကြီး အဖျားတွင် ထိုးကော်၍ မြှောက်တင်လိုက်သကဲ့သို့ ဖြစ်သွား၏။ နိမ့်သော အသံကို ထိုးလိုက်သောအခါ၌ ကျွန်ုပ်အား အသွတ်ရာနက်သော ချောက်အတွင်းသို့ ပစ်၍ချလိုက်သကဲ့သို့ ပီကွမ်း၏ တယောလက်သံသည် စွမ်းဆောင်နိုင်လေ၏။

ကျွန်ုပ်သည် အသက်ကို မျှင်းမျှင်းကလေးမျှသာ ရှူထားနိုင်၏။ ကျွန်ုပ်၏စိတ်သည် ပီကွမ်း၏ တယောဘိုးတံထိပ်၌ သွား၍ တွယ်ကပ်နေ၏။ ဘိုးတံလှုပ်ရှားသရွေ့ ကျွန်ုပ်သည် ရော၍ လှုပ်ရှားနေ၏။ ကျွန်ုပ်၏ ခန္ဓာကိုယ်အတွင်းရှိ အူအသည်းနှလုံးများသည် ပြုတ်ထွက်သွားသကဲ့သို့ တစ်ခါ တစ်ခါ၌ ခံစားရ၏။

ပီကွမ်း၏ တယောတစ်ပိုဒ်အတွင်း၌ ကျွန်ုပ်သည် ဘဝပေါင်းများစွာ ဖြတ်သန်းလိုက်ရသည့်အလား ခံစားလိုက်ရလေတော့၏။ ပီကွမ်း တယော ထိုး၍ ပြီးသွားသောအခါ၌ ကျွန်ုပ်သည် ပင်ပန်းနွမ်းနယ်လွန်း၍ သတိလစ် မေ့မြောသွားလေတော့သတည်း။



# အဘိုးအို ရစ္စတီနှင့် တွေ့ပြီ

နောက်တစ်နေ့ နံနက်မှပင် ကျွန်ုပ်သည် ပြန်လည်သတိရလာလေတော့၏။ ထိုအခါ ဆရာကြီးစနေမောင်မောင်က-

"ဘယ်လိုလဲ တန်တော်မိုးရဲ့ သတိရလာပြီလား"

ဟု မေးလေ၏။

"ဟုတ်ကဲ့သို့ ဆရာကြီး ကျွန်တော် သတိရလာပါပြီ၊ ညကတော့ ကျွန်တော်ဘယ်လိုဖြစ်တယ် မသိဘူး၊ ဆရာကြီးကောဘာမှမဖြစ်ဘူးလား"

ဟု မေးရာ စနေမောင်မောင်က-



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်လည်း သတိမထားရင်တော့ ခင်ဗျားလောက်မဖြစ်တော့ ဘယ်သက်သာလိမ့်မတုံးဗျာ၊ ဒါကြောင့် ကျုပ်က ဆယ့်ငါး စက္က လောက်နားထောင်ပြီးကတည်းက သုတယောသံကို နားမ ထော တော့ဘူးဗျ၊ ကျုပ် ဟာကျုပ် စိတ်ထဲက ဆယ့်ကိုးအလီကို ရွတ် တာ၊ ဒါကြောင့်မို့ သက် သာသွားတာဗျ"

ဟု ပြောလေ၏။

"ဆယ့်ကိုးအလီနဲ့ ဘယ်လိုပတ်သက်လို့လဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဩော်. . . တန်တော်မိုးရယ် အလှချည်လား၊ ငယ်ငယ်တုန်းက ကျောင်းမှာ အလီကျက်ခဲ့ဖူးတယ် မဟုတ်လား၊ ကျောင်းသား တို လိုလို ဟာ ဆယ့်ခြောက်အလီတွေ ဆယ့်နှစ်အလီတို့ကို အလွတ် တယ်၊ ဆယ့် ကိုးအလီကိုတော့ ရခဲတယ်ဗျ၊ အဲဒီတော့ ရှင်းရှင်း ရရင် ဆယ့်ကိုးအလီ က မရဘူးဆိုပါတော့ဗျာ၊ အဲဒါကြောင့်ဆယ့် အလီရွတ်တယ်ဆိုရင် ဆယ့်ကိုးတစ်လီ ဆယ့်ကိုး၊ ဆယ့်ကိုးနှစ် သုံးဆယ့်ရှစ်ဆိုတဲ့အထိတော့ ရတာပေါ့ဗျာ၊ ရှေ့ဆက်ပြီးမရတော့ စိတ်ထဲကနေ လိုက်ပြီး မြှောက်ကြည့် နေရတော့ ဘယ်လိုလုပ် သုတယောသံကို နားထောင်အားမှာလဲဗျာ"

ဟု စနေမောင်မောင်က ရှင်းပြမှပင် ကျွန်ုပ်လည်း-

"ဩော်-ဒီလိုကိုး"

ဟု ရေရွတ်မိလေတော့၏။



ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် အိပ်ရာမှ ထကြပြီးနောက် နွယ်နီ တစ်ခွက်စီ သောက်ကြကုန်လေ၏။ ထိုသို့သောက်ပြီးလျှင် ကျွန်ုပ်တို့သည် ဆော်လမွန်ကျောင်းတော်ဆီသို့ သွားလိုကြောင်း စနေမောင်မောင်က ပြောရာ-

"လာရင်းကိစ္စအတွက်တော့ အရင်ဆုံးသွားသင့်တာပေါ့၊ပြီးရင်တော့ ရှမ်ဘဲလားက မာစတာတွေနဲ့ တွေ့ပေးဦးမယ်"

ဟု ပီကွမ်းက ပြောလေ၏။

ထို့ကြောင့် ကျွန်ုပ်နှင့် စနေမောင်မောင်တို့သည် ဆော်လမွန်ကျောင်း တော်သို့ ထွက်ခဲ့ကြလေ၏။ နီးသည်ဟု ဆိုသော်လည်း နေ့တစ်ဝက်သွား ရလေ၏။ နောက်ဆုံးတွင် ရှမ်ဘဲလားတောင်ကုန်း၏ တောင်စွယ်တစ်ခု ရှိသော ကျောက်ဂူကြီးတစ်ခုဆီသို့ ရောက်ခဲ့ကြလေ၏။ သဘာဝ ကျောက် ဂူကြီးဟု ဆိုသော်လည်း ဝင်ပေါက်မှာ လူလုပ်ထားဘိသကဲ့သို့ သောအချိုး ကျနေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရလေတော့၏။

သဘာဝအားဖြင့် ဖြစ်ပေါ်နေသော ကျောက်လွှာကျောက်ချပ်ကြီး မှာ လူတို့ပြုလုပ်ထားသော ကျောက်လှေကားကြီးသဖွယ် ရှိလေတော့ ပို၍အံ့ဩဖွယ်ကောင်းသည်မှာ ထိုကျောက်ဂူပေါက်ကြီးကို ပိတ်ထား သာ သံတံခါးကြီးပင်ဖြစ်၏။

ဤမျှ ဝေးလံသော ဒေသသို့ ဤမျှလေးလံကြီးမားသော သံတံခါး အား မည်သို့မည်ပုံ သယ်ယူလာခဲ့သည်ကို စဉ်းစား၍မတတ်နိုင်ပင် သတော့၏။ ဆရာကြီးစနေမောင်မောင်နှင့် ကျွန်ုပ်သည် ကျောက်လှ



www.burmeseclassic.com

www.burmeseclassic.com



ကာကြီးပေါ်သို့ တတ်လိုက်ကြ၏။ ထိုကျောက်လှေကားကြီးနှင့် ကျော

ဥ်ခေါင်ကြီးတို့ ကြည့်ရသည်မှာ ရောမခေတ်အဆောက်အအုံဟောင်းကြ

အတွင်းသို့ရောက်သွားသကဲ့သို့ ခံစားရလေတော့၏။

သံတံခါးကြီးအနီးတွင် ဝတ်ရုံအနက်ကြီးကို ဆင်မြန်း၍ခေါင်းတွ

အနီရောင်ခေါင်းပေါင်းကြီးကို ပေါင်းထားသော အဘိုးအိုကြီးတစ်ဦး

တွေ့ရလေ၏။ ထိုအဘိုးကြီးမှာ ဂျူးလူမျိုးကြီးဖြစ်ကြောင်း နောင်တွင် စ

မောင်မောင်က ပြောပြ၍ သိရလေ၏။

"တန်တော်မိုးရ အဲဒီဂူကြီးကို စောင့်နေတဲ့ ရစ္စတီဆိုတဲ့ အဘိုးကြီး

အဲဒါကြီးပဲ၊ သူ့ခါးမှာ ချိတ်ထားတဲ့ သော့တံကြီးကို ကြည့်စမ်းပါ

ဟု စနေမောင်မောင်က ပြော၍ ကျွန်ုပ်လည်း လှမ်းကြည့်လိုက်

တစ်တောင်ခန့်ရှည်လျားသော သော့တံကြီးကို တွေ့ရလေ၏။

"သော့တံကြီးက ရှည်လှချည်လား ဆရာကြီးရဲ့"

ဟု ကျွန်ုပ်ကမေးရာ

"သော့တံကြီး ကြီးတာကိုလည်း မပြောနဲ့လေ၊ သော့ခလောက်ကြီး

လည်း ကြည့်ပါဦး"

ဟု စနေမောင်မောင်က ပြော၍ ကျွန်ုပ်က ကြည့်မိရာ အံစိတ်

စဥ္စအိုးခန့်ရှိသော သော့ခလောက်ကြီးကို တွေ့ရလေ၏။

"ခင်ဗျား စောစောတုန်းက သံတံခါးကြီးကို မြင်တော့ ဒါကြီး ဘ

လိုသယ်လာသလဲလို့ စဉ်းစားနေတယ်မဟုတ်လား၊ တံခါးကြီး

ထားဦး၊ ဒီသော့ခလောက်ကို ဘယ်လိုရောက်အောင် သယ်လ





သလဲဆိုတာကိုပဲ စဉ်းစားကြည့်ပါဦး"

ဟု စနေမောင်မောင်က ပြောလေ၏။

"ကျွန်ုပ်ကို သံတံခါးကြီး ဘယ်လို သယ်လာသလဲလို့ စဉ်းစားတာကို ဆရာကြီး ဘယ်လိုလုပ်သိပါသလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"သိတာပေါ့ဗျာ၊ သံတံခါးကြီးကိုလည်း မြင်လိုက်ရော ခင်ဗျားပါးစပ် နည်းနည်း ဟသွားတယ်၊ အဲဒါက အံ့သြသွားတာ၊ ပြီးတော့ ခပ်တွေ တွေဖြစ်သွားတယ်၊ အဲဒါက ဘယ်လိုသယ်လာသလဲလို့ စဉ်းစားတာ၊ ပြီးတော့ ခေါင်းကို မသိမသာလေး ယမ်းလိုက် ၊ အဲဒါကတော့ သူ့ဘာသာ သူ ဘယ်လိုသယ်လာသယ်လာ ငါနဲ့မဆိုင်ပါဘူးလေ ဆိုပြီး လက်လျှော့လိုက်ရတဲ့ သဘောပေါ့"

ဟု ပြောလိုက်ရာ-

"မှန်ပါပေတယ် ဆရာကြီးရယ်"

ဟု ကျွန်ုပ်သည် ဝန်ခံရလေတော့၏။ ထို့နောက် ကျွန်ုပ်တို့သည် ကျောက်လှေကားကြီးအတိုင်း တက်သွားရာ သံတံခါးကြီး အနီးသို့ ရောက်သွားလေတော့၏။ ထိုအခါ၌ အဘိုးကြီးသည် သော့ခလောက်ကို ကျော ပေး၍ မတ်တတ်ရပ်လိုက်လေ၏။ စနေမောင်မောင်သည် လက်စွပ်ဝတ်ထားသော သူ၏ လက်ချောင်းများကို အဘိုးကြီးဘက်သို့ ဆန့်တန်း၍

"အိုး. . . အဘိုးအို ရစ္စတီ"

ဟု အခိပ္ပာယ်ရသော အင်္ဂလိပ်စကားကို ပြောလိုက်လေ၏။ အဘိုးအို



www.burmeseclassic.com

www.burmeseclassic.com



ရစ္စတီသည် စနေမောင်မောင်ဆင်မြန်းထားသော ကြောင်လက်စွပ်လေး ကွင်းကို သေချာစွာကြည့်ရှုပြီး-

"ဂိုဏ်းချုပ်ရဲ့ အထက်မှာ ဘာရှိသလဲ"

ဟု မေးလိုက်လေ၏။

"ဂိုဏ်းချုပ်ရဲ့ အထက်မှာ ဂျော်မကြီးဆရာရှိတယ်"

ဟု စနေမောင်မောင်က ပြန်၍ဖြေလေ၏။

"သူ့နာမည် ဘယ်သူလဲ"

ဟု အဘိုးအို ရစ္စတီက မေးပြန်လေ၏။

"သူ့နာမည်ဟာ ဆော်လမွန်"

ဟု ဆရာကြီး စနေမောင်မောင်က ဖြေလိုက်လေ၏။

"ဆော်လမွန်ထက်ကြီးတာ ရှိသေးလား"

ဟု အဘိုးအို ရစ္စတီက မေးပြန်လေ၏။

"ရှိတယ်"

ဟု စနေမောင်မောင်က ပြန်ပြောလျှင် အဘိုးအို ရစ္စတီက-

"ဆော်လမွန်ထက်ကြီးတာ ဘယ်သူလဲ"

ဟု မေးပြန်လေ၏။ ထိုအခါ စနေမောင်မောင်က-

"သေမင်း"

ဟု ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ အဘိုးအို ရစ္စတီက-

"သေမင်းထက်ကြီးတာ ရှိသေးလား"

ဟု မေးလိုက်လေ၏။ ထိုအခါ စနေမောင်မောင်က-

"ရှိတယ်"

ဟု ပြောလေ၏။

"ရှိရင်ပြော"

ဟု အဘိုးအို ရစ္စတီက မေးပြန်လေ၏။

"ရှမ်ဘဲလားက ရစ္စတီ"

ဟု ပြောလိုက်လေ၏။ ထိုအခါကျမှပင် အဘိုးအို ရစ္စတီသည်

"ကျေနပ်ပါပြီ တံခါးကို ဖွင့်ပြမယ်"

ဟု ဆိုကာ သူ၏သော့တံကြီးဖြင့် ဧရာမသော့ခလောက်ကြီးအား ဖွင့်လေတော့၏။ သော့ခလောက်ကြီးနှင့် သော့တံကြီးမှာအင်အားသုံး၍ ဖွင့်ရသည်ဟု ကျွန်ုပ်စိတ်၌ ထင်မှတ်ခဲ့သော်လည်း အလွယ်တကူပင် ပွင့်သွားလေ၏။ ထို့နောက် တံခါးကြီးကိုတွန်းလေ၏။ တွန်းပြီးလျှင် စနေမောင်မောင်အား လိုဏ်ဂူကြီးအတွင်းသို့ ခေါ်ဆောင်သွားလေတော့၏။ ကျွန်ုပ်တို့သည် အဘိုးအို ရစ္စတီနောက်သို့ လိုက်ခဲ့ကြလေ၏။ လိုဏ်ဂူအတွင်းသို့ အတော်အတန်ဝင်ပြီးသောအခါ၌ ရေအိုင်တစ်ခုသို့ ရောက်ခဲ့ကြ၏။ ထိုရေအိုင်အား ကျွန်ုပ်တို့သည် ကွေ့ပတ်ကာ ဆက်၍လျှောက်ခဲ့ကြ၏။ လိုဏ်ဂူသည် တဖြည်းဖြည်းမှောင်သည်ထက်မှောင်၍ သွားလေ၏။ နောက်ဆုံးတွင် တစ်ဦးနှင့်တစ်ဦး မမြင်နိုင်လောက်အောင်ပင် ဖြစ်သွားလေတော့၏။

ကျွန်ုပ်တို့သုံးဦးသည် တစ်ဦးကိုတစ်ဦး လက်ချင်းချိတ်ထားရ၏။ ငါးမိနစ်ခန့် အမှောင်အတိကျနေသော လိုဏ်ဂူကြီးအတွင်းမှောက်



www.burmeseclassic.com

www.burmeseclassic.com

သွားကြရာမှ မှုန်ဖျဖျအလင်းရောင်လေးရှိသော ကွေ့ကလေးအနီးသို့ ရောက်သွားလေတော့၏။

ထိုကွေ့ကလေးသို့ရောက်လျှင် ရစ္စတီသည်အရှေ့မှကွေ့လိုက်သဖြင့် ကျွန်ုပ်တို့နှစ်ဦးလည်း နောက်မှလိုက်၍ ကွေ့ရလေ၏။ ထို့နောက် ဆက်လာခဲ့ကြရာ အခြားကွေ့တစ်ခုသို့ ရောက်လေ၏။ ထိုအကွေ့အတိုင်း ဆက်လျှောက်သွားကြသောအခါ သဘာဝကျောက်လိုဏ်ဂူကြီးနှင့်မတူတော့ပဲ လူတို့ပြုလုပ်ထားသော ခန်းမကြီးနှင့် တူသည့် ခန်းမကြီးတစ်ခုဆီသို့ ရောက်ရှိလေ၏။ ထိုခန်းမ၏ အလယ်တွင် လေးထောင့်စပ်စပ် ရေကန်တစ်ခုကို တွေ့ရလေ၏။ ထိုလေးထောင့်စပ်စပ် ရေကန်၏ အလယ်၌မူ စားပွဲသဏ္ဍာန်ပြန့်ပြူးသော ကျောက်ပျဉ်ကြီးတစ်ခုကို တွေ့ရ၏။ ထိုကျောက်ပျဉ်ကြီး၏ အထက်တွင် ကျောက်စားပွဲကြီးတစ်ခုကို တွေ့ရလေ၏။

ထိုကျောက်စားပွဲကြီး၏ အထက်တွင် လွန်စွာလှပသော ရွှေကလပ်တစ်ခုကို တွေ့ရ၏။ ရွှေကလပ်ကို ဖန်အုပ်ဆောင်းဖြင့် အုပ်ထား၏။ ထိုရွှေကလပ်၏အထက်၌ကား စာအုပ်ထူထူနက်နက်ကြီး တစ်အုပ်ကို တွေ့ရ၏။ ထိုစာအုပ်ထူထူ၏ အပေါ်တွင် ဖန်ပူးငယ်တစ်လုံးကို တွေ့ရ၏။ ထိုဖန်ပူးငယ်သည် အရောင်မျိုးစုံဖြာ၍ လက်နေ၏။ ဆလိုက်ထိုးသကဲ့သို့ ရွှေကလပ်အား အလင်းရောင်တစ်ခုသည် ထိုးကျနေလေ၏။ ၎င်းကျောက်ဂူအတွင်းသို့ အလင်းရောင် မည်သို့မည်ပုံ ကျနေသည်ကို ကျွန်ုပ် အနေနှင့် မစဉ်းစားနိုင်အောင် ရှိတော့၏။





ထိုအခါ စနေမောင်မောင်က ကျွန်ုပ်အား မြန်မာဘာသာနှင့်ပင်-

"တန်တော်မိုးရေ. . . ရှမ်ဘဲလားဆိုတာ ပုံဝတ္ထုမဟုတ်ဘူးနော်၊ တကယ်ရှိတဲ့နေရာ"

ဟု ပြောလိုက်လျှင် စနေမောင်မောင်သည် တိုးတိုးလေးကပ်၍ ပြောသော်လည်း ထိုနေရာ၌ကား ပဲ့တင်သံ အလွန်ဖြစ်ပေါ်သည်ဖြစ်ရာ စနေမောင်မောင်တစ်ဦးတည်းပြောသော အသံသည် သရဲသဘက် အရာအထောင်ပိုင်း၍ ပြောသကဲ့သို့ ဆူညံ၍သွားလေတော့၏။

ကျွန်ုပ်သည် ကြက်သီးမွေးညင်းများ ထလာသည့်တိုင်အောင် ကြောက်စိတ်များ ဝင်လာတော့၏။

အဘိုးအို ရစ္စတီက ကျွန်ုပ်တို့နှစ်ဦးအား ရွှေကလပ်ကို သွား၍ကြည့်ရန် ညွှန်ပြလေ၏။ထို့အပြင် ရွှေကလပ်ပေါ်ရှိ ကျမ်းစာအုပ်ကို လက်ဖြင့် မယူခြင်းမပြုဘဲ ရွှေကလပ်ပေါ်တွင်ပင် လှန်ကြည့်ရန် ဖတ်ရန်ကိုလည်း ထပ်မံ၍ ညွှန်ကြားလိုက်လေ၏။ ထို့ကြောင့် စနေမောင်မောင်သည် ကျွန်ုပ်၏ လက်ကို ဆွဲကာ ရေကန်နှင့် ကျောက်ပျဉ်သို့သွားရန်အတွက် စီ၍ခင်းထားသော ကျောက်တုံးများကို နင်း၍ သွားလေ၏။ ကျွန်ုပ်လည်း ၎င်းနှင့် ထပ်ကြပ်မကွာ လိုက်၍ သွားလေတော့၏။ ကျွန်ုပ်တို့နှစ်ဦးစလုံး ရေကန်အလယ်ရှိ ကျောက်ပျဉ်ကြီးပေါ်သို့ ရောက်သွားလေ၏။ ထို့နောက် ကျောက်စားပွဲအနီးသို့ ကပ်လိုက်ကြလေ၏။ ပြီးလျှင် စနေမောင်မောင်နှင့် ကျွန်ုပ်သည် အဘိုးအို ရစ္စတီအား လှမ်း၍ကြည့်လိုက်၏။ အဘိုးအို ရစ္စတီသည် ရေကန်၏ အခြားတစ်ဖက်ရှိ နံရံကိုမှီကာ ရပ်၍ကျန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

လေတော့၏။ သူသည် ကျွန်ုပ်တို့နှစ်ဦးအား လှမ်း၍ပြုံးပြလိုက်၏။

စနေမောင်မောင်သည် ရွှေကလပ်အားဖုံးအုပ်ထားသော ဖန်အုပ်ဆောင်းပေါ်မှ ငုံ့ကြည့်လိုက်ပြီး-

"စာအုပ်ပေါ်က ဖန်ဗူးထဲမှ ကင်းဆော်လမွန်ဝတ်တဲ့ လက်စွပ်ရှိတယ်၊ ကျောက်တွေကတော့ တော်တော့်ကို အရည်အသွေး ကောင်းတဲ့ ကျောက်တွေပဲဗျို့၊ အရောင်တွေ ဖြာထွက်နေလိုက်တာ"

ဟု ပြောလေ၏။ စနေမောင်မောင်၏ အသံနှင့်အတူ ကြောက်မက်ဖွယ်ရာ မကောင်းဆိုးဝါးကဲ့သို့ ပဲ့တင်သံများ ထွက်လာပြန်လေ၏။

စနေမောင်မောင်နှင့် ကျွန်ုပ်သည် ဖန်အုပ်ဆောင်းကြီးကိုနှစ်ယောက်မ၍ ကျောက်စားပွဲပေါ်သို့ ချလိုက်လေ၏။ စနေမောင်မောင်သည် စာအုပ်ပေါ်မှ ဖန်ဗူးကိုလှမ်း၍ ယူလိုက်လေ၏။

ထိုသို့ယူလိုက်စဉ်၌ 'ဂျောက်'ဟူသော အသံသည် ဖြစ်ပေါ်သွားလေ၏။

သို့ရာတွင် ထိုအသံသည်ကား ပဲ့တင်ထပ်ခြင်းများစွာ မရှိပါ၊ စနေမောင်မောင်သည် ဖန်ဗူးကိုဖွင့်ရင်း ကျွန်ုပ်အား-

"ခင်ဗျားလိုချင်တဲ့ သေမင်းနိုင်ငံကျမ်းကြီး ကြည့်ပေတော့"

ဟု ပြောလေ၏။ စနေမောင်မောင်သည် ဖန်ဗူးအတွင်းမှ လက်စွပ်ကို ထုတ်ယူလိုက်ပြီးလျှင် သူ၏ညာဘက် လက်သူကြွယ်လက်ချောင်းတွင် စွပ်လိုက်လေ၏။

စနေမောင်မောင်အား ကျွန်ုပ်က လှမ်း၍ကြည့်လိုက်ရာ လက်စွပ်





သည် စနေမောင်မောင်လက်တွင် အရောင်များ ဖြာ၍ထွက်နေ၏။ ကျွန်ုပ်သည် ရွှေကလပ်ပေါ်မှ သေမင်းနိုင်ငံကျမ်းကြီး၏အဖုံးကို ဖွင့်လိုက်လေ၏။ ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် ဓားကို ပါးစပ်ဖြင့်ကိုက်ထားသော အရိုးခေါင်းပုံတစ်ခုကို တွေ့လိုက်ရလေ၏။ ထို့အတူကျွန်ုပ်ဖခင်၏သေတ္တာနက်ကလေးအတွင်းမှ မှာတမ်း၌ပါရှိသော ဟီဗရူးအက္ခရာ သုံးလုံးကိုလည်း တွေ့ရလေ၏။ ကျွန်ုပ်သည် စာရွက်သားကို သေချာစွာ လက်ဖြင့်ပွတ်ကြည့်ရာ စာရွက်သားမှာ စက္ကူနှင့်တူသည်ထက် ပိတ်စနှင့် ပို၍တူ၏။ အတွင်းစာရွက်များကို တစ်ရွက်ပြီးတစ်ရွက် လှန်၍ကြည့်ရာ ပဲပင်ပေါက်သဏ္ဍာန် ဟီဗရူးစာများကို မြေပုံပုံများ၊ ရုပ်ပုံများနှင့်အတူ တွေ့ရလေ၏။

ကျွန်ုပ်သည် စိတ်ပါဝင်စားစွာ ကြည့်ရှုနေခိုက်-

"တန်တော်မိုး မြန်မြန်လုပ်၊ ဟိုအဘိုးကြီး မရှိတော့ဘူး"

ဟု စနေမောင်မောင်က ဟျာဟျာသလဲ ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကလပ်ပေါ်မှ စာအုပ်ကို လျင်မြန်စွာ မယူလိုက်လေ၏။ ထိုသို့ မလိုက်သည့် တစ်ခဏတွင် 'ဂျိမ်း'ခနဲ အသံကြီးတစ်သံ ကြောက်မက်ဖွယ်ရာ ပေါ်ထွက်လာ၏။ ထို့နောက် ကျွန်ုပ်၏ ဇက်ပိုး၌ လေတစ်ချက် ဟပ်သွားလေတော့၏။ 'ချွင်' 'ချွမ်' ဟူသော မိုးကြိုးပစ်သကဲ့သို့ အသံများလည်း ဆက်တိုက် ထွက်ပေါ်လာ၏။ ကျွန်ုပ်လည်း ကြည့်လိုက်ရာ ကျွန်ုပ်ဇက်ပိုးအား လေဟပ်သွားသော အရာသည် ဓားရှည်ကြီး တစ်လက်ဖြစ်ကြောင်း သိရလေ၏။ ထိုဓားရှည်ကြီးသည် ကျွန်ုပ်၏ ဇက်


www.burmeseclassic.com

www.burmeseclassic.com



ပိုးနှင့် လက်တစ်လုံးအကွာမှ ဖြတ်၍ ကျသွားကြောင်း ကျွန်ုပ်ကောင်းစွာ နားလည်လိုက်၏။

စာအုပ်၏အလေးသည် ကလပ်ကို ဖိထားခြင်းဖြစ်၏။ ကလပ်သည် မောင်းတက်တစ်ခုကို ဖိထားဟန် ရှိ၏။ စာအုပ်ကို မယူလိုက်သောအခါ မောင်းချက်ပြုတ်၍ မျက်နှာကြက် ကျောက်ဂူအမိုးတွင် လျှို့ဝှက်စွာ ချိတ်ဆွဲထားသော မားရှည်ကြီးသည် ကျွန်ုပ်၏ လည်ကုတ်ဆီသို့ ထိုးစိုက်ကျလာခြင်းဖြစ်ဟန်တူ၏။ မောင်းချက်သည်လည်း နှစ်ချက်ရှိဟန်တူ၏။ စနေမောင်မောင်သည် လက်စွပ်ထည့်ထားသော ဖန်ဗူးလေးကို ယူလိုက်စဉ်က 'ကျောက်'ခနဲ ထွက်ပေါ်လာသော အသံသည် ပထမမောင်းချက်ပြုတ်သော အသံဖြစ်တန်ရာသည်။

"ဟော့လူ. . . မြန်မြန်လာ၊ အမိုးပေါ်က အလင်းရောင်ရတဲ့အပေါက်တွေက တဖြည်းဖြည်း ပိတ်ကုန်ပြီ၊ ရေကန်ကို ဖြတ်ရမယ့် ကျောက်တုံး တွေလည်း တဖြည်းဖြည်း မြုပ်ကုန်ပြီ"

ဟု ဆိုကာ စနေမောင်မောင်သည် ကျွန်ုပ်၏ လက်မောင်းကိုဆွဲကာ ကျောက်ပျဉ်ပေါ်မှ ရေကန်အတွင်းရှိ ကျောက်တုံးပေါ်သို့ ခုန်ချလိုက်လေတော့၏။ ကျွန်ုပ်တို့တစ်ဖက်သို့ ရောက်လျှင် စီခင်းထားသော ကျောက်တုန်းများ စုံးစုံးမြုပ်သွားကုန်၏။ ကျွန်ုပ်တို့ ပြေးကြ၏။ မှောင်ကြီးမည်းကြီးထဲတွင် နှစ်ယောက်သား လက်တွဲကြ၏။ မကြာခဏ ခလုတ်တိုက်ကြ၏။ နှစ်ယောက်သား လဲကြ၏။ ကျွန်ုပ်လည်း လွန်စွာမောနေ၏။ ဆက်ပြေးကြ၏။ ရေကန်ကို မမြင်၊ ရေကန်ထဲ ကျကြ၏။ လိုဏ်ဂူကြီးတစ်ခု





ဖြတ်ကြ၏။ လိုဏ်ဂူကို လွန်ခဲ့၏။ သံတံခါးကြီးကို မြင်ရပြီဖြစ်၏။ အဘိုးကြီးတံခါးကို တွန်းနေ၏။ စနေမောင်မောင်က လှမ်း၍အော်၏။ အဘိုးကြီးက ဂရုမစိုက်၊ တွန်း၍သာ ပိတ်နေ၏။

စနေမောင်မောင်သည် ဝှက်၍ယူလာသော သေနတ်ကို ဆွဲ၍ထုတ်လိုက်၏၊ 'ဒိုင်း'ခနဲ အဘိုးကြီး ရင်ဝဆီသို့ လှမ်း၍ ပစ်လိုက်၏။ အဘိုးကြီးမှန်သွား၏၊ တံခါးကို ပိတ်မြဲပိတ်နေ၏။ နောက်တစ်ချက်ထပ်၍ ပစ်ပြန်၏၊ ဒိုင်း. . . နောက်တစ်ချက် ထပ်၍ပစ်ပြန်၏။ ထိမှန်ပြန်၏။ အဘိုးကြီးအား သုံးချက်စလုံး ထိ၏။ ကျွန်ုပ်တို့လည်း တံခါးဆီသို့ ရောက်သွားကြလေ၏။ အဘိုးကြီးသည် သွေးအိုင်ထဲတွင် အသက်ပျောက်နေပြီဖြစ်၏၊

စနေမောင်မောင်သည် အဘိုးကြီး၏ အလောင်းအား ခြေထောက်မှဆွဲ၍ ကျောက်ဂူအတွင်းသို့သွင်း၏။ နှစ်ယောက်စလုံးကျောက်ဂူအပြင်သို့ ရောက်ခဲ့ကြ၏။ စနေမောင်မောင့်၏ လက်တွင် အဘိုးကြီးထံမှ သော့တံရှည်ရှည်ကြီး ပါလာပြီးဖြစ်၏။ စနေမောင်မောင်သည် သံတံခါးကြီးကို တွန်း၍ပိတ်၏။ သော့ခလောက်ကြီးကို ခတ်၏၊ သော့တံကြီးအား ချောက်ကမ်းပါးအတွင်းသို့ ပစ်ချလိုက်၏။

ထိုအချိန်၌ သေနတ်သံကြားသောကြောင့် ဂူများ၊ အိမ်များမှ ရှမ်းဘဲလားတွင်နေသော လူများ ထွက်လာကြ၏။ သို့သော် ရှေ့သို့တိုးမလာဘဲ ထူးဆန်းသော အံ့ဩသော၊ ကြောက်မက်ဖွယ်ရာကောင်းသော မျက်လုံးပေါင်းများစွာဖြင့် ကျွန်ုပ်တို့နှစ်ဦးအား ကြည့်နေကြ၏၊ ကျွန်ုပ်၏ တစ်



www.burmeseclassic.com

www.burmeseclassic.com

သက်တာ၌ ရှမ်ဘဲလားမှ လူများ၏ အကြည့်ခံရခြင်းလောက် ကျောချမ်း ဖွယ်ရာကောင်းသောအရာသည် ဤတစ်သက်တွင်ရှိနိုင်တော့မည် မဟုတ် ပါ။ ထိုအချိန်၌ စနေမောင်မောင်က-

"ဟော့လူ. . . လာ"

ဟု ဆိုကာ ကျွန်ုပ်၏ရှေ့မှ ခပ်သုတ်သုတ်လျှောက်သွား၏။ ကျွန်ုပ် လည်း သေမင်းနိုင်ငံကျမ်းကြီးကို ပိုက်ကာ နောက်မှ ခပ်သုတ်သုတ် လိုက် သွား၏။ ရှမ်ဘဲလား မျက်လုံးများနှင့် ဝေးသောအရပ်သို့ ရောက်အော ကျွန်ုပ်တို့နှစ်ဦး ပြေးကြရလေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့လာခဲ့စဉ်က စက်ခဲ့သော တောင်ကမ်းပါးယံတစ်ခုဆီသို့ ရောက်ခဲ့ကြလေတော့၏။

"တန်တော်မိုးရေ. . . ဒီနေရာမှာ အိပ်ရမယ်၊ မိုးလည်းချုပ်နေပြ

ဟု စနေမောင်မောင်က ပြောလေ၏။ ကျွန်ုပ်က-

"မအိပ်ပါနဲ့ ဆရာကြီးရယ်၊ အဘိုးကြီး ရစ္စတီသေပြီဆိုတာသိရင် သူတို့ ကျွန်တော်တို့နောက်ကို လိုက်ကြမှာပဲ"

ဟု ကျွန်ုပ်က ပြောရာ စနေမောင်မောင်က-

"ဒီလိုတော့ လိုက်လိမ့်မယ် မထင်ဘူး၊ ရှမ်ဘဲလားက လူတွေ အလွန်အေးချမ်းတဲ့ နေရာကို ရောက်နေတဲ့ သူတော်ကောင်း ဖြစ်တယ်၊ ကျုပ်တို့နှစ်ယောက်နောက်ကို လိုက်ပြီး ဖမ်းလားဆီးလ သတ်လား ဖြတ်လားလုပ်ကြမယ်လို့တော့ အတပ်ပြောလို့ မရ ဒီလူကြီးက ရှမ်ဘဲလား ရဲ့ လုံခြုံရေးတာဝန်ဆိုတော့ သူကတော့ ကျုပ်တို့နောက်ကို လိုက်ချင် လိုက်လိမ့်မယ်၊ ဒုက္ခပေးတဲ့သဘော





မဟုတ်တောင် အပြစ်ပေးချင် ပေးလိမ့်မယ်၊ ကျုပ်တို့ရဲ့ သေမင်း အစစ်ကတော့ ဘလက်ဘရားတွေပဲ၊ ဒီကောင်တွေ ကျုပ်တို့နှစ် ယောက်ကို အပြန်လမ်းက စောင့်ချင်စောင့်နေကြလိမ့်မယ်"

ဟု ပြောလိုက်သည်။ တစ်ခဏအတွင်းပင် တောင်ကမ်းပါးယံ၏ အောက် ဘက်ဆီမှ မီးရောင်များကို မြင်သဖြင့် ကျွန်ုပ်လည်း လှမ်းမျှော်ကြည့် လိုက် ရာ ဝတ်ရုံမည်းကြီးများ၊ ခေါင်းစွပ်ချွန်ချွန်ကြီးများကို စွပ်ထားသော လူတစ် ရာခန့်သည် မီးတုတ်များ ကိုင်မြှောက်၍ ရှမ်ဘဲလားတောင်ပေါ်သို့ တက် လာသည်ကို ကြောက်မက်ဖွယ်ရာ တွေ့ရှိရလေတော့သည်။

၎င်းတို့သည် ကျွန်ုပ်တို့နှင့် များစွာမဝေးတော့ပါ။ တောင်လမ်းတွေ့ လေးတစ်ကွေ့ကို ကွေ့လိုက်သည်နှင့် ကျွန်ုပ်တို့ရှိရာ ရောက်လာကြပေ တော့မည်။ ကျွန်ုပ်သည် လွန်စွာကြောက်လန့်နေပြီဖြစ်၏။ ကျွန်ုပ်၏ ကြောက်စိတ်ကို ကျွန်ုပ် မထိန်းသိမ်းနိုင်သောအခါ ရုတ်တရက် ထ၍ပြေး လိုက်မိတော့၏။ စနေမောင်မောင်သည်ကျွန်ုပ်၏လက်အားဖမ်း၍ဆွဲလိုက် လေ၏။ သို့ရာတွင် မမိလိုက်ပါ။ ကျွန်ုပ်သည် ခြေဦးတည့်ရာကို ဖွတ်၍ ပြေး၏။


"ဟော့လူ. . . မပြေးနဲ့၊ မပြေးနဲ့"

ဟု စနေမောင်မောင်က နောက်မှအော်၏။ သို့သော် ကျွန်ုပ်သည် လှည့်၍ ပင် မကြည့်မိတော့ပါ။ မှောင်ကြီးထဲတွင် ပြေးမြဲဆက်ပြေးသွားမိ၏။ ထိုနေရာ၌ ကျန်ခဲ့သော ဆရာကြီး စနေမောင်မောင်အား မည်သို့မည်ပုံ ဖြစ်သည်ဟု ကျွန်ုပ် မပြောနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



# မဟာမြို့င် ဝွတို

ကျွန်ုပ်သည် မှောင်ကြီးမည်းမည်းတွင် ခြေကုန်သုတ်၍ ပြေးလာ၏။ နုပ်သည် လွန်စွာချမ်း၍နေသော်လည်း ဇောချွေးများ ပြန်နေ၏။ မီး ာင်များကို မြင်နေရဆဲဖြစ်၏။ ကျွန်ုပ်၏ မိတ်ဆွေ သို့မဟုတ် ကျွန်ုပ်၏ ရာကြီးစနေမောင်မောင်၏ ကံကြမ္မာမှာ မည်သို့မည်ပုံ ဖြစ်၍နေမည် ကျွန်ုပ် မခန့်မှန်းနိုင်တော့ပါ။

ကျွန်ုပ်သည် ဆက်၍ပြေး၏။ ကျွန်ုပ်၏ တစ်ကိုယ်လုံးသည် နာကျင် ပြီဖြစ်၏၊ ကျွန်ုပ်တစ်ညလုံး ပြေးနေရ၏။ အရှေ့တက်အလင်းရောင် ချိန်၌ပင် တောင်ကမ်းပါးယံတစ်ခုပေါ်မှာ လွန်စွာညီညာပြန့်ပြူး ရာတစ်ခုကို တွေ့ရ၏။ ကျွန်ုပ်သည် ထိုနေရာသို့အရောက်၌မပြေး



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားတော့၏။ တစ်နေရာ အရောက်၌ ကျွန်ုပ်၏ ခြေထောက်များသည် ရုတ်တရက် တုံ့၍ရပ်သွား ကိုယ်ခန္ဓာအချိုးအစား မကျ၍ ပုကွကွ လူပုတစ်ယောက်ကို ဘွား တွေ့မြင်လိုက်ရလေ၏။ ထိုလူပုပုကွကွသည် ကျွန်ုပ်အားမြင်လျှင် ပြုံ လေ၏။ ကျွန်ုပ်လည်း ပြန်၍ပြုံးပြလိုက်၏။

ထို့နောက် ထိုလူသည် ကျွန်ုပ်အား စကားပြောလေ၏။ ထိုသူ စကားသံကို ကြားရသောအခါ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ နား ကိုပင် မယုံ အောင် ဖြစ်သွားရတော့၏။ အဘယ့်ကြောင့်ဆိုသော် ထို သူသည် ကျွ အား မြန်မာစကားဖြင့် ပြောလိုက်သောကြောင့်ဖြစ်၏။

"ခင်ဗျား ဘယ်လိုဖြစ်လာတာလဲ၊ ခင်ဗျားကို ဒီမှာရှိတဲ့ ဆ သခင် ကျေးရွာရှင်တွေအားလုံးက တစ်ညလုံး မေတ္တာပို့နေ ရတယ်၊ ဒီရောက် လာရင်တော့ ကျွန်တော်က ခင်ဗျားကို ကူညီရမှာပဲ၊ ကျွန်တော့်နာမည် လည်း မှတ်ထားပါ၊ 'မဟာမြိ ငွတို'လို့ခေါ်ပါတယ်"

ကျွန်ုပ်သည် ဗျာဟု ယောင်ယမ်း၍ ရေရွတ်လိုက်လေတော့၏။

"ကဲ. . . လာ. . . လာ"

ဟု ဆိုကာ ထိုမဟာမြိုင် ငွတိုဆိုသော လူပုကွကွသည် ကျွန်ုပ်အ ခေါ်သွားလေတော့၏။ ကျွန်ုပ်သည် ငွတိုနောက်မှ လိုက်သွားရလေ ၏။ ငွတိုသည် ကျွန်ုပ်အား ဆွမ်းချက်ရုံနှင့်တူသော အဆောက်အအုံ ခုဆီသို့ ခေါ်သွား၏။ ထိုအဆောက်အအုံ၏ အတွင်းဘက်တွင် မီးဖို





တို တွေ့ရ၏။

"ခင်ဗျား သိပ်ပြီး ချမ်းနေပြီ မီးဖိုနားမှာ သွားထိုင်ပါ"

ငွတိုကပြောသဖြင့် ကျွန်ုပ်လည်း မီးဖိုအနီးသို့ သွား၍ထိုင်၏။ နွေး သောကြောင့် အတော်အတန် နေသာထိုင်သာ ရှိသွား၏။ ငွတိုသည် ုပ်ထံသို့ နွယ်နှီဖြင့် ပြုလုပ်ထားသော နှီထမင်းတစ်ခွက်ယူလာလေ၏။

"သောက်လိုက်. . . သောက်လိုက်"

ဆိုသဖြင့် ကျွန်ုပ်လည်း တစ်ငွန်းခပ်၍ သောက်လိုက်ရာ အကြောထဲ င် စိမ့်၍သွား၏။

"ကောင်းလှချည်လား"

ကျွန်ုပ်က ပြောလိုက်ရာ ငွတိုက

"သလေးစပါးကရတဲ့ သလေးဆန်နဲ့ ပြုတ်ထားဘာ"

ပြောလေ၏။

"သလေးစပါးဆိုတာ ပုံဝတ္ထုမှာပဲ ကြားဖူးတာ၊ တကယ်ရှိလို့ လား"

ကျွန်ုပ်က မေးလိုက်ရာ-

"တကယ်ရှိလို့ ခင်ဗျား တကယ်သောက်နေရပြီ မဟုတ်လား"

ငွတိုက ပြန်ပြောလေ၏။

"ဒီမှာ စပါးစိုက်တဲ့လူ၊ လယ်ထွန်တဲ့လူ ရှိသလား"

ကျွန်ုပ်က မေးရာ ငွတိုက-

"ဟောဒီ မဟာမြိုင်တောင်ရဲ့ ဟိုဘက်မှာ လယ်ကွင်းရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လယ်သမားကတော့ ကျုပ်ပေါ့၊ စပါးတွေရလာတော့ ကျုပ်ဘာသာ ကျုပ် လှေ့ရတယ်၊ ပြီးတော့ ဆန်ဖွတ် မောင် ထောင်း လုပ်ရတယ်၊ ဒီစပါးဟာ ကမ္ဘာပေါ်မှာ ဘယ်နေရာမှာ စိုက်လို့မပေါက်ဘူး၊ ဒီနေရာတစ်ခုတည်း ပဲ ပေါက်တယ်၊ ဆရ တွေကို မနက်တိုင်း သလေးဆန်နဲ့ နွယ်နီ ပြုတ် ပေးရတယ် ဆရာတွေကလည်း နှစ်မျိုးသုံးမျိုးရှိတယ်၊ ဘုန်းကြီးရှိတယ်၊ရသေ့ ရှိတယ်၊ လူဝတ်ကြောင်ရှိတယ်၊ ဒါပေမဲ့ အားလုံး နို့ထမင်းတေ သောက်ကြတယ်၊ ပြီးတော့ သောက်ရေအိုးတွေ ရေဖြည့်ရတယ် ဆရာတွေရဲ့ သင်္ကန်းတွေ၊ အဝတ်အစားတွေ၊ အိပ်ရာတွေ လျှော်ဖွတ်ရတယ်၊ ကျောင်းကြီးတစ်ခုလုံး ကြမ်းတိုက်ရတယ် ကျောင်းဝင်းတစ်ခုလုံး တံမြက် စည်းလှဲရတယ်"

ဟု ပြောလေ၏။

"ကိုယ့်လူတစ်ယောက်တည်း အလွန်ပင်ပန်းမှာပေါ့နော်"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဂွတိုက-

"ကျုပ်ကို အပြစ်ပေးထားတာ၊ တစ်ရာ့ရှစ်နှစ်တိတိ လုပ်ရမယ် အခု နှစ်တစ်ရာပြည့်ပြီ၊ ရှစ်နှစ်ပဲ ကျန်တော့တယ်၊ အဲဒီကျ ကျုပ် ပြန်ဝင်မယ်၊ ကျုပ်နေရာကို တစ်ယောက်ယောက်လာလိ မယ်"

ဟု ပြောပြန်လေ၏။

"ပြည်ဝင်မယ်ဆိုတာ ဘာလုပ်တာလဲ၊ ကျုပ် နားမလည်ဘူး"







ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ပြည်ဝင်တယ်ဆိုတာ ဒီမှာ မနေတော့ဘဲ လူတွေရှိတဲ့ တိုင်းပြည် ကိုပြန်ပြီး ဝင်ခွင့်ရသွားတာကို ပြောတာ"

ဟု ဂွတိုက ပြောလေ၏။

"ဒါနဲ့ နေစမ်းပါဦး ဂွတိုရာ၊ ဘယ်သူကဘယ်လောက်နေပြီးတော့ ပြည်ဝင်တော့၊နောက်ပြီးဘယ်သူကအပြစ်ဘယ်လောက်ကျခံ ဆိုတာ ဘယ်သူတွေက လုပ်နေတာတုံး"

ဟု ကျွန်ုပ်က မေးလေ၏။

"ဒီကျောင်းကြီးက မသိရင် ဘုန်းကြီးကျောင်းကြီးနဲ့တူပေမယ့် အလွန်ခိုင်ခံ့တဲ့ အဆောက်အအုံကြီး တစ်ခုပါပဲ၊ ဒီမှာက နိုင်ငံခြားက ရောက်လာတဲ့ ထူးထူးခြားခြား ပုဂ္ဂိုလ်တွေ နေကြ ပါတယ်၊ တောင်မကြီးက လူတွေနဲ့တော့ မဟုတ်ဘူးပေါ့၊ ပြီးတော့ သိဒ္ဓိ မဟိဒ္ဓိရှိကြတဲ့ ဆရာသမားတွေလည်း ဒီကို မကြာခဏအဝင် အထွက် လုပ်ပါတယ်"

ဟု ဂွတိုက ပြောလေ၏။

"ထွက်ရပ်ပေါက်ပြီးမှပဲ ဘာဖြစ်လို့ အဓိဋ္ဌာန် လုပ်နေရဦးမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဂွတိုက-

"များသောအားဖြင့်က ဆုကြီးပန်တွေဖြစ်တယ်၊ ထွက်ရပ်ပေါက် ရုံနဲ့ မပြီးသေးဘူး၊ ပါရမီစခန်းကိုဖြည့်ဆည်းရသေးတယ်၊ဒါလေး တောင် မသိဘဲနဲ့ ကိုယ့်လူ ဒီကိုဘယ်လိုရောက်လာသ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်၍ပြောလေ၏။

"ဒီမှာ ဂွတိုရယ်၊ ကိုယ့်လူပြောတဲ့ ပေါက်ဆရာ ခြောက်ဆယ် စလုံး ဒီကျောင်းပေါ်မှာ ရှိသလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"အားလုံးရှိတယ်၊ ဒါပေမဲ့ အားလုံးတော့ မူလတွေ မဟုတ်ဘူး။ မူလီတွေလည်းပါတယ်"

ဟု ဂွတိုက ပြောပြန်လေ၏။

"မူလ. . . မူလီဆိုတာက ဘယ်လိုလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ ဂွတိုက-

"ဒီမှာက အစွမ်းရှိတဲ့ဆရာတစ်ယောက်နေတယ်၊ ပန်ချာပီတစ်ယောက် ရောက်လာတဲ့အခါမှာ သူ့နေရာမှာ အဲဒီလူကို ထားခဲ့ပြီး သူက ပန်ချာပီ အဝတ်ဝတ်ပြီး ပြန်ထွက်သွားတယ်၊ အဲဒီလို ပြန်ထွက်သွားတာ ကို မူလီလို့ ခေါ်တယ်"

ဟု ပြောလိုက်လေ၏။

"ဘာဖြစ်လို့ ပန်ချာပီ အဝတ်ဝတ်ပြီး ဝင်သွားရတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ပြန်၏။

"မူလဓာတ်ဟောင်း မပျက်ကောင်းလေ ကိုယ့်လူရဲ့၊ ပန်ချာပီနဲ့ လဲပြီး ပြည်တော်ဝင်ရလေတော့ ပန်ချာပီဓာတ်ကို မဖျက်ချင်တဲ့ သဘောပေါ့၊ အဲဒါတွေ သိပ်ပြီး မေးမနေနဲ့၊ နောက်တော့ အဲဒီ ဓာတ်ကိစ္စတွေ သဘော ပေါက်သွားမယ်"





ဟု ဂွတိုက ပြောလေ၏။

ကျွန်ုပ်သည် သလေးဆန်နှင့် ပြုတ်ထားသော နို့ထမင်းကို မြိန်ယှက်စွာ စားသောက်ပြီးနောက် ဂွတိုခေါ်ရာသို့ လိုက်သွား လေ၏။ ဂွတိုသည် ကျောင်းကြီးနှင့် မလှမ်းမကမ်း သပြေပင်ကြီးအောက်တွင် ထိုင်၍နေသော အသက်ငါးဆယ်ကျော်အရွယ် အဘိုးကြီးတစ်ဦးထံသို့ ခေါ်သွားလေ၏။ ထိုအဘိုးကြီးမှာ အသက်အရွယ်နှင့်မလိုက်အောင် မျက်နှာသည် နုပျိုနေ၏။

"အဘမဲ့ဆိုပြီး နာမည်ကြီးနေတာ ဒီဆရာကြီးပေါ့၊ သူ့ နာမည်ရင်းက ဦးမဲ့တဲ့၊ ဟိုးအရင်တုန်းက ရန်ကုန်မြို့ ကျောက်မြောင်း ရပ်ကွက်၊ ကျောက် တောလမ်းက ဆေးဝိဇ္ဇာကြီးပေါ့၊ သူ့မှာ သားသမီးတွေ ကျန်ခဲ့တယ်"

ဟု ဂွတိုက ပြောလေ၏။ ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ကြီးအနီးသို့ သွားရောက်ကာ ဦးချလိုက်လေ၏။

"မဟာမြိုင်ကိုရောက်ပြီး သေဘေးကိုကြောက်လို့ တစ်ညလုံး ပြေးနေရတဲ့ လူတစ်ယောက်ရှိနေတယ်ဆိုတာ ညတုန်းက သိခဲ့ရတယ်၊ အဲဒီက တည်းက မင်းအတွက် ငါ မေတ္တာပို့နေတာ၊ ဒီမှာဘာမှမပူနဲ့ကွ၊ အန္တရာယ် မရှိဘူး၊ ဒါပေမဲ့ တစ်ခုတော့ မှာထားလိုက်ဦးမယ်၊ ကိုယ်နဲ့မဆိုင်တဲ့ပစ္စည်း ကိုယ့်လက်ထဲမှာ ရှိနေတာကိုက အဒိန္နာဒါနလို့ ပြောလို့မရရင်တောင် မကောင်းဘူးကွ၊ တကယ်လို့ ကိုယ့်မှာ အဲဒီပစ္စည်း ရှိနေရင် သူ့နေရာသူ



www.burmeseclassic.com

www.burmeseclassic.com



မြန်ထားလိုက်"

ဟု အဘမဲ့ဆိုသော သူတော်စင်ကြီးက ပြောလေ၏။ ထို့နောက် ကျွန်ုပ်အား အခြားတစ်နေရာသို့ ခေါ်သွားပြန်လေ၏။ ထိုနေရာတွင် အသက်ငါးဆယ်ကျော် အဘိုးကြီးတစ်ဦးသည် ကျောဖျာတစ်ခုပေါ်တွင် ထိုင်၍နေသည်ကို တွေ့ရလေ၏။

"ဒီမှာ မိတ်ဆွေကြီး၊ အခုတွေ့မယ့် ဆရာကြီးက မြောင်းမြမြို့က ရောက်လာတဲ့ အဘဦးအောင်ချမ်းသာ ဆိုတာပဲ"

ဟု ဂွတိုက ပြောလေ၏၊ ကျွန်ုပ်သည် အဘဦးအောင်ချမ်းသာအနီးသို့ ရောက်သွား၏။ အဘဦးအောင်ချမ်းသာသည် ကျွန်ုပ်က မြင်လျှင်ပင်-

"ညက တစ်ညလုံး ဒုက္ခရောက်နေတာ မင်းကိုးကွ၊ နောက်ပြီး မင်း ကိုပြောရဦးမယ်၊ ကိုယ်နဲ့မဆိုင် ခွင့်မပိုင် စွဲကိုင်သမှု မပြုရ တဲ့ကွ၊ ကိုယ် နဲ့မဆိုင်တဲ့ ပစ္စည်းကိုယ့်ဆီမှာ မရှိစေနဲ့ကွ၊ ရှိနေရင် မြန်ထားလိုက်"

ဟု ပြောပြန်လေ၏၊ ကျွန်ုပ်လည်း အဘဦးအောင်ချမ်းသာအား ရှိခိုးပြီးလျှင် ဂွတိုနှင့်အတူ လိုက်ခဲ့ပြန်၏၊ ရေကန်ကလေး၏ အစပ်တွင် ထိုင်နေသော အဘိုးကြီးတစ်ဦးကို တွေ့ရပြန်လေ၏။ ထိုအဘိုးကြီးအနီးသို့ သွားကာ ကျွန်ုပ်က ဦးချမည်အပြု၌ ဂွတိုက-

"အဲဒါ လှည်းကူးအုပိုင် ရှမ်းတဲကြီးကျေးရွာက အဘကြည်တဲ့"

ဟု တိုးတိုးလေးကပ်၍ ပြောလိုက်လေ၏၊ အဘကြည်သည် ကျွန်ုပ်ကို မြင်လျှင်





"တစ်ညလုံး ပြေးနေရတာ မင်းကိုး၊ ကိုယ့်ဥစ္စာမဟုတ်ရင် မယူရဘူး ကွ၊ မြန်ထားလိုက်"

ဟုပြောလေ၏။ ထို့နောက်ကျွန်ုပ်လည်း အဘကြည်အား ရှိခိုး ကန်တော့၍ ဂွတိုခေါ်ရာနောက်ကို လိုက်ခဲ့ရပြန်၏။

"ဟောဟိုမှာ ဆရာကြီးတစ်ဦး တွေ့လား၊ သစ်တုံးတစ်ခုပေါ်မှာ ထိုင်နေတာလေ၊ အဲဒီဆရာကြီးက အဘပွင့်လို့ခေါ်တယ်၊ ရန်ကုန်ကြည့် မြင်တိုင်က ရောက်လာတာ၊ ရန်ကုန်မှာ အသေပြတယ်၊ အမှန် မသေဘူး၊ တောင်စွန်းကနေ ထွက်လာတာ"

ဟု ပြောလေ၏။ အနီးသို့ရောက်လျှင်ကျွန်ုပ်သည် ထိုင်၍ဦးချလိုက်သည်။ အဘပွင့်သည် ကျွန်ုပ်ကို ကြည့်ပြီးနောက်-

"ညက ဒုက္ခသည်က မင်းကိုး၊ သူများပစ္စည်းပါလာရင် မြန်ပေးလိုက်၊ ကိုယ့်ဟာမဟုတ် ကိုယ့်ဟာလုပ်၊ လူယုတ်သက်သက်သာ"

ဟု အဘပွင့်က ပြောပြန်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း အဘပွင့် ကို ဦးချပြီးနောက် ဂွတိုခေါ်ရာနောက်သို့လိုက်ခဲ့ပြန်၏။ ဂွတိုသည် လမ်း၌-

"အလုံ သစ်တောလမ်းကထွက်လာတဲ့အဘဝါယမဆိုတာလည်း ပြည်တော်ဝင်တာ အကြိမ်ကြိမ်ရှိပြီ၊ အားကြီး စိတ်တိုတယ်"

ဟု ပြောလေ၏၊ ထို့နောက် အသက်ခြောက်ဆယ်ကျော်အရွယ် ဝဖိုင့်ဖိုင့် အဘိုးကြီးတစ်ဦး အနီးသို့ရောက်သွားကြလေ၏။ အဘဝါယမသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း-



www.burmeseclassic.com

www.burmeseclassic.com



"လူမိုက်၊ နင့်အဖေလည်း လူမိုက်၊ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရအောင် ကြိုးစားပမ်းစား လုပ်တယ်လို့ ကွာ. . . သွား"

ဟုဆိုကာ ကျွန်ုပ်အား မောင်းထုတ်လိုက်လေ၏။ ကျွန်ုပ်လည်း အဘဝါယမအား ရှိခိုးဦးချပြီးနောက် ကြောက်ကြောက်လန့်လန့်နှင့်ပင် ထွက်ခဲ့ရလေ၏။ ထို့နောက် ဝွတိုသည် ကျွန်ုပ်အားခေါ်သွားပြန်၏။

"ဟိုး တောင်စောင်းမှာ ထိုင်နေတဲ့ ခေါင်းတုံးဆံတောက်နဲ့ ပုဂ္ဂိုလ်က အလွန့်အလွန်ကို စိတ်တိုတယ်၊ မိတ်ဆွေကြီး ဘဘခေါင်တဲ့၊ ပုပ္ပားကနေ ထွက်လာတာ"

ဟု ပြောလေ၏။ ကျွန်ုပ်တို့နှစ်ဦးသည် ဘဘခေါင်အနီးသို့ ရောက်သွားကြလေ၏။ ကျွန်ုပ်သည် ဘဘခေါင်ကို မြင်လျှင် ထိုင်၍ဦးချလိုက်၏။

"မင်းကတော့ သူများခြေထောက်အောက် အလျားလိုက် အနင်းခံရမယ့် အကောင်၊ သွား. . . ဝွတို ခေါ်မှ ပြန်လာခဲ့၊ နင်ဖြစ်နင်ခံ ရှစ်နှစ်"

ဟု အော်ငေါက်လွှတ်လိုက်လေ၏။ ကျွန်ုပ်လည်းမည်သည့်အဓိပ္ပာယ် မှန်းမသိသော်လည်း ကြောက်ကြောက်လန့်လန့်နှင့် ထွက်လာခဲ့လေ၏။

ထို့နောက် ဝွတိုက ဆက်၍ ခေါ်သွားဦးမည်လုပ်ရာ ကျွန်ုပ်က-

"နောက်ထပ် မပြပါနဲ့တော့ ဝွတိုရယ်၊ ငါ့ကိုသနားရင် ငါ ပြန်ရမယ့်လမ်းကိုပဲ ပြပေးပါ"

ဟု ပြောရာ ဝွတိုက-





"ကျုပ်က ဒီမှာ အလုပ်တာဝန်တွေရှိတယ်၊ အဲဒီအလုပ်တာဝန်တွေကို ထားပြီး ခင်ဗျားကို လမ်းလိုက်ပြဖို့ဆိုတာကကျုပ်သဘောနဲ့ ကျုပ်လုပ်လို့မရဘူး၊ ကျုပ်ရဲ့ဆရာဘိုးသူတော်ကြီးဆီမှာခွင့်တိုင်ရဦးမယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် လွန်စွာ ထိတ်လန့်သွားပြီးလျှင်-

"အိုင်ယာလန်လူမျိုး ဘိုးသူတော်ကြီး မဟုတ်လား၊ သူနဲ့တွေ့မှ ကျုပ် ဒုက္ခရောက်လိမ့်မယ်"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဝွတိုက-

"ဘယ်က အိုင်ယာလန်လူမျိုး ဟုတ်ရမှာလဲ၊ ဩော် သိပြီ၊ သိပြီ၊ ခင်ဗျားက ဟိုဘက်က ဘိုးသူတော်ကြီးနဲ့ မှားနေတာကိုး၊ ဒီမှာရှိတဲ့ ဘိုး သူတော်ကြီးက သက်သက်ဗျ၊ ဒီက ဘိုးသူတော်ကြီးက အတွင်းပထမံ ဆရာကြီးတွေနဲ့ အပြင်ပထမံဆရာကြီးတွေကို ဆက်သွယ်ပေးတယ်၊ ကျွန် တော်တို့ကို ချမှတ်ထားတဲ့ အပြစ်ဒဏ်အတိုင်း လုပ် မလုပ်ကြည့်တယ်၊ ပြည်တော်ဝင်မယ့် လူတွေကို စီစဉ်ပေးတယ်၊ ဟော. . . ပြောရင်းဆိုရင်း ဟိုမှာလာနေပြီ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ကြည့်လိုက်ရာ အလွန်ထွားကျိုင်းသော ဘိုးသူတော်ကြီးတစ်ဦးကို တွေ့ရလေ၏။ သူ၏လက်ထဲတွင် ဝါးတောင်ဝှေးကြီးတစ်ချောင်းကို ကိုင်ထားလေ၏။ ကျွန်ုပ်တို့သည် အနီးသို့ရောက်လျှင် ဝွတိုက ဘိုးသူတော်ကြီးအား ကျွန်ုပ်အတွက်လမ်းပြပေးရမည်ဖြစ်ကြောင်း ပြောဆို၍ခွင့်တောင်းရာ ဘိုးသူတော်ကြီးက-



www.burmeseclassic.com

"အေး လိုက်ပို့လိုက်၊ ဆူးတော၊ ညွန့်တော၊ သားရဲတော၊ အဲဒီ

တော သုံးတောကို လွန်ရင် သူ့ဘာသာ သွားပါစေ၊ မင်းပြန်ခဲ့၊

ဒီကောင်က ဒုက္ခရောက်မယ့်အကောင်၊ လွှတ်လိုက်တော့"

ဟုပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် ဂွတိုတို့သည် ဘိုးသူတော်ကြီးအား ဦးချပြီးလျှင် ထိုနေရာမှခပ်သုတ်သုတ်ထွက်ခဲ့ကြလေတော့သတည်း။



## အပြန်လမ်း

မဟာမြိုင် ဂွတိုနှင့် ကျွန်ုပ်သည် လမ်းတွင် စားသောက်ရန် ရိက္ခာ ညှိ၍ ရှမ်ဘဲလားမှ ထွက်ခဲ့ကြလေ၏။ လမ်းတွင် ကျွန်ုပ်က မဟာမြိုင် ၏ ရှမ်ဘဲလားနှင့်ပတ်သက်၍ သိလိုသည့်အချက်များကို မေး၏။ ဂွတို လည်း ကျွန်ုပ်အား ၎င်းသိသမျှ ပြန်၍အဖြေပေး ရှင်းပြရှာလေ၏။

"နေစမ်းပါဦး ဂွတိုရဲ့၊ မင်းတို့အခေါ် မဟာမြိုင်ပေါ့ကွာ၊ အနောက် တိုင်းအခေါ် ရှမ်ဘဲလားပေါ့၊ အဲဒီနေရာဟာ ထွက်ရပ်ပေါက်တဲ့ ပုဂ္ဂိုလ်တွေ နေရမယ့် နေရာ မဟုတ်လား။ မင်းတို့လို အဲဒါမဟုတ်၊

www.burmeseclassic.com

ဉာဏမဟုတ် ကောင်တွေကော နေခွင့်ရှိသလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ-

"ခင်ဗျားကို တစ်ခုပြောမယ်၊ နန်းတော်ဆိုတာ ဘုရင်နေတဲ့ နေရာ မဟုတ်လား၊ အဲဒီနန်းတော်ထဲမှာ ဘုရင်တစ်ယောက်တည်း နေတာ မှ မ ဟုတ်ဘဲဗျ၊ မိဖုရားလည်း နေတယ်၊ သက်တော်စောင့်လည်း နေတယ်၊ ဘာမဟုတ် ဉာဏမဟုတ် တံခါးမှူးလည်း နေတယ်၊ ဘုရင့် အစေအပါးတွေ လည်း နေတယ်၊ ဒါပေမဲ့ နန်းတော်ထဲမှာကိုပဲ အဆင့်နဲ့သူ နေကြတာ ပဲပေါ့ဗျာ၊ တံမြက်လှဲတဲ့လူက ရာဇပလ္လင် ပေါ် တက်ထိုင်လို့ ဘယ်ရမလဲ ဗျာ၊ မဟာမြို့ငိမှာလည်း ပထမ အဘအောင်လည်း ရှိတယ်၊ အဘခေါင် ခေါ် တဲ့ ပထမံဘိုးမင်းခေါင် လည်းရှိတယ်၊ ဘာမဟုတ် ဉာဏမဟုတ် ငွတို ဆိုတာလည်း ရှိတယ်၊ ငွတိုကတော့ ငွတိုအဆင့်ပေါ့"

ဟု ငွတိုက ပြောလိုက်ရာ ကျွန်ုပ်က-

"ရှင်းပါပြီ ငါ့လူရာ"

ဟု ဝန်ခံရလေ၏။ ထို့နောက် ကျွန်ုပ်က-

"ဒါနဲ့ နေစမ်းပါဦး ငွတိုရဲ့ ဘိုးသူတော်ကြီးက ဘာအဆင့်လဲ၊ သူ ရော ထွက်ရပ်ပေါက်လား၊ ဒီမှာ သူက ဘာလုပ်ရတာလဲ"

ဟု မေးလိုက်လေ၏။

မဟာမြို့ငိမှာက ရှေးယခင်ကတည်းက ပုဂ္ဂိုလ်ကြီး တွေ စုပေါင်းပြီး သစ္စာဆိုထားတာ၊ မဟာမြို့ငိကို ရောက်တဲ့ အ





မှာ မည်သည့်တန်ခိုးရှင်ဖြစ်ပါစေ၊ တန်ခိုးမပြနိုင်ပါစေနဲ့၊ မည်သည့် ဓာတ်ပိုင် ဖြစ်စေ ဓာတ်ကို အသုံးမပြုနိုင်ပါစေနဲ့ ဆိုပြီး သစ္စာပြု ထားကြတယ်၊ ဒါကြောင့် မဟာမြို့ငိဟာ ဓာတ်သိမ်းစခန်းပဲ၊ တန်ခိုး သိဒ္ဓိတွေကိုလည်း သိမ်း တဲ့စခန်းပဲ၊ ပြဒါးရှင်လုံးကိုကိုင်ပြီး ကောင်း ကင်ပျံနိုင်တဲ့ ဝိဇ္ဇာဖြစ်ပါစေ၊ မဟာမြို့ငိကို ဝင်တာနဲ့ သူ့ရဲ့ ပြဒါးရှင် လုံးဟာ ဘာအစွမ်းသတ္တိမှ မရှိ တော့ဘူး၊ မော်တော်ကားထဲ ထည့် တဲ့ ဘောစေ့လောက်ပဲ ရှိတော့တယ်၊ အဲဒီတော့ ပြဒါးဝိဇ္ဇာလည်း ကောင်းကင်က လာချင်လာခဲ့၊ မဟာမြို့ငိကို လျှောက်ရင် ကုန်း ကြောင်းလျှောက်ရမယ်၊ အင်းဝိဇ္ဇာ စမဝိဇ္ဇာတွေလည်း ဒီအတိုင်းပဲ၊ ဘာတန်ခိုးမှ မရှိတော့ဘူး၊ အားလုံး ရိုးရိုးလူတွေလို ဖြစ်သွား တယ်" ငွတိုက ပြောလေ၏။

"အဆန်းပါလားကွ"

ကျွန်ုပ်က ပြောလိုက်ရာ မဟာမြို့ငိငွတိုက-

"အဲဒါ သိပ်ပြီး သဘာဝကျတာပေါ့ဗျာ၊ ထွက်ရပ်ပေါက်တယ် ဆို ပေမယ့် ပုထုဇဉ်တွေ မဟုတ်လား၊ တန်ခိုးတွေဓာတ်တွေသိမ်းမထား ရင် မဟာမြို့ငိမှာ တန်ခိုးပြိုင်ပွဲတွေ၊ ဓာတ်ပြိုင်ပွဲတွေ လုပ်ကုန်ကြ မှာပေါ့၊ ပြီး တော့အချင်းချင်း မကျေမနပ်တွေဖြစ်ပြီး တန်ခိုးစစ်ပွဲ၊ ဓာတ်စစ်ပွဲတွေ ဖြစ်မယ်၊ နောက်ဆုံးကျတော့ မဟာမြို့ငိ ပျက်သွား လိမ့်မယ်၊ ဒါကြောင့် အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်ကြီးတွေက သူတို့ ရဲ့တန်ခိုးတွေ ဓာတ်တွေကို စွန့်လွှတ်ပြီး သစ္စာဆိုထားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှင်းပြလေ၏။

"တော်တော် ကောင်းတာပဲကွ"

ဟု ကျွန်ုပ်က ထောက်ခံလိုက်ရာ မဟာမြိုင်ဝွတိုက-

"လူဟာ ပထမ ဘာတန်ခိုးမှ မရှိဘူး၊ နောက်တော့ ကြိုးပမ်းမှု [illegible] တန်ခိုးရှိလာမယ်၊ နောက်ဆုံး မဟာမြိုင်ရောက်တော့ တန်ခိုး [illegible] ကုန်ရော၊ သုညကစပြီး သုညမှာ ဆုံးရမယ်ဆိုတဲ့ တရုတ်ပညာ [illegible] 'လောက်ဇူး' ရဲ့ အဆိုနဲ့ မညီညွတ်ဘူးလား"

ပြောပြန်လေ၏။

"အလို. . . မင်းက လောက်ဇူးရဲ့ တာအိုဝါဒတွေလည်း ဖတ်ဖူး [illegible] ကိုး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဖတ်ဖူးပါတယ်ဗျာ၊ သူရေးတဲ့ သခ်ါရကျမ်းတို့ ဘာတို့လည်း ကျ [illegible] အနေနဲ့ ညက်ညက်ညောညော ကြေအောင်ရပါတယ်"

ဟု ဝွတိုက ပြန်၍ပြောလေ၏။

"နေစမ်းပါဦးကွ၊ မင်းက ဒီမှာ တစ်ရာ့ရှစ်နှစ်တောင် အပြစ် [illegible] ရမယ်ဆိုတော့ ဘယ်လိုအပြစ်မျိုးများ လုပ်ခဲ့လို့လဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ ဝွတိုက-

"ခင်ဗျားကို ရှင်းပြရမယ်ဆိုရင် အရှည်ကြီးပဲဗျ"

ဟု ပြောလိုက်လေ၏။

"ရှည်ချင် ရှည်ပါစေကွာ၊ တို့သွားမယ့်ခရီးက အဝေးကြီးပဲကွ၊ [illegible]





မှာလည်း တခြား ဘာမှ လုပ်စရာမှ မရှိဘဲ၊ ပြောပြစမ်းပါ"

ဟု ကျွန်ုပ်က တောင်းပန်ရာ ထိုအခါ ဝွတိုက-

"မြန်မာပြည်မှာ ထွက်ရပ်လမ်းကို လိုက်နေတဲ့ သူတွေ အများကြီးပဲ၊ ဒါပေမဲ့ ကိုယ်လိုက်တဲ့လမ်းကို ကိုယ့်ဟာကိုယ် ဘာမှန်းမသိကြတဲ့ သူတွေကများတယ်၊ အနောက်တိုင်းမှာ ဒီပညာကို လိုက်စားတဲ့ သူတွေကျ တော့ လမ်းစဉ်က တိတိကျကျ ရှိတယ်"

ဟု မဟာမြိုင်ဝွတိုက အစချီလိုက်ရာ-

"ဟုတ်ရဲ့လားကွာ"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။

"ဟုတ်ပြီလား ကိုတန်တော်မိုးရယ်၊ ကျုပ်တို့မြန်မာပြည်မှာက ဝိဇ္ဇာလမ်းလိုက်ပြီး အထက်ဆရာကြီးတွေ လုပ်နေကြတယ်၊ ဒါပေမဲ့ အထက် ဆရာကျမ်းရယ်လို့ ခိုင်ခိုင်မာမာ မရှိဘူးဗျ၊ မကောင်းတဲ့ အောက်လမ်း လိုက်တဲ့ သူတွေကမှ (ကဝေသာရ)ဆိုတဲ့ ကဝေကျမ်းတစ်စောင် ခိုင်ခိုင်မာ မာ ရှိသေးတယ်၊ နောက်တစ်ခုကတော့သရဖူကိုးကျမ်းတွဲ ဆိုတာရှိတယ်၊ ဒါပေမဲ့ အဲဒီကျမ်းကလည်း ဆရာကျမ်းလို့ သေသေချာချာပြောဖို့ ခက်သေး တယ်၊ အထက်လိုလို၊ အောက်လိုလို ရေးထားတဲ့ ကျမ်းမျိုးဗျ၊ အနောက် နိုင်ငံမှာတော့ ဒီလို မဟုတ်ဘူး၊ ခိုင်မာတဲ့ ကျမ်းတွေရှိတယ်၊ အဲဒီကျမ်းတွေ ကို ပြုစုတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီကျမ်းတွေကိုဖတ်ပြီး လေ့ကျင့်လို့ ကျကျနန ဖြစ်မြောက်အောင်မြင်သွားတဲ့လူတွေ အများကြီးပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မဟာမြိုင်ငွတိုက ပြောလေ၏။

"ဟုတ်ရဲ့လား ငွတိုရယ်"

ဟု ကျွန်ုပ်က မေးရာ ငွတိုက-

"ခင်ဗျား နားမပူဘူးဆိုရင် အကုန်လုံးတော့ ကျုပ်မမှတ်မိဘူး၊ ကျုပ် မှတ်မိသလောက် ပေါက်ပေါက်ချောက်ချောက် ဖြစ်သွားတဲ့ အနောက် တိုင်းလောကီပညာရှင်တွေရဲ့ အကြောင်းကို အကျဉ်းရုပ် စဉ်တွေ အလိုက်တောင် ပြောပြလိုက်ချင်သေးတယ်"

ဟု စကားကြီးစကားကျယ် ပြောလေတော့၏။

"မင်းဟာ ကြီးကျယ်လှချည်လား ငွတိုရယ်၊ ပြောတတ်ရင် ပြောကွာ"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။

"ဒီမှာ ခင်ဗျား နားထောင်၊ အေနဲ့စတဲ့ ပုဂ္ဂိုလ်ကြီးပဲ ချောက်ယောက် ပြောပြမယ်၊ အဗာနိုဒီယက် ထရိုဒီ၊ အဲဒီ ပုဂ္ဂိုလ်ဟာ အီတလီလူမျိုး တစ်ယောက်ဖြစ်တယ်၊ သူ့ဘဝမှာ သူဟာ ပြင်သစ်ကိုသွားပြီး ဆေး ပညာတွေ ဘာတွေ သင်ခဲ့သေးတယ်၊ ပြီးတော့ သူ့တိုင်းပြည်ပြန်ပြီး ဆေးလည်း ကုတယ်၊ ဆေးကျမ်းတွေလည်း ရေးတယ်၊ သူ့ဆေး ကျမ်းတွေဟာ ဒိတ်ဒိတ်ကြဲ ကျမ်းတွေချည်းပဲ၊ အဲဒီကနေပြီးတော့ သူဟာ ဂမ္ဘီရပညာတွေကို လိုက်စား တော့တာပဲ၊ လိုက်စားရုံ မထ ဘူး၊ (Heptameron)ဟက်ပတမ်မာရွန်ဆိုတဲ့ ဂမ္ဘီရကျမ်း တစ် စောင် ပြုစုသွားသေးတယ်၊ သူ့ရဲ့ ကျမ်းကတော့ ဂမ္ဘီရဘူတသဘော တွေပါပဲ၊ နောက်တော့ သူဟာ မှော်အတတ်တွေ ဘာတွေကို လက်





တွေ့လိုက်စားလာခဲ့တယ်၊ အဲဒီလို လိုက်စားတဲ့အတွက် အစိုးရက ထောင်ချခဲ့တယ်၊ တော်တော်ပေါက်ပေါက် ချောက်ချောက် ဖြစ်ပြီး တော့ မှပဲ ထောင်ထဲမှာ သေဆုံးသွားရှာတယ်၊ ခရစ်ခရစ်နှစ် (၁၂၅၀)မှာ မွေး ပြီး (၁၃၁၀)ခုနှစ်မှာ သေသွားတယ်၊ သူရေးတဲ့ 'ဟက်ပတမ်မာရွန်'ကို ကျုပ် ကောင်းကောင်းဖတ်ဖူးတယ်၊ ပြည့်စုံတဲ့ ဂမ္ဘီရကျမ်းတစ်စောင်ပါပဲ"

ဟု ငွတိုက ပြောလေ၏။

"လုပ်စမ်းပါဦး၊ နောက်တစ်ယောက်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ငွတိုက

"နောက်တစ်ယောက်ကတော့ (Abramelin)'အယ်ဘရာမိလင်'၊ ခရစ် ခရစ်နှစ် (၁၄၀၀)မှာ မွေးခဲ့တယ်၊ သူဟာ သူ့အဖေ ဆိုင်မွန် ဆီက နေ ဂမ္ဘီရပညာတွေ သင်ခဲ့တယ်၊ 'ဆီးကရက်မက်ဂျစ်'သန့်ရှင်း သော ဂမ္ဘီရကျမ်းတစ်စောင်ကို ရေးခဲ့တယ်"

ဟု ပြောပြန်လေ၏။

"လုပ်ပါဦး"

ဟု ကျွန်ုပ်က ပြောပြန်ရာ-

"ပြောဦးမယ်၊ ခရစ် ခရစ်နှစ် (၁၄၈၆)ခုနှစ်မှာ မွေးပြီး (၁၅၃၅)မှာ သေတဲ့ Agrippa 'အဂရစ်ဖာ' ဆိုတဲ့ ပုဂ္ဂိုလ်ကျော်တစ်ဦးလည်း ပေါ် ပေါက်သေးတယ်၊ သူ့ကို လူတွေက 'အဂရစ်ဖာ'လို့ အတိုခေါ် ခေါ်တယ်၊ အမှန် သူ့နာမည်အရှည်က 'ကော်နီလီယက်စ် အဂရစ်



www.burmeseclassic.com

www.burmeseclassic.com



ဖာဗွန် နက်တယ် ရှင်' လို့ခေါ်တယ်၊ ဒီလူကလည်း လူ့ရဲ့ စစ်ထဲတွေ [illegible]
ဘာတွေတောင် ဝင်သေးတယ်၊ နောက်မှ စစ်တပ်ကထွက်ပြီ [illegible]
ဂမ္ဘီရကို လိုက်စားတာ၊ သူ ဘယ်လောက် နားလည်တယ်ဆိုတာ [illegible]
သူရေးခဲ့တဲ့ (De Occulta Philo -sophia)ဂမ္ဘီရ အဘိဓမ္မ [illegible]
ကျမ်းကို ဆယ့်ခြောက်နှစ်သားအရွယ် မှော်ဘီမှာ နွားကျောင်း [illegible]
ရင်း နှစ်ခေါက်လောက် ဖတ်ဖူးတယ်"

ဟု မဟာမြိုင် ဂွတိုက ပြောလေ၏။

"ဒီကျမ်းတစ်စောင်တည်းကို ဘာဖြစ်လို့ နှစ်ခေါက်ဖတ်တာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ-

"ဒီလိုဗျ ကိုတန်တော်မိုးရ၊ အဂရစ်ပါထုတ်ခဲ့တဲ့ ဂမ္ဘီရအဘိဓမ္မ [illegible]
ကျမ်းက နှစ်မျိုးဖြစ်နေတယ်၊ အဂရစ်ပါ အစစ်သေပြီး နောက်ပိုင်း [illegible]
မှာ အဂရစ်ပါအတုက အဂရစ်ပါရေးခဲ့တဲ့ ကျမ်းနာမည်အတိုင်း [illegible]
အတုတစ် စောင် ထွက်သေးတယ်ဗျ၊ အဲဒီလို မူကွဲနှစ်စောင် ဖြစ်နေ [illegible]
လေတော့ နှစ် ခေါက်လောက် ဖတ်ရတာပေါ့ဗျာ"

ဟု ဂွတိုက ပြောလေ၏။

"နောက်တစ်ယောက် ပြောပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်၏။ ထိုအခါ ဂွတိုက-

"နောက်တစ်ယောက်ကတော့ ခရစ် ခရစ်နှစ် (၁၂၀၀)က [illegible]
(၁၂၈၀)အထိလူ့လောကမှာနေထိုင်သွားတဲ့ (AlbertusMag [illegible]
'အယ်လ်ဘတ်စ်မက်ဂနပ်စ်' ဆိုတဲ့ ဘုန်းတော်ကြီးတစ်ပါးပဲ၊ သူ့ [illegible]





အများက 'မဟာအဲလ်ဘတ်'လို့ ခေါ်ကြတယ်၊ သူက အင်္ဂလိပ်ဆရာ
ပဲ၊ ဓာတ် လုံးတွေရဲ့ သဘောတရားကို ကောင်းကောင်း ဖော်ထုတ်
နိုင်တဲ့ ပုဂ္ဂိုလ်ကြီးပဲ၊ အတော်လည်း စွမ်းတယ်ဗျ၊ မိုးရွာအောင် နေပူ
အောင် လုပ်ချင်သလို လုပ်ပြနိုင်တဲ့ ပုဂ္ဂိုလ်ဗျ"

ဟု ပြောပြန်လေ၏။

"တောက်. . . တော်တော် စိတ်ဝင်စားစရာ ကောင်းတယ် ဂွတို
ရယ်၊ ထပ်ပြီး ပြောစမ်းပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မဟာမြိုင် ဂွတိုက-

"သူက စောတယ်၊ ခရစ်မပေါ်မီ နှစ်ပေါင်း (၄၀၀)လောက်က မေါ်
ပေါက်ခဲ့တဲ့ ခေါမလူမျိုးတစ်ယောက် ဖြစ်တယ်၊ သူ့နာမည်က
(Apolloni-us of Tyana)'အပိုလို နီးယပ်စ်အော့ဖ်တာယာ
နာ'လို့ လူသိများတယ်၊ သူက အိန္ဒိယတွေ ဘာတွေထိ ရောက်ဖူး
တယ်၊ ဂမ္ဘီရနဲ့ ပတ်သက်တဲ့ ထူးထူးဆန်းဆန်းတွေ အများကြီး
လုပ်ပြခဲ့တယ်၊ ရောမက သားသည် မိခင်တစ်ယောက်ရဲ့အလောင်း
ကိုတောင် အသက်သွင်းပြနိုင်ခဲ့တယ်လို့ ကျော်ကြားသူတစ်ယောက်
ပဲ၊ သူ့အကြောင်းကိုတော့ သူ့တပည့် 'ဒဲန်း ပစ်စ်' ဆိုတဲ့သူကပြည့်
ပြည့်စုံစုံမှတ်တမ်းပြု ရေးသားခဲ့တယ်၊ အဲဒီ စာတိုပေစတွေကိုတော့
ကျုပ်ဟာ ဆယ့်ခုနစ်သားအရွယ်လောက် လှည်းကူးမှာမြင်းလှည်း
မောင်းနေတုန်းက ဟိုတစ်စ ဒီတစ်စဖတ်ဖူးပါရဲ့"

ဟု ပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အတော့်ကို ပြည့်စုံတာပဲ၊ ပြောပါဦး"

ဟု ကျွန်ုပ်က အံ့ဩစွာ ပြောလိုက်ရာ ဂွတိုက-

"နောက်တစ်ယောက်ကတော့ လူသိများတဲ့ 'ပိုက်သာဂိုရပ်စ်' ဆရာ (Abaris) 'အဘားရပ်စ်' ဆိုတဲ့ ပုဂ္ဂိုလ်ကျော်ပဲ၊ သူက ထ ကိုင် ဂမ္ဘီရဝိဇ္ဇာဘွဲ့ရ ပုဂ္ဂိုလ်ပဲ၊ ချာန်တောင် ပျံနိုင်တယ်လို့ အ တယ်ဗျ"

ဟု ပြောလေ၏။

"ဟုတ်ရဲ့လား ဂွတိုရယ်၊ ပြောစမ်းပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏၊ ထိုအခါ မဟာမြိုင်ဂွတိုက-

"အေနဲ့စတဲ့ ပုဂ္ဂိုလ်ကျော်ခြောက်ယောက်ကို ဖော်ပြပြီးပြီလေ"

ဟု ပြန်၍ပြောလေ၏၊ ထို့နောက် ကျွန်ုပ်သည် မောပန်းလှပြီ ဖြစ် ဖြင့် ရေအိုင်ငယ်တစ်ခုအနီး၌ သွားနေစခန်းချကြလေ၏။

ထိုသို့ နားနေစဉ်တွင် ကျွန်ုပ်က-

"ဂွတိုရယ် ဒီမှာ နားနေတုန်း အနောက်တိုင်းက ပုဂ္ဂိုလ်တွေ အ ကြောင်း ပြောစမ်းပါဦး"

ဟု ကျွန်ုပ်က ပြောရာ မဟာမြိုင်ဂွတိုက-

"ဘီနဲ့စတဲ့ ပုဂ္ဂိုလ်ကျော်က ရှစ်ယောက်ရှိတယ်၊ (Benetiet)'ဘန ဒစ်တ်' ခရစ် ခရစ်နှစ် (၁၄၀၅)၊ (Berossus) 'ဘီရောဆပ်စ်' ဘီစီ (၂၈၀)၊ (Beuther David) 'ဘော်သာဒေးဗစ်ဒ်' ၁၇-ရာစု (Balvatsky-Helena Petrovana) 'ဗလာ ဗာစကီဟယ်လင် နာပက် တရောဗာနာ' အဲဒါကတော့ မယ်တော်ကြီးပဲ၊ ခရစ် ခရစ်နှစ် (၁၈၃၁)အထိ နေသွားတယ်၊ သီအိုဆိုဖီအသင်းက အလေး အနက် ထားရတဲ့ အမျိုး သမီးကြီးပဲ၊ ကျမ်းစာအုပ်တွေ အများကြီး ရေးသွားတယ်၊ အဲဒီအထဲမှာ ကျော် အကြိုက်ဆုံး ကတော့ (Isis Unveiled) 'အိုင်စစ်ပကာသနီ'ဆို တဲ့ ကျမ်းပဲ၊ ကျော် အဲဒီကျမ်းကို ဖတ်ဖူးတာကြာပြီ၊သိမ်ကျောင်းရွာကဘိုးသူတော်ကြီး ဦးတိုးဆီက ငှားဖတ်တာ၊ ဖတ်ခတစ်ရက်ကို ဆန်နို့ဆီဗူး နှစ်လုံး ပေးရတယ်၊ အဲဒီတုန်းက ကျော်ဟာ သိမ်ကျောင်းက ကျော်ဘကြီး ဘုန်းကြီးကျောင်းမှာ သွားနေရတယ်၊ အသက် ဆယ့်ရှစ်နှစ်လောက် ရှိ ဦးမယ်၊ ဘကြီး ဘုန်းကြီးက အင်္ဂလိပ်စာဖတ်တာ သိပ်မကြိုက် ဘူး၊ ညမှ ခိုးဖတ်ရတာ၊ စာအုပ်ငှားခ ဆန် တစ်ပြည် ကုန်ပါလေ ရော၊ ပြီးတော့ (Boling Broke, Roger) 'ဘိုးလင်းဘရုတ်ခ် ရော်ဂျာ' ဆိုတဲ့ ပုဂ္ဂိုလ်ပဲ၊ ခရစ် ခရစ်နှစ် (၁၄၀၁)ခုနှစ်မှာ ပေါ် ပေါက်ခဲ့တယ်၊ ဆဌမမြောက် ဟင် နရီဘုရင်ကို မှော်အတတ်နဲ့ လုပ်ကြံသတ်ဖြတ်ဖို့ ကြံစည်မှုနဲ့ ကြိုးပေး ခံသွားရရှာတယ်၊ ပြီးတော့ (Bruce, Margaret) 'ဘရုစ်မားဂရက်' ဆိုတဲ့ မိန်းမပဲ၊ သူ ကတော့ အမွှေးတိုင် လုပ်ရောင်းတဲ့ မိန်းမ၊ အဲဒီလို အမွှေးတိုင် ရောင်းရင်းနဲ့ ဂမ္ဘီရဆရာတွေနဲ့ အပေါင်းအသင်းဖြစ်ပြီး ဂမ္ဘီရ အတတ်ကို တတ်သွားတာ၊ သူလည်း (The Little Griomoire) ဆိုတဲ့ စူဠာဂန္ဓာရီ ကျမ်းတစ်စောင်ကို ပြုစုသွားခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ Bulwer Lytton 'ဘာလဝါလင်တန်' ဆိုတဲ့ ခရစ်ခရစ်နှစ် (၁၈၀၃)ခု (၁၈၇၃)မှာ ပေါ် ပေါက်ခဲ့တဲ့ ပုဂ္ဂိုလ်ပါပဲ၊ သူ့ကိုတော့ လော့ဒ်လင်တန်လို့ လူသိများတယ်၊ သူဟာ ဂမ္ဘီရပညာ တတ်ကျွမ်းတဲ့ နာမည်ကြီးဆရာတစ်ယောက်ပါပဲ၊သူရေးတဲ့ စာအုပ်မှာ နာမည်ကြီးတာကတော့ 'ပွန်ပီအိုင်ရဲ့ နောက်ဆုံးနေ့များ' ဆိုတဲ့ စာအုပ်ပဲ၊ အခြားစာအုပ်တွေလည်း အများကြီး ရေးခဲ့တယ်၊ 'သရဲခြောက်ခြင်းနဲ့ ခြောက်သောသရဲ'ဆိုတဲ့ စာအုပ်ကို လူကြိုက်များပါတယ်၊ သူ့ရဲ့ စာအုပ်တွေကိုတော့ ကျုပ် ကောင်းကောင်း ဖတ်ဖူးတယ်"

ဟု မဟာမြိုင် ဝွတ်ိက အသေးစိတ်ပြောလေ၏။

ထို့နောက်တွင်လည်း မဟာမြိုင်ဝွတိုသည် အက္ခရာစဉ်အလိုက် 'ဇက်' ဆိုသည့် စာလုံးတိုင်အောင် ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းကို ပြောပြလေ၏။ အစက ကျွန်ုပ်အနေနှင့် ဝွတိုအား နကန်းတစ်လုံးမျှ မသိသောသူဟု ထင်မှတ်ခဲ့သော်လည်း အမှန်စင်စစ် သူသည် လွန်စွာဖတ်မှတ်လေ့လာခဲ့သူဖြစ်ကြောင်း သိရလေတော့၏။ ထိုအခါ၌ ကျွန်ုပ်သည်ကျွန်ုပ် သိလိုသမျှသော အချက်တို့အား ဝွတိုကို အားမနာတမ်း မေးခဲ့၏။ ဝွတိုကလည်း ကျွန်ုပ်အား စိတ်ရှည်လက်ရှည် ရှင်းပြလေ၏။

ထို့ကြောင့် ဝွတိုလိုက်ပို့သောခရီးသည် ကျွန်ုပ်အတွက် ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ သားရဲတော၊ ဆူးတော၊ ညွှန်တောဟုဆိုအပ်သော တောကြီး သုံးတောကို ကောင်းစွာ ဖြတ်ကျော်နိုင်ခဲ့လေတော့သတည်း။



## စနေမောင်မောင်နှင့်အတူ

ဝွတိုသည် ကျွန်ုပ်အား နှုတ်ဆက်၍ ပြန်သွားပြီဖြစ်၏။ ကျွန်ုပ်သည် တောကြီးမျက်မည်းအတွင်း၌ တစ်ကိုယ်တည်း ခရီးနှင်ခဲ့ရ၏။ နှစ်နာရီခန့် သွားမိလျှင် လွင်ပြင်တစ်ခုကို ရောက်လေ၏။ ထိုနေရာသို့အရောက်၌ အတော်ဝေးဝေးနေရာဆီမှ ရွှေလျားနေသော အရာနှစ်ခုကို တွေ့ရ၏။ ထိုအရာနှစ်ခုကို ကျွန်ုပ်သည် ငေးစိုက်၍ကြည့်မိရာ မြင်းနှစ်ကောင်ဖြစ်ကြောင်း တွေ့ရ၏။ ထိုမြင်းနှစ်ကောင်သည် တစ်စတစ်စနှင့် နီးကပ်လာလေ၏။ ကျွန်ုပ်သည် အုပ်စုလိုက်ဖွဲ့၍ လုယူသတ်ဖြတ်နေသော ဓားပြအဖွဲ့ကိုလည်း ကြောက်ရ၏။ လူသားစား အရိုင်းအစိုင်းများကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရ၏။ ထို့ထက်ဆိုးသည်မှာ ကျွန်ုပ်တို့၏ ရန်သူဖြစ်သော ဘလက်ဘရားသားများပင်ဖြစ်၏။

အထက်ကဆိုခဲ့သော ရန်သူသုံးမျိုးအနက် မည်သည့်အမျိုးအစားနှင့်တွေ့သည်ဖြစ်စေ ကျွန်ုပ်သည် အသက်ရှင်ရန် လမ်းမရှိတော့ပါ။ ထို့ကြောင့် ကျွန်ုပ်သည် အထိတ်တလန့်နှင့် ထိုမြင်းနှစ်ကောင်ကို ကြည့်လိုက်မိ၏။ တစ်စတစ်စ နီးကပ်လာပြီဖြစ်သောကြောင့် သဲကွဲစွာ မြင်နေရ၏။ မြင်းနှစ်ကောင်အနက် တစ်ကောင်၏ကျောပေါ်၌ လူပါပြီး အခြားတစ်ကောင်၌ လူမပါကြောင်း တွေ့ရ၏။ ကျွန်ုပ်လည်း စိုးရိမ်သည်ထက် စိုးရိမ်လာ၏။ ထိုမြင်းနှစ်ကောင်သည် ကျွန်ုပ်ရှိရာသို့ တန်းတန်းမတ်မတ် ပြေးလာနေသည်မှာ သေချာနေပြီဖြစ်၏။ ကျွန်ုပ်၌ ထိုရန်သူအား ခုခံရန်အတွက် လက်နက်ဟူ၍လည်း တစ်စုံတစ်ရာမရှိပါ။ ကျွန်ုပ်သည် ကျောက်ခဲတစ်လုံးကို ကောက်၍ ကိုင်လိုက်၏။ ထိုသို့ ကောက်၍ကိုင်လိုက်ချိန်၌ပင် မြင်းနှစ်ကောင်သည် ကျွန်ုပ်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြီဖြစ်၏။ ထိုအခါ မြင်းပေါ်မှ လူက-

"ဗျို့ တန်တော်မိုး"

ဟု လှမ်း၍ခေါ်မှပင် ကျွန်ုပ်၏ ကြောက်စိတ်များလည်း ပြေ ပျောက်သွားပြီး အားတက်သွားလေတော့၏။ အဘယ့်ကြောင့်ဆိုသော် ထိုခေါ်လိုက် သူမှာ ဆရာကြီး စနေမောင်မောင် ဖြစ်နေသောကြောင့်ပင်ဖြစ်၏။

"ဟေ့လူ. . . ရှေ့. . . ရှေ့ မြင်းပေါ်တက်၊ အချိန်သိပ်မရှိဘူး ဘလက်ဘရားသားတွေ လိုက်လာနေကြပြီ"





ဟု စနေမောင်မောင်က ပြောလိုက်ရာ ကျွန်ုပ်လည်း လွတ်နေသော မြင်းတစ်ကောင်ပေါ်သို့ တက်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်လည်း စနေမောင်မောင်နှင့်အတူ မြင်းကို ကဆုန်စိုင်း၍ ထိုနေရာမှ ထွက်ခဲ့လေတော့၏။ တောင်တန်းတစ်ခု၏ အထက်နေရာသို့ရောက်လျှင် ကျွန်ုပ်တို့နှစ်ဦးသည် ခေတ္တ စခန်းချနားနေကြလေ၏။ ထိုနေရာ၌ စမ်းချောင်းလည်းရှိသောကြောင့် မြင်းများကိုလည်း ရေတိုက်နိုင်၏။

ကျွန်ုပ်တို့၌ ပါလာသော လက်ကျန်အစားအသောက်များကိုလည်း နှစ်ယောက်သား စားသောက်ကြလေ၏။

"ဆရာကြီးနဲ့ ကျွန်တော် အခုလို ပြန်ပြီးတွေ့ရတာ သိပ်ပြီး ဝမ်းသာ တာပဲ၊ ကျွန်တော် ဒီခရီးကို ဘယ်လိုသွားရမှန်း မသိဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ စနေမောင်မောင်က-

"ခင်ဗျားကို စိတ်မချလို့ လာပြီးစောင့်နေတာ တန်တော်မိုးရေ၊ ဘလက်ဘရားသားတွေနဲ့ နှစ်ကြိမ်တောင် တိုက်ရသေးတယ်၊ ဘလက်ဘရား သားနှစ်ယောက်တောင် ကျုပ်လက်ချက်နဲ့ အသက်ပျောက်သွားတယ်"

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ထိုနေရာ၌ပင် အိပ်စက်ကြရန် ဆုံးဖြတ်လိုက်ကြ၏။ ညပိုင်းသို့ရောက်လျှင် စနေမောင်မောင်က သတိဝီရိယနှင့်အိပ်ရန် မှာကြားလေ၏။ ကျွန်ုပ်က-

"ကောင်းပါပြီ"

ဟု ဝန်ခံလိုက်သော်လည်း ခေါင်းချလိုက်သည်နှင့် ကျွန်ုပ်မှာအိပ်မော



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့၏။ မည်မျှကြာကြာ ဤသို့ အိပ်မောကျသွားသည်မသိပေ။ စနေမောင်မောင်က ကျွန်ုပ်အား-

"တန်တော်မိုးရေ အသက်ကို ဖက်နဲ့သာ ထုပ်ထားပေတော့၊ ဟိုမှာ လာကုန်ကြပြီ"

ဟု ကျွန်ုပ်အား နှိုး၍ပြလိုက်ရာ ကျွန်ုပ်လည်း ကြည့်လိုက်လေ၏။ တောင်တစ်ခုလုံးသည် တောမီးလောင်သည့်အလား ထိန်ထိန်ညီးလျက် ရှိလေ၏။ ကျွန်ုပ်သည် သေချာစွာကြည့်လိုက်ရာ လူအမြောက်အမြားသည် ခေါင်းစွပ်ကြီးများစွပ်၍လည်းကောင်း၊ ဝတ်ရုံအနက်ကြီးများခြုံ၍ လည်းကောင်း မီးတုတ်ကြီးများ ကိုင်မြှောက်၍လည်းကောင်း၊ ဓားများကို ကိုင်၍လည်းကောင်း ကျွန်ုပ်တို့အား သဲသဲမဲမဲကြီးရှာဖွေနေကြကြောင်းကိုတွေ့ရလေ၏။

"ဆရာကြီး ဘယ်လိုလုပ်မလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က-

"ကိုယ့်လူ သိပ်ကြောက်နေပြီ ထင်တယ်"

ဟု ကျွန်ုပ်အား ပြန်၍မေးလိုက်လေ၏။ ထို့နောက် ၎င်းကိုယ်တိုင် ကစ္ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍စွပ်တံ၌စွပ်ကာ မီးညှိရှိုက်ဖွာရင်း မိမိအား ရက်စက်စွာ သတ်ဖြတ်မည့်သေမင်းတမန်ဘလက်ဘရာသာ အသင်းသား များအား အရသာခံ၍ကြည့်ရှုနေလေ၏။

ထိုနောက်၎င်းက-

"ဒီကောင်တွေ ကျုပ်တို့နှစ်ယောက် ဒီတောင်ပေါ် တက်လာတာ တစ်နေရာကနေ မြင်လိုက်လိမ့်မယ်၊ ဒါကြောင့် ကျိန်းသေပေါ





လာဝိုင်း ကြတာ"

ဟု ပြောလေ၏။

"ဆရာကြီး ပြောတာတွေ ဟုတ်ပါတယ်၊ အဲဒါတွေ ပြောမနေနဲ့ ဗျာ၊ ကျွန်တော်တို့ ဘယ်လိုလွတ်အောင်လုပ်ကြမလဲ"

ဟု ကျွန်ုပ်က ထိတ်ထိတ်ပျာပျာနှင့် ပြောလိုက်လေ၏။

"အဲဒီမှာ အရပ်မြင့်မြင့် ဘလက်ဘရာသားကြီးကိုတွေ့သလား"

ဟု ကျွန်ုပ်အားမေးလိုက်လေ၏၊ ကျွန်ုပ်လည်း သေချာစွာကြည့်လိုက်လေ၏၊

"တွေ့ပြီဆရာကြီးရေ. . . တွေ့ပြီ သူ့လက်ထဲက ဓားကြီးကမှ ပိုကြီးတာဗျ"

ဟု ကျွန်ုပ်ကပြန်၍ ပြောလိုက်လေ၏၊

"အဲဒီကောင်ကြီးကို သတ်ရမှာ၊ ဒါမှ ကျုပ်တို့အတွက် စိတ်ချရမယ်"

ဟု စနေမောင်မောင်က စိတ်အေးလက်အေးဖြင့် ကျွန်ုပ်အားပြန်၍ ပြောလိုက်လေ၏၊

"သူ့ကို ဘယ်လိုသတ်မလဲ ဆရာကြီး၊ သူတို့က တစ်အုပ်ကြီး ကျွန်ုပ် တို့က နှစ်ယောက်တည်း"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က-

"ဘယ်လိုသတ်မလဲဆိုတာကြည့်လေ၊ ကိုယ့်လူဆီကို အဲဒီကောင်ရဲ့ခေါင်း ယူလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။

"တွန်တော့်ကို နည်းနည်းပါးပါးပြောပြပါဦးဆရာကြီးရယ်"

တု ကျွန့်ဝ်က ပြောလိုက်လေ၏။ ထိုအခါ စနေမောင်မောင်က-

"ဒီညက လကွယ်နေ့ညဗျ၊ သိပ်မှောင်တာပေါ့ဗျာ၊ သူတို့ကိုင်လာတဲ့ မီးတုတ်တွေက ရေနံနဲ့လုပ်ထားတာ မဟုတ်ဘူး၊ တုတ်ကို အဝတ်စုတ် ပတ်ပြီး မီးထွန်းလာတဲ့ မီးတုတ်တွေဗျ၊ သေသေချာချာ လေတိုက်ခံရင် အဲဒီမီးတုတ်မျိုးတွေဟာ ငြိမ်းကိုငြိမ်းတယ်၊ အဲဒီတော့ ဒီကောင်တွေကို လေတိုက်တဲ့နေရာပို့ရမှာပဲ"

ဟု ကျွန်ုပ်အား ရှင်းပြပြီးလျှင် စနေမောင်မောင်သည် မြင်းတစ်ကောင်အား ဆွဲယူ၍ တောင်စွယ်တစ်ခုဆီသို့ ခေါင်းလှည့်ပေးကာ တုတ်ဖြင့် 'ရွမ်း'ခနဲ ရိုက်လိုက်လေ၏။ မြင်းလည်း တအားကုန် ကဆုန်စိုင်း၍ တောင်ကမ်းပါးဆီသို့ ပြေးတက်သွားလေတော့၏။ ဘလက်ဘရာသာများလည်း မြင်းခွာသံကို ကြားလျှင် အော်ဟစ်၍ တောင်ကမ်းပါးဆီသို့ တက်၍ လိုက်ကြလေ၏။ ၎င်းတို့ တောင်ကမ်းပါးယံပေါ်သို့ ရောက်သောအခါ လေမှာပြွန်နှင့် မှုတ်ထုတ်သကဲ့သို့ တရစပ် တိုက်သည်ဖြစ်ရာ မီးတုတ်များ ငြိမ်းသွားရှာလေတော့၏။ ထိုအခါ စနေမောင်မောင်သည်-

"တန်တော်မိုး. . . ဘာမှ မကြောက်နဲ့၊ ဒီနေရာမှာပဲ ဝပ်နေ၊ ကျုပ် ပြန်လာခဲ့မယ်၊ ရော့. . . သေနတ်"

ဟု ဆိုကာ ခြောက်လုံးပြူးကိုပေး၍ ၎င်းကမူ ကျွန်ုပ်၏အနားမှ ပျောက်ကွယ်သွားလေတော့၏။ ကျွန်ုပ်လည်း ကြောက်ကြောက်နှင့် ဝပ်





လျက်နေရာမှာ လှမ်းမျှော်ကြည့်ရှုနေ၏။ သို့ရာတွင် မှောင်အတိကျနေသောကြောင့် မည်သည့်နေရာကိုမျှ မမြင်ရတော့ပါ။ အသံဗလံများကိုမူ သဲ့သဲ့မျှ ကြားရလေ၏။ များမကြာမီ အလင်းရောင်များ ပေါ်ထွက်လာသဖြင့် ကြည့်လိုက်ရာ ဘလက်ဘရာသာများသည် တောင်ကမ်းပါးယံပေါ်မှ ပြန်၍ဆင်းလာကြပြီးလျှင် မီးတုတ်များကို ပြန်လည်၍ မီးညှိကာ ကိုင်ဆောင်ထားကြသည်ကို တွေ့ရပြန်၏။ ထို့နောက် ဘလက်ဘရာ သာများသည် တောင်ကမ်းပါးယံအောက်မှ ပတ်၍ တစ်ဖက်လမ်းအတိုင်း ဆင်းသွားကြ၏။

ကျွန်ုပ်သည် ထိုနေရာ၌ပင် ကြောက်ကြောက်လန့်လန့်နှင့် နေခဲ့ရာ အရုဏ်တက်ချိန်အထိ ဖြစ်၏။ ထိုအချိန်၌ ဘလက်ဘရာသာတစ်ဦးသည် ဝတ်ရုံနက်၊ ခေါင်းစွပ်ကြီးကို တွေ့ရသဖြင့် ကျွန်ုပ်လည်း ဝပ်၍နေခြင်း ဖြင့် အကျိုးမထူးကြောင်း တွေးမိသောကြောင့် မတ်တပ်ရပ်လိုက်ပြီးလျှင် ၎င်းအားသေနတ်ဖြင့် ရင်ဝတည့်တည့်သို့ ချိန်လိုက်လေ၏။ ၎င်းလည်း ကျွန်ုပ်နှင့်နီးသည်ထက်နီးလာသောကြောင့် ကျွန်ုပ်လည်း သေနတ်မောင်း ကို ဖြုတ်ချလိုက်လေ၏။

"ချောက်"

"ဒိုင်း'

ဟုထွက်ရမည့်အစား 'ချောက်'ဟု ထွက်သွားသောကြောင့် ကျွန်ုပ် လည်း အံ့သြ၍သွားလေ၏။ သို့ရာတွင် ကျွန်ုပ်သည်ဆက်၍သေနတ်ဖြင့်ပစ်ခတ်လေ၏။ အချက်ပေါင်းများစွာ ပစ်သော်လည်း 'ဒိုင်း'ဟူသောအသံ



www.burmeseclassic.com

www.burmeseclassic.com



သည် ထွက်၍မလာဘဲ'တချောက်ချောက်'နှင့်သာမြည်နေလေတော့၏။ ထိုအချိန်၌ပင် ၎င်းလည်း မြင်းပေါ်မှ ခုန်းဆင်းပြီးလျှင်-

"ဗျို့. . . တန်တော်မိုး၊ ကိုယ့်လူသေနတ်ကလည်း ပစ်လိုက်တဲ့ အချက်တွေ မနည်းပါလား၊ တစ်ချက်မှလည်း မထွက်ပါလား"

ဟု ပြောလိုက်သော စနေမောင်မောင်၏အသံကို ကြားမှပင်-

"အောင်မလေး. . . ဆရာကြီးရယ်၊ ကျည်ဆန်မထွက်လို့ တော် သေး တာပေါ့"

ဟု ကျွန်ုပ်က အလန့်တကြားပြောလိုက်ရာ စနေမောင်မောင်သည် ကျွန်ုပ်အနီးသို့ လျှောက်လာ၍ လက်တစ်ဖက်ဖြင့် သူ၏ခေါင်းစွပ်ကို ချွတ် လိုက်ပြီး အခြားသောလက်တစ်ဖက်ဖြင့် ကျွန်ုပ်အား သေနတ်ကျည်ဆန် များကို လှမ်း၍ပေး၏။

"ခင်ဗျားသေနတ် ဘယ်ထွက်မလဲဗျာ၊ နဂိုကတည်းက ကျုပ်က ကျည်းဆန်တွေထုတ်ယူထားတာ"

ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

"ဆရာကြီးနှယ်ဗျာ. . . ကျည်ဆန်မရှိတဲ့ သေနတ်ကြီး ပေးခဲ့ရ တယ် လို့ ရန်သူနဲ့များ ရင်ဆိုင်တွေ့ရရင် ဘယ်လိုလုပ်မလဲ"

ဟု ကျွန်ုပ်က အပြစ်တင်သော လေသံဖြင့် ပြောလိုက်လေ၏။ ထို အခါ စနေမောင်မောင်က-

"ကိုယ့်လူတို့လို ကြောက်တတ်တဲ့ လူတွေရဲ့ လက်ထဲကသေနတ် ဟာ ရန်သူပစ်မိဖို့ထက် ကိုယ့်အချင်းချင်းပြန်ပစ်မိဖို့က များတဲ့





တယ်ဗျာ၊ ခင်ဗျားကြောက်နေမှာစိုးလို့ သေနတ်ကို ဟန်ဆောင် ပေးခဲ့တာ၊ ဒါပေမယ့် ကျည်ဆန်တွေတော့ ထုတ်သွားရတယ် ကိုယ့်လူရေ့ အဲဒီလိုမလုပ်ခဲ့ရင် ကျုပ်ရင်ဘတ်မှာ ဆန်ခါဖြစ်နေ ပြီ"

ပြောရင်း ကျွန်ုပ်၏ ပခုံးကို လက်နဲ့ပုတ်ကာ ကျွန်ုပ်အနီးရှိ ကျောက်တုံး ဘုံးပေါ်တွင် ထိုင်ချလိုက်လေ၏။

"ဆရာကြီး. . . သူတို့ရဲ့ ခေါင်းဆောင် အရုပ်မြင့်မြင့် အကောင် ကြီး ရဲ့ခေါင်းကို ဖြတ်နိုင်ခဲ့ရဲ့လား"

ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က-

"ဟိုမှာလေဗျာ"

ပြောဆိုကာ ညွှန်ပြလိုက်မှပင် မြင်းကုန်းနှီး၌ ချိတ်ဆွဲထားသော က်ဘရားသား အသင်းခွဲခေါင်းဆောင်ဖြစ်သူ၏ မသတီဖွယ်ရာ ပြတ်ကြီးကို တွေ့မြင်ရလေတော့၏။

"ဆရာကြီး ကျွန်ုပ်အနားက ပျောက်သွားပြီး ဘယ်လိုဖြစ်သွား တာတုန်း"

ကျွန်ုပ်ကမေးလိုက်ရာ စနေမောင်မောင်က-

"ချိန်သား အတော်ကိုက်တယ်ဗျ၊ ဒီကောင်တွေရဲ့ မီးတုတ်က- မီးတွေလဲအငြိမ်း၊ ကျုပ်လဲ သူတို့ဆီအရောက်ဗျို့၊ ပြီးတော့ သူတို့ အုပ်ထဲ ဝင် ရောလိုက်တာပေါ့၊ အဲဒီလိုရောပြီးတော့ မှောင်ထဲ မှာပဲ ကျုပ်နဲ့ အလုံးတူ အရပ်တူ အလက်ဘရာသာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို အသံမထွက်အောင် နှုတ် ပိတ်လိုက်ရတော

ပေါ့၊ အဲဒီလို နှုတ်ပိတ်ပြီးတာနဲ့ သူ့ဝတ်ရုံနဲ့ ခေါင်း စွပ်ကို

ယူပြီးဝတ်လိုက်တယ်၊ အတော်အတန်လုံခြုံသွားပြီပေါ့၊ ဒီ

အနေရောက်တော့မှ သူတို့ခေါင်းဆောင် လံဘားရဲ့ခေါင်

ဖြတ်ဖို့ ဘာခက်တော့မှာလည်းဗျာ၊ ခင်ဗျားအတွက်လည်

တစ်ခုနဲ့ ခေါင်းစွပ်အပိုတစ်ခု ယူလာခဲ့သေးတယ်"

ဟု ပြောလိုက်ကာ ကျွန်ုပ်က-

"ခေါင်းစွပ်အပိုတစ်ခုနဲ့ ဝတ်ရုံတစ်ခု ကို ဆရာကြီးကသူ

က တစ်ယောက်ယောက်ဆီက လုယူခဲ့တာပေါ့"

ဟု မေးလိုက်လေသည်။ စနေမောင်မောင်သည် ကျွန်ုပ်၏မေ

ကြားလျှင် အားရပါးရ ရယ်မောပြီးနောက်-

"တွေ့တတ်တီးတောက်တဲ့ တန်တော်မိုးရယ်. . . ဒီလို

ရော လားဗျာ၊ အပြီးတိုင် ဇိဝိန်ချုပ်ပြီးမှ ချွတ်ယူခဲ့ရတာ

ရေ"

ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထိုနောက် ကျွန်ုပ်နှင့်စနေမောင်မောင်တို့သည် ခရီးဆ

လေ၏။ လမ်းတစ်လျှောက်လုံးတွင် အန္တရာယ်ကြီးကြီးမားမာ

ထပ်မံမတွေ့ ရတော့ချေ။ မြန်မာပြည်နယ်စပ်သို့ အဝင်၌ ကျ

နှစ်ဦးအား သည်း သည်းမည်းမည်းလိုက်၍ တိုက်ခတ်သော လူတ

တွေ့ရပြန်၏။ ကျွန်ုပ် တို့လည်း ဆင်းရဲဒုက္ခကြီးစွာ ပြေးလွှားကြ





"ဒီဘာလက်ဘာလား သာတွေလည်း တောထဲမှာ ပိုပြီးကျွမ်းကျင်

တဲ့ ဆရာကြီးရဲ့"

ပြောလိုက် ရာ စနေမောင်မောင်က-

"အခုတွေ့တဲ့လူစုဟာ ဘာလက်ဘာလာသား မဟုတ်ဘူး၊

တန်တော်မိုးရယ် ဒီကောင်တွေ ကျုပ်နဲ့ ကမ္ဘာ့ရန်စနေကုန်းသား

လက်ကျန်တွေ အဲဒီစနေကုန်းကတော့ ခင်ဗျားကိုဘာမှ ရန်ညိုး

မရှိပါဘူး၊ ကျုပ်ကိုသာ အသေသတ်ချင်နေကြတာ၊ ဒါပေမယ့်

တစ်ခုတော့ ရှိတယ်၊ ကျုပ်နဲ့ နီးနီးစပ်စပ် တွဲတဲ့လူကို ဒီကောင်

တွေက ချမ်းသာမပေးဘူး"

ျွန်ုပ်က ရှင်းပြလေ၏။

ထို့နောက် လမ်းခရီးတစ်လျှောက်လုံး ၎င်းနှင့်စနေကုန်းသားတို့

မည်ပုံ အကြိတ်အခဲဖြစ်ခဲ့သည်ကို ပြောပြခဲ့လေ၏။ ကျွန်ုပ်သည်

ယ်ကြီးသော ရန်များသော စနေမောင်မောင်နှင့်အတူ ဖြတ်သန်း

တော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## သူတစ်လမ်း ကိုယ်တစ်လမ်း

ကျွန်ုပ်နှင့် ဆရာကြီးစနေမောင်မောင်တို့သည် မြန်မာပြည်သို့ အတူတကွ ဝင်လာခဲ့ကြ၏။ သို့ရာတွင် အိန္ဒိယပြည်အဆုံး မြန်မာပြည်နယ်စပ်သို့ ရောက်သောအခါ၌ ၎င်းက ကျွန်ုပ်အား-

"ကဲ တန်တော်မိုးရေ . . . လူချင်းခွဲပြီး သူတစ်လမ်း ကိုယ်တစ်လမ်း သွားမှ ဖြစ်တော့မယ်၊ နှစ်ယောက်ပူးပြီး သွားရင် ရန်သူတွေက မျက်ခြေပျက်မှာ မဟုတ်ဘူး၊ သတိဝီရိယနဲ့ သွားပေတော့"

ဟု မှာကြား၍ နှစ် ယောက်သား လမ်းခွဲခဲ့ကြလေ၏။

ကျွန်ုပ်သည် နယ်စပ်မှနိုးမတောင်ကိုကျော်ကာ မြန်မာပြည် အတွင်းသို့ ဖြတ်၍ဝင်ခဲ့၏။ ထို့နောက် ကျွန်ုပ်သည် ရန်ကုန်မြို့သို့ အရောက်

**လာဘ်မိုးရွေ**

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြန်လာခဲ့သော်လည်း ကျွန်ုပ်၏ နေအိမ်သို့ မပြန်ခဲ့ပါ။ တာမွေ ဘက်တွင် ကျွန်ုပ်နှင့် သိကျွမ်းသော ဘဲမွေးသည့် တရုတ်အိမ်၌ ခိုကပ်၍ နေခဲ့လေ၏။ ထိုသို့ နေစဉ်အတွင်း တိုက်ဆောက်သမားတစ်ဦးကို ခေါ်၍ ၁၅-လမ်းရှိ ကျွန်ုပ်၏ တိုက်တွင် မြေတိုက်တူးလိုကြောင်း ပုံဆွဲ၍ပြသည်။ မြေတိုက်သို့ဝင်ရန် တံခါးကိုလည်းကောင်း၊ မြေတိုက်သို့ အတက်အဆင်းလုပ်ရန် လှေကားကိုလည်းကောင်း အခြားသူများမရိပ်မိစေရန်လျှို့ဝှက်သော စနစ်ဖြင့် ပြုလုပ်လိုကြောင်း ၎င်းတိုက်ဆောက်သမားကို ပြောပြလေသည်။

၎င်းတိုက်ဆောက်သမားမှာ တရုတ်လူမျိုးဖြစ်၏။ ၎င်း၏ အမည်မှာ 'ကျင်စိန်'ဟူ၍ဖြစ်၏။ ထိုသူသည် ကျွန်ုပ်၏တိုက်ကို သွားကြည့်လိုကြောင်း ပြောသဖြင့် ကျွန်ုပ်က သော့ကိုပေးလိုက်လေ၏။ တိုက်ဆောက်သမားကျင်စိန်သည် ညမိုးချုပ်မှ ကျွန်ုပ်ထံသို့ ပြန်လာ၏။ ထို့နောက် ၎င်းက ပစ္စည်းဖိုးရော လက်ခအတွက်ပါ ငွေခြောက်ရာပေးလျှင် လုပ်နိုင်ကြောင်း ပြော၏။ ထို့ပြင် ၎င်းက

"ဆောက်ပြီးသားတိုက်မှာ မြေတိုက် ထပ်ထည့်ရတာ သိပ်ပြီးခက်တယ်၊ ပြီးတော့ လျှို့ဝှက်လှေကားတွေ၊ လျှို့ဝှက်တံခါးတွေ လုပ်ရဦးမယ်၊ နောက်တစ်ခုက တကယ်လို့ ခင်ဗျားဟာ မြေတိုက်ထဲမှာ လူမသိအောင် နေချင်တဲ့ လူသာဆိုရင် ရေပိုက်လိုင်းတစ်လိုင်းကို အထဲကို ထည့်ပေးထားရမယ်၊ ပြီးတော့ သုံးပြီးရေစွတ်ဖို့ရယ် အညစ်အကြေးစွန့်ဖို့ရယ် အပေါက်တစ်ပေါက်ကိုလည်း လျှို့ဝှက်လုပ်ပေးရဦးမယ်၊ ဒီထက် အရေးကြီးတာကတော့ မြေတိုက်ထဲမှာ ရေရှည်နေနိုင်အောင် လေဝင်ပေါက်တွေ၊ လေထွက်ပေါက်တွေထွင်တယ်။ အဲဒါတွေကိုလည်း လူမမြင်နိုင်အောင် လုပ်ရမှာ၊ အတော့်ကို ခက်တယ်၊ အတော့်ကို ပညာပါတယ်၊ ဒါပေမဲ့ ကျုပ်လုပ်ပေးနိုင်ပါတယ်၊ ခြောက်ရာထက်တော့ တစ်ပြားမှ လျှော့မပေးနိုင်ဘူး"

ဟု ပြောလိုက်လေ၏။

"ငွေက အရေးမကြီးပါဘူး၊ ခြောက်ရာ နည်းပါတယ်၊ တစ်ထောင်ပေးမယ်၊ အရေးကြီးတာက ကျုပ်ရဲ့ တိုက်မှာ မြေတိုက်တစ်ခု ရှိတယ်ဆို တာ အပြင်လူအနေနဲ့ မရိပ်မိစေချင်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ တိုက်ဆောက်သမား တရုတ် ကျင်စိန်က

"တခြားလူ သိဖို့မပြောနဲ့၊ ခင်ဗျားအိမ်မှာ လူတစ်ယောက် အနှစ်တစ်ရာထိ နေပါစေ၊ ခင်ဗျားကိုယ်တိုင်ကသာ မပြောနဲ့၊ မြေတိုက်ရှိကြောင်း သိကိုမသိရဘူး၊ ပြီးတော့ ကျုပ်ကလည်း နှုတ်လုံတဲ့ လူတစ်ယောက်ဖြစ်တယ်"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ငွေတစ်ထောင်ကို ၎င်းလက်သို့ အပ်နှံလိုက်လေ၏။ ၎င်းလည်း နောက်တစ်နေ့မှ စ၍ လုပ်ငန်းစလေတော့၏။ သုံးလခန့်အကြာတွင် မြေတိုက်လုပ်ခြင်းလုပ်ငန်းသည် ပြီးစုံ ပြီးသွားလေတော့၏။ ကျွန်ုပ်လည်း ခက်ခဲစွာ ယူလာရသော ...်လမွန် ကျမ်းကြီးကို ဖတ်ရန်အတွက် ဂျူးလူမျိုးများကို ရှာဖွေရလေ







www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဂျူးများကို တွေ့သောအခါ၌ စာအုပ်ကို မပြဘဲ ခေါင်းပုံရိုက်ထားသည့် စာမျက်နှာအချို့၏ ပုံကိုသာပြ၍ ဖတ်ခိုင်းလေ၏။ ပထမဆုံး ဖတ်ခိုင်းသူမှာ ဂျူးကျောင်းဆရာ ဒေးဗစ်ဆိုသူ ဖြစ်သည်။ ဒေးဗစ်လည်း ဟုတ်တိပတ်တိ ဖတ်ကြည့်ပြီးနောက် ကျွန်ုပ်အား အောက်ပါအတိုင်း ဘာသာပြန်ပြလေ၏။

"နားမလည်ဘူး၊ နားမလည်ဘူး"

ကျွန်ုပ်သည် ဂျူးများကို ဆက်လက်၍ရှာဖွေရပြန်၏။ ဒုတိယ တွေ့သူမှာ ငွေတိုးချေးသော အလုပ်ကို လုပ်သည့် ဂျူးမလေး 'စင်သီယာ' ဖြစ်၏။

ကျွန်ုပ်သည် စင်သီယာနှင့် ရင်းနှီးအောင် ကြိုးပမ်းခဲ့၏။ အတော်အတန် ရင်းနှီးသောအခါ၌ စာမျက်နှာအချို့၏ ဓာတ်ပုံကို ပြ၍ဖတ်ခိုင်းပြန်၏။

သူမသည် ထိုစာများကို ကြည့်ပြီးနောက်-

"ကျွန်မတို့လူမျိုးရဲ့ စာပဲ၊ ဒါပေမဲ့ ဘာတွေရေးထားမှန်း ကျွန်မလည်း မဖတ်တတ်ဘူး"

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်သည် အခြားသော ဂျူးတစ် ယောက်ကို ရှာရပြန်သည်။

ထိုဂျူးမှာ ရွှေထည်လုပ်သော သူဖြစ်၏။ သူ၏ အမည်မှာ 'စိုင်မွန်' ဟုခေါ်၏။ စိုင်မွန်ကို ပြကြည့်၏။ စိုင်မွန်သည် ဖတ်ကြည့်ပြန်၏။ ၎င်းလည်း -





"ခင်ဗျားထင်သလို ရိုးရိုးဂျူးစာမဟုတ်ဘူးဗျ၊ ဂျူးပါဠိလို ရေးထားတာ"

ဟု ပြောပြန်လေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်သည် တစ်နှစ်ခန့် ဖတ်နိုင်မည့် ဂျူးများကို မနေမနား ရှာခဲ့၏။ ဂျူးပေါင်း ငါးဆယ့်တစ်ယောက်နှင့် သိကျွမ်းခဲ့ရ၏။ တစ်ယောက်တလေမျှ မဖတ်တတ်ကြပေ။ နောက်ဆုံးတွင် ဂျူးသချိုင်းစောင့်သော သချိုင်းစောင့် 'ကားလ်'ဆိုသူနှင့်တွေ့၏။ ၎င်းကို ကျွန်ုပ်က ပြကြည့်ရာ ၎င်းသချိုင်းစောင့် အဘိုးကြီးကားလ်သည် ဖတ်ကြည့်ပြီးနောက်

"ဆောလမွန်ဘုရင်ကြီးရေးသွားတဲ့ စာတွေဖြစ်တယ်၊ အဲဒါကလွဲပြီး ကျန်တာတွေ လုံးဝ အဓိပ္ပာယ်ဖော်လို့မရဘူး၊ ကျုပ်လိုလူက အဓိပ္ပာယ်ဖော်လို့မရဘူးဆိုရင် ကျန်တဲ့ ဘယ်လိုလူမျိုးကိုမှ မဖတ်ခိုင်းနဲ့တော့၊ ကျုပ်ထက်တော်တဲ့လူ မပြောနဲ့၊ ကျုပ်ကိုမီဖို့လူ ရှိဖို့ရှားတယ်"

ဟု အဘိုးကြီး က ရေပိတ်စကားဖြင့် ပြောလိုက်လေ၏။

ကျွန်ုပ်သည် ဂျူးငါးဆယ့်နှစ်ယောက်ကို ဖတ်ခိုင်းပြီးနောက် ခက်ခဲစွာ ယူလာခဲ့သော ကင်းဆော်လမွန်ကျမ်းကြီးကို မီးချိုချင်စိတ် ပေါက်သွားခဲ့၏။

ထိုအချိန်၌ပင် ကျွန်ုပ်ထံသို့ စာတစ်စောင် စာတိုက်မှ ရောက်ရှိလာလေ၏။

ထိုစာမှာ စနေမောင်မောင်အနေနှင့် အိန္ဒိယပြည်မှ ကျွန်ုပ်ထံသို့ ရေးလိုက်သောစာဖြစ်၏။ စာမှာ တစ်ဖက်ပါအတိုင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တန်တော်မိုးရေ. . .

ဘလက်ဘရားသားရော စနေဂိုဏ်းသားရော ရှမ်ဘဲလားက အိုင်ယာလန် ဘိုးသူတော်ကြီးရော ကျုပ်တို့နှစ်ယောက်ကို သဲသဲမဲမဲ ရှာနေပြီ၊ သတိအရေးကြီးတယ်။

စနေမောင်မောင်

ခေတ္တအိန္ဒိယပြည်

ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် လွန်စွာ စိုးရိမ်သွား၏။ ထို့နောက် ကျွန်ုပ် ခိုးယူသွားသော ကျမ်းစာအုပ်ကြီးကို လုံခြုံစွာ သိမ်းဆည်းထားလိုက်လေတော့၏။



## အန္တရာယ်လာပြီ

တစ်နေ့သ၌ ကျွန်ုပ်သည် အိမ်ရှေ့ခန်းတွင်ထိုင်လျက် စာဖတ်နေစဉ် 'ဝီး'ခနဲအသံကြားပြီး မျက်နှာကို လေဟပ်ကာ ဓါက်ခနဲ မြည်ဟည်းသွားသောကြောင့် ကျွန်ုပ်လည်း အိမ်ရှေ့သို့ လှမ်းကြည့်လိုက်၏။ လူတစ်ယောက် ရိပ်ခနဲ ဖြတ်ပြေးသွားသည်ကို တွေ့လိုက်ရ၏။ ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်၏ နောက်ရှိ ခန်းစည်းအဖြစ် ကာရံထားသော သစ်သားနံရံကို ကြည့်လိုက်ရာ ဓားတစ်ချောင်းစိုက်နေသည်ကိုတွေ့ရ၏။ ဓားရိုးတွင် စာတစ်စောင်ပါသည်ဖြစ်ရာ ထိုစာကို ကျွန်ုပ်က ယူလိုက်၏။ စာမှာ အောက်ပါအတိုင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကြီးတန်တော်မိုး

ခင်ဗျားနားရွက်နဲ့ တစ်လက်မအကွာကို မားဖြင့်လှမ်းပေါက်လိုက်ပါသည်။ ရှမ်ဘဲလားက အဘိုးအို ရစ္စတီကို သတ်ပြီး ခင်ဗျားယူသွားတဲ့ စာအုပ်ကြီးပြန်ပေးပါ။

ဘလက်ဘရားသား

ရန်ကုန်မျှော်စင်

ကျွန်ုပ်သည် ထိုစာကိုကြည့်ပြီးနောက်တုန်လှုပ်၍သွားလေ၏။ ထိုစာနှင့်မားကိုယူ၍ ပုလိပ်ဘက်ကို တိုင်တန်းရမည်လားဟု စဉ်းစားမိသေး၏။

ဤသို့လည်းမဖြစ်နိုင်ပါ။ ဤသို့တိုင်တန်းလျှင် ကျွန်ုပ်၏ အကြောင်းပါ ပေါ်သွားပေလိမ့်မည်။ ကျွန်ုပ်သည် သက်ဆိုင်ရာကို အသိမပေးဘဲ ကမ္ဘာ၏ တစ်ခြမ်းစာလောက်ကို မိမိသဘောနှင့်မိမိ ခရီးထွက်ခဲ့ပြီ မဟုတ်ပါလား။ သို့ကြောင့် ပုလိပ်ဘက်သို့လည်း တိုင်တန်းခြင်းမပြုဘဲ မည်သို့မည်ပုံလုပ်ရမည်ကို စဉ်းစားနေ၏။ ထို့နောက် ကျွန်ုပ်သည် မြေတိုက်အတွင်းဝင်၍ တစ်နေကုန် စာဖတ်နေ၏။ ညနေပိုင်း မိုးချုပ်သောအခါမှ အပေါ်သို့ ပြန်တက်လာခဲ့တော့၏။ အပေါ်သို့ ရောက်သောအခါ၌ မနက်က ကျွန်ုပ်ထိုင်ခဲ့သောနေရာကိုကြည့်ရှုလိုက်ရာ အခန်းစည်းသစ်သားနံရံတွင် မနက်က မားမြှောင်စိုက်ခဲ့သောနေရာ၌ အခြားမားမြှောင်တစ်စင်းစိုက်နေသည်ကို တွေ့ရ၏။ ထိုမားမြှောင်၏ အရိုး၌လည်းစာတစ်စောင်





ပါလာသဖြင့် ထိုစာကို ယူ၍ကြည့်လိုက်ရာ အောက်ပါအတိုင်းဖြစ်လေတော့၏။

တန်တော်မိုး

လပြည့်နေ့မှာ သင့်ကို သတ်မယ်။

စနေဂိုဏ်း

ကျွန်ုပ်သည် ထိုစာကို ဖတ်ပြီးနောက် လပြည့်နေ့ရောက်ရန် မည်မျှ ...သေးသနည်းဟု ပြက္ခဒိန်ကို လှမ်းကြည့်ရာ ရှစ်ရက်သာလိုတော့ကြောင်း ...ရ၏။ ထို့ကြောင့် ကျွန်ုပ်သည် အထူးတုန်လှုပ်လျက် ရှိလေတော့၏။

ညသို့ရောက်သောအခါ၌လည်း ကျွန်ုပ်သည် အိပ်ရာအတွင်း၌ အိပ်...ပျော်သည်မရှိဘဲ စိတ်ချောက်ချားနေ၏။ အတော်အတန် ည၌နက်မှပင် ...နုပ်သည် အိပ်ပျော်သွားလေတော့၏။ ထိုသို့ အိပ်ပျော်သွားစဉ် အောက်...အမိပ္ပာယ်ရသော စကားများကို အင်္ဂလိပ်ဘာသာဖြင့် ကျွန်ုပ်၏ အိမ်...မှ အော်ဟစ်လိုက်သံကိုကြားရ၏။

"ရှမ်းဘဲလားက ပစ္စည်း ရှမ်ဘဲလားကို ပြန်ပို့ပါ။

"ရှမ်းဘဲလားက ပစ္စည်း ရှမ်ဘဲလားကို ပြန်ပို့ပါ။

"ရှမ်းဘဲလားက ပစ္စည်း ရှမ်ဘဲလားကို ပြန်ပို့ပါ။"

ကျွန်ုပ်သည် အိပ်ရာမှ ကပျာကယာထ၍ လမ်းပေါ်သို့ ကြည့်လိုက်...တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရတော့ပေ။ သို့ရာတွင် ထိုအသံရှင်



www.burmeseclassic.com

www.burmeseclassic.com

မှာ ရှမ်ဘဲလားမှ အိုင်ယာလန် ဘိုးသူတော်ကြီးဖြစ်ကြောင်း ကျွန်ုပ် ကော[...] စွာ မှတ်မိ၏။ ကျွန်ုပ်သည် ဆက်၍အိပ်ပျော်တော့ပါ။ မိုးလင်းသည်[...] တစ်ပြိုင်နက် အိမ်ကိုသော့ပိတ်ကာ ထွက်ပြေးခဲ့လေတော့၏။

မြန်မာပြည်အရပ်ရပ်ရှိ မြို့အများများ ရွာအများများသို့ လှည့်လည်[...] ပုံးအောင်း၍ ပြေးခဲ့ရ၏။

သို့ရာတွင် ကျွန်ုပ်ရောက်ရှိသွားသောနေရာတိုင်း၌ ဘလက်အ[...] သားနှင့် စနေဂိုဏ်းသားတို့သည် မည်သို့မည်ပုံ သိသွားသည်မသိ။ ရော[...] လာကြသည်ချည်းဖြစ်၏။ ထို့ထက်စိုးသည်မှာ အိုင်ယာလန်ဘိုးသူတော[...] ကြီး၏ ရှမ်ဘဲလားက ပစ္စည်း ရှမ်ဘဲလားမှာ ပြန်ထားပါဆိုသော သ[...] ပေးသံကြီးပင်ဖြစ်၏။ ထိုသတိပေးသံမှာလည်း ညသန်းခေါင်ကျော်မှ[...] ပေါ်ပေါက်လာရာ ကျွန်ုပ်သည် အိပ်ကောင်းခြင်း အိပ်ရသော ညဟူ[...] မရှိပါ။ ဤသို့လှည့်လည်ပြီး ခွာနေရသည်မှာလည်း ကြာနေပြီဖြစ်[...]

တစ်နေ့တွင် ရွှေညောင်မြို့ရှိ ကျွန်ုပ်၏ သူငယ်ချင်း အန်းတော[...] ထံသို့ ရောက်ရှိလေတော့၏။ ကျွန်ုပ်ရောက်ပြီး သုံးရက်အကြာတွင် [...] တစ်စောင်ရောက်ရှိလာလေ၏။ ထိုစာမှာ အင်္ဂလိပ်ဘာသာဖြင့်ရေး[...] သော်လည်း အဓိပ္ပာယ်မှာ အောက်ပါအတိုင်းဖြစ်၏။

*ဒါလင်. . .*

*ရှီစီကို မေ့သွားပြီလား၊ ဒါလင်နဲ့ စတွေ့ကတည်းက ရှီစီရဲ့ အာ[...] ဒါလင်ဟာ ထူးခြားမယ့် ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်ဆိုတာ သိရတဲ့အတ[...] ဒါလင်ကို သစ်စိမ်းချိုး ချိုးပြီး ဖြတ်ပစ်လိုက်တာပဲ၊ ရှီစီ စေတနာနဲ့ [...]*





*[...] အချစ်ကို ဒါလင် နားလည်ချင်မှ နားလည်လိမ့်မယ်၊ အခု စာရေးရ [...]ကာလည်း ဒါလင့်ကိုစွပဲ၊ ရှီစီတို့ရဲ့ ဆရာကြီး စနေမောင်မောင်နဲ့ ဒါလင် [...]ဟာ ရှမ်ဘဲလားကို အတူတကွ ရောက်ခဲ့ကြတယ်၊ အဲဒီကနေပြီးတော့ [...]လင်က ကင်းဆော်လမ္ဘန်ကျမ်းစာအုပ်ကြီးကို ခိုးယူလာတာ၊ ရှီစီတို့ဆ [...]ကြီး စနေမောင်မောင်ကတော့ အဲဒီကျမ်းစာအုပ်ကြီးကို စိတ်မဝင်စား [...] ကင်းဆော်လမ္ဘန်ရဲ့ လက်စွပ်ကိုပဲ ယူလာခဲ့တယ်၊ အခုတော့ ဆရာ [...] စနေမောင်မောင်ကို စနေဂိုဏ်းသားတွေက ဖမ်းမိသွားပြီ၊ ဘာပဲဖြစ် [...] ဆရာကြီး မသေပါဘူး၊ တစ်နေ့နေ့ ပြန်ပေါ်လာမှာပါ၊ ဆရာကြီးဟာ [...]လိုပဲ သေတယ်ဆိုပြီး ပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက် ဖြစ်ခဲ့တာများ [...]ပဲ၊ အင်း- ရှီစီ ပြောချင်တာ ဒါမဟုတ်ဘူး၊ ဆရာကြီး စနေမောင်မောင် [...]ဟာ ဒါလင့်ဆီက စာအုပ်ကြီးကို ခုထိတော့ စိတ်မဝင်စားသေးဘူး၊ တစ်နေ့ [...] တစ်ချိန်ချိန်မှာ စိတ်ဝင်စားချင်လည်း စိတ်ဝင်စားလိမ့်မယ်၊ အဲဒီအခါ [...]ရင် ဒါလင့်ဆီကနေ အဲဒီစာအုပ်ကြီးကို သူတောင်းလိမ့်မယ်၊ သူတောင်း [...]အခါမှာ ဒါလင့်အနေနဲ့ လွယ်လွယ်ကူကူ ပေးလိုက်ဖို့ပါပဲ၊ မပေးဘူး [...]ရင်တော့ သူဟာ အသက်အထိ လုပ်ကြံချင် လုပ်ကြံလိမ့်မယ်၊ အဲဒီလို [...]ကြံတဲ့ ကိစ္စမှာလည်း တခြားလူကို သုံးမှာမဟုတ်ဘူး၊ ဗနာဂျီနဲ့ ရှီစီတို့ [...]မောင်နှံကိုပဲ သူက တာဝန်ပေးလိမ့်မယ်၊ ရှီစီ ဒါလင့်ကို မသတ်ချင်ဘူး၊ [...]ပေမဲ့ သူက တာဝန်ပေးရင်တော့. . .*

*တစ်ခါက ချစ်ခဲ့ရသော*

*ရှီစီ*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ထိုစာကိုဖတ်ပြီးနောက် တောက်တစ်ချက် ခေါက်မိလိုက်၏။

'တောက်'

ထို့နောက် ကျွန်ုပ်၏ စိတ်၌

"အရေးထဲ ဒီကောင်မက ဘယ်က ပေါ်လာပြန်ပြီလဲ၊ ဘာပဲဖြစ်ဖြစ် ငါ့ကို သတ်မယ်လို့ ခြိမ်းခြောက်တာပဲ၊ ဘယ်သူပဲ တောင်းတောင်း ဒီစာအုပ်ကြီးကို မပေးနိုင်ဘူး"

ဟု ရေရွတ်လိုက်မိလေတော့၏။

ကျွန်ုပ်သည် ရွှေဆောင်၌နေရသည်ကို စိတ်မလုံဘဲ ရှိလာ၏။ ထို အချိန်၌မှာပင် ကျွန်ုပ်သည် ဓားမြှောင်ဖြင့် အပေါက်ခံရပြန်လေ၏။ ထို ဓားမြှောင်သည် ကျွန်ုပ်၏ အင်္ကျီကော်လံကို ဖောက်၍ သစ်သားတိုင်၌ စိုက်နေလေ၏။ ထိုဓားမြှောင်၌လည်း စာပါလာသဖြင့် ဖတ်၍ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။

> *မစ္စတာ တန်တော်မိုး*
>
> *ကိုယ့်လူ ဘယ်ကိုပြေးပြေး မလွတ်ပါဘူး။*
>
> *ဘလက်ဘရားသား*

ကျွန်ုပ်သည် ထိုစာအုပ်ကိုဖတ်ပြီးနောက်

"ဘယ်လိုပြေးပြေး လွတ်မှာလည်း မဟုတ်ပါဘူး၊ သေမယ့်အတူတူ







ငါ့အိမ်မှာပါ အသေခံတာ ကောင်းတယ်"

ဟု စိတ်တွင်း၌ ဆုံးဖြတ်လိုက်လေ၏။

ထိုနေ့ရထားနှင့်ပင် အိမ်သို့ ပြန်လာခဲ့လေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



# ကြောက်၍ရှတ်မိပါသည်

ကျွန်ုပ်သည် ကျွန်ုပ်၏အသက်ကို သေလိုက သေဟု သဘော ထား ိုက်သော်လည်း အမှန်စင်စစ် သေရမည့်ဘေးကို တကယ်ရင်ဆိုင်ရ ည်ဆိုသောအခါ၌ ကြောက်ရွံ့မိတော့၏။ ကျွန်ုပ်သည် မည်သည့်အစာ ို စားသည်ဖြစ်စေ သေဘေးက ခြောက်လှန့်နေသောကြောင့် မစားနိုင် ဲ ရှိလေ၏။ အစားကိုသာ မစားနိုင်သည်မဟုတ်။ အအိပ်၌လည်း နှစ် ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်ဟူ၍ မရှိ။ ကြောက်စိတ်ကြောင့် တဖျတ် တ် လန့်၍ နိုးနေလေ၏။ အိပ်ပျော်သည်ထားဦး။ အိပ်မက်ထဲ၌ ကြောက် ့တုန်လှုပ်၍ ပြေးလွှားနေရ၏။ ထို့ကြောင့် ကျွန်ုပ်သည်

လာဘ်မိုးရွှေ

www.burmeseclassic.com

www.burmeseclassic.com



"စားကောင်းခြင်းမစားရ၊ အိပ်ကောင်းခြင်းမအိပ်ရ"

ဆိုသည့် စကားအတိုင်းဖြစ်လေ၏။ တစ်နေရာတည်းတွင် စိတ်အေ လက်ဒေအး ငါးမိနစ်ခန့်ပင် ထိုင်နေနိုင်ခြင်းမရှိတော့ပါ။ တပေါင်းလပြ နေ့နှင့် နီးလာလေ ပို၍ကြောက်လာလေ ဖြစ်တော့၏။ အဖိတ်နေ့ ရောက်သောအခါ၌ 'ဪ ငါ့ရဲ့ သေမင်းတွေ မနက်ဖြန်လာကြမှာ လား' ဟု စိတ်တွင်း၌ ရေရွတ်မိသည့်အလျောက် ကျောတွင်းတစ်လျှေ စိမ့်ခနဲ ဖြစ်သွားလေတော့၏။ ထိုသို့ ဖြစ်သွားပြီးနောက် ကျွန်ုပ်သည် ဆောက်တည်ရာ မရ ဖြစ်လာ၏။ ထို့ကြောင့် ကျွန်ုပ်၏ ပါးစပ်မှ ကရာများ ရွတ်ဆိုလာတော့၏။ အမြီးအမောက် မတည့်သော သီချ များ၊ လင်္ကာများ၊ ကလေးများဆိုသော ပေါက်ပန်းဈေး စကားများသ ကျွန်ုပ်၏ ပါးစပ်မှ တရစပ် ထွက်နေလေတော့၏။

အမှန်စင်စစ်အားဖြင့် ရူးသွပ်သောသူများသည် ကျွန်ုပ်ကဲ့သို့ ပြောချင်ရာပြော၍ ဆိုချင်ရာ ဆို၊ အော်ချင်ရာအော်နေကြခြင်းဖြစ် လိမ့်မည်။

"ကြည်ကြည်ရေ. . . နင့်ဖင်အောက်မှာ မြွေ
ရေတွေကြီးလို့ မျှောကြီးတွယ်လိမ့်မယ်၊
ချစ်မယ် ကြိုက်မယ် ချောနှမခင်ခင်
အင်္ဂလန်က ဘင်သံ နားဝင်ချိုပြန်
အတန်တန် ပြန်မလာနိုင်
မလိုင်နဲ့ နံပြား စားပါတော့လား။





ကျား. . . ကျား. . . ဟား. . . ဟား
ကျွဲနဲ့ ယုန်သူငယ် ပျော်ဖွယ်ဖိုမ
မြူးထူးကြ စုံတောဟာ မဟာမြိုင်တွေ
ရာဇဂဟော တောင်ရိုင်းလုံး
ပိတ်ဖုံးမြိုင်မြိုင် ဂနိုင်ရစ်သန်း
ရေယာဉ်စမ်းဖြင့် ပျော်မြန်းသွယ်မှု
အပေါင်းစုလျက် ရတုသုံးလီ
ခါညီသိမ့်မသိမ့် တမြိမ့်မြိမ့်နှင့်
နှစ်သိမ့်မနော အံ့ဩမကုန်
ပြည့်စုံထိုထို နဂိုပညက်
ပြည်မြတ် မြန့်ပြော
စတ္တာရော ပုဂ္ဂလောစ လေးဦးသော ပုဂ္ဂိုလ်အကျော်
အရှင်ကောင်း အရှင်မြတ်တို့သည်လည်းကောင်း။
တသိတသတ သဟာသာစရိယာစ၊ ရှစ်သောင်းကုန်သော
ဆရာသခင် ကျေးဇူးရှင် အပေါင်းတို့သည် လည်းကောင်း။
အဋ္ဌာရသ၊ ပိပ္ပေဟိစ၊ တစ်ဆယ့်ရှစ်ရပ်သော အတတ်ကြီးတို့ကို
လည်းကောင်း။ ကာလာမည့်သာ ခြောက်ဆယ့်လေးရပ်သော
အတတ်ငယ် တို့သည်လည်းကောင်း၊ ဒသသိဒ္ဓိ၊ ဆယ်ပါးသော
သိဒ္ဓိတို့သည်လည်းကောင်း၊ ပတ္တာ၊ ရောက်တော်မူကြကုန်ကြ
ပေါက်တော်မူကုန်ကြသော ပေါက်ဆရာ ခြောက်ဆယ့်လေးယောက်



www.burmeseclassic.com

www.burmeseclassic.com



တို့၏ တပည့်ကြီး အစစ်အမှန် အကျွန်ုပ် ငတန်ကျော်ဟိုး တန်တော်
မိုးခေါ် လောက် တပည့်ကြီးတစ်ယောက်က ကန်တော့ကြီး ကန်တော့
ပါသည်။ ဆရာရှင်မထီး၊ ရှင်အဂ္ဂဂေါ ဏ၊ မမွှေစေတီ၊ မင်းခေါင်
ဘိုးဘိုးအောင်၊ ဦးအောင်ရသေ့၊ ဆံရှည်ကိုယ်တော် ဦးမွေ့ရာ
အစရှိသော သံဝိဇ္ဇာ ပြဒါးဝိဇ္ဇာ၊ လူဝိဇ္ဇာနတ်လူဝိဇ္ဇာ၊ အင်းလူဝိဇ္ဇာ
ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ ဓမ္မစေတီ
ဝိဇ္ဇာ၊ သေလည်ကြောင်မင်း သခ်ရာဇရေတိမ်ဆရာတော်၊ တောင်
ဖီလာဆရာတော်၊ တောင်လေးလုံး၊ တောင်ကိုးလုံးဆရာတော်
မယ်ထက် ဆရာတော်၊ ခဝဲတောင်ဆရာတော်၊ ငွေသံကြားဆရာ
တော်၊ ရှင်အရဟံ၊ ဘားမဲ့ဆရာတော်၊ ဘားလေးပါးအကျော်နှင့်တကွ
လျှာရှည်ကိုယ်တော်၊ အထုပ်တစ်ရာ ကိုယ်တော်၊ ယောင်ကိုယ်တော်
ကျားကိုယ်တော်၊ တက်ကိုယ်တော်၊ ဘိုးတော်ဝါယမ၊ ဏ္ဍဒွါသဏ္ဍ
ဂေါဝိန္ဒရသေ့၊ ဒိဗ္ဗစက္ခုရသေ့၊ ဝဏ္ဏလက်ာရရသေ့၊ မနောမယ
သိဒ္ဓိရှင်၊ ဆရာဖြူ၊ ဆရာငြိမ်း၊ ဆရာမှဲ့၊ ဆရာကြီး ဦးနေထက်
ဦးချမ်းလှိုင်၊ ဇောမိပင်ဆရာဆိုင်၊ အောင်တော်မူ ဆရာထယ်၊ ဆရာ
မုတ်ဆိတ်၊ ဆရာဝင်ကြီး၊ ဦးစိန္တာဘိုးတော်၊ ပုဏ္ဏားတော် ဒက္ခယော
ဦးခေါင်၊ ဦးရဲသူ၊ ဆင်ထောင်ဆရာကွမ်း၊ မင်္ဂလာရှန်အောင်
သိဒ္ဓိရန်အောင်၊ ရက်ကန်းစင်တောင် ဦးဩဘာသ၊ ဦးအာသ
ဦးအာ ဇိစ္ဆ၊ ဦးဥက္ကံသ၊ မြောင်းမြဦးအောင်ချမ်းသာ၊ စကြာကိုယ်တော်
မန္တလေးတောင်ခြေ ဦးအေးဖေ ကိုယ်တော်စား အပွားပြု၍ ဘိုးပွား





မည်သော ဘိုးတော်ပွား၊ မဟာမြိုင် ပျော်သာရ ဂန္ဓာရ ရသေ့ အဘ
ဦးစိန်ခန့် ဆရာ တော် နတ်စက်ရောင်၊ ရှမ်းဆရာကြီး ပခေါယို၊
မဟာမြိုင်ဆရာတော်၊ အကျော်တဝ ဦးသမ္ဗဝသမုတိ၊ ရွှေမှောက်
ဦးအောင်မင်္ဂလာသိဒ္ဓိ၊ အစရှိ သော ဆရာသခင်တို့အား အကျွန်ုပ်
တပည့် တန်ဇောမိုးက ရှိခိုး၍ အင္ဂာ ဒိတ္တာ၊ ယနေ့ကိုအစပြု၍။
အတ္တာနံ၊ မိမိကိုယ်ကို၊ နယာဒေမိ အပ်နှင်းပါ၏။ မံ တပည့်တော်ကို၊
အန္တေဝါသိကောတိ၊ အတွင်းစည်းနေ၊ တပည့်ရင်းဟူ၍ ဒါရထ၊
မှတ်တော်မူ ကုန်ကြပါကုန်လော့”

မည်သို့ဖြစ်သည်မသိ။ ကျွန်ုပ်သည် ပေါက်တတ်ကရာများ ဆိုနေရာမှ
ကြားဖူးနားဝရှိသော ထွက်ရပ်ပေါက် ဆရာတို့၏ အမည်နာမများကို
ရွတ်ဆို၍ ကျွန်ုပ်ကိုယ် ကျွန်ုပ် ရင်းဆရာတို့ထံသို့ အပ်နှံပြီးသားဖြစ်နေ၏။

’ထိုသို့ ပြုလုပ်လိုက်သဖြင့် ကျွန်ုပ်ရင်၌ အတော်အတန် ပေါ့ပါးသွား
၏။ ကြောက်စိတ်များလည်း အတော်အတန် ပြေပျောက်သကဲ့သို့ ရှိသွား
၏။ အဘယ့်ကြောင့် ဤသို့ဖြစ်သနည်းဆိုမူ အစတွင် ကျွန်ုပ်၌ အားကိုး
ဖွယ်ရာ ဆို၍မရှိ၊ ယခုမူ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏ တပည့်ဟု ခံယူ
လိုက်၍ အားကိုးရာ ရသွား၏။ ထို့ကြောင့် ကြောက်စိတ်များ လျော့ပါး
သွားခြင်းဖြစ်တန်ရာ၏။

ထိုအချိန်၌ ကျွန်ုပ်၏ နားတွင် စူးခနဲဖြစ်၍ အသည်းနှလုံးများ
ပြုတ်ထွက်လုခမန်း ကြောက်မက်ဖွယ်ရာကောင်းသော ကြေးစည်ထုသံကို
ကြားရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ကျွန်ုပ်သည် မျက်စိကို စုံမှိတ်ထား၏။ ကလေးငယ်များသည် ကြောက်လန့်သောအခါ၌ မျက်စိကို စုံမှိတ်သကဲ့သို့ရှိ၏။ ထိုအချိန်၌

"တယ်ဟုတ်ပါလား မစ္စတာတန်တော်မိုး. . . ဝိဉာဉ်တွေရဲ့ တပည့် အဖြစ် ခံယူလိုက်ပြီကိုး"

ဟူသော အသံကိုကြားရလေ၏။ ထိုအသံကို ကျွန်ုပ် ကျက်မိသကဲ့ သို့ရှိ၏။ ထို့ကြောင့် ကျွန်ုပ်သည် ခေါင်းကို အသာအယာ ငုံ့စောင်း၍ မျက်စိကို အသာအယာ ဖွင့်လိုက်၏။

ကျွန်ုပ်သည် အသံရှင်ကို မြင်လိုက်ရသော တစ်ခဏ၌ ကျွန်ုပ်၏ ရင်၌ ဟင်းလင်းပွင့်သွားသကဲ့သို့ ခံစားရ၏။ ထို့နောက် ကျွန်ုပ်က အားရဝမ်းသာ ခေါ်လိုက်၏။

"မဟာမြိုင် ဂွတို"

ကျွန်ုပ်အား ရှမ်ဘဲလားခေါ် မဟာမြိုင်မှ လိုက်၍ပို့ခဲ့သော ဂွတို ပင်ဖြစ်၏။ ဂွတိုသည် ဦးပြည်းကို ပြောင်အောင်တုံးထား၏။ ဘိုးသူတော် ကဲ့သို့ ဝတ်ထား၏။ တောင်းနှစ်လုံးကို ထမ်းပိုးဆိုင်းထမ်းနှင့်တကွ ထမ်း ထား၏။

လက်တွင်း၌ ကြေးစည်နှင့် ကြေးစည်ထုဘုကို ကိုင်ထား၏။ ဂွ တိုသည် ကျွန်ုပ်အား ပြုံး၍ကြည့်နေ၏။

"ကျုပ် ကိစ္စပြီးသွားပြီ၊ မနက်ဖြန် တပေါင်းလပြည့်နေ့ပဲ၊ ကိုယ့် သေရမယ့်နေ့ပေါ့၊ ကိုယ့်လူကို ကယ်ခွင့်တော့ မရှိဘူး၊ ဒါပေမဲ့ ခု





ကိုယ့်လူ ရွတ်လိုက်တဲ့ ဝိဉာဉ်အတွင်းစည်း တပည့်အဖြစ် ခံယူတဲ့ ကန်တော့ခန်းကြောင့် ကိုယ့်လူအတွက် မျှော်လင့်ချက်တွေ အများကြီးရှိတယ်၊ အဲဒီတော့ ကိုယ့်လူတိုက်ရဲ့ အောက်မှာ မြေတိုက်ရှိတယ်၊ အဲဒီထဲမှာ သွားနေ၊ နတ်တော်လပြည့်နေ့အထိ နေရမယ်၊ လုံးဝ အပြင်မထွက်နဲ့၊ အပြင်မှာတော့ မနက်ဖြန်မနက် အရုဏ်တက်က စပြီး အိုးတစ်လုံးထားပေးမယ်၊ ကဲ. . . ကျုပ်သွားမယ်၊ ကိုယ့်လူလည်း မြေတိုက်အောင်းဖို့ စီစဉ်ပေတော့"

ဟု မဟာမြိုင်ဂွတိုသည် ကြေးစည်ကို ထုလိုက်လေ၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ထိုကြေးစည်သံသည် ပထမကြားလိုက်သော ကြေးစည်သံနှင့် မတူတော့ပေ။

ကျွန်ုပ်နား၌ နားဝင်ချိုလှ၏။ ကျွန်ုပ်၏ခန္ဓာကိုယ်အတွင်းရှိ အင်အားလျော့နေသော နှလုံးကျောက်ကပ်တို့သည် လည်းကောင်း၊ အသွေးအသားတို့သည်လည်းကောင်း ရုတ်တရက် အားပြည့်လာသကဲ့သို့ ခံစားရလေတော့၏။

ဂွတိုထွက်သွားလျှင်ထွက်သွားချင်းကျွန်ုပ်သည်ကိုးလစားသောက်နေထိုင်နိုင်မည့် စည်သွပ်ဗူးများ၊ ခေါက်ဆွဲခြောက်များ၊ လက်ဖက်ခြောက်၊ သကြား၊ နို့ဆီ၊ ဆီ၊ ထောပတ်၊ ဆေးလိပ်၊ မီးခြစ်၊ ဖယောင်းတိုင်၊ ရေနံဆီ၊ တို့ခေါ် ရေနံဆီမီးဖို၊ ဖျားနာလျှင် သောက်ရန် ဆေးဝါးမှအစ လိုအပ်သော ပစ္စည်းများကို အားတက်သရော ဝယ်ယူလေ၏။ ပြီးလျှင် ထိုပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



များကို မြေတိုက်အတွင်းသို့ သွင်းလေ၏။

ပစ္စည်းများ မြေတိုက်အတွင်းသို့ ရောက်သောအခါ၌ ကျွန်ုပ်သည် မြေတိုက်အတွင်းသို့ ရေပိုက် သွယ်တန်းရလေ၏။

နောက်ဆုံး၌ မြေတိုက်သို့ဝင်ရန် အသင့်ဖြစ်သွားလေတော့၏။ ထို အချိန်၌ ကျွန်ုပ်၏ နားတွင်

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ဟူသော ကြေးစည်သံကို ကြားရပြန်သဖြင့် ကြည့်လိုက်ရာ ဋွတို့ကို တွေ့ရပြန်လေ၏။

"ကိုယ့်လူ. . . သော့နဲ့ သော့ခလောက်ပေး၊ တံခါးကို ကျုပ်အပြင်က သော့ခတ်ပေးမယ်၊ ပြီးတော့ ဟောဒီစာကိုလည်း တံခါးမှာ ချိတ်ထား ရမယ်"

ဟု ဆိုကာ ဆိုင်းဘုတ်ငယ်တစ်ခုကို သူ၏ တောင်းအတွင်းမှ ထုတ်၍ ပြလေ၏။

ထိုဆိုင်းဘုတ်မှာ အောက်ပါအတိုင်းဖြစ်၏။

**To Let**

"ဘာအဓိပ္ပာယ်လဲ သိလား"

ဟု ဋွတိုက ကျွန်ုပ်အား မေးလေ၏။

"တူလက်လို့ ရေးထားတာပဲ၊ အဲဒါ ငှားရန်လို့ အဓိပ္ပာယ်ရတယ်"





ဟု ကျွန်ုပ်က ပြန်၍ဖြေလိုက်ရာ

"မဟုတ်ဘူး၊ တူလက်ဆိုတာ တက်လူလို့ပြောတာ၊ ဝိဇ္ဇာစတ်ဆင် ထားတာ၊ ရေးတာတောင် တခြားမှာ ရေးခိုင်းတာ မဟုတ်ဘူး၊ သံဈေး က ပန်းချီဆိုင်မှာ သွားရေးထားတာ၊ သံဈေးဆိုတာ နိုင်မာတယ်လို့ အဓိပ္ပာယ် ရတယ်၊ သံဈေးမှ ပျက်ရင် ဈေးအားလုံးပျက်ပြီ၊ ဟောဒီမှာ အိုးတစ်လုံး လည်း ပါသေးတယ်၊ အဲဒီအိုးထဲမှာ မက်စေ့ကိုးစေ့ထည့် သပြေပန်းထည့် အဲဒီအိုးကို ကျုပ် ဟောဒီမှာ ချိတ်ပေးထားမယ်"

ဟု ဆိုကာ သံတံခါးကို ညွှန်ပြလေ၏။ ထို့နောက် ကျွန်ုပ်လည်း ဋွ တို့အား

"ကျုပ် မြေတိုက်ထဲ ဝင်ရတော့မလား"

ဟု မေးလေ၏။

"မြေတိုက်ထဲ ဝင်တယ်လို့ မပြောပါနဲ့၊ မြေလျှိုးတယ်လို့ ပြောရတယ်၊ ဒါမှ မြေလျှိုးပြီးရင်မိုးပျံရမှာ"

ဟု ဋွတိုက ပြောလေ၏။

"အခု မြေလျှိုးရတော့မှာလား"

ဟု ကျွန်ုပ်ကမေးရာ

"ဒီနေ့ အင်္ဂါနေ့၊ ရှစ်နာရီ နှစ်ဆယ့်လေးမိနစ်မှာ ကိုယ့်လူအတွက် ရာဇဓေတ်ကိန်းဓိတယ်၊ အဲဒီကျမှ မြေလျှိုးပေတော့၊ ကိုးမိနစ်လို သေးတယ်၊ စောင့်ဦး"

ဟု ဋွတိုက ပြောလေ၏။

ကျွန်ုပ်လည်း စောင့်နေရလေ၏။ ကိုးမိနစ် ပြည့်သောအခါ၌



www.burmeseclassic.com

www.burmeseclassic.com



ဂွတိုကပင် ကျွန်ုပ်အား

"ကဲ. . . ကိုယ့်လူအာကလူမျိုး. . . တန်တော်ပိုး. . . မြေလှိုးပေတော့" ဟုဆိုသဖြင့် ကျွန်ုပ်လည်းမြေတိုက်အတွင်းသို့ဝင်သွားရလေ၏။ များမကြာမီ၌ အပြင်တံခါးမှ သော့ခတ်သံကို ကြားရ၏။ ထို့နောက် ကြားရသော အသံကား-

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . . "



## ပြည်တော်ဝင်ဂွတို

ကျွန်ုပ်သည် မြေတိုက်အတွင်းသို့ ရောက်သည့်အချိန်မှစ၍ ကျွန်ုပ်၏ရှေ့ရေးကို တွေးတောမိလေ၏။ ထိုညက တောင်းစွာအိပ်မပျော်ခဲ့။ နံနက်မိုးလင်းသောအခါ၌ ကျွန်ုပ်၏ အိမ်ရှေ့သို့ လူတစ်စု ရောက်လာသော အသံကိုကြားနေရ၏။

"ဒီကောင်မရှိတော့ဘူး၊ သူ့အိမ်တောင် ငှားမယ်လို့ ဆိုင်းဘုတ် ချိတ်သွားပြီ၊ ဒီကောင် ဘယ်ကိုရောက်သွားပြီလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟူသော အသံများကိုလည်းကောင်း

"ဘယ်သွားရမှာတုံး၊ သူ့ဆရာစနေမောင်မောင်ရှိတဲ့ နေရာကို လိုက်

သွားမှာပေါ့"

ဟူသော ထင်မြင်ချက်အသံများကိုလည်းကောင်း ကြားရ၏။

ထိုအသံများမှာ ကျွန်ုပ်အား သတ်ရန်လာ၍ ချောင်းသောစနေဂိုဏ်း

သားများ သို့မဟုတ်၊ ဘလက်ဘရားသား ဂိုဏ်းသားများမှ လွဲ၍ အခြား

သူတို့ မဖြစ်နိုင်ပါ။

"ဘာပဲဖြစ်ဖြစ် ဒီကောင် ဒီကိုတော့ ပြန်ဝင်မှာပဲ၊ ငါတို့လမ်း ဟိုဘက်

ထိပ် ဒီဘက်ထိပ်ကနေ စောင့်ကြတာပေါ့"

ဟူသော အသံကိုလည်း ကြားရလေ၏။

ကျွန်ုပ်သည် မြေတိုက်အတွင်း၌ နားရွက်ပင် မခတ်ရဲအောင် ငြိမ်

၍ နေရလေ၏။ ညပိုင်းသို့ရောက်လျှင် ကျွန်ုပ်တိုက်၏ လှေကားအ

လွန်စွာကြီးမားသော ဝါးလုံးကြီးဖြင့် တခေါက်ခေါက် ခေါက်သည့်အသံ

ကြားရလေ၏။ ထို့နောက် အင်္ဂလိပ်ဘာသာဖြင့် ပြောလိုက်သော အော

ပါအဓိပ္ပာယ်ပါသည့် စကားကို ကြားရလေ၏။

"အိုး. ... ကြွက်ဖြူကလေး၊ လုံအောင် ပုန်းပေတော့၊ ကြောင်ပြ

ပြန်တော့မယ်၊ ဟေး. . . ဟေး. . . ဟေး. . ."

ကျွန်ုပ် ထိုအသံရှင်ကို ကောင်းစွာသိ၏။ ထိုအသံရှင်သည် အို

ယာလန်ပြည်သား ဘိုးသူတော်ကြီးပင်ဖြစ်၏။ သူသည် မြေတိုက်အတွ

၌ ကျွန်ုပ်ပုန်းနေကြောင်း ကောင်းစွာသိ၏။ မြေတိုက်အတွင်းသို့ ဝင်၍





ိုကလည်း လာနိုင်သော သိဒ္ဓိမျိုး သူ၌ ရှိ၏။ သို့သော် အဘယ့်

င့် ကျွန်ုပ်ထံသို့မလာဘဲပြန်သွားရသနည်း။ ကျွန်ုပ်သည်ထိုအကြောင်း

ကို သေသေချာချာ စဉ်းစားကြည့်လေ။ဤသို့စဉ်းစားကြည့်သော

ကျွန်ုပ်၏အိမ်ရှေ့တွင် ထိုးထားသော အောင်အိုးကြောင့်ဟု အဖြေရ

၏၊ အောင်အိုးဆွဲထားခြင်းသည် ဝိဇ္ဇာဂိုဏ်းဝင်တစ်ခုဖြစ်သည်ဟု

ခြင်းဖြစ်ရာ အိုင်ယာလန်ဘိုးသူတော် ကြီးအနေဖြင့် ကျွန်ုပ်အား

ပေးရန် မလိုတော့ပေ။ ဒုက္ခလည်း မပေးဝံ့တော့ပေ။ ကျွန်ုပ်၏ အပြစ်

တစ်ရာရှိလျှင် ကျွန်ုပ်၏ ဆရာသခင် ဝိဇ္ဇာများထံ တိုင်ကြားရန်သာ

၏။

ထို့ကြောင့် ၎င်းအနေဖြင့် ပြန်သွားခြင်း ဖြစ်တန်ရာ၏။ ဘလက်

သားနှင့် စနေဂိုဏ်းသားများမှာမူ သာမန်လူသားများဖြစ်သော

င့် ကျွန်ုပ်ချိတ်ဆွဲထားသော အောင်အိုး၏ အဓိပ္ပာယ်ကိုလည်း မသိ။

းအနက်လည်းမထားကြခြင်းကြောင့် ကျွန်ုပ်အား ၎င်းတို့ အနေဖြင့်

တိုင်ကိုယ်ကျ သတ်ဖြတ်ရန် ကျွန်ုပ်နေထိုင်သော ရန်ကုန်မြို့ (၁၅)

၏ ထိပ်တစ်ဖက်တစ်ချက်တွင် အလှည့်ကျ စောင့်နေကြ ခြင်းဖြစ်၏။

်သည် မြေတိုက်အတွင်း၌ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်

င် နေလိုက်၏။

ကျွန်ုပ် မြေတိုက်ထဲ၌နေကြောင်းကို ၎င်းတို့ မရိပ်မိကြပေ။ ၎င်းတို့

ဖြင့် ကျွန်ုပ်သည် အရပ်တစ်ပါးသို့ ထွက်သွားသည်။ စနေမောင်

်နောက်သို့ လိုက်သွားသည်။ သို့ရာတွင် နောက်ဆုံး၌ ဤအိမ်သို့



www.burmeseclassic.com

www.burmeseclassic.com

ပြန်လာရမည် တွေးထင်ကာ အိမ်အနီး၌ လာရောက်စောင့်နေကြ
ဖြစ်၏။

ကျွန်ုပ်သည် တိတ်တိတ်ဆိတ်ဆိတ် နေထိုင်ခဲ့၏။ သို့ရာတွင်
၌ မည်သို့ ဆက်လက်၍နေထိုင်ရမည်ကို မသိဘဲရှိနေ၏။ နောက်တ
အရုဏ်တက်တွင် ကြေးစည်သံကို ကြားရ၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ထိုကြေးစည်သံကြားပြီးနောက် အောက်ပါအသံကို ကြားရ၏

"ကောင်းစွာ နားသို့ရောက်စေသတည်း။
နားမှ နှလုံးသည်းပွတ်သို့ ရောက်စေသတည်း။
ဤလောကကြီး၌
အမွေးအကြိုင်ဆုံးသောပန်းသည် သီလ
အမွန်မြတ်ဆုံးသော အမြိုက်ဆေးသည် ခန္တီ
အတောက်ပဆုံးအရာသည် အကျင့်
အခိုင်အခံ့ဆုံး အရန်အတားသည်ကား သမာဓိ
ထက်မြက်ဆုံး လက်နက်သည်ကား သစ္စာ
အလုံအခြုံဆုံး အကာကွယ်သည်ကား မေတ္တာ
အဲဒါကြောင့်. . .
သီလ၊ ခန္တီ၊ အကျင့်၊ သမာဓိ၊ သစ္စာ၊ မေတ္တာ
ဤအရာခြောက်ပါးကို ဆောင်ပေတော့ မိတ်ဆွေကြီး"

ထိုအသံမှာ ဂွတို၏ အသံဖြစ်ကြောင်း ကျွန်ုပ် ကောင်းစွာ မှတ်





တိုသည် ကျွန်ုပ် ကြားနိုင်လောက်အောင် လာ၍အော်နေကြောင်း ကျွန်ုပ်
ကောင်းစွာ ရိပ်မိပါ၏။ ထို့နောက် ၎င်းက အောက်ပါအတိုင်း ဆက်လက်
အော်ပြန်၏။

"အရပ်လျှောက်မွှေနှောက်လည်း
အတည်မကျ ဘာဟီလိုက်
မိုက်လေတွေ စု ဖောဟာချိတ်လျှင်
အရှုံးများပင် ထင်ကြသေးတယ်။
လိုအင်အခရေး သိဒ္ဓိပေါက်၍
မမြောက်လေသေးတော့ ရှိဆွေးဗလာချာ
ဖျင်ပိုင်းကျိုက် ကျွတ်နာနာ
ကြမ္မာကံဝေ မြေမှာလျှိုးလို့ နေရတယ်။
အိုဘဲ့ အိုဟဲ့ အသင်ဝိဇ္ဇာလား။
နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ကျွန်ုပ်သည် ဘိုးသူတော်ဂွတို၏ အသံကိုကြားနေရ၏။ ၎င်းရွတ်
သော အမိပ္ပာယ်အရ သိဒ္ဓိပေါက်လမ်းကိုလိုက်သော ဝိဇ္ဇာလောင်းအား
[illegible] အယောင်မှ [illegible] အရှုံးပင် [illegible]ကြ၏။ ဆွေးရိုနေသော
ပိုင်းကို ဝတ်၍ မန္တန်များလည်း နာနာရွတ်နေရ၏။ ကံကလည်း မ
ကောင်းသေးသောကြောင့် [illegible] မှိုးနေရသည်ဟု အဓိပ္ပာယ်ရ
[illegible]၏။

ကျွန်ုပ်သည် ဘိုးသူတော်ဂွတိုအား ကျေးဇူးတင်နေမိ၏။ သည်



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်အား အသံဖြင့် ဆက်သွယ်အားပေးနေ၏။ ထို့ကြောင့် ကျွန်ုပ်သည် အနည်းငယ် အားတက်၍နေ၏။ ဘိုးသူတော်ဂွတိုကိုလည်း အထူး ရှုတင်မိတော့၏။

ကျွန်ုပ်သည် ထိုနေ့က စည်သွပ်ဗူး အသားဗူးတစ်ဗူးကိုဖောက် ထောပတ်ဖြင့် ကြော်ပြီးနောက် ထမင်းအနည်းငယ်ချက်ကာ စားသော ဝ်လေ၏။ ထို့နောက် နေ့လယ်ပိုင်းတွင် တရေးတမော အိပ်လိုက်၏။ ပိုင်းသို့ရောက်သောအခါ အိပ်စက်ခြင်းမပြုဘဲ ရန်သူ၏ အခြေအနေ စောင့်ဆိုင်း၍ အကဲခတ်ရလေ၏။ ထို့ကြောင့် တစ်ညလုံးလိုလို အိပ် ပျော်ဘဲ ရှိလေ၏။ နံနက် အရုဏ်တက်သောအခါ၌ ဘိုးသူတော်ဂွတို ကြေးစည်သံကို ထပ်မံကြားရလေ၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

"ဂွတို ပြည်တော်ဝင်လာတာ
ပြည်တော်ဝင် နားစိုက်ထောင်ကာ
ပြောပြချင်တယ်။ ဘုရားတရားသံဃာ
သုံးပါးရတနာ ညွတ်တွားပါ
ဒါ အရေးကြီးတာ"

ဂွတိုသည် သီချင်းလိုလို သံပေါက်လိုလို ရွတ်ဆိုလိုက်ခြင်းဖြစ် ကျွန်ုပ်သည် ကောင်းစွာကြားနေရ၏။ ဂွတိုသည် ပြည်တော်ဝင်လာပြီ ကျွန်ုပ်အား ပြောလိုက်ခြင်းပင်ဖြစ်၏။

ဤအတိုင်းဆိုလျှင် ဂွတိုသည် ထွက်ရပ်စခန်းသို့ အပြီးတိုင်ရော





သွားခြင်းဖြစ်၏။ သူသည် သာမန်လူ မဟုတ်တော့။ ဘိုးတော်ဂွတိုဟုပင် ဆိုထိုက်၏။

ယခုလည်း ကျွန်ုပ်ကို စောင့်ရှောက်နေ၏။ ရတနာသုံးပါးကို ကိုင်း ိုင်းရန် ကျွန်ုပ်အား သတိပေးနေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ၎င်း၏ သွန်ကြားချက်အတိုင်း ထိုနေ့မှ စ၍ ဘုရားတရားသံဃာတည်းဟူသော တနာသုံးပါးကို လေးလေးနက်နက်ကြီး ရှိခိုးကန်တော့တော့သတည်း။

ဗုဒ္ဓံ ပူဇေမိ
ဓမ္မံပူဇေမိ
သံဃံပူဇေမိ



www.burmeseclassic.com

www.burmeseclassic.com



## သစ္စာပြုပြီ

ကျွန်ုပ်သည် တပေါင်းလပြည့်ကျော် တစ်ရက်နေ့၌ နံနက် အရုဏ်
င်ချိန်မှစ၍ ဘိုးသူတော်ဂွတို၏ အသံကိုနားစွင့်ရ၏။ နံနက်ရှစ်နာရီ
လောက်တွင် ကြေးစည်သံနှင့် အတူ ၎င်း၏ အသံကိုပါ ကြားရလေ
င့်၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . . "

"နားဝင်အောင် နားဆင်ပါ အထက်မြက်ဆုံးလက်နက်ဟာ.
သစ္စာဖြစ်တယ်၊

**လာဘ်မိုးရွာ**

www.burmeseclassic.com

www.burmeseclassic.com



ရေမိုးချိုးပါ၊ အဝတ်သစ်လဲပါ၊

ဘုရားကို သောက်တော်ရေ မီးတိုင် အမွှေးတိုင်လှူဒါန်းပါ၊

ပြီးတော့ လေးဆယ့်ကိုးရက်ပတ်လုံး ဂုဏ်တော်ကို မပြတ်

ပုတီး စိပ်ပါမယ်လို့ သစ္စာပြုပါ"

ကျွန်ုပ်သည် ငွတို၏ အသံကိုနားထောင်ပြီးနောက် ရေမိုး အဝတ်အစားအသစ်လဲ၏။ ပြောသည့်အတိုင်း သောက်တော်ရေ ကာ ၏။ အမွှေးတိုင်ကပ်လှူ၏။ ထို့နောက် 'အရဟံ'အစ 'ဘဂဝါ'အဆုံးရှိ ဂုဏ်တော်များကို တစ်နေ့လျှင် ပုတီးပတ် ကိုးဆယ်နှုန်းဖြင့် ဆယ့်ငါးရက်လုံးလုံး ပုတီးစိပ်မည်ဖြစ်ကြောင်း ဘုရားတရားသံ အမှုုထား၍ သစ္စာပြုလိုက်လေ၏။

ထို့နောက် ကျွန်ုပ်သည် ပုတီးကို တွင်တွင်ကြီး စိပ်လေတော ထိုအခါ ငွတို၏ အသံသည် မလာတော့ပေ။ ကျွန်ုပ်သည် အထ ပြောသည့်အတိုင်း စိပ်ခဲ့ရာ တစ်နေ့ထက်တစ်နေ့ သမာဓိရင့်သန်လ နှစ်ဆယ်ခုနစ်ရက်ပြည့်သောနေ့တွင် အိပ်မက်တစ်ခုရလေ၏။ အိပ် မှာ တောနက်ကြီးထဲသို့ သွားရောက်၍ ကျောက်ကလပ်ပေါ်တွင် တ သော ပြဒါးဘုရားတစ်ဆူကို ဖူးရသည်ဟု ဆို၏။

ထိုဘုရားကို ဖူးရသည့်အခိုက်၌ ကျွန်ုပ်၏စိတ်တို့သည် ရွှ ကြည်နူးနေ၏။ ထို့နောက် ပုတီးများကို ဆက်၍စိပ်ခဲ့ရာ လေးဆ ရက်ပြည့်သောနေ့၌ အသက် ၃၅-နှစ် အရွယ်ခန့်ရှိ ပုဏ္ဏားကဲ့သို့ ဝ ထားသော ခပ်ချောချောလူတစ်ယောက်သည်၊ ကျွန်ုပ်၏ မြေတိုက်အ





သို့ ဝင်လာပြီးလျှင် ကျွန်ုပ်၏ပုခုံးကို ပုတ်လျက် -

"လမ်းက ဒီတစ်လမ်းပဲ ရှိတယ်၊

တခြားလမ်းကို မလျှောက်နဲ့၊

မောင်မောင်နဲ့ မတွဲနဲ့"

ဟု ပြောလေ၏။ ကျွန်ုပ်က-

"ဘယ်မောင်မောင်လဲ"

ဟု ပြန်၍မေးရာ ၎င်းက-

"ဘယ်မောင်မောင်ရှိရမလဲ၊ မင်းရဲ့ဆရာ စနေမောင်မောင်ပေါ့၊ အခု လည်း သူဟာ အလွန်အင်မတန် အန္တရာယ်များတဲ့ တိဗက်နယ်စပ်က မရဏာလိုဏ်ဂူထဲ သွားပြီ"

ဟု ပြောပြီး ပျောက်ကွယ်သွားလေ၏။

ထိုအခါကျမှပင် ကျွန်ုပ်လည်း လန့်၍နိုးလေတော့၏။ ထိုသို့လန့်နိုးမှ ပင် ကျွန်ုပ်အိပ်မက်မက်နေကြောင်း သိရတော့၏။

ထိုနေ့ နံနက်တွင် ထမင်းမစားဖြစ်ပါ။ ဆန်ပြုတ်အနည်းငယ်နှင့် လက်ဖက်ရည် တစ်ခွက်သာ သောက်မိတော့၏။ ၉-နာရီထိုးလောက်တွင် လမ်းပေါ်မှ ကြေးစည်သံကို ကြားရပြန်လေ၏။

"နောင် . . . ဝေ . . . ဝေ . . . ဝေ . . ."

ကြေးစည်သံကြားပြီးနောက် ဘိုးသူတော် ငွတို၏ အသံနေ အသံ ထားနှင့် ဆိုလိုက်သော တစ်ဖက်ပါ သီချင်းကို ကြားနေရ၏။

"လက်မှတ် နှစ်စောင် + + +၊ ချောင် ချောင် + + + မောင့်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ထားတာ၊ တန်ဖိုးဝယ်ထားတာ+ + +အားမနာ + + + ရည်းစား . ပေါ်တဲ့ + + +ကိုယ်လူချောင် + + + မောင် . . . မောင် . . . မောင် . . . စနေသားကိုမောင်မောင် + + +"

ကျွန်ုပ်သည် ထိုသီချင်းကို ကောင်းစွာသိ၏။ ထိုသီချင်းမှာ လွန်စွာ ခေတ်စားသော ဦးစကြာသီချင်းပင်ဖြစ်၏။ ဦးစကြာ သီချင်း၏ မူရင်းမှာ

"ကြာ ကြာ ကြာ ဦးစကြာ . . ."

ဟူ၍ဖြစ်၏။ ထိုအပိုဒ်ကို ဖိုးသူတော် ဂွတိုက 'မောင် မောင် မောင် . . . စနေသား ကိုမောင်မောင်' ဟူ၍ ပြောင်းလဲ သီဆိုလိုက်ခြင်း ဖြစ်၏။

ဘိုးသူတော် ဂွတို၏ သီချင်းအရ ကျွန်ုပ်နှင့် စနေမောင်မောင် အတွက် လက်မှတ်နှစ်စောင် ဝယ်ထားကြောင်း ထိုလက်မှတ်မှာ မဟာမြိုင် ပွဲကြီးသို့ ဝင်ရန် လက်မှတ်ဖြစ်ကြောင်း၊ စနေမောင်မောင်မှာ ရည်းစားများ သူနှင့်တစ်ကြောင်း၊ ပထမရည်းစားနှင့် ချိန်းပြီးမှ မလာဘဲ အခြား သော ရည်းစားများနှင့်လိုက်သွားသည်နှင့် တူကြောင်း၊ ထို့ကြောင့် ကျွန်ုပ်အား စနေမောင်မောင်ကဲ့သို့ မပြုလုပ်ရန် သတ်မှတ်ထားသော လမ်းစဉ် တစ်ခု တည်းကိုသာ တစ်စိုက်မတ်မတ် လိုက်လာရန် ဘိုးသူတော်ဂွတိုက သတိ ပေးလိုက်ခြင်းဖြစ်၏။

ထို့နောက် ဘိုးသူတော်ဂွတိုက ခကြီးစည်ထုပြန်၏။

"နောင် . . . ဝေ . . . ဝေ . . . ဝေ . . . "

"နားဝင်အောင် နားဆင်ပါ၊

နှစ်ရာနှစ်ဆယ့်ငါးသွယ်၊ ရက်ပေါင်းဝယ်





သရဏဂုံပွားနေမည်၊

သရဏဂုံ သုံးသွယ်၊ ကြိုးလတ်ငယ်

အစဉ်အတိုင်း ပွားဆိုလှယ်"

"နောင် . . . ဝေ . . . ဝေ . . . ဝေ . . . "

[illegible]၏ [illegible]သည် [illegible]သွားပြီဖြစ်၏။ ၎င်းရွတ်ဆိုခဲ့သော [illegible]များကိုလည်း ကျွန်ုပ်သည် ပြန်လည်ရွတ်ဆိုပြန်၏။ ကျွန်ုပ်သည် မြေဖိုက်အကွက်၌ ကိုးလ သို့မဟုတ်၊ ရက်ပေါင်း နှစ်ရာခုနစ်ဆယ် [illegible] အောင်[illegible]ပြီဖြစ်၏။ ယခု လေးဆယ့်ငါးရက် အောင်းပြီးဖြစ် [illegible] သို့နှစ်ရာနှစ်ဆယ့်ငါးရက်အား [illegible] ခုနစ်ဆယ့်ငါးရက်[illegible]၏။ ထိုခုနစ်ဆယ့်ငါးရက် သုံးပုံတွင် [illegible] သံဃာသရဏံဂစ္ဆာမိ"ဟု ဆိုအပ် [illegible]၏။

ဤသို့ ပွားများရာ၌လည်း ရှိုးရှိုး သရဏဂုံ သုံးပါးကို ပထမခုနစ်ဆယ့် [illegible]အတွင်း ပွားများရမည်။ ထို့နောက် သရဏဂုံ သုံးဆယ်ကို ပွားများ [illegible] သရဏဂုံသုံးဆယ် ဆိုသည်မှာ ဇာတိပတိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိမှ [illegible]၍ နိဗ္ဗာန်ကာလ ပရိယန္တံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိတိုင်အောင် အဆင့် [illegible]ဆိုသွားရသော နည်းဖြစ်၏။

[illegible]တော်ဘုရားကြီး ဝါတွင်းလေးလပတ်လုံး [illegible]သော မဟာသရဏံ ဂုဏ်တော်ကြီးပင်ဖြစ်၏။ ဤသို့လျှင် အငယ် [illegible]မှ [illegible]ကြီးအထိ အစဉ်အတိုင်း ခုနစ်ဆယ့်ငါးရက်



www.burmeseclassic.com

www.burmeseclassic.com

ပွားများရမည်ဟု ဆိုလိုခြင်းဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဘိုးသူတော်ဌွတို ညွှန်ကြားသည့်အတိုင်း မနေမနား ပွားများရလေတော့၏။ ခုနစ်ဆယ့်ငါးရက်မြောက်သောနေ့တွင် ပုပ္ပါးတောင်ကြီးကို အိပ်မက်မက်လေ၏။ ထိုတောင်ကြီးပေါ်သို့ တက်သွားရသည်ဟုပင် မက်၏။ ဒုတိယအသုတ်ဖြစ်သော သရဏဂုံ သုံးဆယ်ပြီးသောအခါ၌မူ ကျိုက်ထီးရိုးတောင်ကို တက်ရသည်ဟု အိပ်မက်မက်ပြန်၏။

နောက်ဆုံး မဟာသရဏဂုဏ်တော်ကြီး အဓိဋ္ဌာန်ပြီးသောအခါ၌ ဟိမဝန္တာတောင်ကြီးကို တက်ရသည်ဟု အိပ်မက်မက်လေတော့၏။

ထိုအဓိဋ္ဌာန်ပြီးနောက် တရက်မှာ နတ်တော်လပြည့်ကျော် ၁-ရက်နေ့ဖြစ်၏။ ကျွန်ုပ်သည် မြေတိုက်အတွင်းမှနေ၍ လမ်းမဆီမှ အသံများကို စောင့်မျှော်နေ၏။ ထိုအချိန်၌ပင် ကြေးစည်သံကို ကြားရလေ၏။

"နောင်. . . . . ဝေ. . . . . ဝေ. . . . . ဝေ. . . . . ဝေ"

"အတွင်းအောင်းတဲ့ ပုဂ္ဂနိုလ်. . . ထွက်လှည့်ပါဦး"

ကျွန်ုပ်သည် မြေတိုက်အတွင်းမှ ထွက်ခဲ့ရပါ၏။ ထွက်ခါစတွင် ဒယီးဒယိုင်ဖြစ်နေ၏။ ကျွန်ုပ်သည် တံခါးကို ဖွင့်၍အပြင်သို့ထွက်လာရာ ဘိုးသူတော် ဌွတိုကို မြင်ရလေ၏။

ဘိုးသူတော်ဌွတိုသည် ကျွန်ုပ်ကို တွေ့လျှင်တွေ့ခြင်း-

"အောင်ပြီ. . . . . အောင်ပြီ "ဟု အော်ပြီးလျှင် ကြေးစည်ကို ထုလေ၏။

"နောင်. . . . . ဝေ. . . . . ဝေ. . . . . . ဝေ"





ထို့နောက် ၎င်းက-

"နောက်ကြောင်းဘာမှ ပြန်ကြည့်မနေနဲ့၊ ကျုပ်နဲ့လိုက်ခဲ့ပေတော့၊ ရန်သူတွေ ခရီးထွက်သွားတုန်း ဒီကပြေးရမယ်၊ အိမ်ကို ဒီအတိုင်းထားခဲ့၊ နောက်ခေါင်းတင်းနဲ့ ကိုယ့်လူအတွက် ရှေ့မှာတော့ တက်လမ်းတွေချည်းပဲ၊ တောင်တွေတက်ရမှာကို ပြောတာ၊ ပုပ္ပါးတောင်၊ ကျိုက်ထီးရိုးတောင်၊ ဟိမဝန္တာတောင် ဟဲ. . . . ဟဲ . . . . ဟဲ"

ဟု ဘိုးသူတော်ဌွတိုက ရေရွတ်ပြီးနောက် ကြေးစည်ကိုထုလိုက်တော့သတည်း။

"နောင်. . . . . ဝေ. . . . . ဝေ. . . . . . ဝေ"



www.burmeseclassic.com

www.burmeseclassic.com



## တက်လမ်း

ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်၏ လက်ကိုဆွဲ၍ ခေါ်သွား၏။ ကျွန်ုပ်မှာ မြေတိုက်ထဲတွင် အချိန်အတော်ကြာနေခဲ့ရသောကြောင့်လမ်းလျှောက်ရာ၌ အသားမကျဘဲ ရှိနေလေ၏။

"ဖြည်းဖြည်းသွားစမ်းပါ ဘိုးသူတော်ရယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ-

"ဖြည်းလို့မရဘူး ကိုယ့်လူရဲ့ သေမင်းတွေက အနံ့ရသွားတာနဲ့ ကိုယ့်လူအတွက် မတော်ဘူး၊ ဒါကြောင့် မြန်မြန်သွားရတာ၊ မိအောင်ကြိုးစားလိုက်ပေတော့"

ဟု ဆိုကာ ဘိုးသူတော်ဂွတိုသည် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းလေ၏။ ထို့နောက် ပဲခူးသို့သွားကာ ကုန်ကားတစ်စီးကိုတွေ့လျှင် ထိုကားအားရပ်ခိုင်းပြီးလျှင် ၎င်းက ရှေ့မှ ကားပေါ်တက်၏။ ကျွန်ုပ်လည်း ၎င်း၏

လာဘ်မိုးရွေ

www.burmeseclassic.com

www.burmeseclassic.com

နောက်မှ ထပ်ကြပ်မကွာလိုက်၍ တက်ရလေ၏။ ကုန်ကားမှာ ဆန်များတင်သောကားဖြစ်၏။ ဘိုးသူတော်နှင့်ကျွန်ုပ်သည် ဆန်အိတ်များပေါ်တွင်ထိုင်၍ လိုက်ပါလာခဲ့ရတော့၏။

ဘိုးသူတော်ဂွတိုသည် ငြိမ်ငြိမ်မလိုက်။ ကြေးစည်တနောင်နောင်ထု၍ လိုက်ပါလာ၏။ ထို့ကြောင့် ကျွန်ုပ်က-

"ဘိုးသူတော်-ဘာဖြစ်လို့ ကြေးစည်ကို အကြောင်းမဲ့ တနောင်နောင် **ထုနေရတာလဲ**"

ဟု **ပြောလိုက်လေ၏။** ထိုအခါ ဘိုးသူတော်ဂွတိုက-

"ကိုယ့်လူ ဘာသိလို့လဲ၊ အန္တရာယ်ကင်းအောင် မာတ်ဆင်လာတာ"

ဟု ပြန်၍ပြောလေ၏။

"ဘယ်လို မာတ်ဆင်လာတာလဲ၊ ကျုပ်ကိုလည်း ရှင်းပြပါဦး"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ကြေးစည်သံဆိုတာ ရိုးရိုးလူအတွက် ကြေးစည်သံပဲ၊ လောကီလမ်းမှာဆိုရင်တော့ ဒီအသံဟာ ကျားသံ၊ ခြင်္သေ့သံပဲ၊ ရန်သူကို ကာကွယ်နိုင်တယ်၊ ကြေးဆိုတာက တနင်္လာနံ ကျားလေ၊ စည်ဆိုတာက အင်္ဂါနံ ခြင်္သေ့လေ၊ နားလည်ပြီလား"

ဟု ကျွန်ုပ်အား ဘိုးသူတော်ဂွတိုက ပြန်၍ရှင်းပြလေ၏။

"ဒီလိုဆိုလည်း ထုဗျာ၊ ခင်ဗျားသဘောကျရင် ပြောဦး၊ ကျုပ်ထုမယ်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ကိုယ့်လူထုလို့ စွမ်းမှာမဟုတ်ဘူး၊ ဘိုးသူတော်ထုမှ စွမ်းတာ၊ ဘာ





ဖြစ်လို့လဲ သိလား။ ဘိုးသူတော်ဆိုတာ (၅-၆-၇)ရတယ်၊ အားလုံးပေါင်းရင် (၁၈)ရတယ်၊ အဲဒါကို ပေါင်းလိုက်ရင် (၉)ရတယ်၊ ဟုတ်လား၊ အဲဒါကြောင့် ဘိုးသူတော်ဟာ နဝင်းရတယ်"

ဟု ကျွန်ုပ်အား ပြန်ပြောလေ၏။ ထိုအခါ၌ ကျွန်ုပ်က-

"ဪ . . . ဒီလိုကိုး"

ဟု ရေရွတ်လိုက်ရာ ဘိုးသူတော်ဂွတိုက-

"ကိုယ့်လူကို ပြောထားရဦးမယ်၊ ဘိုးသူတော် နဝင်းရတာ မဟုတ်ဘူး၊ သီလရှင်လည်း နဝင်းရတယ်၊ သီလရှင်ဆိုတာ (၆-၄-၈)မဟုတ်လား"

ဟု ပြန်ပြောလေ၏။

"နဝင်းရတော့ ဘာဖြစ်သလဲဗျာ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်က-

"မာတ်ကိန်းမှာ နဝင်းက အရေးကြီးတယ် ကိုယ့်လူရဲ့၊ လောကမှာ ဘုန်းဂုဏ်အာနိသင်ဟာ အကြီးဆုံးမဟုတ်လား"

ဟု ပြောပြန်လေ၏။ ဤသို့နှင့်ပင် ကျွန်ုပ်တို့ စီးလာသောကားသည် ပဲခူးမြို့ ရောင်သို့ ရောက်လာ၏။ ဘိုးသူတော်က ကားကို ရပ်ခိုင်း၏။ ကားရပ်လာအခါ၌ ဘိုးသူတော်ရော ကျွန်ုပ်ပါ ဆင်းကြလေ၏။ ထို့နောက် ဘိုးသူတော်က ကျွန်ုပ်အား တောလမ်းကလေးအတိုင်းခေါ်၍သွားရာ ရသေ့ဆရာဦး၏ ကျောင်းသခ်ိန်းသို့ရောက်လေ၏။ ထိုရသေ့သည် ဘိုးသူတော်သူ့ကို မြင်လျှင် အားရပါးရဆီး၍ကြို၏။ ထိုင်၍လည်း ကန်တော့၏။ ဘိုးသူတော်ဂွတိုက-



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ရသေ့ဗန္ဓက၊ သူ့အတွက် ပစ္စည်းတွေစုံပြီလား"

ဟုမေးလေ၏။ ထိုအခါ ရသေ့ဗန္ဓက က-

"စုံပါပြီ"

ဟု ဆိုကာ ပစ္စည်းများကို ထုတ်၍လာလေ၏။

ပိတ်ဖြူလုံချည်နှစ်ထည်၊

ပိတ်ဖြူအင်္ကျီနှစ်ထည်၊

ခေါင်းပေါင်းရန် ပိတ်ဖြူစကြီးတစ်ထည်၊

လက်ကတော့ထိုးရန် ပိတ်ဖြူစတစ်ထည်၊

ကြေးဖြင့်ပြုလုပ်ထားသော တောင်ဝှေ့တစ်ချောင်း၊

လွန်စွာအကြမ်းခံသော ဖိနပ်တစ်ရန်၊

ဖျင်ဖြူလွယ်အိတ်ကြီးတစ်လုံး၊

ရင်းလွယ်အိတ်ထဲတွင် ယွန်းဖြင့် ပြုလုပ်ထားသော သေတ္တာငယ် တစ်လုံး၊

နံ့သာဖြူပုတီးကြီးတစ်ကုံး၊ ပစ္စည်းစုစုပေါင်းမှာ ကိုးမျိုးဖြစ်၏။

ဗန္ဓကရသေ့သည် ကျွန်ုပ်တို့အား နံနက်စာအဖြစ် သက်သတ်လွတ် ထမင်းဟင်းများဖြင့် ကျွေးမွေးလေ၏။ ကျွန်ုပ်သည် ထိုနေ့နံနက်စာ … ရသည်မှာ ထမင်းအလွန်မြိန်၏။ ထမင်းစားပြီးသောအခါ ဘိုးသူတော် ဂွတိုက ကျွန်ုပ်အား တရေးတမော အိပ်ခွင့်ပေးထား၏။

ရင်းနှင့် ဗန္ဓကရသေ့မှာ အင်္ဂလိပ်ဘာသာစကားဖြင့် လောကီပညာ ရပ်များအကြောင်းကို ပြောဆိုနေကြ၏။ ထိုသို့ပြောဆိုနေသောအကြောင်း





…တွင် ကျွန်ုပ်အကြောင်းလည်း မကြာခဏပါ၏။ ကျွန်ုပ်အကြောင်းကို …သူတော်ဂွတိုက ပြောသောအခါ၌ -

"နှစ်နှစ်နေတဲ့ ပတ္တမြားတစ်လုံး ကျုပ်ကို ဆယ်ဖို့ အာစရိယတွေက တာဝန်ပေးလို့လာပြီး ဆယ်ရတာ"

…ု ပြောလေ၏။

ထို့နောက် ၎င်းတို့နှစ်ဦး မည်မျှကြာကြာ စကားပြောနေသည် …သိ၊ ကျွန်ုပ်မှာမူ အိပ်ပျော်ခြင်းသို့ရောက်လေ၏။

ကျွန်ုပ် အိပ်ရာမှ နိုးသောအခါ၌ နေ့လယ် နာရီပြန် နှစ်ချက်ထိုး …ပြီဖြစ်၏။ ထိုအခါ ဘိုးသူတော်ဂွတိုက-

"ဩော် ကိုယ့်လူ နိုးပြီကိုး၊ ကဲ ကဲ ဘဝပြောင်းရတော့မယ်၊ လာ"

…ု ဆိုကာ ကျွန်ုပ်အား ကတုံးတုံးပစ်လိုက်တော့၏။ ကျွန်ုပ်၏ နှုတ်ခမ်း …မွေးနှင့် မုတ်ဆိတ်မွေး ငုံးတိတိများကိုလည်း ရိတ်ပစ်လိုက်လေ၏။ ပြီးလျှင် …နုပ်အား စမ်းချောင်းအတွင်း၌ ရေချိုးခိုင်းတော့၏။ ထို့နောက် ပိတ်ဖြူ …ကြယ် အဝတ်အစားများ ဝတ်ခိုင်းလေတော့၏။ ခေါင်းကိုလည်း ပိတ်ဖြူ …ကြီးဖြင့် ပေါင်းပေးလေ၏။ ပေါင်းပုံ၊ ပေါင်းနည်းကိုလည်း စနစ်ကျရန် …ဓကရသေ့က သင်ပေးလေ၏။ ကျွန်ုပ်လည်ပင်းတွင်လည်း ပုတီးကြီးကို …ွဲပေးလေ၏။ ကျွန်ုပ်ပါလာသော ပုတီးကိုမူ ဘိုးသူတော်ဂွတိုက ယူ၍ …ဓကရသေ့အား ပေးလိုက်လေ၏။

ထို့နောက် ဗန္ဓကရသေ့သည် ဘုရားစင်၌ သောက်တော်ရေငါးခွက်၊ …မွေးတိုင် ငါးတိုင်စီ ထွန်း၍လည်းကောင်း၊ ဖယောင်းတိုင်ငါးတိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



မီးထွန်းကာပ်၏။ ထို့နောက် ဘိုးသူတော်ဂွတိုက ကျွန်ုပ်အား ဘုရားရှိခိုး ၏။ ပြီးလျှင်-

"အဋ္ဌတတ္ထေ"

ယနေ့မှစ၍ အစချီသော သစ္စာဆိုခန်းကို တိုင်ပေးလေ၏။ ကျွန် ကလိုက်၍ဆိုရ၏။ ဆိုရသော သစ္စာထဲတွင် တစ်သက်ပတ်လုံး သ သတ်လွတ်စားရန်လည်းပါ၏။ ကံငါးပါး လုံခြုံပါမည့်အကြောင်းလ ပါ၏။ ရတနာသုံးပါးကို မမိုတ်မသုန်ဆည်းကပ်ကိုးကွယ်ပါမည့် ကြောင်းလည်းပါ၏။

ကျွန်ုပ်သည် ဘိုးသူတော်ဂွတို တိုင်ပေးသည်ကို လိုက်၍ဆိုရ ထို့နောက် ၎င်းက-

"မစ္စတာ တန်တော်မိုး ကိုယ့်လူ အခု ပိတ်ဖြူစင်ကြယ်နဲ့ လူသူ ဖြစ်သွားပြီ၊ ဒီနေ့ကစပြီး ကိုယ့်လူကို သိဒ္ဓိတတ်ဆင်တွေ သင်ကြား ရတော့မယ်၊ တစ်သေဝေမတိမ်း လိုက်နာပေတော့၊ ကျုပ်ကိုလည် ဆရာအဖြစ် သဘောထားပြီး ဦးသုံးကြိမ်ချပေတော့"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း လူပုလေး ဘိုးသူတော်ဂွတိုအား ဦးသုံး ချရလေတော့၏။

"ဟောဒီ ကြေးတောင်ဝှေးကြီးဟာ သွားလေရာဆောင်ရမယ့် ပစ္စ ပဲ၊ ရန်သူနဲ့တွေ့တဲ့အခါမှာ သူ့ကို နာဖို့ကျင်ဖို့ ကိုယ်က စေတ မထားပေမယ့် ရန်သူကြောက်အောင်တော့ ခြောက်လှန့်လို့ရတ ပြီးတော့ ဟောဒီမှာကြည့်"





ဆိုကာ ဘိုးသူတော်ဂွတိုက ကိုင်၍လှည့်ရာ ဝက်အူရစ်ပြေ၍ ကြေး တောင်ဝှေးမှ အဆစ်တစ်ဆစ် ထွက်လာလေ၏။ ထိုအဆစ်ကို မှောက်ချ လိုက်ရာ အတွင်းမှာ ဖယောင်းတိုင်များ မီးခြစ်များ၊ ကြိုးများ ထွက်လာ လေ၏။

နောက်တစ်ဆစ်ကို ထပ်၍ဖြုတ်ချလိုက်ရာ အတွင်းတွင် လိပ်၍ ညှပ်ထားသော ငွေဒင်္ဂါး အပြားကိုးဆယ် ထွက်၍ကျလာလေ၏။

နောက်တစ်ဆစ်ကို ထပ်၍ချွတ်လိုက်ပြန်ရာ ပရုတ်ဆီများ၊ သွေး ဆေးပုလင်းများ၊ ဖျားလျှင် သောက်သော ငန်းနိုကျော်ဆေးပုလင်းများ ထွက်ကျလာလေ၏။ ထိုဆေးပုလင်းများနှင့်အတူ မြွေဆိပ်ဖြေဆေး ပုလင်း သေးတစ်လုံး ထွက်၍ကျလာလေ၏။

နောက်တစ်ဆစ်ချွတ်လိုက်ရာ အသေးစား လက်နှိပ်ဓာတ်မီးတစ် ချက်နှင့် ဗလာစာအုပ်တစ်အုပ်၊ ခဲတံတစ်ချောင်း၊ မောင်းချဓားပါစ်လက် ထွက်ကျလာလေ၏။

"ခရီးသွားရင် ဒီတောင်ဝှေးကို ဆောင်ကိုဆောင်ရမယ်၊ ဒီတောင်ဝှေး ဟာ ဣစ္ဆာသယပဲ၊ သူ့အကန့်နဲ့သူ ပစ္စည်းတွေ ထည့်ပေးထားတယ်၊ လိုရာကို ထုတ်ပြီးသုံးနိုင်တယ်"

ဟု ဘိုးသူတော်ဂွတိုက ပြောလေ၏။

ကျွန်ုပ်လည်း ဘိုးသူတော်ဂွတို စီမံထားပုံကို သဘောကျ၍ ပြုံးမိ လေ၏။

"အခုဟာ 'စ'လုံးရေး'စ'ပဲရှိသေးတယ်၊ ဒါတွေ မဆောင်လို့ မဖြစ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓိတွေ ဘာတွေ ရလာတော့လည်း ဆောင်ဖို့ မလိုတော့ဘူး"

ဟု ဘိုးသူတော်ဂွတိုက ပြောလေ၏။

"ဘိုးသူတော်ပြောတဲ့ သိဒ္ဓိတွေက ဘယ်တော့ရမှာလဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်ဂွတိုက ရယ်လေ၏။ ထိုသို့ ရယ်ပြီး နောက်

"ကျွန်ုပ် ယခုပေးသည့် တက်စဉ် မကြာခင်၌
သိဒ္ဓိရှင် လျှင်လျှင်ဖြစ်လတ္တံ့၊
သဗ္ဗညုတ်ဆွာ၊ ပြည့်စုံစွာကို၊ မကြာချက်ချင်းရလတ္တံ့၊
မေတ္တာယျရှင်၊ ရွှေပလ္လင်၌၊ ငွေပင်ကံကော်၊ ပွင့်လေသော်
လျှင်သော်ဦးစွာ၊ ဖူးတွေ့ရာသည်၊ ဝိဇ္ဇာလူမျိုး တန်တော်မိုး
မရိုးမြန်စွာ ဖြစ်လတ္တံ့၊
အာစရိယ၊ အမိန့်ချ၊ ငါက သင့်ကို ကယ်လတ္တံ့"

ဟု ရွတ်ဆိုပြီး ကြေးစည်ကို ထုလိုက်လေတော့၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

"ကောင်းပါပြီ ဘိုးသူတော်၊ ကျုပ်ဟာ အခု ကတုံးဖြစ်သွားပြီ၊ ဘယ်နှစ်ရက် တစ်ခါ ကျုပ် ကတုံးရိတ်ရမှာလဲ၊ အဲဒီလို ရိတ်ရမယ်ဆိုလည်း ရိတ်ဖို့ ဓားလိုသေးတယ်မဟုတ်လား"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်ဂွတိုက

"ဒီတစ်ခါပဲ ရိတ်ရမှာ၊ နောက်ဘယ်တော့မှ မရိတ်ရတော့ဘူး၊ အရှည်ထားရမယ်၊ ဆံပင်သာ မဟုတ်ဘူး၊ မုတ်ဆိတ်တွေ၊ နှုတ်ခမ်းမွေးတွေလည်း အရှည်ထားရမယ်၊ အခု ကျုပ် လုပ်တာတွေဟာ ကိုယ့်လူကို ကျုပ် နှိပ်စက်နေတာ မဟုတ်ဘူး၊ ဆရာသမားတွေက ခိုင်းထားတဲ့အတိုင်း အတိအကျ လုပ်ပေးနေရတာ၊ အဲဒီလိုပဲ သိဒ္ဓိတက်စဉ်မှာလည်း ကျုပ်သဘောနဲ့ လုပ်တာမဟုတ်ဘူး၊ ဆရာသမားတွေရဲ့ ညွှန်ကြားချက်အတိုင်း လုပ်မှာ၊ အဲဒါကြောင့် ကိုယ့်လူအနေနဲ့ အတိအကျ လိုက်နာရမယ် ကြားလား"

ဟု အသံမာမာဖြင့် ကျွန်ုပ်အား ပြောလိုက်လေ၏။

"ကောင်းပါပြီ ဘိုးသူတော် ကျုပ် လိုက်နာပါ့မယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဘိုးသူတော်ဂွတိုက

"လပြည့်ကျော်နှစ်ရက်နေ့ကစပြီး ဂန္ဓာရီခရီး ထွက်ရမယ်"

ဟု ပြောဆိုကာ ကြေးစည်ကို ထုလိုက်လေတော့သတည်း။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."







www.burmeseclassic.com

www.burmeseclassic.com



## ဂန္ဓာရီ

ကျွန်ုပ်နှင့် ဘိုးသူတော်ဂွတို့သည် ထိုနေ့ညက ရသေ့ ဗန္ဓက၏ ကျောင်းသခ်မ်းတွင် အိပ်စက်ကြလေ၏။ နောက်တစ်နေ့ လပြည့်ကျော် နှစ်ရက် နံနက်စောစော၌ ဘိုးသူတော်က ကျွန်ုပ်အား နှိုးလေ၏။ ကျွန်ုပ် နိုးသောအခါ၌ အတော်ဝေးသော နေရာဆီမှ နံနက်လေးနာရီ သံချောင်း ခေါက်သံကို ကြားရလေ၏။

"ကဲ. . . ကိုယ့်လူ မျက်နှာသစ်ပါ၊ ဘုရားရှိခိုး၊ ပြီးရင် ခရီးထွက်မယ်" ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ကိုယ်လက် သန့်စင်ခြင်းများ ပြုလုပ်၏။ ထို့နောက် ဘုရားရှိခိုးလေ၏။ ဘုရားရှိခိုးပြီးသောအခါ၌ ကတ္တရာလမ်း မကြီးသို့ ထွက်ခဲ့ရလေ၏။ ရသေ့ဗန္ဓကက လိုက်၍ပို့လေ၏။ ကတ္တရာလမ်း

လာဘ်မိုးရွာ

www.burmeseclassic.com

www.burmeseclassic.com

သို့ရောက်လျှင် ပဲခူးမြို့သို့သွားမည့် ကားကြုံရ၍ ရသေ့ဗန္ဓကကို နှုတ်ဆက်ပြီး ထိုကားဖြင့် လိုက်ခဲ့ကြလေ၏။ ပဲခူးမြို့တွင်းရောက်လျှင် ဈေးအနီး၌ ကားရပ်၏။ ဘိုးသူတော်ဂွတိုနှင့် ကျွန်ုပ်သည် ကားပေါ်မှ ဆင်းခဲ့ကြ၏။

"ကဲ. . . အရက်တော့တက်ပြီ၊ စားလို့သောက်လို့ရပြီ"

ဟု ဘိုးသူတော်က ပြောဆိုကာ အနီးရှိ တရုတ်လက်ဖက်ရည်ဆိုင် အတွင်းသို့ ခေါ်သွားလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ဆိုင်တွင်းရှိခုံ၌ ထိုင်လိုက်ကြစဉ်၌ပင် လူတစ်ယောက်ရောက်ရှိလာပြီးနောက် လက်ဖက်ရည်များ၊ နံပြားပဲပြုတ်များ၊ ကောက်ညှင်းပေါင်းများ မှာယူဝယ်ခြမ်း၍ ကျွန်ုပ်တို့အား ကျွေးလေ၏။

"ညသန်းခေါင်လောက်က အိပ်မက်မက်တာ၊ ပိတ်ဖြူစင်ကြယ်နဲ့ သူတော်စင်နှစ်ဦး ဒီဆိုင်ကို ရောက်လာလိမ့်မယ်၊ အရက်ဆွမ်း သွားကပ်ချေ ဆိုလို့ ကျွန်တော် ဒီက စောင့်နေတာပါ"

ဟု ထိုသူက အားရဝမ်းသာ ပြောလေ၏။ ဘိုးသူတော်ကြီးသည် စားသောက်ပြီးသောအခါ၌ ထိုသူ့အား ဆုတောင်းမေတ္တာ ပို့သလေ၏။ ထိုသူလည်း ကျေနပ်ဝမ်းမြောက်လွန်း၍ ကျွန်ုပ်အား ငွေများပင် လှူဒါန်းလိုက်သေး၏။ ထို့နောက် ဘိုးသူတော်က ကျွန်ုပ်အား ဘူတာသို့ ခေါ်သွားပြီးလျှင် သာစည်သို့သွားရန် လက်မှတ်နှစ်စောင်ဝယ်လေ၏။

ထို့နောက် ရထားဆိုက်သောအခါ ကျွန်ုပ်တို့နှစ်ဦးသည် ရထားဖြင့် လိုက်ပါခဲ့ကြလေတော့၏။ ရထားမှာ သာစည်သို့ရောက်ရန်အတွက် တစ်





နေကုန် တစ်နေခန်း စီးရမည်ဖြစ်၏။ ကျွန်ုပ်တို့နှစ်ဦး၏ ထိုင်ခုံသည် ရထားတွဲ၏ထောင့်တွင် သီးခြားထိုင်ခုံကလေးဖြစ်၏။ ဘိုးသူတော်ဂွတိုက-

"ရထားမှာရတဲ့ နေရာကလည်း သီးသန့်လေးလိုဖြစ်နေတယ်၊ လမ်းတစ်လမ်းလုံး အလုပ်လုပ်သွားရမှာပဲ၊ ကိုယ့်လူနဲ့ ကျုပ်နဲ့က နောင်ဆိုရင် တစ်ယောက်တစ်နေရာဆီ ဖြစ်ချင်ဖြစ်နေမှာ၊ အဲဒီအခါမှာ တစ်ယောက်နဲ့တစ်ယောက် စာနဲ့ ဆက်သွယ်ရမှာပဲ၊ ပြီးတော့ ကိုယ့်လူရဲ့ တောင်ဝှေးထဲမှာပါတဲ့ မှတ်စုဟာ ရေးသင့်ရေးထိုက်၊ မှတ်သင့်မှတ်ထိုက်တာတွေ မှတ်ရရေးရ ကျက်ရမှာပဲ၊ အဲဒီမှတ်စုတွေလည်း ကိုယ်ရေးတတ်သလို ရေးလို့မဖြစ်ဘူး၊ ဝိဇ္ဇာအလုပ်ဆိုတာ အမြဲတမ်းခြေရာဖျောက်ရတယ်၊ အဲဒီတော့ ဝိဇ္ဇာရေးနည်း(*Magic Writing*) 'မက်ဂျစ်ရိုက်တင်း'နဲ့ ရေးမှတ်ရမယ်"

ဟု ပြောလေ၏။

"အဲဒါက ဘယ်လိုလဲ"

ဟု ကျွန်ုပ်က မေးရာ ဘိုးသူတော်ဂွတိုက-

"လူတော်တော်များများက ဒူးဂဏန်းရေးနည်း၊ ကြေးဂဏန်းရေးနည်းကို ဝိဇ္ဇာမှတ်နေကြတာ၊ ဝိဇ္ဇာရေးနည်းအစစ်က ဒီလိုမဟုတ်ဘူး"

ဟု ဆိုကာ ဂဏန်းများဖြင့် ဝိဇ္ဇာရေးနည်းကို ကျွန်ုပ်အား သင်ကြားပြသလေ၏။ သင်ပေးရုံဖြင့်မပြီးသေးဘဲ ကျွန်ုပ်အား ချက်ချင်းကျက်မှတ်ခိုင်း၏၊ ပြန်လည်း ရေးပြခိုင်း၏။ ကျွန်ုပ်က ကြေကြေညက်ညက် ရေးပြနိုင်သော အခါကျမှ-


www.burmeseclassic.com

www.burmeseclassic.com

"သိပ်ဟုတ်တာပေါ့၊ ဒီလိုညာဏ်ရည်ညာဏ်သွေးမှ ဝိဇ္ဇာဖြစ်တော့မှာပေါ့"

ဟု ဘိုးသူတော်ကြီးက ချီးကျူးစကားပြောလေ၏။

"ကျွန်တော် ဘာတွေကျင့်ရမှာလဲ ဘိုးသူတော်ရဲ့"

ဟု ကျွန်ုပ်က မေးရာ ဘိုးသူတော်ဂွတိုက ရယ်လေ၏။

"ဒီလို တန်ခေတ်မိုးရဲ့ ဝိဇ္ဇာကျင့်စဉ်ကို မကျင့်ခင်မှာ ကျင့်စဉ်ရဲ့ သဘောတရားကို ရှင်းပြဖို့ အရင်လိုတယ်၊ အဲဒီလို ရှင်းပြဖို့ အဆင့်ပေါင်း-နှစ်ဆယ်ရှိတယ်"

ဟု ဘိုးသူတော် ဂွတိုက ပြောလေ၏။

"များလှချေလား ဘိုးသူတော်ရဲ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ-

"များတယ်လို့မညည်းနဲ့၊ ဝိဇ္ဇာဖြစ်ဖို့လွယ်တာ မဟုတ်ဘူး၊ အခုလို မသိလို့ အချို့သည်လမ်းကိုလိုက်ပြီး သက်တမ်းကုန်လို့ သေသွားကြတယ်၊ ဝိဇ္ဇာဖြစ်ဖို့ဝေးစွ၊ ဝိဇ္ဇာစော်တောင် နံမသွားရှာဘူး၊ အခု ကိုယ့်လူက ပါရမီလေးတော့ သဘောတရားကို ရမယ်၊ ပြီးရင် လက်တွေ့ကျင့်စဉ်ကို ရမယ်"

ဟု ဘိုးသူတော် ဂွတိုက ပြောလေ၏။

"ဒါဖြင့် ကျွန်တော်ဟာ သည်လမ်းစခန်းမှာ သိပ်ကံကောင်းတဲ့ လူပေါ့နော်"

ဟု ကျွန်တော်က ပြောရာ-





ဘိုးသူတော်ကြီးက-

"မှန်တာပေါ့ ကိုယ့်လူရာ၊ တန်ခေတ်မိုးအစား ကိုယ့်လူရဲ့ နံမည်ကို ကံတော် မိုးလို့တောင် ပြောသင့်တယ်၊ အခုကျူပ်ပြောမှာက ဝိဇ္ဇာကျင့်စဉ်ရဲ့ ဗုဒ္ဓကိစ္စဖြစ်တယ်၊ ဝိဇ္ဇာလမ်းကို လိုက်မယ့်သူဟာ သရီးဗေ့လောစ်(*Three Basic Law*)ဥပဒေသ တြိကဏ္ဍာကို နားလည်ရမယ်"

ဟု ပြောလေသည်။

"အဲဒါက ဘာတွေလဲ ဘိုးသူတော်ကြီးရဲ့"

ဟု ကျွန်တော်က မေးလိုက်လေ၏။

"အဲဒါကတော့(*Our Behaviour Prepares Our Reward*) မိမိ၏ အပြုအမူဟာ မိမိရရှိမဲ့ စုလာဒ်ဘဲ ဝိဇ္ဇာလုပ်မယ့်သူဟာ စိတ်ဓာတ်အောက်တန်းကျတဲ့လူ မဖြစ်ရဘူး၊ စိတ်ဓာတ်အောက်တန်းကျတဲ့လူဟာ ဘယ်လောက်ပဲကျင့်ကျင့် ဝိဇ္ဇာမဖြစ်နိုင်ဘူး၊ ဒါကြောင့် စိတ်ထားမကောင်းတဲ့လူတွေ စိတ်ထားမဖြင့်မြတ်တဲ့လူတွေ အဲဒီလမ်းစခန်းကို လိုက်နာနေတာတွေ့ရင် သိပ်ပြီးသနားတယ်၊ အဲဒီလူတွေဟာ ဘယ်တော့မှ လူတွေ မဟုတ်ဘူး၊ အဲဒါ ပထမဥပဒေသပဲ"

ဟု ဘိုးသူတော် ဂွတိုက ပြောလေ၏။

"ဒုတိယ ဥပဒေသက ဘာလဲ"

ဟု ကျွန်တော်က မေးလိုက်ရာ ဘိုးသူတော်ဂွတိုက-

"ကိုယ့်လူကို နားလည်အောင် ကျူပ်ပြောတတ်သလို မပြောဘူး၊ အိန္ဒိယပြည် အလွန်အင်မတန် နာမည်ကြီးနေတဲ့ သိရိယာမနုဿဟာ


www.burmeseclassic.com

www.burmeseclassic.com



သို့ ဆိုတဲ့ ပုဂ္ဂိုလ်ထူးကြီးပြောတဲ့ စကားကို သူပြောတဲ့အတိုင်း အင်္ဂလိပ်စာနဲ့ ပဲပြောပြမယ်၊ *Leave All Your Worries and burdens to God, and He Will bear of of then. He created his Universe, and it is his duty to look after it, not yours!*

"သင့်မှာရှိတဲ့ သောကတွေ၊ ဝန်ထုတ်ဝန်ပိုးတွေကို သင်ဘာဖြစ်လို့ သယ်ဆောင်နေရတာလဲ၊ ဘုရားသခင်ဟာ စကြာဝဠာကြီးကို ဖန်ဆင်းတယ်ဆို အဲဒီတော့ သူပဲဖြေရှင်းပေးလိမ့်မပေါ့၊ အဲဒါသင့်အလုပ်မှ မဟုတ်ပဲလို့ ဆိုထားတဲ့ အဓိပ္ပါယ်ပဲ၊ အခုဒီလမ်းစဉ်မှာလဲ ဒီလိုပဲ ဆရာသခင်က နိုင်းလို့လုပ်တာပဲ၊ အန္တရာယ်ဖြစ်မှာလဲ မကြောက်နဲ့ စားဖို့ဝတ်ဖို့လဲ မပူနဲ့ ဆရာသခင်တွေ အားလုံးတာဝန်ယူလိမ့်မယ် အဲဒီလို တာဝန်မယူဘူးဆိုလဲ သူတို့ဟာ ဆရာသခင်အစစ် မဖြစ်နိုင်ဘူး၊ အဲဒီတော့လဲ သူတို့ခိုင်းတာ မလုပ်ရုံပေါ့၊ အဲဒီလိုကို ပြတ်ပြတ်သားသား ဆရာသခင်တွေအပေါ်မှာ ယုံကြည်ထားရမယ်၊ ဒီလမ်းစခန်းမှာ အဲဒီလို မိုက်မိုက်ကမ်းကမ်း မယုံကြည်ရင် ဘာမှလုပ်လို့မရဘူး၊ အဲဒါဒုတိယ ဥပဒေသပဲ"

ဟု ပြောလေ၏။

"ဆက်ပါဦး"

ဟု ကျွန်တော်က ပြောလိုက်ရာ ဘိုးသူတော်ဂွတိုက-

"ကိုယ့်ရဲ့ တာဝန်ကို ဆရာသခင်တွေက ယူထားတယ်လို့ယုံကြည်ရင် ကိုယ်ကကိုယ့်အတွက် ဘာမှလုပ်ရာမလိုတော့ဘူး၊ ကိုယ့်ရဲ့ ဒွိ





ရှည် အားလုံးဟာ သူတစ်ပါးအတွက် လုပ်ပေးဖို့ပဲ ရှိတော့တယ်၊ အဲဒါကြောင့် ဝိဇ္ဇာလမ်းလိုက်တဲ့ လူဟာ ကိုယ့်အတွက်ကိုယ်လုပ်ရတာထက် သူတစ်ပါးအတွက် လုပ်ပေးရမှာက ပိုအရေးကြီးနေတယ်"

ဟု ပြောလေ၏။ ကျွန်တော်သည် ဘိုးသူတော်ကြီးပြောနေတာကို အတိအကျမှတ်သားရလေ၏။ ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား တစ်ခုပြီးတစ်ခု ရှင်းပြသင်ကြားလေ၏။ ကျွန်ုပ်လဲ ရင်းသင်ပေးထားသော ဝိဇ္ဇာလက်ရေးခေါ် လို့ဝှက်စာရေးနည်းဖြင့် မှတ်စုစာအုပ်တွင် လိုက်လံ မှတ်သားထားရ၏။

မှတ်ချက်။ ။ ထိုလျှို့ဝှက်စာရေးနည်းကို စိတ်ဝင်စားပါက ရောင်ပြန်မဂ္ဂဇင်းတိုက်သို့ ဆက်သွယ်မှာယူပါ။

(စာရေးသူ)

ထို့နောက် ဘိုးသူတော်ဂွတိုက ကျွန်ုပ်အား-

"အခြေခံဥပဒေသပြီးတဲ့ အခါမှာ ဒီလမ်းစခန်းလျှောက်တဲ့ ပမာဏငါးပါး ပြောရဦးမယ်၊ ပထမတစ်ပါးကတော့ 'ဟုတ်မှ ဟုတ်ပါ့မလား' ဆိုတာမျိုး စိတ်ထဲမှာ လုံးဝမရှိစေနဲ့ 'ဟုတ်ကို ဟုတ်တယ်လို့ ယုံကြည်ပြီး လုပ်ရမယ်"

ဟု ပြောလေ၏။

"ကောင်းပါပြီ"

ဟု ကျွန်ုပ်က ဝန်ခံလိုက်ရာ-



www.burmeseclassic.com

www.burmeseclassic.com



ဘိုးသူတော်ဂွတိုက ဆက်၍ပြောပြန်လေ၏။

"ဒီလမ်းဟာ ရှုပ်ထွေးတဲ့လမ်းဖြစ်တယ်၊ နားမလည်တဲ့လူကို ဘယ်
မှ ရှင်းပြလို့ရမှာမဟုတ်ဘူး၊ ရှင်းပြလို့ရရင်လဲ ဝိဇ္ဇာလမ်း မဟုတ်ဘူး"

ဟု ဘိုးသူတော်ဂွတိုက ပြောလိုက်လေ၏။

"ဟုတ်ကဲ့. . . ကောင်းပါပြီ"

ဟု ကျွန်ုပ်က ဝန်ခံလိုက်ရာ ဘိုးသူတော်ဂွတိုက-

"သိဒ္ဓိဆိုတာ အလွန်အဖိုးတန်တဲ့ ကျောက်မျက်ရတနာပဲ၊ အ
တန်တဲ့ ကျောက်မျက်ရတနာကို ပိုင်ဆိုင်ထားတဲ့လူဟာ လူတိုင်း
ဘယ်ပြမလဲ၊ အဲဒီတော့ နှုတ်လုံဖို့လိုတယ်"

ဟု ပြောလေ၏။

"ဟုတ်ကဲ့"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဝိဇ္ဇာလမ်းကို လျှောက်တဲ့လူဟာ တစ်ဝက်တစ်ပျက်မှာ အနှော
အယှက်တွေ တွေ့တတ်တယ်၊ ကိုယ်သွားမယ့် လမ်းကို ကွေ့ကော
မသွားဖို့ပါပဲ"

ဟု ဘိုးသူတော်ဂွတိုက ပြောပြန်လေ၏။ ကျွန်ုပ်ကလည်း-

"ကောင်းပါပြီ"

ဟု ဝန်ခံလိုက်ရာ ဘိုးသူတော်ဂွတိုက-

"ဆရာသမားတွေ ချမှတ်ထားတဲ့လမ်းအတိုင်း လျှောက်လှမ်းရမ
လမ်းသစ်မထွင်ရဘူး"





ဟု ပြောလိုက်လေ၏။

"အဲဒါက ဘယ်လိုလဲ၊ ကျုပ်နားမလည်ဘူး၊ လူဟာ တွေးခေါ်ကြံဆ
နိုင်တဲ့ သတ္တဝါဖြစ်တယ်၊ ကိုယ်နဲ့ကိုက်ညီမယ့် နည်းစနစ်တွေ လမ်း
တွေကို မထွင်ရတော့ဘူးလား"

ဟု ကျွန်ုပ်ကမေးလိုက်ရာ ဘိုးသူတော်ဂွတိုက တဟားဟား ရယ်လေ၏။
ထိုသို့ရယ်ပြီးနောက်-

"ဒီမှာ ကိုယ့်လူ. . . ကိုယ့်လူဒီအရွယ်ထိ ခရီးသွားလာခဲ့တဲ့ လမ်းတွေ
ဟာ ကိုယ့်လူကိုယ်တိုင်ဖောက်ထားတဲ့ လမ်းတွေရယ်လို့ တစ်ခုမှမပါ
ဘူး၊ သူများဖောက်ထားတဲ့ လမ်းတွေချည်းပဲ မဟုတ်လား၊ ကိုယ့်လူ
ငယ်ငယ်က ကျောင်းကို သွားခဲ့တယ်ဆိုပါတော့၊ ငါသူများ ဖောက်
ထားတဲ့ လမ်းကနေ ကျောင်းမသွားဘူး၊ ငါ့လမ်း ငါ့ဖောက်ပြီး သွား
မယ်ဆိုပြီး လမ်းများ ဖောက်ခဲ့လို့လား၊ အဲလို မဟုတ်ဘဲ ကိုယ့်လမ်း
ကိုယ်ဖောက်ပြီးမှ ကျောင်းသွားမယ်ဆိုရင် ကိုယ့်လူ စာတတ်ဖို့
မလိုဘူး၊ လမ်းချည်းပဲ ဖောက်နေရမယ်၊ ဘာမှ လုပ်လို့ရမှာလဲ မဟုတ်
ဘူး၊ အခုလဲ သာစည်ဘူတာကို သွားမှာ မဟုတ်လား၊ သူများ သွားတဲ့
လမ်းကနေ မဖောက်ဘဲ၊ ကိုယ်တိုင် ဖောက်ပြီး သွားဦးမလို့လား၊
မဖြစ်နိုင်ပါဘူး၊ လူတွေဟာ သူများ ဖောက်ပြီးတဲ့ လမ်းကနေ သွားကြ
တာချည်းပဲ၊ အဲဒါကြောင့် ဝိဇ္ဇာလမ်းစခန်းမှာလည်း လမ်းသစ်မထွင်
ပါဘူး၊ လူတွေဟာ သူများဖောက်ပြီးတဲ့လမ်းကနေ သွားကြတာချည်း
ပဲ၊ အဲဒါကြောင့် ဝိဇ္ဇာလမ်းစခန်းမှာလဲ လမ်းသစ်မထွင်ပါနဲ့ သူများ



www.burmeseclassic.com

www.burmeseclassic.com

ဖော်ကပြီးသားလမ်းကပဲ အေးဆေးဆေးရောက်အောင် လျှော

သွားဖို့ပါပဲ"

ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း ထိုပမာဏငါးပါးကို လက်ခံလိုက်ရ
၏။ ထို့နောက် ကျွန်ုပ်အား လမ်းတစ်လျှောက်လုံးတွင် ဝိဇ္ဇာလမ်း၌
လည်ရမည့် အချက်နှစ်ဆယ်ကို ပြည့်အောင် ပြောပြသွားလေ၏။ ဤ
နှင့်ပင် ကျွန်ုပ်တို့၏ ရထားကြီးသည် သာစည်ဘူတာသို့ ဆိုက်ရော
လေ၏။ ထိုအချိန်၌ ဘိုးသူတော်ဂွတိုက-

"ဒီမှာကိုယ့်လူ ခင်ဗျားရဲ့ ရန်သူတွေကတော့ ရှာကြလိမ့်မယ်၊ ထို
လူကလဲ ဂန္ဓာရီလှည့်ရမှာဆိုတော့ သူကရှာ ကိုယ်ကလှည့် ဖြစ်
နေတော့မှာ အမှန်ပဲ"

ဟု ပြောလိုက်လေတော့သတည်း။



## သူကရှာ ကိုယ်ကလှည့်

ထို့နောက် ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်အား ပုပ္ပါးတောင်သို့ ခေါ်
း၏။ ပုပ္ပါးတောင်တွင် ဥပုသ်သီတင်းသီလဆောက်တည်နိုင်း၏။ ထို့
က်မှ တန့်ကြည်တောင်သို့ ခေါ်သွား၏။ တန့်ကြည်တောင်သို့ ရောက်
ာအခါ၌ ဇရပ်တစ်လုံးပေါ်တွင် နေထိုင်ရလေ၏။ ထိုဇရပ်ပေါ်တွင်
ထိုင်စဉ်၌ ဘိုးသူတော်ဂွတိုက ကျွန်ုပ်၏ လွယ်အိပ်တွင်ပါသော ယွန်း
သေတ္တာကို ထုတ်နိုင်း၏။ ကျွန်ုပ်လည်း ယွန်းသေတ္တာကို ထုတ်ရလေ၏။
သေတ္တာမှာ သော့ခတ်ထား၏။ ထိုသော့ကို ဖွင့်ရန်အတွက် ဘိုးသူတော်
သော့တံကို ပေး၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကလည်း သေတ္တာကို ဖွင့်လိုက်ပြီး ထိုသေတ္တာတွင်းမှ ပစ္စ
များကို တစ်ခုချင်းထုတ်ကာ ကြည့်ရှုလိုက်ရာ အောက်ပါပစ္စည်းမျာ
တွေ့ရလေ၏။

၁။ ဉာဏ်တော်တစ်မိုက်ခန့်ရှိသော ဘုရားတစ်ဆူ၊

၂။ ရှင်ဥပဂုတ် ပုံတော်တစ်ဆူ၊

၃။ ရှင်သီဝလိပုံတော်တစ်ဆူ၊

၄။ ဖယောင်းတိုင်ထွန်းရန် ကြေးခွက်နှစ်ခွက်၊

၅။ အမွှေးတိုင်ထွန်းရန် ခွက်ကလေးတစ်ခွက်၊

၆။ သိဒ္ဓိဆီရေစင်ထည့်ရန် ကြေးဖလားငယ်တစ်လုံး၊

၇။ သိဒ္ဓိဆီထည့်ရန် ကြေးအိုးတစ်လုံး၊

၈။ သိဒ္ဓိဆားထည့်ရန် ကြေးဗူးတစ်ဗူး၊

၉။ မှန်စီရွှေချ သန်လျက်တစ်ခု၊

ပစ္စည်းစုစုပေါင်း ကိုးမျိုးဖြစ်သည်။

ကျွန်ုပ်သည် ထိုပစ္စည်းများကို ကြည့်ပြီးနောက်-

"ဒါတွေက ဘာလုပ်ရမှာလဲ"

ဟု မေးလိုက်လေ၏။

"ဒါတွေက ဟောဒီလို စီရမှာ"

ဟု ဆိုပြီး ထမင်းစားစားပွဲပေါ်တွင် မြေဖြူခဲဖြင့် ပုံစံတစ်ခုကို ဆ
လေ၏။

ထို့နောက် ၎င်းရေးပြသော ပုံစံအတိုင်း ပစ္စည်းကိုးမျိုးကို နေ





ားလိုက်လေ၏။ ထိုအခါ၌ ဘိုးသူတော်ဂွတိုက-

"ဒီလမ်းဟာ လျှောက်ရတာ ကြာတယ်၊ အဲဒါကြောင့် ဖြောင့်ဖြောင့်
တန်းတန်း လျှောက်ရဖို့ ရိက္ခာထောက်တွေ လိုတယ်၊ အခု ဒီမှာပါတဲ့
ဆင်းတုတော်ရုပ်ပွားပုံတော် အပါအဝင် ပစ္စည်းကိုးမျိုးဟာ ဂန္ဓာရီ
ဝိဇ္ဇာလမ်းမှာ မပါရင်မဖြစ်တဲ့ ပစ္စည်းတွေပဲ၊ ကဲ. . . ကိုယ့်လူ မြတ်စွာ
ဘုရားဆင်းတုတော်တွေနဲ့ တည့်တည့်နေရာမှာထိုင်၊ ပြီးတော့
ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေ မီးတို့လိုက်၊ သိဒ္ဓိရေစင်တွေ၊
သိဒ္ဓိဆီတွေ၊ သိဒ္ဓိဆားတွေ ဖြည့်လိုက်"

ဆိုသဖြင့် ကျွန်ုပ်လည်း အနီးအပါးရှိ ဘုန်းကြီးကျောင်းများတွင် ထို
ရာများကို ရှာဖွေရလေ၏။ ပြီးလျှင် ၎င်းပြောသည့်အတိုင်း ဆင်းတု
နှင့် တည့်တည့်နေရာတွင် ထိုင်ရလေ၏။ ထိုသို့ ထိုင်လိုက်သည့်
ခါ၌ ဘိုးသူတော်ဂွတိုက-

"အခုလုပ်မည့် အစီအစဉ်မှာက ကိုယ်ကြိုက်သလို လုပ်လို့မရဘူး၊
သတ်မှတ်ထားတဲ့ ပုံစံအတိုင်းလုပ်ရမယ်"

ပြောလေ၏။ ထို့နောက် အောက်ပါဂါထာကို နှုတ်တိုက်ချပေးလေ
ာ၏။

(က) ဗုဒ္ဓေါလောကေ၊ သမုပ္ပန္နော
ဟိတာယ၊ သဗ္ဗပါဏိနံ။

(ခ) ဓမ္မောလောကေ၊ သမုပ္ပန္နော
သုခါယ၊ သဗ္ဗပါဏိနံ။



www.burmeseclassic.com

(ဂ) သံယောလောကော၊ သမုပ္ပန္နော
ပုညယ သံဝွယ သဝွပါကိ်န်။

(က) ဗုဒ္ဓတေဇေန၊ အရိန္ဒမော
ဗုဒ္ဓါမေ ရက္ခန္တုနိစ္စံ။

(ခ) ဓမ္မတေဇေန၊ မဟာလာဘော
ဓမ္မော မေ ရက္ခန္တုသဒါ။

(ဂ) သံဃတေဇေန မဟာယသော
သံဃော မေ ရက္ခန္တုဒိနေ။

(က) နမောတေ ဗုဒ္ဓဝိရတ္ထု
ဝိပ္ပမုတ္တော သိသဗ္ဗမိ
သမ္မာဓ ပဋိပန္နေသို
တဿမေ သရဏံဘဝ။

(ခ) အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
အကာလိကော ဓမ္မံသရဏံ ဂစ္ဆာမိ
သုပ္ပဋိပန္နော သံဃံသရဏံ ဂစ္ဆာမိ

(ဂ) ဗုဒ္ဓေါ သဗ္ဗညုတ ဉာဏော
ဓမ္မော လောကုတ္တရောနဝ
သံဃောမဂ္ဂ ဖလဋ္ဌောစ
ဣစ္စေ တေရတနတ္တယံ။
ယေနသစ္စေတန သင်္ဂမော





ဟောတုမေ ဇယမင်္ဂလံ။

ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား ထိုဂါထာကို သင်ပေးပြီးလျှင် ဂါထာနှင့်ပင် ဘုရားရှိခိုးခိုင်းလေ၏။ ထို့နောက် ဘိုးသူတော်ဂွတိုသည် နုပ်အား 'လာဘိနမုတ္တမောထေရော' အစရှိသော ရှင်သီဝလိခုနစ်ဂါ ာကို လည်းကောင်း၊ 'ဥပဂုတ္တော မဟိဒ္ဓိကော' အစရှိသော ရှင်ဥပဂုတ္တ ဂါထာကိုလည်းကောင်း နှုတ်တိုက်သင်ပေး၍ အရကျက်ခိုင်းလေ၏။ နောက် ဆိုခိုင်းလေ၏။ ကျွန်ုပ်သည် နှုတ်တိုက်ကျက်၍ ရှိခိုးပူဇော်ရ ာ၏။

"ကိုယ့်လူ အဲဒီအတိုင်း ရှိခိုးရမယ်၊ အဲဒါ လမ်းစခန်းရဲ့ အစပဲ၊ ဘယ် နှစ်ကြိမ် ရှိခိုးရမလဲဆိုတော့ ရှိခိုးရင်း ရှိခိုးရင်း စိတ်ထဲမှာ ကြည်လင် လာတဲ့အထိ ရှိခိုးရမယ်၊ ဒါ ဝိဇ္ဇာလမ်းကိုသွားမယ့် အခင်းအကျင်းပဲ၊ *Technicalities of The Ritual* လို့ ဆိုရမှာပဲ"

ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ထိုနေ့တစ်နေ့လုံး ဖယောင်း င်များ၊ အမွှေးတိုင်များ ကုန်သည်အထိ ဘုရားရှိခိုးလေ၏။ ညနေပိုင်းသို့ ာက်လျှင် စိတ်သည် လင်း၍လာလေ၏။

ထိုအခါ၌ ဘိုးသူတော်ကြီးက အောက်ပါဂါထာကို သင်ပေးပြန်လေ

အနုတ္တံ မေ စရတိ စ
တထာ စရိ စရိဿတိ
မိတ္တဿ အရိနောတွတ္တံ

လာဘ်မိုးစွေ

www.burmeseclassic.com



နဝါ ယာတေဇဟံနမေ။ ။

ကျွန်ုပ်လည်း လိုက်၍ဆိုရ၏။ ထို့နောက် ဘိုးသူတော်ကြီးက "မြတ်စွာဘုရားသခင်ဟာ အာယာတကို စွန့်တော်မူပြီးသား ဖြစ်တ လို့ အဓိပ္ပာယ်ရတယ်၊ ဒါကြောင့် ဒီဂါထာကို ကိုယ့်လူအဖို့ မြ ပုတီး စိပ်ရမယ်၊ ဝိဇ္ဇာလုပ်မယ့်သူဟာ ရှည်ရှည်ဝေးဝေး ဘုရားစ ရွတ်ဖို့ထက် တိုတိုနဲ့ ထိရောက်နည်းကို နားလည်ရမယ်၊ ဂါထာမ တွေဟာလည်း တိုတိုနဲ့ ထိရောက်ရမယ်၊ အဲဒါ ဝိဇ္ဇာလောင်းတ အဖို့ ပမာဏ ဘုရားဝတ်ပြုနည်း၊ ဆုတောင်းနည်းပဲ၊ *(Basic Ble ings and Invocations)*လို့ ဆိုရမှာပဲ"

ဟုပြောလေ၏။

ကျွန်ုပ်လည်း ထိုအာယာတ စွန့်တော်မူသော မြတ်စွာဘုရား၏ ထာတော်ကို ဘိုးသူတော်ကြီးပေးထားသော နှံသာဖြူပုတီးနှင့် တစ်ရာ ပတ်ရသည်အထိ ပုတီးစိပ်ရလေတော့၏။

ညကိုးနာရီထိုးသောအခါမှ ကျွန်ုပ်၏ ပုတီးပတ်သည် ပြီးလေ ၏။ ဘိုးသူတော်ကြီးသည် ကျွန်ုပ် ပုတီးစိပ်ချိန်မှစ၍ အပြင်သို့ ထွက်သွ ပြီဖြစ်၏။ ညဆယ်နာရီထိုးလောက်မှ ပြန်ရောက်လာလေတော့၏။ နောက် ကျွန်ုပ်အား စာတစ်စောင် ပေးလေ၏။ ထိုစာကို ကျွန်ုပ်ဖတ်ကြ ရာ ရသေ့ဗန္ဓကမှ ဘိုးသူတော်ဂွတိုသို့ ရေးသောစာဖြစ်၏။

စာ၏ အဓိပ္ပာယ်မှာ သူသည် (၁၅)လမ်းရှိ ကျွန်ုပ်၏ နေအိမ် သွားရောက်-လေ့လာသည်ဆို၏။ ရန်သူများသည် ကျွန်ုပ်နှင့် ဘိုးသူ





ထွက်သွားပြီး နာရီအနည်းငယ်အကြာတွင်း၌ ဤနေရာသို့ **ရောက်ရှိလာ** ကြသည်ဆို၏။ အချို့သော ရန်သူများသည် အပြင်မှ စောင့်ကြပ်၍ ကြည့် သကဲ့သို့ အချို့သော ရန်သူများမှာ ကျွန်ုပ်၏အိမ်ကိုဖောက်ထွင်း၍ အတွင်း သို့ဝင်ရောက်ကြသည်ဆို၏။ ရန်သူများသည် ယမန်နေ့မနက်အထိ ကျွန်ုပ် ၏အိမ်အနီးတွင် ပိုက်စိပ်တိုက်၍ စောင့်ကြပ်၍ နေကြကြောင်း၊ ညနေ ပိုင်းသို့ရောက်သောအခါ၌ ရန်သူများသည် ကျွန်ုပ်၏အိမ်အနီးမှ စွန့်ခွာ သွားကြကြောင်း၊ ထို့ကြောင့် ကျွန်ုပ်၏သတင်းအနံ့ကို ရသွားပြီဖြစ်ကြောင်း သတင်းပေးထားသော စာဖြစ်၏။ ဘိုးသူတော်ဂွတိုက ကျွန်ုပ်အား-

"ရသေ့ဗန္ဓကကို ကိုယ့်လူအိမ်အနားမှာ ရန်သူ့အခြေအနေစောင့် ကြည့်ဖို့ ပဲခူးမှာ သူနဲ့ လမ်းခွဲတဲ့အချိန်ကစပြီး သူ့ကိုလွှတ်ထားတာ၊ ကျုပ် ထင်တဲ့အတိုင်းပဲ၊ ကိုရင့်ကိုသတ်မယ့် ရန်သူတွေဟာ ကိုရင် လည်း ထွက်လာရော ကိုရင့်အိမ်ကို ရောက်လာကြတာပဲ၊ ရသေ့ ဗန္ဓကရဲ့ သတင်းပေးချက်အရ ဆိုရင် ကိုယ့်လူ့ရဲ့ သေမင်းတွေဟာ အခု ကိုယ့်လူအိမ်နားက ပျောက်ကုန်ကြပြီတဲ့၊ သူတို့ဟာ ကိုယ့်လူကို မြန်မာပြည်အနှံ့ ရှာကြလိမ့်မယ်"

ဟု ပြောလေ၏။ ကျွန်ုပ်က တစ်စုံတစ်ရာ ပြန်မပြောပေ။ ထိုအခါ ဘိုး သူတော်ဂွတိုက-

"ဘာမှမကြောက်နဲ့၊ ကျုပ်ပြောထားတဲ့ ဥပဒေသ သုံးချက်ထဲက အလယ်အချက်ကို မြဲမြဲသတိရ"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မြေတိုက်ထဲမှာ သေသေချာချာဝှက်ထားတဲ့ ဆော်လမွန်ကျမ်းကြီးကို ပေးလိုက်ရင် မကောင်းဘူးလား ဘိုးသူတော်"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ဘိုးသူတော်ဂွတိုက-

"အဲဒီလို ပြန်မပေးရဘူးလို့ ဆရာသမားတွေ မှာလိုက်တယ်၊ အဲဒီလို ပြန်ပေးရင်လည်း အသက်ကို ချမ်းသာပေးကြမှာ မဟုတ်ဘူး၊ အဲဒီတော့ ဆရာသမားတွေရဲ့စကားကို အတိအကျ လိုက်နာပြီး ဝိဇ္ဇာလမ်းကို ထိထိရောက်ရောက် လိုက်ပေတော့၊ ဒီတောင်မှာ နှစ်ဆယ့်ခုနစ်ရက် နေမယ်၊ ပြီးရင် ကျိုက်ထီးရိုးတောင်ပေါ် တက်ကြမယ်"

ဟု ဘိုးသူတော်ဂွတိုက ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် နှစ်ဆယ့်ခုနစ်ရက် ပြည့်သောအခါ၌ ဘိုးသူတော်ဂွတိုနှင့်အတူ ကျွန်ုပ်သည် ကျိုက်ထီးရိုးတောင်ပေါ်သို့ လိုက်ခဲ့ရလေ၏။

ကျိုက်ထီးရိုးသို့ရောက်လျှင် ရေမြောင်ကြီးစခန်း၌ တစ်ညအိပ်ကြရလေ၏။ နောက်တစ်နေ့နံနက် မိုးလင်းသောအခါ၌ ခရီးသည် လူကြုံတစ်ဦးသည် ဘိုးသူတော်ဂွတိုအား စာတစ်စောင်လာ၍ပေးလေ၏။ ထိုစာမှာ ရသေ့ဝန္တကထံမှ စာဖြစ်၏။ ကျွန်ုပ်၏ ရန်သူများသည် ကျွန်ုပ်တို့ ထွက်သွားပြီး နာရီပိုင်းအတွင်း ရောက်လာကြပြီဆိုသည့်အကြောင်း သတင်းပေးထားသော စာပင်ဖြစ်၏။

ဘိုးသူတော်ဂွတိုသည် ထိုစာကို ဖတ်ပြီးနောက် သဘောကျ၍နေလေ၏။

"သူကရှာ၊ ကိုယ်က လှည့်ဖြစ်နေပြီပေါ့"





ဟု ပြောပြီးလျှင် ကြေးစည်ကိုထုလိုက်လေ၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ကျိုက်ထီးရိုးသို့ တက်ကြလေ၏။ ကျိုက်ထီးရိုးတွင် ဘုရားဖူး၏။ ထို့နောက် ရသေ့တောင်၌ အဓိဋ္ဌာန်သုံးဆယ့်ခြောက်ရက်တိတိ ပြုလုပ်မည်ဖြစ်ကြောင်း ဘိုးသူတော်ကပြော၍ ကျွန်ုပ်လည်း အဓိဋ္ဌာန်ယူရလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ရသေ့တောင်ဘက်သို့ ခရီးဆက်ခဲ့ကြလေ၏။ ရသေ့တောင်ရှိ ဇရပ်တစ်လုံးတွင် နေထိုင်ကြ၏။ ကျွန်ုပ်အား ဘိုးသူတော်ဂွတိုက အောက်ပါဂါထာကို နှုတ်တိုက်သင်ပေး၍ သုံးဆယ့်ခြောက်ရက်တိုင်တိုင် တစ်နေ့လျှင် ပုတီးအပတ်တစ်ရာရှစ်ပတ်တိတိ စိပ်နိုင်းလေ၏။

ဝိတက္ကေန္တော ဘဇ္ဇကာယော

သဗ္ဗဝုစ ဝါရဏော စ။

ဆဒ္ဒန္တ ဝါရဏာဗလော၊

ဘဇေ ယျံ ဇာတိဇာတိယံ။

ကျွန်ုပ်သည် ထိုဂါထာကို အလွတ်ရသွားသည်အထိ ကျက်မှတ်လိုက်၏။ ထို့နောက်-

"ဘိုးသူတော်. . . အနက်အဓိပ္ပာယ်လေး ဘာလေး ပြောစမ်းပါဦး"

ဟု ပြောလိုက်ရာ ဘိုးသူတော်က-

"အဟဲ၊ အကျွန်ုပ်သည်။ ဇာတိ ဇာတိယံ၊ ဘဝတိုင်း ဘဝတိုင်း၌ ဝိတက္ကေန္တော၊ ရဲရင့်သည်လည်းကောင်း၊ အဘဇ္ဇကာယော၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ခပ်သိမ်း တို့သည် မဖျက်ဆီးနိုင်သောကိုယ်ရှိသည် လည်းကောင်း၊ သဗ္ဗဝုဓ ဝါရ ဏော၊ ခပ်သိမ်းသော လက်နက်မျိုးတို့ကို တားမြစ်နိုင်သည်လည်းကောင်း။ ဘဝေယျုံ ဖြစ်ရပါလို၏။ လို့ အဓိဋ္ဌာယ်ရတယ် ကိုယ့်လူရေ၊ ရန်သူတွေ နဲ့ ရင်ဆိုင်ချင်ရင် ရင်ဆိုင်နေရမယ်၊ ဒီကျင့်စဉ်က လိုတယ်၊ ကိုယ့်လူကို တစ်ခါတည်း ပြောရဦးမယ်၊ ပုတီးစိပ်တဲ့ အခါ မျက်စိမှိတ်ထားတာတော့ ဟုတ်ပါပြီ၊ အတွင်းက မျက်လုံး သူငယ်အိမ်ကိုတော့ အပေါ်ကိုလှန်နိုင်သမျှ လှန်တင်ထားရမယ်၊ အဲဒါမှ သမာဓိ မြန်မြန်ရမယ်"

ဟု ပြောလေ၏။

ကျွန်ုပ်လည်း ၎င်းပြောသည့်အတိုင်း လိုက်နာ၍ လုပ်လေ၏။ ကျွန်ုပ်တို့နှစ်ဦး၏ စားရေးသောက်ရေးများကို ထိုအနီးရှိ ဘုန်းကြီးကျောင်းကပင် တာဝန်ယူလေ၏။ ကျွန်ုပ်သည် ဘိုးသူတော်ဂွတို ပြောသည့်အတိုင်း အဓိဋ္ဌာန်ဖြင့် ပုတီးများကို စိပ်လေ၏။ သုံးဆယ့်ခြောက်ရက်မြောက်သောနေ့၌ ကျွန်ုပ်သည် လွန်စွာကြီးမားသော အပင်ကြီးတစ်ပင်အောက်သို့ ရောက်သွားသည်ဟု အိပ်မက်မက်လေ၏။

ထိုအပင်ကြီးမှာ မည်သည့်အပင်ဟု ကျွန်ုပ်အနေနှင့် မပြောနိုင်သော်လည်း သီးနေသော အသီးများမှာ စားချင်စဖွယ်မှည့်ဝင်းနေသည်ကို တွေ့ရ၏။ထို့ကြောင့် ကျွန်ုပ်၏စိတ်၌စားရလျှင်ကောင်းမှာပဲဟု ကြံစည်လိုက်သောတစ်ခဏ၌ အသီးတစ်လုံးသည် ဖြုတ်ခနဲကြွေကျလာ၏။

ကျွန်ုပ်သည် ထိုအသီးကို လက်ဖြင့်ဖမ်းယူလိုက်၏။ ထိုသို့ ဖမ်းယူ





ကာ စားသောက်မည်ပြုပြီးနောက် မစားတော့ဘဲ ဆရာဖြစ်သူ ဘိုးသူတော်ဂွတိုအား ပေးမှ သင့်တော်မည်ဟု တွေးမိသည့်အလျောက် ဘိုးသူတော်ဂွတိုအား ထိုအသီးကို ပေးလိုက်စဉ်မှာပင် ကျွန်ုပ်သည် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားလေတော့၏။

ကျွန်ုပ်လည်း ဘိုးသူတော်ဂွတိုအား အိပ်မက်အကြောင်းကို ပြောပြရာ ဘိုးသူတော်ဂွတိုက

"ကိုယ့်လူ အဓိဋ္ဌာန်အောင်ပြီ၊ ကေလာသတောင်ဘက်ကို ဒီနေ့ ရွှေ့ရမယ်၊ အဲဒီရောက်ရင် လေးဆယ့်ငါးရက် အဓိဋ္ဌာန်လုပ်ရမယ်၊ အဲဒီ အဓိဋ္ဌာန်မှာတော့ ကြံစည်တိုင်း ပြည့်စုံစေတဲ့ ဂါထာနဲ့ လေးဆယ့်ငါးရက်ပတ်လုံး အလုပ်လုပ်ရမှာပဲ၊ အဲဒီဂါထာကိုလည်း သင်ပေးမယ်"

ဟု ဆိုကာ ကျွန်ုပ်အား အောက်ပါဂါထာကို နှုတ်တိုက်သင်ပေးလေ၏။

သမ္ပုဏ္ဏ စိတ္တသင်္ကပ္ပော

ယထာကာမံ တမာပကော၊

ကေနစိ နဘိဘူတောယော၊

သဗ္ဗဘိဘူ နမေ ဇိနံ။

ကျွန်ုပ်သည် ထိုဂါထာကို အလွတ်ရသွား၏။ ထို့ကြောင့် ဘိုးသူတော်ဂွတိုအား အနက်ပြန်ဆိုခိုင်းရာ ဘိုးသူတော်ဂွတိုက-

"ယောဇိနော၊ အ ကြင်မြတ်စွာဘုရားသည်။ သမ္ပုဏ္ဏစိတ္တသင်္ကပ္ပော၊ ပြည့်စုံပြီးသော စိတ်အကြံရှိတော်မူ၏။ ယထာကာမံတမာပကော၊ အလိုရှိတိုင်း ဖန်ဆင်းတော်မူနိုင်၏။ ကေနစိ၊ တစ်စုံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သော လူနတ်ဗြဟ္မာ သတ္တဝါတို့သည်။ အနဘိဘူတော၊ မနှိပ်စက်နိုင်။ သဗ္ဗာဘိဘူ၊ အလုံးစုံသော လူနတ်ဗြဟ္မာသတ္တဝါတို့ကို လွှမ်းမိုးနိုင်၏။ တံ-ဇိနံ၊' ထိုမြတ် စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမေနမာမိ၊ ရှိခိုးပါ၏လို့ အဓိပ္ပာယ် ရတယ်ကွ၊'ဒီမှာ အမိဌာန် လေးဆယ့်ငါးရက် လုပ်ရမယ်၊ တစ်နေ့ အမိဌာန် ပြီးတိုင်း ပြီးတိုင်း သိဒ္ဓိရေစင်ကို တစ်ခွက်ပြီး တစ်ခွက် သောက်ရမယ်၊ သောက်တဲ့အခါတိုင်း ဝိဇ္ဇာသိဒ္ဓိတွေ ရသွားပြီလို့ နှစ်နှစ်ကာကာ အာရုံပြုပြီး သောက်ရမယ်၊ ပြီးတော့ သိဒ္ဓိဆီလည်း တစ်ကိုယ်လုံး လူးရမယ်၊ လူးနေစဉ်အတွင်းမှာ ဝိဇ္ဇာသိဒ္ဓိတွေ ကိုယ့်လူရဲ့ သိန်းသန်းကုဋေ ရှိတဲ့ ချွေးပေါက်တွေထဲ ကနေဝင်သွားပြီလို့ အာရုံပြုပြီး လိမ်းရမယ်၊ ပြီးတော့ ထမင်းကိုလည်း ဟင်းနဲ့ မစားရတော့ဘူး၊ ကြေးဒူးထဲက မင်းထည့်ထားတဲ့ ဆားနဲ့ စားရမယ်၊ ဆားထမင်းပေါ့ကွာ၊ ဒီအဆင့်အောင်ရင် ပထမအဆင့်အောင်ပြီ"

ဟု ပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့နှစ်ဦးသည် ကောလာသတောင်သို့ ရောက်ခဲ့ကြ၏။ ထိုတောင်တွင် ကျွန်ုပ်သည် ဆင်းရဲပင်ပန်းကြီးစွာဖြင့် ဆားနှင့်ထမင်းသာ စားရပြီး လေးဆယ့်ငါးရက်ပတ်လုံး ကျင့်ရ၏။ ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်အား နေ့စဉ် ဆီများကိုသာ လူးခိုင်း၏။ ရေချိုးခွင့်ကိုပင် မပေးခဲ့ပါ။

ဤသို့ ကျင့်နေစဉ်အတွင်း ရက်လေးဆယ်ကိုပင် ရောက်သောအခါ





၌ ကျွန်ုပ်၏ မျက်စိထဲတွင် လင်းခနဲ ဖြစ်၍သွားပြီးလျှင် ကျွန်ုပ်၏ စိတ်မှာလည်း မည်သို့ဖြစ်သည်မသိ။ ဗလာဟင်းလင်းနေရာသို့ ရောက်သွား သည်ဟု ရုတ်တရက် ခံစားလိုက်ရ၏။

ထိုအကြောင်းကို ဘိုးသူတော်ဂွတိုအား ပြောပြရာ ဘိုးသူတော်ဂွတိုက လက်ခမောင်းကို ခတ်လေ၏။ ပြီးလျှင် ၎င်းက

"ပါပစာတ်နံရံကြီး ပေါက်ထွက်သွားပြီ ကိုယ့်လူ၊ ဝိဇ္ဇာအလင်းဓာတ်ကို စတွေ့ပြီ၊ အားခဲပြီး ဆက်လုပ်ပေတော့"

ဟု ပြောဆိုကာ သူ၏ ကြေးစည်ကို ထုလိုက်လေတော့သတည်း။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."



www.burmeseclassic.com

www.burmeseclassic.com



## မန်ကျည်းပင် ခွကြား

ကျွန်ုပ်နှင့် ဘိုးသူတော်ဂွတိုတို့သည် နေရာ ရွှေ့ခဲ့ကြပြီဖြစ်၏။ ကျွန်ုပ်တို့နှစ်ဦးသည် အနောက်ရိုးမတောင်တန်းပေါ်တွင် ရောက်ရှိနေကြပြီဖြစ်၏။ ကျွန်ုပ် အဓိဋ္ဌာန် လုပ်နေရသော ဂါထာမှာ မနောမယိဒ္ဓိဂါထာ ဖြစ်၏။

ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်အား အောက်ပါ မနောမယိဒ္ဓိဂါထာကို နှုတ်တိုက်ချပေးထား၏။

မနောမယိဒ္ဓိဉာဏဥ္စ၊

ဆဠဘိညာ ဝိပဿနာ။

အဋ္ဌဝိဇ္ဇာဟိ သမ္ပန္နံ၊

ဝန္ဒေ တိလောက ကေတုကံ။

ထိုဂါထာ၏ အနက်အဓိပ္ပာယ်ကိုလည်း အောက်ပါအတိုင်း ဘိုးသူတော်ဂွတိုက ကျွန်ုပ်အား ရှင်းပြလေ၏။

လာဘ်မိုးစွေ

www.burmeseclassic.com

www.burmeseclassic.com



"နောမယိဒ္ဒိဂါထာရဲ့အနက်က ဒီလိုကိုယ့်လူရဲ့၊ မနောမယိဒ္ဒိ ဉာဏ်၊ နှလုံးဖြင့် အပြီးဖန်ဆင်းနိုင်သော မနောမယိဒ္ဒိဉာဏ်လည်း ကောင်း၊ ဆဠဘိညာ၊ အဘိညာဉ်ခြောက်ပါးတို့ကိုလည်းကောင်း ဝိပဿနာ၊ အနစ္စစသည်ဖြင့် ရှုသောဝိပဿနာဉာဏ်လည်းကောင်း ကုက်ကိ ဤသို့၊ အဋ္ဌ ဝိဇ္ဇာဟိ၊ ဝိဇ္ဇာရှစ်ပါးတို့နှင့်။ သမ္ပန္နံ၊ ပြည့်စုံတော် မူသော။ တိလောကကော တုကံ၊ သုံးလူ့မှန်ကင်းသဖွယ်ဖြစ်တော် မူသော ဘုရားမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ နမေနမာမိ၊ ရှိခိုးပါ ၏လို့ အဓိပ္ပာယ်ရတယ်"

ဟု ပြောလေ၏။ ကျွန်ုပ်အား ဘိုးသူတော်ဂွတိုက မီးလွတ်စားရမည်ဟု ခိုင်းလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် အသီးအနှံများကိုသာ စားနေရ၏။ ကျွန်ုပ်၏ ဆံပင်မှာ သျှောင်ထုံးဖြစ်သွားပြီဖြစ်၏။

ကျွန်ုပ်၏ နက်မှောင်သော မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများမှာလည်း လွန်စွာရှည်လျားနေပြီဖြစ်၏။ ကျွန်ုပ်၏ ခန္ဓာကိုယ်မှာလည်း လွန်စွာ ကြံ့ သို့နေပြီဖြစ်၏။ ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်အား အနောက်ရိုးမသို့ ခေါ် သွား၏။ ထိုမှတစ်ဖန် တောင်ဘက်သို့ ဆင်းခိုင်းပြန်၏။ ပြီးလျှင် ကျွန်ုပ် အား မှော်ဇင်းသာအထက် မန်ကျည်းဆိုသောအရပ်မှ ခွမြို့အကြားရှိ တော မ်းကလေးတစ်ခုသို့ ခေါ်သွားပြီးလျှင်

"ဟောဒီဒေသမှာ သောင်စပ်က တောအုပ်ရှိတယ်၊ ရွာလေးတွေ လည်း ဟိုနားဒီနားမှာရှိတယ်၊ ကိုယ့်လူက အဲဒီ မန်ကျည်းနဲ့ခွကြား ကနေ ဘယ်မှ မသွားရဘူး၊ ဒီထဲမှာပဲ ကျင်လည်နေရမယ်၊ လူတွေ





သိပ်မခံနဲ့၊ အစိဋ္ဌာန်ကတော့ ဘာတွေလုပ်ရမယ်ဆိုတာ ကိုယ့်လူ တတ်နေပြီ၊ တစ်နေ့လေးနာရီထက် ပိုပြီး မအိပ်ရဘူး၊ နာရီနှစ်ဆယ် အလုပ်လုပ်ရမယ်၊ ပြီးတော့ ကိုယ့်လူကို အဓိဋ္ဌာန်တွေပြီးတဲ့ အခါမှာ အပျင်းပြေလုပ်ဖို့ ရသေ့စိတ်ဖြေ တစ်ခုပေးခဲ့မယ်"

ဟု ပြောလေ၏။

"ပြောပါဦး ဘယ်လို ရသေ့စိတ်ဖြေလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။ ထိုအခါ၌ ဘိုးသူတော်ဂွတိုသည် ရွာလေး တစ်ရွာရှိ ကုန်စုံဆိုင်၌ သစ်သားမီးခြစ်ဗူးကလေး သုံးလေးဗူးကို ဝယ်၍ ကျွန်ုပ်အား ပေးလေ၏။

"ဘိုးသူတော် ကျုပ်က ဘာလုပ်ရမှာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"အားတဲ့အခါ ဒီမီးခြစ်ဗူးကလေးကို ကြည့်ရမယ်၊ ပထမ အပြင်ဘက် ကို ကြည့်ရမယ်၊ စိတ်ထဲမှာ မှတ်ထားရမယ်၊ ဘယ်လောက်ထိအောင် မှတ်ထားရမလဲဆိုရင် မျက်စိမှိတ်ပြီး အာရုံပြုလိုက်တဲ့အခါမှာ ကိုယ့် လူ မျက်လုံးထဲမှာ အဲဒီမီးခြစ်ဗူးကလေးဟာ ပြတ်ပြတ်သားသား ပေါ် လာတဲ့အထိ မှတ်ထားရမယ်၊ မီးခြစ်ဗူးရဲ့ အပြင်ဘက်ကို လေ့ကျင့် ပြီးရင် အတွင်းဘက်ကို လေ့ကျင့်ရမယ်၊ အတွင်းဘက်ကို လေ့ကျင့် တဲ့အခါမှာ ကိုယ့်လူရဲ့စိတ်ဟာ မီးခြစ်ဗူးအတွင်းကို ပင် ြးပြီး ကြည့် သလို မျက်စိထဲမှာ မြင်လာရမယ်၊ အဲဒီလို စိတ်နှာ ရ်မှာ မီးခြစ်ရဲ့ အတွင်းအပြင်ကိုမြင်လာတဲ့အထိ အာရုံပြုတတ်ရမယ်၊ အမှန်က



www.burmeseclassic.com

www.burmeseclassic.com



တော့ သိပ်ခက်တဲ့အလုပ်ပဲ၊ လွန်ခဲ့တဲ့ နှစ်လေးဆယ်လောက်က ကျွန် အဲဒီအလုပ်ကို လုပ်ဖူးတယ်၊ တော်တော့်ကို ခက်တယ်၊ ဒါပေမဲ့ အခုတော့ ဒီအလုပ်ဟာ ကလေးကစားစရာ ဖြစ်သွားပြီ၊ မင်း စဉ်းစား ကြည့်လေကွာ၊ အိမ်တစ်ဆောင်ကို ဆောက်မယ့်လက်သမားဟာ အဲဒီအိမ်ကို မဆောက်ခင်ကတည်းက အဲဒီအိမ်ရဲ့ပုံစံကို ပြတ်ပြတ် သားသား စိတ်အာရုံမှာ ဖော်ထားပြီးသားဖြစ်ရမယ်၊ အဲဒီလို စိတ်အာ ရုံမှာ မပေါ်ရင် ဆောက်လို့မရဘူး၊ ပြီးတော့ မီးခြစ်ဗူးနဲ့ အပျင်းဖြေဖို့ ကိုယ့်လူကို ဆက်ပြောလိုက်ဦးမယ်၊ ပထမ မီးခြစ်ဗူးကို အပြင်ဘက် က ကြည့်တဲ့ပုံစံနဲ့ အာရုံပြုလိုက်ရင် ပေါ်လာအောင် လုပ်ရမယ်၊ ဒုတိယ လေ့ကျင့်ခန်းက မီးခြစ်အတွင်းဘက်ကို အာရုံပြုလိုက်ရင် ပေါ်လာအောင် လေ့ကျင့်ရမယ်၊ တတိယလေ့ကျင့်ခန်းက အထဲက မီးခြစ်ဆံတွေ သွန်ချလိုက်ပြီး မီးခြစ်ရော မီးခြစ်ဆံတွေပါ စိတ်ထဲ အာရုံပြုလိုက်ရင် အာရုံထဲမှာ ပြတ်ပြတ်သားသား ပေါ်လာအောင် လေ့ကျင့်ရမယ်၊ အခု ငါပြောတဲ့အလုပ်ဟာ ပါးစပ်ကပြောတော့ လွယ်ပေမယ့် လက်တွေ့ လုပ်တော့ ခက်တယ်၊ အဲဒီလေ့ကျင့်ခန်းတွေ လုပ်တဲ့အခါမှာ နောက်ဆုံး ဘာတွေ့လာမလဲဆိုရင် စကြာဝဠာတစ်ခု လုံးဟာ မမြင်နိုင်တဲ့အနုမြူလေးတွေ ပေါင်းစပ်ထားပါကလားလို့ မြင်လာရမယ်၊ အဲဒီ အသိဉာဏ်မှာ ဘာထပ်ထည့်ပေးရမလဲဆိုတော့ အဲဒီ မမြင်နိုင်တဲ့ အနုမြူကလေးတိုင်းဟာလည်း စကြာဝဠာလည် ပတ်တဲ့စနစ်အတိုင်း လည်ပတ်ဖြစ်ပေါ်နေကြပါလားဆိုတာ ထည့်ပေးရမယ်၊ နောက်ဆုံးမှာကြီးမားတဲ့ စကြာဝဠာကနေသေး ကွေးတဲ့ အနုမြူအထိ မင်းရဲ့ မနောဓာတ်က လက်ခံလိုက်မယ်၊ အဲဒီ သေးကွေးတဲ့ အနုမြူဟာလည်း ပကတိမှာစွမ်းအင်သဘောပဲ ရှိပါ သလားလို့ လက်ခံသွားမယ်၊ အဲဒီလို လက်ခံသွားတဲ့အခါမှာ မင်း ကိုယ်တိုင်ဟာလည်း မြောက်မြားစွာသော အနုမြူများပေါင်းစပ် ထားခြင်းပါလားလို့ ကိုယ့်လူလက်ခံသွားမယ်၊ အဲဒီလို လက်ခံတဲ့ အချိန်မှာ ကိုယ့်လူကို ပြောပြလို့မရတဲ့ သိဒ္ဓိထူးကြီးတွေ ရောက်လာ လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်လူက သဘာဝနဲ့သီးခြားမနေ တော့ဘဲ သဘာဝနဲ့တစ်ပေါင်းတစ်စည်းတည်း ဖြစ်သွားလို့ပဲ"

ဟု ဘိုးသူတော်ဂွတိုက ပြောလိုက်လေ၏။

"ဒီမှာ ဘိုးသူတော် ခင်ဗျား ပြောတာ ကျုပ်နားမလည်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ဘိုးသူတော်ကြီးက တဟားဟား ရယ်လေ ၏၊ ထို့နောက် -

"အဲဒါ သိပ်ပြီး ခက်တာပေါ့ကွာ၊ ကိုယ့်လူ နားလည်အောင် ဒီထက် ပိုပြီး မပြောတတ်ဘူး၊ လက်တွေ့လုပ်ဖို့ တိုက်တွန်းလိုတယ်၊ ဒါ ကလည်း တခြားအမိန့်ဌာန်တွေဖျက်ပြီး လုပ်ရမှာ မဟုတ်ပါဘူး၊ တခြား အမိန့်ဌာန်တွေပြီးတဲ့အခါမှ ရသေ့စိတ်ဖြေသဘောလုပ်ဖို့ ပြော တာပါ"

ဟု ပြောလိုက်လေ၏။

"ကျုပ်က မန်ကျည်းနဲ့ ခွကြားကနေ မရွေ့ရဘူးလား"







www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဟုတ်တယ်၊ ကိုယ့်လူ မြဲမြဲ မှတ်ထား၊ မန်ကျည်းပင်ခွကြား အဲဒီနေရာ မှာပဲ နေရမယ်၊ ဘယ်ကိုမှ မရွှေ့ရဘူး၊ လုပ်ရမယ့် အမိန့်ဒွန်တွေကို သင်ပြီးလုပ်ပါ၊ ခုနစ်နှစ်ပြည့်မှ ကျွပ်လာခေါ်မယ်၊ ကဲ... ကိုယ့် လူရေ ဒီအချိန်ကစပြီး ကိုယ့်ဝမ်း ကိုယ်ကျောင်း၊ ကိုယ့်ပါရမီ စခန်း ကိုယ်ဖြည့်ပြီး မန်ကျည်းပင်ခွကြားမှာ နေပေတော့"

ဟု ပြောဆိုကာ ကြေးစည်ကို ထုလိုက်လေတော့၏။

"နောင်... ခေ... ခေ... ခေ..."



# ငါမင်းသား ထိုင်လို့နေ

ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်နှင့် လမ်းခွဲသွားပြီဖြစ်၏။ ကျွန်ုပ်သည် မန်ကျည်းနှင့် ဂွမြို့ကြားရှိ တောင်ဆင်ခြေလျှောမှ ကောအုပ်ကလေးအတွင်း စမ်းချောင်းတစ်ခုအနီး၌ ဝါးတဲကလေး တစ်ကဲဆောက်လုပ်၍ ခနထိုင်ခဲ့လေ၏။ တစ်နေ့လျှင် လေးနာရီခန့်သာ အိပ်စက်ရလေ၏။ ကျန်သောအချိန်များမှာ ပြင်းထန်သော အမိဋ္ဌာန်များနှင့်ပြည့်နှက်လျက်ရှိ၏။

ပရိတ်များ ရွတ်ရ၏။ ဘုရားရှိခိုးရ၏။ မေတ္တာပို့ရ၏။ ပုတီးအမိဋ္ဌာန်များလည်း ဝင်ရ၏။ တစ်ပတ်တစ်ခါ လူနေရပ်ကွက်အတွင်းသို့ အလှူခံသွက်ရ၏။ ယခုအခါ၌မူ ကျွန်ုပ်၏ အဝတ်အထည်များသည် ပိတ်ဖြူ များ မဟုတ်တော့ပါ။ အညိုရောင်များ ဖြစ်နေပြီဖြစ်၏။ ကျွန်ုပ်၏ဆရာ ဘိုးသူတော်ဂွတိုက အညိုရောင်ဝတ်ရမည်ဟု အမိန့်ချသွား၏။ ကျွန်ုပ်အဖ-



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် အညိုရောင် ဝတ်ရမှာတုံး"

ဟု မေးရာ ဘိုးသူတော်ဥတ္တိုက-

"အဖြူရောင်ဟာ သီလအတွက် ဝတ်တာ၊ ကိုယ့်လူဟာ သီလဘက်က တော်တော့်ကို လုံခြုံသွားပြီ၊ ဒါကြောင့် အညိုကို ဝတ်ခိုင်းတာ။ အညိုဟာ သမာဓိအတွက် ဝတ်ရတာ"

ဟု ရှင်းပြခဲ့ဖူး၏။

ကျွန်ုပ်သည် အဖိဟ်နေ့ ဥပုသ်နေ့များတွင် ရွာစဉ်လှည့်၍ ကြေးစည်တနောင်နောင်ခြင်း အလှူခံထွက်ရလေ၏။ ကျန်သောအချိန်၌မူ ပြင်းပြင်းထန်ထန် ကျင့်ရလေ၏။

ဤသို့ နေထိုင်လာခဲ့ရာ တစ်ခါတွင် ကျွန်ုပ်သည် ဘိုးသူတော်သင်ပေးထားသော အနန္တလာဘ်လာဘဂါထာကို ပုတီးအပတ် တစ်ထောင် စိပ်လေ၏။ ထိုဂါထာမှာ အောက်ပါအတိုင်းဖြစ်၏။

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာကာ နန္တလာဘ သာ၊
သဒါ ယဿ မဟေသိနော။
ပတ္တလာဘဂ္ဂတံ လောကံ၊
တံ ဝန္ဒေ မုနိပုင်္ဂဝံ။ ။

ဂါထာ၏ အဓိပ္ပာယ်ကိုလည်း ဘိုးသူတော်ကြီးက အောက်ပါအတိုင်း ရှင်းပြခဲ့ဖူး၏။





"ယဿမဟေသိနော၊ အကြင်မြတ်စွာဘုရားကား၊ ဂါမေ၊ရွာ၌လည်းကောင်း။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်တို့၌။ ဒေဝေဟိ၊ နတ်တို့သည်လည်းကောင်း။ မနုဿေဟိ၊ လူတို့သည်လည်းကောင်း။ အာဘတော၊ ဆောင်အပ်သော။ အနန္တလာဘော အဆုံးမရှိသော လာဘ်ရှိသည်။ အသော၊ ဖြစ်၏။ ပတ္တလာဘဂ္ဂတံ၊ မြတ်သော လာဘ်ရှိသော အဖြစ်သို့ ရောက်တော်မူပြီးထသော။ မုနိပုင်္ဂဝံ၊ ရဟန်းတို့၏ မင်းဖြစ်တော်မူသော။ တံမဟေသိ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏"

အထက်ပါ ဂါထာကို ပုတီးပတ်တစ်ထောင်ရအောင် စိပ်ပြီးသောနေ့၌ ကျွန်ုပ်ထံသို့ အသက်သုံးဆယ်ကျော်အရွယ် မိန်းကလေးတစ်ဦး ရောက်ရှိလာ၏။ ထိုမိန်းကလေး ကျွန်ုပ်၏ တဲအတွင်းသို့ ဝင်လာသောအခါ ကျွန်ုပ်၏ နှာခေါင်းတွင် လွန်စွာ မွှေးကြိုင်သော ရနံ့ကို ရလေ၏။ ကျွန်ုပ်လည်း ပုတီးစိပ်ပြီးပြီဖြစ်၍ ပုတီးကို လည်ပင်း၌ ချိတ်လိုက်ပြီးလျှင် ထိုမိန်းကလေးအား

"ဘာကိစ္စလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းကလေးက ကျုံ့ကျုံ့လေးထိုင်၍ ဘန်တော့ပြီးလျှင်-

"ကျွန်မ နာမည် မဝါနုလို့ ခေါ်ပါတယ် ဆရာ"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ထိုအခါကျမှ ထိုမိန်းကလေး၏ မျက်နှာကို ခဲ့ရဲကြည့်လိုက်ရာ သူ၏မျက်နှာသည် ဝါဂွမ်းကဲ့သို့ နုအိနေကြောင်း သတိပြုမိ၏။ အသားရောင် လှသကဲ့သို့ မျက်လုံးမျက်ခုံးများမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

လွှန်စွာလှ၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း လွန်စွာ ကြည့်၍ ကောင်း၏။ သူ၏ အသံမှာလည်း နားဝင်ချိုလှ၏။

"ကဲ. . . မိန်းကလေး လာရင်းကိစ္စ ဆိုပါဦး"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဒီလိုပါ ဆရာရယ်. . . ပုသိမ်ခရိုင်ထဲမှာရော ရခိုင်ဘက်မှာရော ရှေးဟောင်းဘုရားတွေ ပြိုပျက်နေတာတွေ အများကြီးရှိပါတယ်၊ အဲဒါတွေဟာလည်း ဆွေတော်မျိုးတော်တွေ တည်ထားခဲ့တာပဲ မဟုတ်ဘူးလား ဆရာရယ်၊ အဲဒါတွေကို ကျွန်မပြင်ချင်တယ်၊ ဒါပေမဲ့ ကျွန်မမှာဦးဆောင် နိုင်တဲ့ အရည်အချင်း မရှိပါဘူး၊ ဆရာက ဦးဆောင်ပြီး ပြင်ပေးပါ၊ ဆရာ့ကို ကျွန်မပစ္စည်းအလုံအလောက် ထုတ်ပေးပါ့မယ်"

ဟု ဆိုကာ မဝါနုသည် ကျွန်ုပ်အား ကတ္တီပါအိတ်အနီကလေး တစ်အိတ်ကို ထုတ်ကာ အိတ်ကိုဖွင့်၍ သွန်ချပြလေ၏။

ကျွန်ုပ်၏ ဝါဇာကလေးအတွင်းရှိ ဝါးကြမ်းပြင်ပေါ်သို့ မြောက်မြားလှစွာသော စိန်ရွှေရတနာပစ္စည်းများ ထွက်ကျလာလေ၏။

"ဒီလိုရှိတယ် မိန်းကလေး၊ မင်းပြောတဲ့အလုပ်ဟာ အတော်ကောင်းတဲ့ အလုပ်ပဲ၊ ဒါပေမဲ့ ကျုပ်အနေနဲ့ ဘာမှ လုပ်ပေးလို့မဖြစ်ဘူး၊ ကျုပ်ဆရာ ဘိုးသူတော်က ကျုပ်ကို ဒီနေရာက ဘယ်မှ မရွှေ့ရဘူးလို့ မှာသွားတယ်၊ အဲဒါကြောင့် မိန်းကလေးရဲ့ ပစ္စည်းတွေကို ပြန်ထည့်ပြီး ယူသွားပါ၊ ပြီးတော့ ဒီနေရာကလည်း ယောကျ်ား





တစ်ယောက်တည်း နေတဲ့နေရာဆိုတော့ မိန်းကလေး ဒီနေရာကနေ အမြန်ဆုံး ထွက်သွားတာဟာ အကောင်းဆုံးပါပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ မဝါနုသည် ကျေနပ်သောအမူအရာဖြင့် ပြုံးပြပြီးလျှင် ပစ္စည်းများကို ကတ္တီပါအိတ်အတွင်းပြန်၍ထည့်ပြီး

"ကျွန်မ ပြန်ပါဦးမယ်ရှင်. . . ဆရာပြောတာ ဟုတ်ပါတယ်"

ဟု ဆိုကာ ကျွန်ုပ်၏တဲအတွင်းမှရိုကျိုးသော အမူအရာဖြင့် ထွက်သွားလေ၏။ ထိုသို့ ထွက်သွားစဉ်က ၎င်း မဝါနုက-

"ဆရာက နေ့တိုင်း မေတ္တာတွေပို့ အမျှတွေဝေ လုပ်နေတာဆိုတော့ ဆရာ့ကို ဒီတောမှာစောင့်နေတဲ့ တောစောင့်နတ်သမီးလေးက သိပ်ပြီး ကျေးဇူးတင်မှာပဲနော်"

ဟု ပြောသွားသေး၏။ ထို့နောက်တွင်ကား ၎င်းမဝါနုသည် ကျွန်ုပ်ထံသို့ တစ်ကြိမ်တစ်ခါမျှ ရောက်လာခြင်း မရှိတော့ပါ။ နောက်တစ်နေ့တွင် အဖိတ်နေ့နှင့် ကြုံသောကြောင့် ရွာများအတွင်းသို့ အလှူခံထွက်ခဲ့လေ၏။

ရွာမှ လူများသည် ခါတိုင်းကဲ့သို့ မဟုတ်ဘဲ ကျွန်ုပ်အား ဂရုတစိုက် ထွက်၍ကြည့်ကြလေ၏။ ထို့အပြင် ကျွန်ုပ်အားလည်း ယခင်ကထက် ပို၍ လျှုဒါန်းကြလေ၏။ မည်သူက မည်သို့ သတင်းလွှတ်ထားသည်မသိ၊ ကျွန်ုပ်အား ရွာသူရွာသားများသည် မင်းသားကြီးဟု စတင်ခေါ်ကြလေတော့၏။

နောင်တွင် ကျွန်ုပ်သိရသည်မှာ ထိုရွာများသို့ ဘုရင့်ဆွေတော်မျိုးတော်မှ ဆင်းသက်လာသော မိန်းမငယ်တစ်ဦး ရောက်ရှိလာသည်ဆို၏၊



www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းမငယ်သည် လွန်စွာ ချောမောလှပ၏။ လွန်စွာ ရည်မွန်၏။ နန်းတွင်းသူ မင်းသမီးများသာ ဝတ်ဆင်နိုင်မည့် အဖိုးတန်ရတနာများကို ဝတ်ဆင်ထားသည်ဆို၏။ ထိုမိန်းမငယ်အား ရွာသူရွာသားများက စပ်စုမေးမြန်းကြရာ သူသည် ကုန်းဘောင်မင်းဆက်မှ ဆင်းသက်လာသော မင်းမျိုး မင်းနွယ်မင်းသမီးတစ်ပါး ဖြစ်သည်ဟု ပြော၏။ ဤအရပ်သို့ ရောက်ရှိလာရခြင်းမှာလည်း သူ၏ အစ်ကိုတစ်ဦး ဤအရပ်ဒေသတွင် ရသေ့ပြုနေကြောင်း သတင်းရ၍ လာရောက်ရှာဖွေကြောင်း ပြော၏။

ထို့နောက် မိန်းမငယ်သည် ထိုရွာများမှ ထွက်သွား၏။ ရက်အတန်ငယ် ကြာသောအခါ ထိုရွာများသို့ ပြန်လည်ရောက်ရှိလာပြန်၏။ ရွာသူရွာသားများအား တောအုပ်ထဲတွင် ငါးကျောင်းကလေးနှင့် နေထိုင်သော သူ၏ အစ်ကိုနှင့် တွေ့ခဲ့ပြီဖြစ်ကြောင်း ပြောလေ၏။ သူ၏ အစ်ကိုအား ဘုရားများ ပြင်ရန် သူက ပြောခဲ့သည်ဟု ဆိုပြန်၏။ သူ၏ အစ်ကိုကလည်း ယခုအခါတွင် သူသည် ဤဒေသ၌ အမြဲတမ်းနှင့်နေသောကြောင့် မည်သည့်နေရာသို့မျှ သွားမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဘုရားများ ပြင်ရန်ကိစ္စကို မပြုလုပ်နိုင်သေးကြောင်း ပြောသည်ဆို၏။ သူလည်း လောလောဆယ် ပြန်ရဦးမည်ဟု ပြောဆိုကာ ပြန်သွားကြောင်း သိရလေ၏။ ထိုအချိန်မှစ၍ ထိုရွာစဉ်တစ်လျှောက်၌ ရှိကြသော လူများသည် ကျွန်ုပ်မစ္စတာ တန်တော်မိုးခေါ် ရသေ့ ဦးမိုးအား တစ်ညီတစ်ညွတ်တည်း မင်းသားကြီးဟူ၍ ခေါ်ဝေါ်ကြလေတော့သတည်း။



## ရွှတ်လိုက်တဲ့ မန္တန်တွေ

ကျွန်ုပ်သည် ခုနစ်နှစ်လုံးလုံး ရခိုင်ရိုးမတောင်ခြေရှိ တောအုပ်အတွင်း၌ နံ့သာဖြူ ပုတီးတစ်ကုံးဖြင့် မန္တန်များ ရွတ်ဖတ်ရင်း အချိန်ကို ကုန်လွန်စေခဲ့လေ၏။ ကျွန်ုပ်တွင် သိဒ္ဓိများ အတော်အတန် ရှိလာပြီဖြစ်ကြောင်းကို ကျွန်ုပ်ကိုယ်တိုင် သိလာပြီဖြစ်လေ၏။

အဘယ့်ကြောင့်ဆိုသော် အချို့သော အဖြစ်အပျက်များမှာ သဘာဝနှင့် ကင်းလွတ်၍ ဖြစ်ပျက်လာသောကြောင့် ဖြစ်၏။ ဥပမာအားဖြင့် ကျွန်ုပ်သည် အဖိတ်နေ့၌ အလှူခံရန် တောစပ်သို့ ထွက်လာခဲ့ရာ မြွေဟောက်တစ်ကောင်၏ ခါးကို နင်းမိလေ၏။

မြွေဟောက်သည် ကျွန်ုပ်အား လှည့်၍ပေါက်လိုက်လေ၏။အပေါက်ခံရသောနေရာမှာ ခြေမျက်စိအထက် ဖနောင့်ကြောနေရာတွင်ဖြစ်၏။ ကျွန်ုပ်၏မျက်လုံး၌ ဝင်းခနဲဖြစ်သွားပြီး ကျွန်ုပ်သည် ဗိုင်းခနဲလဲကျသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အားယူ၍ ကျုံးရုန်းထ၏။ ကျွန်ုပ်၏ အနီးတွင် ကျွန်ုပ်ကို ကိုက်သော မြွေဟောက်သည် ရှိနေဆဲပင်ဖြစ်၏။ ကျွန်ုပ်သည် အလျှံခံတောင်းကိုဖွင့်၍ သိဒ္ဓိရေစင် ရေပုလင်းကိုယူကာ ထိုမြွေဟောက်အား မေတ္တာပို့ရင်း လှမ်း၍ဆွတ်ဖျန်းလိုက်၏။

ထို့နောက် ကျွန်ုပ်သည် ထိုရေစင်နှင့်ပင် မြွေကိုက်ခံရသော နေရာကို လောင်းချလိုက်၏။ အစွယ်များမှ အဆိပ်မည်းမည်းများ ထွက်ကျလာ၏။ ထိုအချိန်၌ပင် ရွာသားတစ်စုသည် သခွေါ်ှသီးများ၊ အုန်းသီးများ ပိန္နဲသီးများကို ထမ်းပိုးလျက် ကျွန်ုပ်ထံသို့ ရောက်ရှိလာကြ၏။ ထိုရွာသားများအနက် ခေါင်းဆောင်လုပ်သောရွာသားက-

"မင်းသားကြီး မြွေကိုက်ခံရလို့အလျှုခံမထွက်နိုင်ဘူးဆိုတဲ့အကြောင်း မိန်းမကတစ်ယောက်က လာပြောလို့ သိရတယ်၊ အဲဒီလို သိသိချင်း ကျွန်တော်တို့အားလုံး ရရာ အသီးအနှံတွေရှာပြီး ပို့ဖို့ ထွက်လာကြတာ၊ ဒီမှာ ဘာထိုင်လုပ်နေတာလဲ၊ ဟင်. . . ဟိုမှာလည်း မြွေဟောက်ကြီးပါလား"

ဟု အလန့်တကြား ပြောဆိုလိုက်လျှင် ကျန်လူများသည် ပါလာသော ဒေးများ၊ ထမ်းပိုးများဖြင့် မြွေဟောက်ကြီးအား ခုတ်မည်ထစ်မည် ပြုလုပ်ကြလေတော့၏။ ကျွန်ုပ်က မေတ္တာရပ်ခံကာ မြွေကြီးအား မောင်းထုတ်လိုက်ရလေ၏။ ထိုအခါအကြီးအကဲရွာသားက ကျွန်ုပ်၏ခြေထောက်မှ ဒဏ်ရာကိုမြင်လျှင်-

"မင်းသားကြီး မြွေကိုက်ခံရတော [illegible]"

ဟု မေးလေ၏။

"ကျွန်တော်တို့ကို ဟိုမိန်းမကပြောတာ၊ မနက်အစောကြီးက အဲဒီတုန်းက မင်းသားကြီး မြွေအကိုက် မခံရသေးဘူး၊ သူက ဘယ်လိုလုပ်ပြီး သိတာလဲ"

ဟု မေးလေ၏။ ကျွန်ုပ်လည်း ထိုကိစ္စကို ၎င်းတို့အား ရှင်းမပြနိုင်ပါ။ သို့ရာတွင် ၎င်းတို့အား သတင်းပေးသော မိန်းကလေးမှာ မည်သူ မည်ဝါဖြစ်သည်ကို ကျွန်ုပ် အတတ်သိပါသည်။ ထိုမိန်းကလေးမှာ မဝါနုပင်ဖြစ်တန်ရာ၏။

ဤအဖြစ်အပျက်ကဲ့သို့သော အဖြစ်အပျက် အလားတူပေါင်းများစွာဖြစ်ခဲ့ပါ၏။ ထို့ကြောင့် ကျွန်ုပ်သည် ယခင်က တန်တော်မိုးမဟုတ်တော့ဘဲ တစ်မူထူးနေသော တန်တော်မိုးဖြစ်ကြောင်းကိုမူ ကျွန်ုပ်ကိုယ်တိုင်ကောင်းစွာ သိနေပေပြီ။

ထို့ကြောင့် ကျွန်ုပ်သည် အဓိဋ္ဌာန်ကို အပျက်မခံဘဲ ဆက်လက်၍ ကြိုးစားခဲ့လေ၏။ ကျွန်ုပ်၏ အသားအရေများမှာ ခန်းခြောက်ကြုံလှီလျက်ပသည်။ ကျွန်ုပ်၏ အညိုရောင် အဝတ်အစားများမှာလည်း မကြာခဏ ချော်ဖွတ်၍ သစ်ခေါက်များ ဆိုးရသောကြောင့် အညိုဘဝမှအမည်း ဘဝကူးပြောင်းခဲ့ပြီဖြစ်၏။

စုတ်ပြဲနေပြီဖြစ်သောကြောင့် အပ်ချည်နှင့် ပြန်၍ ချုပ်ထားရသောနေရာများမှာလည်း မူလက ရက်လုပ်လိုက်သော ချည်များထက် ပိုမိုများနေပြီဖြစ်၏။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ကျွန်ုပ်၏ ဆရာဂွတိုနှင့် ခွဲခွာခဲ့သည်မှာ ခုနစ်နှစ် တင်း တင်းပြည့်သောနေ့တွင် ကျွန်ုပ်သည် ဆာလောင်လွန်းလှသဖြင့် သဘော် သီးကို စားသောက်ရန် ခွဲစိတ်နေစဉ်၌

"ဟာ. . . မင်းသားကြီး. . . ကျုပ် ထားခဲ့တုန်းက အညိုဝတ်ထ အခုဘယ့်နှယ့်ကြောင့်အနက်ကြီးဖြစ်သွားရတာတုံး၊ နိပ်ဟ"

ဟု ပြောလိုက်သောအသံကိုကြားသဖြင့် လှမ်း၍ကြည့်လိုက်ရာ ကျွန်ုပ်၏ ဆရာဘိုးသူတော်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရလေတော့၏။ ဘိုးသူတော် ဂွတိုသည် အားရဝမ်းသာ ကြွေးစည်ကိုထုလိုက်လေတော့၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . . "

ထို့နောက် ဘိုးသူတော်ဂွတိုက-

"အဝတ်တွေကလည်း ဖာထေးထားလိုက်တာ ပွနေတာပဲ၊ အရောင် ကလည်း အနက်ဖြစ်သွားပြီ"

ဟု ထပ်၍ ပြောလိုက်လျှင် ကျွန်ုပ်က-

"အနက် မဟုတ်ပါဘူး၊ အမည်းပါ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဘိုးသူတော်က-

"အမည်းတော့ အမည်းပဲ၊ ဒါပေမဲ့ အနက်လို့ ပြောရမယ်၊ မည်း တာနဲ့ နက်တာ မတူဘူး"

ဟု ပြောလေ၏။

"ဘယ်လို မတူတာလဲ ဘိုးသူတော်ရဲ့၊ လုပ်စမ်းပါဦး"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။

"ဒီမှာ ကိုယ့်လူ၊ ကလေးတွေ စာသင်ခန်းမှာ ထောင်ထားတဲ့ သင်ပုန်းရဲ့အရောင်ဟာ အမည်းခေါ်တယ်၊ မီးသွေးခဲရဲ့အရောင် ကလည်း အမည်းပဲ၊ ဒါပေမဲ့ အလွန်အင်မတန် နက်တဲ့ရေတွင်း ကို ငုံ့ကြည့်လိုက်လို့ မှောင်နေတဲ့ နေရာကိုတော့ အနက်လို့ခေါ် တယ်၊ နက်ရှိုင်းတဲ့ သဘော ကို ပြောတာ၊ ပိုပြီး လေးနက်တယ်၊ ပညာရပ်တစ်ခုကို နက်နက်ရှိုင်းရှိုင်း တတ်ကျွမ်းသွားရင် အနက် ရောင်နဲ့ ဂုဏ်ပြုရတယ်၊ ကမ္ဘာပေါ်မှာ ရှိတဲ့ ယူနီဗာစတီတွေအား လုံးဘွဲ့ပေးရင် အနက်ရောင် ဝတ်ရုံကြီးတွေ ခေါင်း ဆောင်းကြီး တွေ ဝတ်ခိုင်းပြီးမှ ပေးတာ မတွေ့ဖူးဘူးလား၊ အဲဒါ ပညာရပ်ကို အကြောင်းပြုပြီး လေးနက်သွားပြီ၊ နက်နက်ရှိုင်းရှိုင်းဖြစ်သွားပြီ လို့ ဖော်ပြတာပဲ၊ အနက်ရောင်ဟာ ပညာရပ်နဲ့ ပတ်သက်တယ်၊ အင်မတန် ပညာတတ်တဲ့ ကဝေကြီးတွေဆိုရင် ထဘီနက်နက် အင်္ကျီနက်နက်ကြီးတွေ ဝတ်ထားကြပြီး ပုဂံခေတ်က အရည်းကြီး ဘုန်းကြီးတွေဆိုရင် လောကီပညာမှာ တစ်ဖက်ကမ်းခတ်ကြ လေတော့ အနက်ရောင်တွေ ဆင်မြန်းကြတယ်၊ အနက်ရောင် ဟာ ပညာရဲ့အရောင်၊ ပညာဆိုတာ လေးလေးနက်နက် ကတ် မြောက်သွားရင် ခံနိုင်ရည်စွမ်းအားတွေပါ အလိုလို ရောက်လာ တယ်"

ဟု ဘိုးသူတော်ဂွတိုက ရှင်းပြလေ၏။

"လူတွေသုံးတဲ့ ထီးဟာလည်း မည်းနက်နေတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ရေရွတ်လိုက်ရာ-

"ရာသီဥတုဒဏ် ခံနိုင်ရည်ရှိအောင် အဲဒီအရောင်ကို သုံးထား တာ၊ ကဲ-ဒါတွေ ထားလိုက်တော့၊ ကိုယ့်လူ ဒီမှာ ခုနစ်နှစ်ပြည့် နေရာရွှေ့ရမယ်၊ ကိုယ့်လူဟာပထမဦးဆုံး သီလရောင်ဖြစ်တဲ့ အဖြူရောင်အဝတ်အစားနဲ့စခဲ့တယ်၊ ပြီးတော့ကျုပ်ကအညို ရောင်ကို ပြောင်းပေးလိုက်တယ်၊ အဲဒါ သမာဓိအရောင်၊ အ အနက်ရောင်ဖြစ်သွားပြီ၊ အဲဒါက ပညာအရောင်၊ ဒါပေမဲ့ ကိုယ့် လူ အဝတ်အစားတွေက ဆွေးနေပြီ၊ ဟောဒီမှာ ဝတ်စုံနှစ်စုံ အနက်ရောင်ချည်းပဲ၊ ပြီးတော့ ဖိနပ်နှစ်ရံ၊ သင်တိုင်းနှစ်ခု"

ဟု ဆိုကာ ၎င်း၏ တောင်းအတွင်းမှ ပစ္စည်းများကို ကျွန်ုပ်အား ထုတ်ပေး လေ၏။ ကျွန်ုပ်သည် ရေမိုးချိုးပြီးနောက် ဘိုးသူတော်ကြီးပေးသော အဝတ်အစားသစ်များကို စတင်ဝတ်ဆင်ရလေတော့၏။

အင်္ကျီမှာ ရှပ်အင်္ကျီနှင့်တူ၏။ သို့သော် ကြယ်သီးပေါက်များ မရှိ ခေါင်းမှစွပ်၍ဝတ်ရသော ဂျာစီအင်္ကျီကဲ့သို့ဖြစ်၏။ အောက်ပိုင်းမှာလည်း လုံချည်မဟုတ်။ ဆေးရုံတွင် လူနာဝတ်သည့် ဘောင်းဘီကဲ့သို့ ပွရော ရောင်းနိုင်လှသော ဘောင်းဘီတစ်မျိုးဖြစ်၏။ ခါးမှာလည်း ပွ၏။ ကြိုး စည်း၍ဝတ်ရ၏။ ဖိနပ်မှာ သားရေဖြင့် ချုပ်ထားသော လည်ရှည်ဘွတ် ဖိနပ်ဖြစ်၏။ ထို့နောက် သင်တိုင်းအနက်ကြီးကို ထပ်၍စွပ်ရ၏။

ထိုသို့ဝတ်လိုက်ရာ ကျွန်ုပ်၏ပုံစံမှာ ခရစ်ယာန်ဖာသာကြီး တူသလိုလို၊ ကုလားဖကီးကြီးနှင့် တူသလိုလို ဖြစ်သွား၏။





"ဘာအဝတ်အစားတွေတုံးဗျ"

ဟု ကျွန်ုပ်က ဘိုးသူတော်အား မေးလိုက်ရာ-

"ဘာအဝတ်အစားတွေလဲ မမေးနဲ့၊ ဟောဒီမှာပေးဖို့ကျန်သေးတယ်"

ဟု ပြောဆိုကာ ခေါင်းစွပ်အနက်တစ်လုံးကို ပေးလေ၏။ ကျွန်ုပ်သည် ခေါင်းစွပ်ကို ခေါင်းတွင်စွပ်လိုက်၏။ ခေါင်းစွပ်မှာ သံပုရာခွံကဲ့သို့ လုံးလုံး တလေးဖြစ်၏။ သို့ရာတွင် နားရွက်နှစ်ခုတွင် အဝတ်စပိုလေးနှစ်ခု တွဲ လောင်းကျနေ၏။

"အဲဒီ တွဲလောင်းလေးနှစ်ခုက ဘာသဘောလဲဗျ"

ဟု မေးလိုက်ရာ ဘိုးသူတော်ဂွတိုက-

"ကိုယ့်လူရဲ့ နားရွက်နှစ်ဖက်ကို လေမထိအောင် ကာထားတာ၊ လေထိရင် နားရွက်ပြတ်ကျသွားမယ့်နေရာကို ခေါ်သွားမှာ ကိုယ့်လူ"

ဟု ပြောလေ၏။

"ဘယ်နေရာလဲဗျ"

ဟု ကျွန်ုပ်က မေးရာ ဘိုးသူတော်ဂွတိုက

"ဟိမဝန္တာ"

ဟု ပြန်၍ပြောလိုက်ပြီးလျှင် ကြေးစည်ကိုထုလိုက်လေ၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

"အဝတ်အစားတွေက ဘာအဝတ်အစားတွေဆိုတာ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်ုပ်က ဘိုးသူတော်ဂွတိုအား ထပ်၍မေးပြန်၏။

"ပွဲထဲမှာ ဇော်ဂျီလုပ်တဲ့လူတွေ ဝတ်တဲ့ အဝတ်အစားမှုရင်းက ဒါ

ပွဲထဲမှာဆိုတော့ အနက်ရောင်ကြီးဟာ ကြည့်လို့မကောင်းဘူး

တော့ အနီရောင်လုပ်ထားတာ"

ဟု ဘိုးသူတော်က ပြန်၍ပြောလိုက်လေ၏။ ထိုအခါကျမှပင် ကျွန်

ဝတ်ထားသော အဝတ်အစားများကို ပြန်၍ကြည့်လိုက်ရာ ပွဲထဲတွင် ဇော်

ဂျီများဝတ်သော အဝတ်အစားများနှင့် ခပ်ဆင်ဆင်တူကြောင်း သတိပြု

လေတော့၏။ ထို့နောက် ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်အား အနော

ရှိးမမှတစ်ဆင့် အိန္ဒိယနယ်အတွင်းသို့ ခေါ်သွား၏။ ထိုမှတစ်ဖန် နီ

နယ်အတွင်းသို့ ဖြတ်ကြ၏။ ပြီးလျှင် တောင်လက်မောင်းတစ်ခုမှနေ

ဟိမဝန္တာတောင်တန်းပေါ်သို့ ခေါ်သွားပြန်၏။

"ကိုယ့်လူ အသီးအရွက် အစိမ်းတွေချည်း စားနေဖို့ မလိုတော့

ဘူး၊ ဂျုံလေးဘာလေးကို မုန့်လေး ဘာလေး လုပ်ပြီး စားလို့ရပါ

ဟု ဆိုကာ ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်အား ဂျုံဖြင့်မုန့်များ လုပ်ကျွေး

လေ၏။ တစ်ခါတစ်ရံ၌ ထိုမုန့်များကို သကြားဖြင့် စားရ၏။ တစ်ခါတစ်

၌ အာလူးဟင်း၊ ပဲဟင်း စသည်တို့ဖြင့် စားရ၏။

"ကိုယ့်လူရဲ့ ရန်သူဖြစ်တဲ့ ဘလက်ဘရားသားတွေရော စနေဂိုဏ်

သားတွေရော စနေမောင်မောင်ရော ကိုယ့်လူကို တရစ်ပြည်

ရောက်နေတယ်မှတ်လို့ အဲဒီဘက်မှာ ကိုယ့်လူကို မွှေနှောက်ပြီး

ရှာနေလေရဲ့"





ဟု ဘိုးသူတော်ဂွတိုက ပြောလေ၏။

"ဘလက်ဘရားသားတွေနဲ့ စနေဂိုဏ်းက လူတွေကတော့ ကျုပ်ကို

တွေ့တာနဲ့ သတ်ကြလိမ့်မယ်၊ စနေမောင်မောင်ကတော့ ကျုပ်ကို

အန္တရာယ်ပေးမှာ မဟုတ်ပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဘိုးသူတော်ဂွတိုက-

"သူလည်း အန္တရာယ်မပေးဘူးဆိုပေမယ့် သူလိုချင်တာ မရရင်တော့

ဒုက္ခကောင်းကောင်း ပေးမယ့်လူ ဖြစ်တယ်"

ဟု ပြောလိုက်လေ၏။

"သူကလည်း ကျုပ်ဆီမှာ လိုချင်စရာ မရှိပါဘူး"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်ရာ ဘိုးသူတော်ဂွတိုက ရယ်လေ၏။

"ကိုယ့်လူနဲ့ သူနဲ့ အဲဘိုးအိုရစ္စတီကိုသတ်ပြီး ယူလာတဲ့ သေမင်း

နိုင်ငံဆိုတဲ့ ကျမ်းစာအုပ်ကြီးကို အခုအခါမှာ သူဟာသိပ်ပြီးလိုချင်

နေပြီ၊ ဒါကြီးကိုတောင်းလိမ့်မယ်၊ ကိုယ့်လူကလည်း ဒီကျမ်းကြီး

ကိုပေးလိုက်လို့ မဖြစ်ဘူး၊ ကျုပ်တို့ရဲ့ဆရာသခင်တွေက ဒီကျမ်း

ကြီးကိုသူ့နေရာသူ ပြန်ထားဖို့ အမိန့်ရှိထားတယ်၊ အဲဒီတော့ ပြန်

ထားရမှာပဲ၊ အဲဒီလိုဆို သူကလည်း ကိုယ့်လူကို သတ်မှာပဲ၊ သူက

ဟိုဂိုဏ်းနှစ်ဂိုဏ်းထက်တောင် ကြောက်ဖို့ကောင်းနေတယ်"

ဟု ဘိုးသူတော်ဂွတိုက ပြောလိုက်လေ၏။

ကျွန်ုပ်နှင့် ဘိုးသူတော်ဂွတိုသည် ဟိမဝန္တာတောင်ပေါ်သို့ ရောက်

နေပြီဖြစ်၏။ ဟိမဝန္တာတောင်ပေါ်တွင် ဘေးသို့သွယ်တန်းနေသော



www.burmeseclassic.com

www.burmeseclassic.com

တောင် လက်မောင်းပေါင်း မရေမတွက်နိုင်အောင် ရှိနေ၏။ ယခု ကျွန်ုပ်တို့ ရောက်ရှိနေသော တောင်လက်မောင်း သို့မဟုတ်၊ တောင်စွယ်မှ 'ဓား ကရိစီ' ဟူသောတောင်စွယ်ဖြစ်၏။ တစ်ခါက မနုကျွယ်စမ္မသတ်ကို ရေး သားခဲ့သည်ဆိုသော မနုရသေ့ကြီးနေထိုင်ရာတောင်ဟု ဘိုးသူတော်ဂွ က ပြောလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ထိုတောင်စွယ်၌ အချိန်အတော်ကြာ နေထိုင် ခဲ့၏။

တစ်နေ့တွင် ကျွန်ုပ်က

"ဒီမှာ ဘိုးသူတော်ကြီး တောင်တွေဟာ မြောက်ဘက်နဲ့ တောင် ဘက်ကို အလျားလိုက်တည်ရှိကြတာများပါတယ်၊ ဟောဒီ ဟိမဝန္တာ တောင်ကြီးက တစ်မူထူးပြီး ကန့်လန့်ကြီးလို ဖြစ်နေတယ်"

ဟု ကျွန်ုပ်က မေးမြန်းလိုက်လေ၏။

"ဒါက ဒီလို ကိုယ့်လူရဲ့၊ ဟိုတုန်းက အိန္ဒိယပြည်ဆိုတာ မရှိဘူး၊ အခု ကိုယ့်လူတို့ သိနေတဲ့ ဩစတြေးလျတိုက်က အစကြီးတစ်စ ပဲ့ထွက်လာပြီး ဟောဒီကမ္ဘာမြေကြီးဘက်ကို လာပြီးဆောင့်တာ၊ အဲ ဆောင့်တဲ့အရှိန်နဲ့ဖြစ်ပေါ်လာရတဲ့ တွန့်ခေါက်တောင်တန်းကြီးဟာ ဟိမဝန္တာတောင်တန်းကြီးပဲ၊ လာပြီးဆောင့်တဲ့ မြေထုကြီးဟာ နောက် အခါမှာ အိန္ဒိယပြည် ဖြစ်သွားတာပါပဲ၊ အဲဒီမှာပြတ်ပြီး ကျန်ရစ်ခဲ့တဲ့ အစတစ်စဟာ သီဟိုဠ်ကျွန်းပဲ ကိုယ့်လူရေ၊ ဒါကြောင့် သီဟိုဠ်တွေ ရယ်၊ ဟိမဝန္တာရယ်၊ အိန္ဒိယရယ်ဟာ သူစိမ်းတွေမဟုတ်ဘူး၊ ဥ





အစ်ကိုအရင်းတွေပဲ"

ဟု ပြောလိုက်လေ၏။

"အခု ဘိုးသူတော်ကြီးပြောတာတွေဟာ အချိန်အတော်ကြာခဲ့ပြီ ပေါ့နော်"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ကြာတဲ့ဘက်က ပြောရင် ကြာတယ်ပေါ့ကွာ၊ အမှန်တော့ အချိန် ကာလဆိုတာ တကယ်မရှိပါဘူး၊ ဘယ်လိုလုပ်ပြီး ကြာမလဲ"

ဟု ဘိုးသူတော်ဂွတိုက ပြန်၍ပြောလေ၏။

"ဘယ့်နှယ့်ကြောင့် အချိန်ကာလ မရှိရမှာလဲ ဘိုးသူတော်ကြီးရဲ့"

ဟု ကျွန်ုပ်က ပြန်၍ပြောလိုက်လေ၏။ ထိုအခါ ဘိုးသူတော်ဂွတိုက-

"ဘယ်လောက်ပဲများများ တကယ်ရှိတဲ့အရာသာ ဖြစ်ရင်တော့ တစ် နေ့မှာကုန်သွားရမယ်၊ ဒါပေမဲ့ အချိန်ကာလဆိုတာ ကုန်တယ်ရယ် လို့ မရှိပါဘူး၊ အဲဒါ ဘာကို ဖော်ပြနေသလဲဆိုတော့ နဂိုကတည်းက မရှိလို့ ပဲ၊ ဒါပေမဲ့ လူတွေက အဲဒီမရှိတဲ့အချိန်ကိုပဲ ရှိသကဲ့သို့ တစ် နာရီနဲ့ တစ်နာရီ၊ တစ်ရက်နဲ့ တစ်ရက်၊ တစ်လနဲ့ တစ်လ၊ တစ်နှစ်နဲ့ တစ်နှစ် နှိုင်းဆပြောဆိုနေကြရတာ၊ အမှန်က အချိန်ကာလဆိုတာ မရှိဘူး၊ နောက်တစ်ခု ကိုရင့်ကို ပြောပြထားရဦးမယ်၊ ဝိညာဉ် လောကမှာ အချိန်ကာလ ဆိုတာ ကျုပ်တို့လူတွေလို မရှိဘူး၊ အချိန် ကာလကိုလည်းအလေးအနက်မထားကြဘူး၊ လွန်ခဲ့တဲ့ နှစ်တစ် ထောင် လောက်က သေသွားတဲ့ အနော်ရထာဘုရင်ကြီးနဲ့ မနေ့ကမှ


www.burmeseclassic.com

www.burmeseclassic.com

သေတဲ့ လူတစ်ယောက်ဟာ ဝိညာဉ်လောက မှာတွေ့ကြတယ်ဆိုပါစို့၊ ဘယ်သူက ဘယ်သူ့ထက် ဝါရင့်တယ်လို့ ပြောလို့မရဘူး ဘာဖြစ်လို့လဲဆိုတော့ အချိန်ကာလဆိုတဲ့ စည်းမျဉ်းရဲ့အပြင်ဘက်ကို ရောက်သွားလို့ပဲ၊ ဒါကြောင့် ငရဲပြည်တို့၊ နတ်ပြည်တို့ဟာ လူ့လောက ကနေ ကြည့်ရင် အချိန်တွေ အကြာကြီးလို့ ပြောဆိုနေကြတယ်၊ အမှန်က အဲဒီနေရာတွေဟာ ခင်ဗျားတို့ ကျုပ်တို့ပြောဆိုနေကြတဲ့ အချိန်ကာလစည်းမျဉ်းရဲ့အပြင်ဘက်ကို ရောက်နေကြလို့ဖြစ်တယ်၊ အခု ကိုယ့်လူနောက်ဆုံးသွားရမယ့်အဆင့်ဟာ အချိန်ကာလကနေ လွင့်ထွက်သွားတဲ့အဆင့်ကို သွားရမှာ၊ အဲဒါကို ခပ်လွယ်လွယ် နားလည်အောင် ပြော ရရင် 'ကာလဝိမုတ်'လို့ ဆိုကြပါစို့၊ အဲဒီအဆင့်ရောက်သွားရင် အချိန်ဆိုတာ မရှိတော့ဘူး၊ မရှိတော့တဲ့ အတွက် သတ်မှတ်ထားတဲ့နေရာကနေ အရှေ့ကိုပဲ သွားသွား၊ အနောက်ကိုပဲ သွားသွား အတူတူပဲ၊ နောင်အနှစ်တစ်ထောင်ကိုပြီး သွားကြည့်ချင်လည်း သွားလို့ရတယ်၊ ပြီးခဲ့တဲ့ နှစ်တစ်ထောင်မှာဘာဖြစ်ခဲ့တယ်ဆိုတာ သိချင်ရင်လည်း အဲဒီနှစ်တစ်ထောင်ကို ပြန်သွားလို့ရတယ်၊ အချိန်ကာလစည်းမျဉ်းကို လွန်မြောက်သွားတဲ့အဆင့်ဆိုတာ ပေါက်မြောက်သွားတဲ့အဆင့်ပဲ"

ဟု ဘိုးသူတော်ဂွတိုကရှင်းပြလေ၏။

ထို့နောက် ကျွန်ုပ်နှင့်ဘိုးသူတော်ဂွတိုသည် မနုရသေ့ကြီး နေခဲ့သည်ဆိုသော မန္တကရင်စိတောင်၌ နေထိုင်ခဲ့ကြ၏။





တစ်ခါတစ်ရံ၌ တောင်ခြေ ရှိရွာလေးများသို့ ဆင်းလာကာ ဂျုံများ၊ အာလူးများ၊ ပဲများကို အလှူခံကြ ရလေ၏။

ထိုတောင်၌ နေစဉ်အတွင်း ကျွန်ုပ်သည် မန္တန်များ ရွတ်ဆိုရလေ၏၊ သို့ရာတွင် ပါးစပ်က အသံမထွက်ရပါ။

တစ်နေ့လျှင် အိပ်စက်ချိန် နှစ်နာရီခန့်သာရှိပြီး ကျန်နှစ်ဆယ့်နှစ်နာရီလုံးလုံးမှာ မန္တန်များ အဆက်မပြတ် ရွတ်ဆိုနေရလေ၏။

ဟိမဝန္တာတောင်တန်းတစ်လျှောက်တွင် မရေမတွက်နိုင်သော သူတော်စင်များ သီတင်းသုံးနေကြလေ၏၊ ဘာသာအယူဝါဒ အမျိုးမျိုး ကွဲခြားကြသော်လည်း အားလုံးမှာ သူတော်စင်ချည်း ဖြစ်၏။

ထိုသူတော်စင်များသည် ကျွန်ုပ်တို့နေထိုင်ရာ ဂူရှေ့မှ ဖြတ်သန်းသွားသောအခါ ၎င်းတို့၌ ပါလာသော ပစ္စည်းအချို့ကို စွန့်ကြသွားကြ၏။ ကျွန်ုပ်တို့ကလည်း ကျွန်ုပ်တို့တွင်ရှိသော ပစ္စည်းများထဲမှ အချို့ကို ထိုသူတော်စင်တို့အား လှူဒါန်းခဲ့လေ၏။

ထိုအထဲတွင်'ရမ်'ဟုခေါ်သော သူတော်စင်တစ်ဦးမှာမူ ကျွန်ုပ်တို့နှင့် အရင်းနှီးဆုံး ပုဂ္ဂိုလ်ဖြစ်၏။ ထိုသူတော်စင်သည် နောင်တစ်ချိန်၌ ဟိမဝန္တာမှ ကျေးဇူးရှင်ဆရာသခင်များဆိုသည့် ကျမ်းတစ်စောင်ကို ပြုစုနေသူဖြစ်ကြောင်း သိရလေ၏။

ကျွန်ုပ်သည် ဟိမဝန္တာ၌ နေရသည်ကို ပျော်မွေ့လာသည်။ ထို့ကြောင့် ဂူထဲတွင် နေ၍ မန္တန်များ တရစပ်ရွတ်နေရသော အချိန်ကာလများသည် ကျွန်ုပ်ဘဝအတွက် အရေးကြီးသော အစိတ်အပိုင်းပင်ဖြစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်နှင့် တစ်နှစ်ခန့် နေလာပြီးနောက်

"ကျုပ် လာမခေါ်မချင်း ဘယ်မှ မသွားနဲ့"

ဟု ဆိုကာ ကျွန်ုပ်အား ဟိမဝန္တာ တောထဲ၌ တစ်ယောက်တည်းထားခဲ့ကာ ထွက်သွားပြန်၏။ ထို့ကြောင့် ကျွန်ုပ်သည် ဟိမဝန္တာ၏ မြောက်မြားလှစွာသော သူတော်စင်များနှင့်အတူ ထိုအချိန်ကာလကို ကုန်လွန်စေခဲ့လေတော့သတည်း။



## သိန်း ကုဋေခြောက်သောင်း

ဘိုးသူတော်ဂွတိုသည် ကျွန်ုပ်အား ထားခဲ့သည်မှာ လေးနှစ်ကျော်ခဲ့လေပြီ။ ကျွန်ုပ်သည် ရသေ့ ရိက္ခာလေးနှင့်ပင် မြိုးမြိုးမြစ်ခုးပြီ ပိုရေလ၏။ သို့ရာတွင် ကျွန်ုပ်၏ အကျင့်များမှာမူ ဆုတ်ယုတ်သွားသည်ဟူ၍ မရှိပါ။ ပို၍ပင် အားကောင်းလာလေတော့၏။ တစ်ညတွင် ကျွန်ုပ်သည် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်လေ၏။

ကျွန်ုပ်သည် ကျယ်ပြောသော သမုဒ္ဒရာထဲတွင် ကူးခတ်နေသည်ဆို၏။ ထိုသို့ ကူးခတ်နေရာမှ မြစ်ဝတစ်ခုကို ရောက်ရှိသွားသည်ဟု ဆို၏။ ကျွန်ုပ်သည် ထိုမြစ်ဝအတွင်း ဝင်၍ ကူးခတ်ရပြန်၏။ ထိုမြစ်သည် သမုဒ္ဒရာအတွင်းသို့ အရှိန်နှင့် စီးဝင်နေ၏။ ကျွန်ုပ်သည် မြစ်၏ အရှိန်ကို ဆန့်ကျင်ဘက်ပြု၍ ရေဆန်ဘက်သို့ ကူးခတ်နေရသည်ဟု ဆိုရ၏။ ထိုသို့ ကူးခတ်လာခဲ့ရာ တဖြည်းဖြည်းနှင့် မြစ်ညာဘက်သို့ ရောက်ရှိလာ



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆို၏။ ထိုမြစ်ညာဘက်သို့ ရောက်လာလေလေ ရေသည် တိမ်လေလေ ဖြစ်လာလေ၏။ နောက်ဆုံးတွင် ရေဟူ၍ တစ်စက်မျှ မရှိတော့ဘဲ ကျောက်တုံးများသာ ရှိသည်ဆို၏။ ကျွန်ုပ်သည် ထိုကျောက်တုံးများပေါ်တွင် ဝမ်းလျားမှောက်၍ သွားနေရ၏။ ထိုကျောက်တုံးများ၏ အဆုံးနေရာတွင် မတ်စောက်သော တောင်ကြီးတစ်တောင်ကို တက်ရပြန်၏။ ကျွန်ုပ်၏ တစ်ကိုယ်လုံး သွေးချင်းချင်း ရဲနေပြီဖြစ်၏။ ကျွန်ုပ်သည် ထိုမတ်စောက်သော တောင်ကြီးကို မရမက ကုတ်ကတ်၍ တက်နေရ၏။ နောက်ဆုံးတွင် တောင်ထိပ်သို့ရောက်ခါနီး၌ တစ်မိုက်သာသာခန့်ရှိသော သစ်ပင်ငယ်လေးတစ်ပင်ကို တစ်အားဖမ်း၍ဆုပ်ကိုင်လိုက်၏။ ထိုသို့ ဆုပ်ကိုင်ပြီးမှ နောက်ဆုံးအထစ်ကို အားယူ၍တက်ရန်ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်ဖမ်း၍ဆုပ်ကိုင်လိုက်သော သစ်ပင်ကလေးက အသက်ရှိသော သတ္တဝါကဲ့သို့ နာကျင်စွာ အော်ဟစ်လေ၏။

ကျွန်ုပ်သည် လွှတ်မပေးသေးဘဲ ထိုသစ်ပင်ကလေးကို မော့၍ကြည့်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်က ထိုသစ်ပင်ကိုလှမ်း၍ပြောလိုက်လေ၏။

"မင်းက သစ်ပင်ဥစ္စာ၊ နာရသေးသလားကွ"

ဟူ၍ပြောလိုက်ရာ

"နာတာပေါ့၊ သင်က ကျွန်ုပ်ကို တစ်အားကြီး ဆုပ်ကိုင်ထားတာကိုး"

ဟု ထိုသစ်ပင်ကလေးက ပြန်၍ပြောလေ၏။

"ဟုတ်ပါပြီ၊ ငါက ဘယ်လောက်ပဲ ညှစ်ညှစ်ပေါ့၊ မင်းက သစ်ပင်ပဲ၊ အသက်မှ မရှိတဲ့ဥစ္စာ၊ ဘာဖြစ်လို့ နာရတာလဲ"





ဟု ကျွန်ုပ်က ပြန်၍မေးလိုက်ရာ သစ်ပင်ကလေးက-

"ဒီလောကကြီးမှာ သင်တို့က သက်မဲ့လို့ ထင်တဲ့ အရာတွေအားလုံးဟာ သင်တို့ထင်သလို သက်မဲ့တွေ မဟုတ်ကြဘူး"

ဟု ပြန်၍ပြောလေ၏။

"မင်းပြောတာ တကယ်ပဲလား သစ်ပင်ကလေး၊ မင်းတို့မှာ အသက်ရှိနေသလား၊ ပြီးတော့ နာတယ်၊ ကျင်တယ်၊ ပျော်တယ်၊ ရွှင်တယ် ဆိုပြီး ငါတို့ သက်ရှိသတ္တဝါတွေလို ခံစားမှုရော ရှိသလား"

ဟု ကျွန်ုပ်က ပြန်၍မေးလိုက်လေ၏။

"ရှိတာပေါ့ဗျာ၊ မြို့ကြီးတွေ ပျက်ခါနီးမှာ အဲဒီမြို့မှာ မှီတင်းနေထိုင်တဲ့ သက်ရှိသတ္တဝါတွေက ဘာမှ မသိကြဘူး၊ အဆိုးဆုံးကတော့ အသိဉာဏ်ရှိပါတယ်ဆိုတဲ့ သင်တို့လူတွေပဲ၊ ဘာဆိုဘာမှ မသိကြဘူး၊ အဲဒီမှာ သင်တို့က အသက်မရှိဘူးလို့ ထင်တဲ့ ဝါးပင်တွေက မြို့ကြီးပျက်တော့မှာ ကို သိနေတယ်၊ အဲဒါကြောင့် စိတ်မကောင်းဖြစ်ပြီး သူတို့ရဲ့တစ်သက်မှာ တစ်ခါသာ ပွင့်ရတဲ့အပွင့်တွေကို ပွင့်ပြတယ်၊ ဝါးပင်တွေက အပွင့်ပွင့် တယ်ဆိုတာ ဝါးပင်တွေရဲ့ ငိုကြွေးခြင်းပဲ၊ အဲဒီလိုဝါးပင်တွေ ငိုကြွေးပြီးရင် မြို့ကြီးဟာ ပျက်သွားတော့တာပဲ၊ အဲဒီတော့ အဲဒီဝါးပင်တွေကို အသက်မရှိဘူး၊ အသိမရှိဘူးလို့ သင်ပြောမလား"

ဟု ကျွန်ုပ်အား သစ်ပင်ကလေးက ပြန်၍မေးလေ၏။ ထိုအခါ ကျွန်ုပ်က

"အင်း. . . စဉ်းစားစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်၍ပြောလိုက်လေ၏။ ထိုအခါ သစ်ပင်ကလေးက-

"ကျန်တဲ့စကားတွေ နောက်မှ ပြောပါ။ အခု ကျွန်ုပ်ကို လွှတ်ပါဦး၊ ကျွန်ုပ် နာလှပြီ"

ဟု ပြောလေ၏။

"မင်းပြောတာ အမှန်တွေပဲလား သစ်ပင်ကလေးရယ်"

ဟု ကျွန်ုပ်က မေးလိုက်လျှင်

"တစ်ခုခု ထူးထူးခြားခြားဖြစ်တော့မယ်ဆိုရင် လျှော်တွေ လှုပ်တတ်တယ်၊ လျှော်လှုပ်တယ်ဆိုတာ သက်မဲ့မြေကြီးကသူ့အပေါ်မှာမှီတင်းနေထိုင်တဲ့လူတွေအတွက် သနားလို့ လှုံးလွန်ပြီး သတိပေးတာ၊ အဲဒီတော့ မြေကြီးကို အသက်မရှိဘူးလို့ ပြောမလား၊ ရှိလိုက်တာမှ ဟိုဘက်ကမ်းတောင် လွန်သေးတယ်၊ မြေကြီးက အသက်ရှိတယ်ဆိုရင် မြေကြီးနဲ့အတူ နေတဲ့ သူ့ရဲ့ မိသားစုဖြစ်တဲ့ ကျောက်တုံးကျောက်ခဲတွေလည်း အသက်ရှိတာပေါ့ဗျာ၊ ကဲပါ. . . ကျုပ်ကို လွှတ်လိုက်စမ်းပါ"

ဟု သစ်ပင်ကလေးက ကျွန်ုပ်အား ပြန်၍ပြောလေ၏။

"တကယ်ပဲလား သစ်ပင်ကလေးရယ်"

ဟု ကျွန်ုပ်က ထပ်၍မေးလိုက်ရာ သစ်ပင်ကလေးက

"သင်ဟာ တော်တော့်ကို နားဝေးတဲ့လူပဲ၊ ဒီလောက် နုံတဲ့နတဲ့လူ ဟာ ဝိဇ္ဇာလမ်း လိုက်တယ်ဆိုတာ ကျုပ်ဖြင့်အံ့ပါရောဗျာ၊ မြို့ကြီး ပြကြီးတွေမှာ တစ်ခုခုဖြစ်တော့မယ်ဆိုရင်တော်လည်းသံတွေ ကြား





တယ်၊ အဲဒါ ဘာလဲ သိလား၊ သင်တို့ သက်မဲ့ပစ္စည်းတွေလို့ ယူဆထားတဲ့ အရာဝတ္ထုတွေက တစ်ပြိုင်နက်တည်း ထပြီး အော်လိုက်ကြတာ၊ အဲဒါကို 'တော်လည်း'တယ်လို့ ခေါ်တာ"

ဟု သစ်ပင်ကလေးက ပြန်၍ပြောလေ၏။

"အဟုတ်ပဲလား သစ်ပင်ကလေးရယ်၊ မင်းပြောတဲ့ဟာတွေကို ငါ ယုံရတော့မှာလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ကျုပ်ဟာ ခင်ဗျားလို လူတစ်ယောက်နဲ့ စကားမပြောဘဲ ကျောက်တုံးတစ်တုံးနဲ့သာ စကားပြောနေရရင် ဒီလောက်လက်ဝင်မယ်မထင်ဘူး၊ သင့်ကို ကျွန်ုပ် ပြောပြရဦးမယ်၊ ရေကန်ကြီးတွေဟာ သူတို့ထဲမှာ လူတစ်ယောက်ယောက် နစ်သေတော့မယ်ဆိုရင် သူတို့က ကြိုပြီး သိတယ်၊ အဲဒီ အခါမှာ အော်တော့တာပဲ၊ အဲဒါကို ကန်အော်တယ်လို့ ခေါ်တယ်၊ ကန်အော်ပြီးရင် သိပ်ပြီး မကြာဘူး၊ လူတစ်ယောက်ယောက် ရေနစ်ပြီး သေတော့တာပဲ၊ အဲဒါကို သင်လို မသိတဲ့လူတွေက ဒီကန်က လူစားချင်လို့ အော်တယ်ဆိုပြီး ကန်ကို နာမည်ပျက်အောင် ပြောကြတယ်၊ အမှန်မှာ တော့ ရေကန်ခများမှာ သေမှာစိုးလို့ မဆင်းကြနဲ့ဦးလို့ အော်ပြီး သတိပေး ရှာတာ မဟုတ်လား၊ ကဲပါ- ဒီလောက်ဆိုရင် နားလည်ဖို့ ကောင်းပါပြီ၊ ကျုပ်ကို လွှတ်ပါ၊ ကျုပ် နာတယ်"

ဟု သစ်ပင်ကလေးက ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း-



www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ ငါ သေချင် သေပါစေ၊ မင်းမနာစေရပ့ါဘူး"

ဟု ပြောပြီးလျှင် ကျွန်ုပ်သည် သစ်ပင်ကို ကိုင်ထားသော လက်အား လွှတ်လိုက်လေတော့၏။ ထို့ကြောင့် ကျွန်ုပ်သည် တောင်ထိပ်မှနေ၍ ဝုန်းခနဲ ပြုတ်ကျသွားလေတော့၏။

သို့ရာတွင် အောက်သို့မရောက်ပါ။ လမ်းခုလတ်တွင်ရှိသော သစ်ပင်ကြီးတစ်ပင်၏ အပေါ်သို့ သွား၍တင်လေ၏။ ထိုသစ်ပင်ကြီးမှာ အကိုင်းများ ရှုပ်၏။ အရွက်များ စိပ်၏။ ထို့ကြောင့် ကျွန်ုပ်အဖို့ နာကျင်မှုမရှိခဲ့ပေ။ အထပ်ပေါင်း တစ်ရာကျော် ထပ်ထားသော မွေ့ရာကြီးပေါ်သို့ ကျရဘိသကဲ့သို့ မြောက်တက်သွားလိုက် ပြန်ကျလိုက်နှင့်ဖြစ်ပြီးမှရပ်သွားလေ၏။ ထိုအခါ၌ သစ်ပင်ကြီးက ကျွန်ုပ်အား-

"စောစောက ခင်ဗျားနဲ့ အချီအချ စကားပြောနေတာ ကျုပ်ရဲ့သားဗျ၊ ဒီကောင်းလေးက စကားကြီးစကားကျယ် ပြောတတ်တယ်၊ ကျုပ်ကလည်း မကြာခဏ သူ့ကို ဆုံးမရတယ်၊ သစ်ပင်ဟာသစ်ပင်လို နေလို့ ပြောခဲ့တာ အကြိမ်ပေါင်း တစ်သိန်းတစ်ကုဋေနဲ့ မြောက်သောင်းတိတိရှိပြီ၊ ဒါပေမဲ့ ဒီကလေးဟာ ဆုံးမရခက်တယ်၊ ခေတ်ကာလငယ်ရွယ်သူ တွေဟာ ဒီအတိုင်းပါပဲလေ၊ ထားလိုက်ပါတော့ဗျာ၊ ဘာပဲဖြစ်ဖြစ် သားသမီးမကောင်း မိဘခေါင်းတဲ့၊ သူမကောင်းတာနဲ့ကျုပ်ကိုပါ လောကကြီးက အပြစ်တင်မှာ စိုးလို့ ခင်ဗျားကိုတောင်ပေါ်ကကျပြီးမသေအောင် ကယ်လိုက်ရတာပဲဗျို့၊ ခင်ဗျားဒီနေရာမှာဘယ်လိုဖြစ်မယ်ဆိုတာသိလို့ ခင်ဗျားမမွေးခင်ဆယ်နှစ်





လောက်ကတည်းက ကျုပ်ဒီနေရာမှာလာပြီး ပေါက်နေရတာ၊ ကဲမိတ်ဆွေကြီး ကျုပ်ရဲ့အသီးတွေကို စားပါ၊ ပြီးရင် အေးအေးဆေးဆေး တောင်ပေါ်ပြန်တက်ပါ"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ထိုအချိန်မှာပင် အိပ်ရာမှ လန့်နိုးလေ၏။ ထို့နောက် နံနက်စောစော၌ ကျွန်ုပ်သည် သတ္တဝါအပေါင်းအား မေတ္တာပို့သနေ၏။ ထိုအချိန်၌ ကျွန်ုပ်၏ ဂူရှေ့သို့ သူတော်စင် 'ရမ်'ရောက်ရှိလာသည်။ ရမ်သည် တောင်ခြေရွာသို့ ဆင်း၍ အလှူခံရန်ဖြစ်၏။

"အပြန်မှာ ကျွန်တော့်ရှေ့မှာ ခေတ္တရပ်ပါ၊ ကျွန်တော် လှူစရာရှိလို့ပါ"

လို့ ပြောရာ သူတော်စင် ရန်က -

"မဟုတ်ဘူး မဟုတ်ဘူး၊ အပြန်မှာ သင့်ကို ကျွန်ုပ်က လှူရမှာ၊ ဒီနေ့ သင်ဟာထူးခြားဟဲ့လူ ဖြစ်သွားပြီ၊ သစ်ပင်တွေ၊ ကျောက်တုံးတွေ၊ မြေကြီးတွေ၊ ရေကန်တွေအားလုံး သင်နဲ့စကားပြောလိမ့်မယ်၊ သင်ဟာ အားလုံးရဲ့ မိတ်ဆွေဖြစ်သွားပြီ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် အံ့ဩလွန်းစွာ သင့်သွားလေ၏။ ထို့နောက် သူတော်စင်ရမ်သည် ကျွန်ုပ်အားပြုံးပြပြီး ခရီးထွက်သွားလေ၏။ ၎င်းထွက်သွားလျှင် ထွက်သွားချင်း ကျွန်ုပ်သည် စိတ်ဖြင့် တစ်စုံတစ်ခုသော မန္တန်ကို ရွတ်ဆိုမည်ဟု အာရုံပြုလိုက်စဉ်မှာပင် ကျွန်ုပ်၏ နား၌ 'ကျွီ'ခနဲ မြည်သံကြားလိုက်ရ၏။ ကျွန်ုပ်၏တစ်ကိုယ်လုံးရှိအကြောများသည် လျှပ်စစ်ဓာတ်ဖြင့် တို့လိုက်သကဲ့သို့ ကျဉ်ခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်ဓာတ်တစ်မျိုးသည် ကျွန်ုပ်ခန္ဓာကိုယ်ရှိ အကြောအချိုး အသွေးအသားများသာမက ဆံပင်မွေးညင်းများကို ဖြတ်သန်းသွားသည်ဟု ခံစားသွားရ၏။ ကျွန်ုပ်၏ ရင်သည် ပွင့်၍ဟာလာဟင်းလင်းဖြစ်သွားသကဲ့သို့ရှိ၏။ ကျွန်ုပ်၏ မျက်စိတွင် နေအစင်းပေါင်းများစွာ ထွက်သွားသည့်အလား လင်းထိန်သွားလေ၏။ ကျွန်ုပ်၏ တစ်ကိုယ်လုံးသည် ပေါ့ပါး၍သွားလေ၏၊ ကျွန်ုပ်၏ စိတ်သည် တစ်သက်လျှင် တစ်ကြိမ် မကြည်နူးဘူးသော ကြည်နူးမှုမျိုးဖြင့် ကြည်နူးနေ၏။ ကျွန်ုပ်သည် မလှမ်းမကမ်းတွင်ရှိသော သစ်ပင်ကြီးတစ်ပင်ကို လှမ်း၍ကြည့်လိုက်၏။

"ဒီသစ်ပင်ကြီးဟာ ကြာပြီပဲ၊ နှစ်သက် တော်တော်ရင့်ပြီပေါ့"

ဟု တွေးတောလိုက်စဉ်၌ ထိုသစ်ပင်ကြီးသည် ကျွန်ုပ်၏ မျက်စိထဲမှ ပျောက်ကွယ်သွား၏။ ထို့နောက် လှည်းတစ်စီး ပေါ်လာ၏။ ထိုလှည်းပေါ်မှ ခရီးသည်တစ်ဦးသည် အသီးတစ်သီးကို စားလာ၏။ ထို့နောက် အစေ့ကို လှမ်း၍ပစ်လိုက်၏။ ထိုအစေ့သည် မြေကြီး၌ အညောင့်ကလေး ထွက်လာ၏။ ထို့နောက် အပင်ပေါက်ကလေးထွက်လာ၏။ ပြီးလျှင် အပင်ကြီးဖြစ်သွားတော့၏။ သစ်ပင်မဖြစ်မီ သစ်စေ့ဘဝ အချိန်ကာလဆီသို့ ကျွန်ုပ်ရောက်ရှိသွားခြင်းပင်ဖြစ်၏။ ထို့နောက် သစ်စေ့မှ တစ်ဆင့်ပြီး တစ်ဆင့် သစ်ပင်ကြီး ဖြစ်လာသည်အထိ အချိန်ကာလများကို ကျွန်ုပ်သည် ကျွန်ုပ်သည် တစ်မုဟုတ်ချင်း ဖြတ်သန်းလိုက်ခြင်းဖြစ်၏။

ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်ဝတ်ထားသော ဝတ်ရုံကို ကြည့်လိုက်ရာ ဝါစိုက်ခင်းလေးတစ်ခုကို တွေ့လိုက်၏။ ထို့နောက် မိန်းကလေးများ





...န်နေသည်ကို တွေ့ရ၏။ ထို့နောက် ထိုဝါကို ချည်များဖြစ်အောင် ...ယ်နေသော လူတစ်စုကို တွေ့ရလေ၏။ ပြီးလျှင် ရက်ကန်း၌ ရက် ...သည်ကို တွေ့ရ၏။ ထို့နောက် အထည်ဖြစ်သွားပြီး ဈေးဆိုင်သို့ ရောက် ...လေ၏။ ဈေးဆိုင်မှ တစ်ဖန် မိန်းမကြီးတစ်ယောက် ဝယ်ယူနေသည် ...တွေ့ရ၏။ ထို့နောက် မိန်းမကြီးသည် ဘိုးသူတော်ဂွတိုအား လှူဒါန်း ...သည်ကို တွေ့ရ၏။ ကျွန်ုပ်သည် ဝတ်ရုံ၏ ဖြစ်စဉ်ကို အစမှအဆုံး ...မြင်နေရခြင်းဖြစ်၏။ ကျွန်ုပ်သည် လွန်စွာ အံ့သြနေ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်အနေနှင့် တွေ့တွေ့သမျှသော ကျောက်တုံး၊ ...ပင်၊ ရေကန်စသည်တို့၏ နောက်ကြောင်းဖြစ်စဉ်များသည် ကျွန်ုပ်အဖို့ ...ယ်ထားသော အရာဟူ၍မရှိတော့ချေ။

ကျောက်တုံးတစ်တုံးကို တွေ့မြင်သည်ဆိုပါစို့။ အစပထမတွင် ရိုး ...ာမန် တွေ့ခြင်းမျှသာ ဖြစ်၏။ ထို့နောက် ထိုကျောက်တုံး၏အကြောင်း ... စေ့စေ့စပ်စပ် သိချင်သည်ဟု တွေးထင်လိုက်သည့် တစ်ခဏ၌ ...ကျောက်တုံး၏ အတိတ်ဖြစ်ရပ်များသည် တစ်ခုပြီးတစ်ခု ပေါ်ပေါက် တွေ့ ...လာရတော့၏။ ကျွန်ုပ်သည် အရာဝတ္ထု တော်တော်များများ၏ ...အတိတ်ဖြစ်ရပ်များကို ပြန်လည်ကြည့်ရှုရင်းနှင့်ပင် ညနေပိုင်းသို့ ရောက် ...သွား၏။

ထိုအချိန်၌ သူတော်စင် ရမ်သည် ကျွန်ုပ်၏ ဂူရှေ့သို့ ရောက်ရှိလာ... ကျွန်ုပ်က ၎င်းအား ဂျုံနှင့် ဆားအနည်းငယ် လှူဒါန်းမည်ဟု ရည် ...ပြီး ထုတ်ယူလာစဉ်တွင်ပင် ၎င်းသူတော်စင်ရမ်၏ အတိတ်ဖြစ်စဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



အာရုံပြုလိုက်ရာ ၎င်းသည် ၎င်း၏ ဆရာသူတော်စင်ကြီး၏ စကား
နားမထောင်သဖြင့် ဂူအတွင်းမှ မောင်းထုတ်ခံရသည်ကို လည်းကော
၎င်း၏ ဆရာက ၎င်းအား ရှေးဟောင်းပေထုပ်အား ဟိုက်ဒြာဆို
မြို့လေးသို့ ပို့ခိုင်းရာ ရမ်သည် ထိုပေထုပ်များကို ထမ်းပိုး၍ သယ်
သည်ကိုလည်းကောင်း၊ လမ်းတွင် ပေထုပ်များကို ဖွင့်မကြည့်ရန် 
သမားက မှာလိုက်သော်လည်း ၎င်းက ထိုပေထုပ်များကို ဖွင့်ကြည့်ခဲ့
ကိုလည်းကောင်း၊ ထိုသို့ ဖွင့်ကြည့်မိသဖြင့် မကောင်းဆိုးဝါးများတ
အား နှောင့်ယှက်ကြပုံကို လည်းကောင်း တွေ့မြင်ရလေ၏။

ထိုအချိန်၌ပင် ရမ်က

"ကျုပ်အကြောင်း ဒီလောက်သိရရင် တော်ပါပြီဗျာ၊ အဲဒီ 
တွေ ဒုက္ခပေးတာတော့ မပြောနဲ့ဗျို့"

ဟု ပြောလိုက်မှပင် ကျွန်ုပ်လည်း သူတော်စင်ရမ်၏ အတိတ်
စဉ်ကြည့်ခြင်းကို ရပ်ပစ်ရလေ၏။

ကျွန်ုပ်က ၎င်းအား ဆားနှင့် ဂျုံအနည်းငယ်ကို လှူဒါန်း၏။ သူ
စင်ရမ်ကလည်း ကျွန်ုပ်၏ ထူးခြားသောနေ့အား ကျွန်ုပ်နှင့်အတူ
မြောက်သော အထိမ်းအမှတ်အဖြစ် ထောပတ်နှင့်ကြော်၍ ပျားရည်
ထားသော ဂျုံမုန့်သုံးခုကို လှူဒါန်းသွားလေတော့သတည်း။

လာဘ်မိုးရွေ

## မဟာမြိုင်သို့ အပြန်

တစ်နေ့သ၌ ကျွန်ုပ်သည် ကျေးငှက်တိရစ္ဆာန်များကို အစာ ကျွေး
၏။ ထိုအချိန်၌ပင် ကြေးစည်သံကိုကြားလိုက်ရလေ၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ကျွန်ုပ်လည်း အသံလာရာဆီသို့ လှမ်းကြည့်လိုက်၏။ ဘိုးသူတော်
ကြီးသည် ကျွန်ုပ်ထံသို့ အားရဝမ်းသာ လျှောက်လာ၏။

"ကိုယ့်လူ မစ္ဆတာ တန်တော်မိုးရေ. . . ကိစ္စက ပြီးသလောက်ရှိ
သွားပြီ၊ မဟာမြိုင်ကို ပြန်ရမယ်၊ ဒီတိုင်း လက်ချည်းပြန်လို့ မဖြစ်
ဘူး၊ ကိုယ့်လူတို့ ရှမ်ဘဲလား အဘိုးအိုမစ္ဆတ္ထာရစ္စတီဆီက ယူလာတဲ့
ကျမ်းစာအုပ်ကြီးကို ပြန်ယူသွားရမယ်၊ သူ့နေရာမှာသူ ပြန်ထားရ
မယ်၊ ပြီးတော့ မှ ကိုယ့်လူရဲ့ တစ်ကိုယ်လုံးကို မဟာမြိုင်က ဆရာ
သခင်တွေဆီ အပ်နှံ လိုက်ပေတော့"

လာဘ်မိုးရွေ

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။

"အဲဒီ စာအုပ်ကြီးက မြန်မာပြည် ရန်ကုန်မြို့ (၁၅)လမ်းမှာ
ကျုပ်အိမ်က မြေတိုက်ထဲမှာ အံဝှက်တစ်ခုလုပ်ပြီး ကျုပ် ဝှက်
တာ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဘိုးသူတော်ဂွတိုက

"အဲဒီကို ပြန်ယူရမှာပေါ့"

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးသည် ဟိမဝန္တာ မနုက
တောင်စွယ်မှ မြန်မာပြည်သို့ ပြန်လာခဲ့ကြလေ၏။ မြန်မာပြည်သို့
ရောက်လျှင် ကျွန်ုပ်အိမ်သို့သွား၏။ အိမ်တံခါးကို သော့ဖွင့်ရာ သော့
သံချေးများကိုက်၍ ဖွင့်မရနိုင်အောင် ရှိလေ၏။ ထိုအခါ ဘိုးသူတော်
က တံတွေးဖြင့် ထွီခနဲ ထွေးလိုက်ရာ သော့ခလောက်သည် 'အုန်း
မြည်၍ ပြုတ်ထွက်သွားလေ၏။ ကျွန်ုပ်နှင့် ဘိုးသူတော်တို့သည် အိမ်
ဝင်ကြ၏။ အိမ်တွင်း၌ ဖုန်များ ထူထပ်နေကြ၏။ မီးကြိုးများမှာ ဆွေ
ပြုတ်ကျနေ၏။ နံရံများမှာ ဆေးများ ကွက်၍ ကွာကျနေပြီ ဖြစ်၏။ ကျ
၏တိုက်အိမ်ကြီးသည် ရှေးဟောင်းအဆောက်အအုံပျက်ကြီးသ
ဖြစ်နေလေတော့၏။

ထို့ကြောင့် ဘိုးသူတော်ဂွတိုက တာမွေဘက်တွင် နေထိုင်သော
မောင်ရှိဆိုသည့် တိုက်ဆောက်သမားကို ခေါ်ကာ ထိုတိုက်ကြီးအား
စီးနေသမျှ အားလုံး ပြင်ဆင်လိုကြောင်း၊ ထိုသို့ ပြင်ဆင်ရန် အတွ
ငွေ ဘယ်လောက် ကုန်မည်လဲဟု မေးမြန်းရာ ကိုခင်မောင်ရှိဆိုသူ





ခုနစ်ရာရလျှင် အကောင်းပကတိ ဖြစ်အောင် ပြင်ပေးနိုင်ကြောင်း ပြော
သဖြင့် ဘိုးသူတော်ဂွတိုက ၎င်းအား ငွေကိုးရာ ထုတ်ပေးလိုက်၏။ ပြင်
ဆင်ရမည့်အချိန်ကိုလည်း တစ်လခွဲဟု သတ်မှတ်ပေးလိုက်၏။

ကျွန်ုပ်တို့နှစ်ဦးသည် ခင်မောင်ရှိအား တိုက်ပြင်ရန် ခိုင်းပြီးနောက်
မြေတိုက်အတွင်းသို့ဝင်ကာ ကျွန်ုပ် ဝှက်ထားသော ဆော်လမွန်ကျမ်း ကြီး
ကို ယူ၍ နှစ်ယောက်သား ခရီးထွက်ခဲ့ကြလေ၏။

တိုက်ဆောက်သမား ခင်မောင်ရှိလည်း တိုက်ကို အလုပ်သမားများ
နှင့် စတင်၍ ပြင်ဆင်နေပြီဖြစ်၏။ ဘိုးသူတော်ဂွတိုသည် ခင်မောင်ရှိ
လက်သို့ သော့ခလောက်တစ်လုံး အပ်ခဲ့၏။ တိုက်ကို ပြင်ဆင်ပြီးပါကမိမိ
တို့အား စောင့်မနေဘဲ သော့ခတ်၍ထားရန် မှာကြားလိုက်လေ၏။ ထိုသို့
သော့မခတ်မီ၌ ရပ်ကွက်အတွင်းမှ လူများကို ဖိတ်၍ အိမ်တက်အထိမ်း
အမှတ်အဖြစ် ထမင်းကျွေးရန် မစ္စတာ တန်တော်မိုးအားမေးလျှင် ခရီး
လွန်နေကြောင်းပြောရန် ခင်မောင်ရှိအားမှာကြားပြီး နောက် ငွေတစ်ရာ
ပေးခဲ့လေ၏။

တိုက်ဆောက်သမား ခင်မောင်ရှိကလည်း ဘိုးသူတော်ဂွတို မှာကြား
သည့်အတိုင်း အတိအကျ ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကတိပြုလိုက်လေ
၏။ ထို့နောက် ကျွန်ုပ်နှင့် ဘိုးသူတော်ဂွတိုတို့သည် ခရီးထွက်ခဲ့ကြလေ၏။
ကျွန်ုပ်က

"ဘာသဘောလဲ ဘိုးသူတော်"

ဟု မေးရာ ဘိုးသူတော်ဂွတိုက-



www.burmeseclassic.com

www.burmeseclassic.com

"ဘာသဘောရမှာလဲ ကိုယ့်လူရဲ့၊ ကိုယ့်လူရဲ့ အိမ်ကို ကျုပ်တို့ နှစ်ယောက် အခုလို အမှတ်တမဲ့ ဝင်သွားတာ ဘယ်သူမှ မသိဘူး၊ ဟောအခု ခင်မောင်ရှိကိုလည်း တိုက်ကိုပြင်ဖို့ တာဝန်ပေးခဲ့တယ်၊ အိမ်တက်လုပ်ဖို့လည်း ပေးခဲ့ပြီ၊ ကိုယ့်လူ မသေသေးကြောင်းလည်း ပတ်ဝန်းကျင်ကို အသိပေးခဲ့ပြီလေ၊ ဘယ်လောက်ကောင်းသလဲ"

ဟု ပြောလေ၏။

ဤသို့နှင့်ပင် ကျွန်ုပ်တို့နှစ်ဦးသည် အတူတကွခရီးဆက်ခဲ့ကြလေ၏။ လမ်းတွင် ကျွန်ုပ်က တိရစ္ဆာန်များကို အလှူလုပ်လိုကြောင်း ပြောရာ ဘိုးသူတော်ဂွတိုက

"ခွေး စတုဒိသာ ကျွေးပါလား"

ဟု ပြောလေ၏။ ကျွန်ုပ်သည် မြို့တစ်မြို့သို့ရောက်တိုင်း အလှူခံ၍ရသော ငွေများကို ဆန်ကွဲများ၊ ဆိတ်ရိုးများ ဝယ်၍ကျိုပြီးလျှင် ထိုမြို့ရှိ လမ်းဆုံလမ်းခွများတွင် ဖက်များခင်း၍ ခွေးစတုဒိသာများကို ကျွေးခဲ့လေ၏။

ကျွန်ုပ်နှင့် ဘိုးသူတော်ဂွတိုတို့သည် ဤသို့ခွေးစတုဒိသာ ကျွေးသောအခါများတွင် မြို့သူမြို့သားများသည် အထူးအဆန်းဖြစ်၍ လာကြည့်ကြလေ၏။ ကျွန်ုပ်တို့သည် ခွေးများကိုသာ ကျွေးသည်မဟုတ်၊ နံနက်ပိုင်းတွင် ကျီးများ၊ ခိုများအပါအဝင် ကျေးငှက်တိရစ္ဆာန်များကိုလည်း အစာများကျွေးခဲ့လေ၏။ ဤသို့နှင့်ပင် တရွေ့ရွေ့ လာခဲ့ကြရာ ပုပ္ပားတောင်ကြီးအနီးသို့ ရောက်ရှိလာလေတော့၏။ ကျွန်ုပ်သည် ပုပ္ပားတောင်ကြီးကို မြင်လျှင် စိတ်၌ လွန်စွာ ကြည်နူးသွား၏။





ထိုသို့ ကြည်နူးသွားသည့်အချိန်၌မှာပင်-

"ဒီတောင်ကြီးက ဘယ်လို ဘယ်လို ဖြစ်လာတာပါလဲ"

ဟု သိချင်စိတ်ဖြင့် ကြံစည်လိုက်ရာ ပုပ္ပားတောင်ကြီးသည် ကျွန်ုပ်မြင်ကွင်းအတွင်းမှ ပျောက်ကွယ်သွားလေတော့၏။ ထိုအချိန်၌မှာပင်ပုပ္ပားတောင်ရှိသည့်နေရာ၌ ခုနစ်မိုင်ပတ်လည်ခန့်ရှိမည့် ရေကန်ကြီးတစ်ကန်ပေါ်ပေါက်လာလေ၏။ ထို့နောက် ရေကန်ကြီး အလယ်တည့်တည့်မှနေ၍ ကြောက်မက်ဖွယ်ရာ ကမ္ဘာပျက်မတတ် မြည်ဟည်းသော အသံကြီးတစ်သံပေါ်ထွက်လာပြီးလျှင် မီးပန်းများပန်းထွက်လာလေ၏။ ဘိုးသူတော်ကြီးနှင့် ကျွန်ုပ်တို့အနီးသို့ပင် မီးခဲများ ကျလာသဖြင့် ကျွန်ုပ်တို့နှစ်ဦးသားထွက်ပြေးရသေး၏။ ထို့နောက် ရေကန်အတွင်းမှ မီးများနှင့်အတူ တောင်ကြီးတစ်တောင် ပေါက်ကွဲပေါ်ထွက်လာ၏။ ထိုသို့ ပေါ်ထွက်လာရာ၌ တောင်၏ အဝသည် ပွင့်အာပြီး မီးများ တရစပ်ပေါ်ထွက်နေလေ၏။ ကျောက်တုံးကြီး၊ ကျောက်ခဲကြီးများလည်း တရစပ် လွင့်စဥ်ကျလာ၏။ ခုနစ်မိုင်ပတ်လည်ခန့်ရှိ ရေများမှာလည်း ရုတ်တရက်ပျောက်ကွယ်သွားလေ၏။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်၌-

"ဟင် ဒီရေကန်ကြီးက ဘယ်ရောက်သွားပါလိမ့်"

ဟု ာမ်းတလိုက်သည့် တစ်ခဏ၌ ရှမ်းပြည်တောင်ပိုင်းရှိ မြေတစ်နေရာမှ ရေများပန်းထွက်လာပြီးလျှင် ကန်ကြီးတစ်ကန်ဖြစ်ပေါ်လာသည်ကို တွေ့ရလေ၏။

ပုပ္ပားတောင်နေရာမှ ရေကန်ကြီးသည် ပုပ္ပားတောင်ကြီး ပေါ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာချိန်၌ ရေများ ကွယ်ပျောက်သွားပြီး ရှမ်းပြည်၌ သွားရောက်ပေါ်ပေါက်ခြင်းဖြစ်၏။ ရှမ်းပြည်တွင် ပေါ်ပေါက်လာသော ရေကန်ကြီးမှလည်း နောင်တွင် အင်းလေးကန်ကြီး ဖြစ်သွားကြောင်း ကျွန်ုပ်နားလည်သွားလေ၏။

ကျွန်ုပ်သည် ပုပ္ပားတောင်ကြီးကို ဆက်၍ကြည့်လေ၏။ လွန်စွာပူလောင်လှသောကြောင့် ကျွန်ုပ်နှင့် ဘိုးသူတော်သည် တောင်ကြီးနှင့်ဝေးရာသို့ လျင်မြန်စွာ ရှောင်ရလေ၏။ ကျွန်ုပ်၏ စိတ်၌ ပုပ္ပားမီးတောင်ကြီး ရုတ်ထရက်ပေါ်ပေါက်လာချိန်၌ အခြား ဘာတွေများ ဖြစ်သေး သလဲဟု တွေးလိုက်သော ခဏ၌ ပုပ္ပားတောင်နှင့် လွန်စွာ မဝေးလှသော နေရာ၌ ညီညာလှပသောတောင်ကုန်းကလေးများတွန့်ခေါက်၍ပေါ်လာကြောင်း တွေ့မြင်ရလေတော့၏။ ထိုနေရာကို ကျွန်ုပ် ကောင်းစွာ ခန့်မှန်းနိုင်ခဲ့သည်။ ထိုနေရာမှာ ယခု ငွေးချို့ ကျောက်ပန်းတောင်း ချောက် လမ်းဆုံနှင့် မလှမ်းမကမ်းတွင်ရှိသော တောင်တန်းကလေးများသာ ဖြစ်တန်ရာ၏။

အတော်အတန်ကြီးသော မီးပွားတစ်ခုသည် ကျွန်ုပ်တို့နှစ်ဦးကြားသို့ လာ၍ကျသဖြင့် ကျွန်ုပ်တို့နှစ်ဦးလည်း ရှောင်ပေးလိုက်ရ၏။ သို့ရာတွင် ကျွန်ုပ်၏ သင်တိုင်းကြီးမှာ ထိုမီးပွားကြောင့် မီးကျွမ်းသွားသည်ကို တွေ့ရလေ၏။

ဤအဖြစ်ကို ကြည့်လျှင် ပုပ္ပားတောင်ကြီး၏ အတိတ်ဖြစ်စဉ် သင်္ခိုင်းသည် ကျွန်ုပ်၏ စိတ်အာရုံ၌ ထင်မြင်ပေါ်ပေါက်လာခြင်းမဟုတ်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်သန်းက ပုပ္ပားတောင်ကြီးအဖြစ် စတင်ပေါ်ပေါက်





လာသော အချိန်ကာလဆီသို့ ကျွန်ုပ်ရောဘိုးသူတော်ဂွတိုပါအမှန်တကယ် ရောက်သွားကြောင်း ထင်ရှားလှပေ၏။ ကျွန်ုပ်သည် မီးကျွမ်းသွားသော သင်တိုင်းကို စမ်းသပ်ကြည့်လိုက်ရာ သင်တိုင်းအောက်၌ ကြိုးဖြင့်တွဲလောင်းချိတ်၍ထားသော တစ်ခါက ကျွန်ုပ် ဖခင် ကိုင်ဆောင်ခဲ့ဖူးသည့် အိတ်ဆောင် နာရီကလေးကိုပါ မီးဟပ်သွားကြောင်း သတိပြုမိလေ၏။ အဘယ့်ကြောင့်ဆိုသော် ထိုနာရီကလေးသည် အချိန်အတော်ကြာချိန်အထိ ခြစ်ခြစ်တောက် ပူနေ၏။ မီးဟပ်သွားသဖြင့် မီးကျွမ်းကာ မည်းနက်သွားရမည့်အစား နာရီကလေးသည် ပို၍ ပြောင်လက်လာ၏။ စက်မှာလည်း မပျက်သည့်အပြင် တချောက်ချောက် သွားနေကြောင်း ကျွန်ုပ် သတိပြုမိလေ၏။ ထို့ကြောင့် ဘိုးသူတော်ဂွတိုက

"ကိုယ့်လူရဲ့အိတ်ဆောင်နာရီကလေးဟာ ပုပ္ပားမီးတောင်ကြီးစတင်ပေါ်ပေါက်ခဲ့တဲ့ အတိတ်နှစ်ပေါင်းနှစ်သန်းဆီကို ပြန်ရောက်သွားပြီး မီးတောင်က မီးအဟပ်ခံလိုက်ရတဲ့အတွက် ပုပ္ပားမီးတောင်ကြီးရဲ့ အချိန်ကာလနဲ့ သူနဲ့ ပတ်သက်သွားပြီ၊ ဒါကြောင့် အဲဒီနာရီကလေးဟာ ပုပ္ပားမီးတောင်ကြီး ကမ္ဘာပေါ်က ပျောက်ကွယ်သွားတဲ့အထိ သူလည်း အစွန့်ရှည်နေလိမ့်မယ်၊ စက်လည်း ဘယ်တော့မှရပ်မှာမဟုတ်ဘူး၊ အရောင်လည်း ဘယ်တော့မှ မှိန်မှာမဟုတ်ဘူး"

ဟု ပြောလိုက်လေ၏။

"ပုပ္ပားမီးတောင်ကြီး စတင်ပေါ်ပေါက်တဲ့ ကာလနဲ့ ကျုပ်ရဲ့အိတ်ဆောင်နာရီကလေးနဲ့ ပတ်သက်သွားသလို ဘိုးသူတော်ကြီးနဲ့ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ရော အဲဒီအချိန်အခါနဲ့ ပတ်သက်မသွားဘူးလား"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"သေချာတာပေါ့ ငါ့လူရာ၊ တို့နှစ်ယောက်လည်း ပတ်သက်သွားတာပေါ့၊ တို့နှစ်ယောက်ဟာလည်း လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်သန်းဆီကိုအမှန်တကယ် ပြန်ရောက်သွားကြတာပဲ၊တို့နှစ်ယောက်ဟာ အခုအခါမှာ နေရာဒေသ တစ်ခုကနေ အခြားနေရာတစ်ခုကိုသာ ခရီးသွားနိုင်တာ မဟုတ်ဘူး၊ အချိန်ကာလတစ်ခုကနေ အခြားအချိန်ကာလတစ်ခုကို ခရီးသွားနိုင်သူတွေ ဖြစ်သွားပြီ၊ အဲဒါကြောင့် ကျုပ်တို့ရဲ့ တည်တံ့မှုဟာ ပြောပြလို့ မရနိုင်လောက်အောင် ရှည်ကြာကြလိမ့်မယ်"

ဟု ဘိုးသူတော်ဂွတိုက ပြောလေ၏။

ဤသို့နှင့်ပင် ဘိုးသူတော်ဂွတိုနှင့် ကျွန်ုပ်တို့သည် မြန်မာပြည်အရှပ်ရပ်ရှိ အရပ်ဒေသများဆီသို့ လှည့်ပတ်ခဲ့ကြပြီးနောက် တစ်ခါက ကျွန်ုပ်နှင့် စနေမောင်မောင်တို့ ရောက်ရှိခဲ့သော ရှမ်ဘဲလားဟု ခေါ်သည့် ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းသော အရပ်ဒေသဆီသို့ ပြန်လည်ရောက်ရှိခဲ့ကြလေ၏။ ကျွန်ုပ်တို့၏ ခရီးစဉ်သည် ယခင်တစ်ခေါက် ကျွန်ုပ်တို့ လာခဲ့သကဲ့သို့ ခက်ခဲကြမ်းတမ်းခြင်းမရှိတော့ပါ။ ဘိုးသူတော်ဂွတိုသည် ဖြတ်လမ်းကို သိသူဖြစ်၏။ ထို့ကြောင့် ဖြတ်လမ်းကို အသုံးပြုခဲ့ကြလေ၏။ ထို့အပြင် ကျွန်ုပ်တို့သည် လိုအပ်သော နေရာများတွင် မြေဖြောတို့ဖြင့် ပစ်ကြ၏။





ဥပမာဆိုပါစို့၊ ခက်ခဲစွာ ဖြတ်ကျော်ရမည့် တောင်ကြီးတစ်တောင်နှင့် တွေ့သည်ဆိုကြပါစို့၊ ကျွန်ုပ်သည် ထိုတောင်ကြီးကို

"အရင်က ဒီတောင်ကြီးမဖြစ်မီက ဒီနေရာဟာ ဘယ်လိုပါလိမ့်"

ဟု ကြံစည်လိုက်ရ၏။

ထိုအခါ၌ တောင်ကြီးသည် ကျွန်ုပ်၏ မြင်ကွင်းထဲမှ ပျောက်ကွယ်သွား၏။ ထို့နောက် ပြန့်ပျူးသော လွင်ပြင်ကြီးပေါ်လာ၏။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့နှစ်ဦးသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာဆီသို့ ပြန်လည်ခရီးထွက်လာခဲ့ခြင်းဖြစ်၏။ ထို့နောက် တောင်ကြီးအစား ပေါ်လာသော လွင်ပြင်ကြီးတွင် အေးချမ်းစွာ ဖြတ်သန်းသွားကြ၏။ ကျွန်ုပ်သည် ရေကန်များကို တောအဖြစ်လည်းကောင်း၊ တောများကို လွင်တီးခေါင်အဖြစ်လည်းကောင်း၊ သစ်ပင်ကြီးများကို အရွက်နှစ်ခွ အပင်ကလေးများအဖြစ်လည်းကောင်း၊ မြွေများကို မြွေဥအဖြစ်လည်းကောင်း၊ ပြောင်းလဲပစ်ခဲ့၏။ ဤနည်းဖြင့် ကျွန်ုပ်၏ မဟာမြိုင်သို့ အပြန်လမ်းသည် အိမ်ရှေ့ခန်းမှ မီးဖိုခန်းသို့ သွားသကဲ့သို့ပင် လွယ်ကူလှတော့၏။ ရှမ်ဘဲလားနေရာသို့ ရောက်သောအခါ၌

"အရင်က ဒီနေရာ ဘယ်လိုပါလိမ့်"

ဟု တွေးကြည့်လိုက်ရာ ဂိုဗီသဲကန္တာရအပါအဝင် ရှမ်ဘဲလားပတ်ဝန်းကျင်ရှိ နေရာအားလုံးသည် ပင်လယ်သမုဒ္ဒရာဖြစ်သွား၏။ ရှမ်ဘဲလားအပါအဝင် ထိုဒေသရှိ တောင်များမှာသမုဒ္ဒရာထဲမှ ကျွန်းများဖြစ်သွား၏။

ဤကမ္ဘာလုံးကြီး နှစ်ဆယ့်သုံးနှစ်ပိုင်းတစ်ပိုင်း ဒီဂရီမတိမ်းစောင်းမီ



www.burmeseclassic.com

www.burmeseclassic.com



ကာလကို ကျွန်ုပ်နှင့်ဘိုးသူတော်တို့ ပြန်လည်ရောက်ရှိသွားကြခြင်းဖြစ်၏။

ကျွန်ုပ် ရှမ်ဘဲလားသို့ ပြန်လည်ရောက်ရှိသွားသောအခါ၌ အိုင်ယာလန်ပြည်သား ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား ထွက်၍ကြိုဆိုရင်း နှစ်လိုဖွယ်ရာ ပြုံး၍ပြ၏။ အက်စ်ပရန်တိုခေါ် စကြာဝဠာ ဘာသာစကားဖြင့် ကျွန်ုပ်အား

"သင် ပြန်ရောက်လာပြီကိုး"

ဟု နှုတ်ဆက်လေ၏။ ကျွန်ုပ်လည်း ထိုဘာသာစကားဖြင့်ပင်ပြန်လည်နှုတ်ဆက်လိုက်လေ၏။

ယခု ကျွန်ုပ်တို့နှစ်ဦးပြောဆိုသော (Esperanto)အက်စ်ပရန်တိုခေါ်သည့် စကြာဝဠာသုံး စကားမှာ 'လူဝစ်ဇပ်မင်ဟော့' ဆိုသူ ရုရှားလူမျိုးတစ်ဦး ၁၈၈၇-ခုနှစ်တွင်မှ တီထွင်လိုက်သော ဘာသာစကားဖြစ်၏။ ထိုဘာသာစကားသည် ဥရောပတိုက်သုံး ဘာသာစကားများ၏ အရင်း အမြစ်ပေါ်တွင် အခြေခံ၍တီထွင်ထားသော စကားလည်းဖြစ်၏။ အက်စ်ပရန်တို ဘာသာစကားနှင့် မရှေးမနှောင်းပင် ပေါ်လာသော စကြာဝဠာစကားမှာ 'အမ်ဒီဘူးဖရန့်' ဆိုသူ တီထွင်လိုက်သည့် (Ido)အစ်ဒိုဆိုသည့် ဘာသာစကားပင်ဖြစ်၏။

ကျွန်ုပ်သည် ဘာသာစကားပေါင်းများစွာကို တတ်ကျွမ်းနေပြီဖြစ်၏။ ယခုခေတ်သုံး ဘာသာစကားများကိုသာမက ရှေးသူဟောင်းကြီးများ၏ ဘာသာစကားများကိုပင် သင်ယူခြင်း မပြုရဘဲလျက် ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းနေပြီဖြစ်၏။

လာဘ်မိုးရွှေ



ဘိုးသူတော်ကြီးသည် ကျွန်ုပ်အား နှုတ်ဆက်လိုက်ပြီးနောက် ကျွန်ုပ်ပြန်လည်ရောက်ရှိလာပြီး ဆော်လမွန်ဘုရင်ကြီး၏ ကျမ်းစာအုပ်ကြီးကို ယူသွားသည့်နေရာတွင် ပြန်လည်ထားမည်ဆိုသည့်အကြောင်း ရှမ်ဘဲလားတွင် နေထိုင်သူ အသီးသီးအား အသိပေးအကြောင်းကြားလိုက်လေတော့သတည်း။

လာဘ်မိုးရွှေ

www.burmeseclassic.com

www.burmeseclassic.com



## ဆရာသခင်များနှင့်အတူ

ကျွန်ုပ်သည် ကင်းဆော်လမ္ဘန် ရေးထားခဲ့သောကျမ်းကြီးကို သူ့နေရာတွင် ပြန်ထားလိုက်ပြီဖြစ်၏။ ထို့ကြောင့် ဘိုးသူတော်ဂွတိုနှင့်အတူ ဆရာသခင်ကျေးဇူးရှင်များရှိရာသို့ ဦးတည်၍ခရီးထွက်လာခဲ့လေတော့၏။

ရှမ်ဘဲလားတောင်ကုန်းမှ အဆင်း ယခင် ကျွန်ုပ် ပြေးခဲ့သော လမ်းကွေ့လေးသို့ရောက်လျှင် ကျွန်ုပ်က ဘိုးသူတော်ဂွတိုအား -

"ဒီမှာ ဘိုးသူတော်. . . ဒီကနေ သွားရမှာ မဟုတ်လား၊ ဟိုတစ်ခါ မှောင်ကြီးထဲမှာ တစ်ညလုံး ပြေးလာရတာ ဒီလမ်းပဲ၊ ကျုပ် ကောင်းကောင်း မှတ်မိပါတယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဘိုးသူတော်ဂွတိုက

"လုံးဝမဟုတ်ဘူး၊ ဒီတောင်ပေါ်မှာ လုံးဝမရှိဘူး၊ ဒီတောင်ကနေဆင်းသွားပြီး ရေအိုင်ကြီးတစ်အိုင်ရှိတယ်၊ အဲဒီရေအိုင်ရှိတဲ့တောဟာ

**လာဘ်မိုးရွေ**

www.burmeseclassic.com

www.burmeseclassic.com

မဟာမြိုင်တော၊ ဒါက ရှမ်ဘဲလားတောင်၊ ဘာမှ မဆိုင်ဘူး"

ဟု ပြောလေ၏။

"မဟုတ်ပါဘူး၊ ကျုပ်ကောင်းကောင်း မှတ်မိပါတယ်၊ ဟောဒီ လမ်းခွဲကနေ ကျုပ် ပြေးရတာ မိုးလင်ခါနီးမှ တောင်စွယ်တစ်ခုကိုရောက်တယ်၊ အဲဒီမှာ ကျုပ် . . . ဘိုးသူတော်ကြီးကို တွေ့တာပဲ၊ ဘိုးသူတော်ကြီးကို တွေ့တဲ့နေရာမှာပဲ ဆွမ်းစားကျောင်းလိုဟာမျိုးကိုလည်း တွေ့တယ်၊ ဘုန်းကြီး ကျောင်းလို ဟာမျိုးကိုလည်းတွေ့တယ်၊ အဲဒီမှာပဲ ဆရာသမားတွေကိုလည်း တွေ့တယ်၊ အဘဘိုးဘိုးအောင်တို့၊ အဘဘိုးဝါယမတို့နဲ့တောင် စကားပြောခဲ့ရသေးတယ်၊ အဲဒီကနေ ဘိုးသူတော်ကြီးက ကျုပ်ကို ဟိုး တောစပ်ထိ လိုက်ပို့ခဲ့တာပဲ"

ဟု ကျွန်ုပ်ကပြောလိုက်လေ၏။ ဘိုးသူတော်ကြီးက ကြေးစည်ကို ထုလိုက်လေ၏။

"နောင် . . . ဝေ . . . ဝေ . . . ဝေ . . . "

"အဲဒါ လုံးဝမဟုတ်ဘူး၊ အဲဒီညက မဟာမြိုင်တောထဲမှာ ဆရာသမားတွေနဲ့ ကျုပ်နဲ့ အတူတူ ရှိနေတယ်၊ ကိုယ့်လူတောထဲမှာ သေဘေးနဲ့ရင်ဆိုင်ပြီး ပြေးနေရတော့ ဆရာသမားတွေ အာရုံထဲမှာ ပေါ်သွားတယ်၊ အဲဒီမှာ ကျုပ်ကိုလွှတ်လိုက်တာ၊ မဟာမြိုင်ကို ခေါ်မသွားနဲ့ဦးတဲ့၊ သူ့ကို ကယ်ပြီး သူ့နေရာသူ ပြန်ပို့လိုက်ဦးတဲ့၊ ပြီးတော့မှမဟာမြိုင်ကို ဝင်နိုင်တဲ့ အရည်အချင်းတွေ၊ သိဒ္ဓိတွေပြည့်စုံအောင် လေ့ကျင့်ပြီးမှ ခေါ်လာခဲ့တဲ့၊ အဲဒါနဲ့ ကျုပ်က





ကိုရင့်အခြေနေနဲ့ ခြေကုန်လက်ပန်းကျမယ့်နေရာကို အရောက်လာပြီး ကျုပ်က ကယ်ရတာ၊ အဲဒီမနက်က ကိုရင့်ကို သလေးစပါးနဲ့ ပြုတ်ထားတဲ့ နို့ထမင်းတစ်ခွက်တောင် တိုက်ရသေးတယ်လေ"

ဘိုးသူတော်ဂွတိုက ပြောကာ ကြေးစည်ကို ထုလိုက်လေ၏။

"နောင် . . . ဝေ . . . ဝေ . . . ဝေ . . . "

"မဟုတ်ပါဘူး ဘိုးသူတော်ရယ်၊ ကျုပ်နဲ့ ဆရာသမားတွေနဲ့တောင် စကားပြောခဲ့သေးတာပဲ"

ကျွန်ုပ်က ပြောလိုက်ရာ ဘိုးသူတော်က ရယ်လေ၏။ ထို့နောက်မှ

"စကားပြောခဲ့ရတယ်ဆိုတာလဲ အမှန်ပဲ၊ မဟုတ်တာလည်း အမှန်ပဲ၊ ကိုယ့်လူကို ရှမ်ဘဲလားရဲ့ တောင်စွယ်တစ်ခုမှာ ဆရာသခင်တွေရဲ့ တာဝန်ပေးချက်အရ လာပြီးစောင့်ရတာ၊ ကျောင်းကြီး တွေ၊ ဇရပ်ကြီးတွေ ပုံစံကို ဆရာသခင်တွေက ဟိုကနေ သူတို့ရဲ့သိဒ္ဓိနဲ့ စီမံလိုက်တာ၊ ပြီးတော့ ကိုရင် စကားပြောခဲ့ရတဲ့ ဆရာသမားတွေဟာ အစစ်တွေ မဟုတ်ဘူး၊ သူတို့ဆီက သူတို့ဝတ်တဲ့အဝတ်တွေကို ကျုပ်နဲ့ပေးလိုက်တာ၊ အဲဒီအဝတ်တွေကို သူတို့ရဲ့ မနောသိဒ္ဓိထည့်ပေးလိုက်လို့ ကိုရင့်မျက်စိထဲမှာ လူကိုယ်တိုင် တွေ့ရသကဲ့သို့ ဖြစ်နေတယ်၊ မဟာမြိုင်က မဟာမြိုင်၊ ရှမ်ဘဲလားက ရှမ်ဘဲလား၊ ဒါပေမဲ့ မဟာမြိုင်ဟာ ရှမ်ဘဲလားနဲ့ မဝေးတော့ဘူး၊ မိုင်နှစ်ဆယ်လောက်သွားလိုက်ရင် မဟာမြိုင်တောစပ်ကိုရောက်မယ်၊ တောကိုဝင်လိုက်တာနဲ့ အလွန်အင်မတန်လှပတဲ့ ဘုတ်ငှက်



www.burmeseclassic.com

www.burmeseclassic.com

*ကလေးတွေကို ကိုယ်လူတွေ့ရမယ်"*

ဟု ပြောဆိုကာ ဘိုးသူတော်ဂွတိုသည် ကြေးစည်ကို ထုလိုက်ပြန် ၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . . "

ကျွန်ုပ်နှင့် ဘိုးသူတော်ကြီးသည် မဟာမြိုင်ဆီသို့ ခရီးဆက်ခဲ့ကြလေ၏။ နောက်ဆုံးတွင် လွန်စွာ သာယာ၍ဘုတ်ငှက်များ လွန်စွာပေါသော ဝိဇ္ဇာတို့ စံမြန်းရာ မဟာမြိုင် တောအုပ်ကြီးသို့ ရောက်ရှိသွားလေတော့၏။

ကျွန်ုပ်ရောက်ရှိသွားချိန်၌ ဆရာသခင်ကျေးဇူးရှင် ဝိဇ္ဇာအပေါင်းတို့သည် ဝါဆိုလပြည့်နေ့တွင် မြတ်စွာဘုရားသခင်အား ပူဇော်မည့် ပူဇော်ပွဲအတွက် ညှိနှိုင်းတိုင်ပင်ပွဲလေးတစ်ခု ပြုလုပ်နေချိန်ဖြစ်၏။

ဆရာသခင်တို့သည် ကျွန်ုပ်အား နှစ်ပေါင်းများစွာ ကွဲကွာနေသော သားအရင်းအား ပြန်လည်တွေ့ရသကဲ့သို့ ဝမ်းသာပျော်ရွှင်စွာ ဆီးကြိုကြလေ၏။ ထို့နောက် ၎င်းတို့၏ သိဒ္ဓိ၊ မဟိဒ္ဓိများကို မိရန်အတွက် ကျွန်ုပ်အား စောင့်ရှောက်သင်ကြားကြလေ၏။

ကျွန်ုပ်သည် ဆရာသခင်များနှင့်အတူ မြသားအနှစ် မဟာမြိုင်အစစ် တောအုပ်ကြီးအတွင်း၌ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ခဲ့လေတော့သတည်း။

လာဘ်မိုးဇွေ

# ပြည်တော်ဝင် တန်တော်မိုး

ကျွန်ုပ်သည် ဝိဇ္ဇာများပျော်ရာ မဟာမြိုင်တော၌ နေထိုင်ခဲ့၏။ ကျွန်ုပ် မဟာမြိုင်၌ရှိစဉ်အတွင်း ကျွန်ုပ်၏ဆရာ သို့မဟုတ် ကျွန်ုပ်၏ မိတ်ဆွေ သို့မဟုတ် ကျွန်ုပ်၏ခရီးဖော် ဘိုးသူတော်ဂွတိုသည် မဟာမြိုင်၌ မရှိပေ။

ကျွန်ုပ်တစ်ဦးတည်းသာလျှင် ဆရာသခင်များ ခိုင်းစေထားသော အလုပ်များကို ပြုလုပ်ရလေ၏။ ယခင် ဘိုးသူတော်ကြီး မဟာမြိုင်၌ ပြုလုပ်ခဲ့သော အလုပ်များကို ကျွန်ုပ်ပြုလုပ်ရလေ၏။

နှစ်အတန်ကြာသောအခါ မဟာမြိုင်မှ ဆရာသခင်ကျေးဇူးရှင်များက ကျွန်ုပ်အား မြန်မာပြည်သို့ ပြန်သွားရန် စေခိုင်းလိုက်လေ၏။ မြန်မာပြည်သို့ ရောက်လျှင် ဘိုးသူတော်ဂွတိုအား မဟာမြိုင်သို့ပြန်လွှတ်ရန်လည်း မှာကြားလိုက်လေ၏။

လာဘ်မိုးဇွေ

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြန်၍လွှတ်လိုက်ခြင်းမှာ ဒုက္ခရောက်နေသော သူတော်
ကောင်းများအား ကယ်တင်ရန် ဖြစ်၏။ အမှန်အားဖြင့် ကျွန်ုပ်အား မြေ
လျှောက်ဝိဇ္ဇာအဖြစ် ပြည်တော်ဝင်ရန် စေလွှတ်လိုက်ခြင်းဖြစ်၏။

ကျွန်ုပ်ကဲ့သို့ပင် မြန်မာပြည်အရပ်ရပ်တွင် မြေလျှောက်ဝိဇ္ဇာမျာ
သွားလာလှုပ်ရှားလေ့ရှိ၏။ ၎င်းတို့သည်လည်း သူတော်ကောင်းများအာ
မိမိတို့နှင့်ဘာသာတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကယ်တင်လေ့ ရှိ
၏။

အချို့သော မြေလျှောက်ဝိဇ္ဇာများမှာ အပြင်၌ မကြည်ညိုဖွယ်
ဖြစ်၏။ လွန်စွာဟောင်းနွမ်းစုတ်ပြတ်သော စောင်ကြီးကို ခြု
ကွမ်း'တဖွတ်ဖွတ်'ဝါးနေ၏။ ဆိုက်ကားအမြဲစီးနေ၏။

သို့ရာတွင် ထိုပုဂ္ဂိုလ်မျိုးမှာ အမြင်မှာ စုတ်ပေမယ့် ရွှေထုပ်သ
မြပုဝါအလား သိဒ္ဓိရှင် သူတော်စင်ကြီးဖြစ်ပေ၏။ အချို့မှာ အဝတ်ပို
ငယ်ကလေးကို အရှက်လုံရုံမျှ ပတ်လျက် သွားနေ၏။ ထိုပုဂ္ဂိုလ်ထူး
လည်း သူတော်ကောင်း ဒုက္ခရောက်လျှင် ကယ်ဆယ်ရန် အလို့ငှာ လ
သလားနေခြင်းဖြစ်၏။

တုတ်ကောက်တစ်ချောင်းကို ကိုင်လျက် ပါးစပ်မှ 'အိုးစ်၊ အိုးစ်'
အဆက်မပြတ်အော်ကာ စိတ်ကောင်းရှိသူများအား ကယ်တင်ရန် အ
ငှာ၊ အမြို့မြို့ အနယ်နယ်လှည့်ကာ လျှောက်သွားနေသော မြေလျှေ
ဝိဇ္ဇာများလည်း ရှိ၏။

အချို့သောသူများသည် အရူးနှင့် မြေလျှောက်ဝိဇ္ဇာကို မခွဲခြားတ





အရူးကို ဝိဇ္ဇာထင်၍ ဝိဇ္ဇာကို အရူးထင်တတ်ကြ၏။ ဘုန်းကြီးထီးကြီးတစ်
လက်ကို ဆောင်းလျက် လွန်စွာကြီးမားသော ဖျင်ကြီးတို့ လွယ်အိတ်ချောင်
လျက် လှည့်လည်သွားလာနေသော မြေလျှောက်ဝိဇ္ဇာများလည်း ရှိ၏။
ထိုပုဂ္ဂိုလ်များသည် သူတော်ကောင်းများ ဒုက္ခရောက်လျှင် ကယ်တင်ရန်
အလို့ငှာ လှည့်လည်နေကြခြင်း ဖြစ်၏။

အချို့သော လူလိမ်များမှာလည်း ထိုပုဂ္ဂိုလ်များ၏ ဟန်တို့ ဖမ်းကာ
လိမ်လည်နေသည်လည်း ရှိ၏။ 'အစစ်တစ်ယောက် အတုတစ်ထောင်
အယောင်ဆောင် တစ်သိန်း၊ အပလိန်း အနန္တ' ဆိုသော စကားသည်ဤ
နေရာ၌ လွန်စွာ မှန်၏။

ကျွန်ုပ်၏ မဟာမြိုင်မှ ဆရာသခင်များသည် ကျွန်ုပ်အား ပြည် တော်
ဝင်ခိုင်းရာ၌ အထက်က ဆိုခဲ့သော ပုဂ္ဂိုလ်များကဲ့သို့ သူရူးယောင် ဟန်
ဆောင်၍ဝင်ခိုင်းခြင်းမဟုတ်။ ကျွန်ုပ်အား သပ်သပ်ရပ်ရပ် ဝတ်စားဆင်
ယင်၍ ပြည်တော်ဝင်ရမည်ဟု အတိအကျ မှာလိုက်၏။

ထို့ကြောင့် ကျွန်ုပ်သည် ရှည်လျားသော မုတ်ဆိတ်မွေးများကို ရိတ်
ပစ်လိုက်ရ၏။ ဆံပင်ကို ညှပ်ပစ်လိုက်ရ၏။ ရှည်လျားသော နှုတ်ခမ်းမွေး
ကိုမူ ပြောင်စင်အောင် မရိတ်ရသော်လည်း သပ်သပ်ရပ်ရပ်ထားရ၏။

ကျွန်ုပ်သည် ဆရာသခင်များ၏ စကားကို နာယူမှတ်သား၍ ပြည်
တော်ဝင်ရန် အလို့ငှာ မြန်မာပြည်ဘက်သို့ ခြေဦးလှည့်ရ၏။ ကျွန်ုပ် သွား
ရမည့်လမ်းကြောင်းကိုလည်း မည်သည့်လမ်းက သွားရမည်ကို ဆရာ
သခင်များက အတိအကျ ညွှန်ပြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား အိန္ဒိယပြည်ဘက်သို့ ဝင်ပြီးလျှင် အနောက်ရိုးမသို့ ကျော်ကာ ယခင်က 'သုနာပရန္တ'တိုင်းဟု ကျော်ကြားခဲ့သည့် လယ်ကိုင်းကျောင်းတော်ရာဘက်ဆီမှဖြတ်၍ ဝင်ခိုင်း၏။ ထို့နောက်မှ စကု၊ စလင်း၊ မင်းဘူး မကွေး၊ ပြည်၊ ထိုလမ်းကြောင်းအတိုင်းဖြတ်သန်း၍ ရန်ကုန်သို့သွားရန် ညွှန်ကြား၏။

ရန်ကုန်သို့ရောက်လျှင် ဂွတိုအား (၁၅)လမ်းရှိ ကျွန်ုပ်၏အိမ်၌ တွေ့ရမည်ကိုလည်း ပြောပြလိုက်၏။ ကျွန်ုပ်သည် ဆရာသမားများ ညွှန်ပြသည့်လမ်းကြောင်းအတိုင်း လာခဲ့၏။ ညကိုးနာရီလောက်တွင် ရန်ကုန်မြို့(၁၅)လမ်းသို့ ကျွန်ုပ်ရောက်ရှိခဲ့၏။ ကျွန်ုပ်သည် ကျွန်ုပ်၏ တိုက်အိမ်သို့ တန်းတန်းမတ်မတ် သွားရောက်ခဲ့၏။ ထို့နောက် သော့ကိုဖွင့်၍ အိမ်တွင်းသို့ဝင်လိုက်ပြီးလျှင် မီးခလုတ်များကို ဖွင့်မည်ဟု ခလုတ်ရှိရာသို့ သွားသည့်တစ်ခဏ၌ ကြေးစည်သံကို ကြားလိုက်ရလေ၏။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ထို့နောက် မီးခလုတ်များ လင်းလာ၏။

"ဝိဇ္ဇာကြီး တန်တော်မိုး ရောက်လာပြီကိုး၊ ကျုပ် မဟာမြိုင်ကို ပြန်ရတော့မယ်ပေါ့"

ဟု ဘိုးသူတော်ဂွတိုက ပြောလိုက်လေ၏။

"ဘိုးသူတော်ကြီး. . . ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘိုးသူတော်ဂွတိုက

"ကျုပ်တို့နှစ်ယောက် မဟာမြိုင်ကိုသွားတုန်းက တာမွေက တိုက်မြင်





သမား ခင်မောင်ရီနဲ့ ဒီတိုက်ကြီးကို တစ်ခါမြင်ခဲ့ဖူးပြီ [illegible]

နေမယ့် လူမရှိသေးတော့ ဒီတိုက်ကြီးဟာ ပြန်ပြီး ပျောက်သွား[illegible]

အဲဒါကြောင့် ကျုပ်က တန်တော်မိုးလာတဲ့အခါ ခေတ္တနေနိုင်[illegible]

ပြင်ရတယ်၊ ဆေးတွေဘာတွေလည်း သုတ်ပြီးပြီ၊ မြေတိုက်ခန်းလည်း ရှင်းပြီးပြီ"

ဟု ပြောလေ၏။

"မြေတိုက်ခန်းက ဘာကိစ္စရှင်းရတာလဲ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"ဘာဖြစ်လို့ရှင်းရတာလဲဆိုတော့ ကျုပ်သိပါတယ်၊ တန်တော်မိုးကိုယ့်လူဟာ ကိုယ့်လူရဲ့ဘဝဖြစ်စဉ်ကို မြေတိုက်ထဲဆင်းပြီး မှတ်တမ်းကြီးရေးခဲ့ဦးမယ်၊ ပြီးတော့ အဲဒီမှတ်တမ်းကြီးကိုလည်း မြေတိုက်ထဲ ထားခဲ့ဦးမယ်၊ ထိုက်တဲ့လူ တွေ့ပါစေ၊ ကိုယ့်လူလျှောက်သွားတဲ့ လမ်းစခန်းအတိုင်း မဟာမြိုင်သို့အရောက် လျှောက်လာနိုင်ပါစေဆိုတဲ့ စေတနာနဲ့ကိုယ့်လူက မှတ်တမ်းကြီးရေးထားခဲ့ဦးမယ် မဟုတ်လား၊ ပြီးတော့မှ တရုတ်သချိုင်းမှာ ကိုယ့်လူရဲ့ နာမည်တွေ ဘာတွေထိုးပြီး ဂူတွေ ဘာတွေလုပ် မယ်၊ မသိတဲ့လူတွေက သေသွားပြီလို့ ထင်အောင် ကိုယ့်လူက လုပ်ဦးမယ်၊ အဲဒီလို လုပ်ပြီးတော့မှ ဒီတိုက်ကြီးကို ကျုပ်လက်ထဲ လွှဲမယ်၊ ကျုပ်က ကိုယ့်လူရဲ့ ဆွေမျိုးဆက်တစ်ဦးကို အလကားပေးလိုက်ရင် ရိပ်မိမှာစိုးလို့ မတန်တဆ ဈေးလျှော့ပြီး ရောင်းခဲ့ရမယ်၊ အဲဒါတွေ အကုန်လုံး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးမှ ကိုယ့်လူက ကမ္ဘာအရပ်ရပ် နှစ်ပေါင်း တစ်ရာ့ရှစ်နှစ် (၁၀၈)နှစ်တိတိ မြန်မာမြေလျှောက်ဝိဇ္ဇာအဖြစ်နဲ့ လျှောက်လှည့်ဦးမှာ၊ တစ်ရာ့ရှစ်နှစ်ပြည့်တော့မှ မဟာမြိုင်ကို ပြန်လာမှာ၊ အဲဒီတော့မှ ဟိုကတစ်ယောက်နဲ့ လူချင်းလဲရမှာ မဟုတ်လား"

ဟု ပြောလိုက်ရာ ကျွန်ုပ်က ခေါင်းကို ညိတ်ပြလိုက်ရ၏။ ထိုအခါ ၌ ဘိုးသူတော်ဂွတိုက ကြေးစည်ကို ထုလိုက်လေတော့သတည်း။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."



## မြေတိုက်အတွင်းမှ မှတ်တမ်း

ကျွန်ုပ်သည် မြေတိုက်အတွင်းသို့ ဆင်းခဲ့ရပြန်၏။ ကျွန်ုပ်၏ မြေတိုက်မှာ ဘိုးသူတော်ဂွတို၏ ကျေးဇူးကြောင့် လွန်စွာ သန့်ပြန့်လျက်ရှိ၏။ မြေတိုက်အတွင်း၌ စာအုပ်ဗီရိုလေး တစ်ခုရှိ၏။ ထိုစာအုပ်ဗီရိုလေးထဲတွင် ယခင် ကျွန်ုပ် မြေတိုက်တွင်း အောင်းစဉ်က အပျင်းပြေဖတ်ရှုရန် ထည့်ထားခဲ့သော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဩကာတစ်ဇင်းခေါ် လောကီပညာရပ်ဆိုင်ရာ စာအုပ်များကိုလည်း ဘိုးသူတော်ဂွတိုသည် ဗီရိုထဲတွင် ပြန်ထည့်ထားပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် စာရေးစားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ ပက်လက်ကုလားထိုင်တစ်လုံး စသည်ဖြင့် ပြည့်စုံစွာ စီမံထား၏။ စာရေးရန် စက္ကူများ ဖောင်တိန်များ၊ ခဲတံနှင့် ခဲတံချွန်ရန် မောင်းချဓားတို့ပါ မကျန် ပြည့်ပြည့်စုံစုံ ရှိလှ၏။

ကျွန်ုပ်သည် ပုပ္ပားတောင် ပေါက်ကွဲစဉ်က မီးဟပ်ခံခဲ့ရသော ကျွန်ုပ်ဖခင်၏ အိတ်ဆောင်နာရီကလေးကိုပါ ဗီရိုအတွင်းသို့ထည့်လိုက်၏။ ထို့နောက် ကျွန်ုပ်၏ ဘဝအတွေ့အကြုံ မှတ်တမ်းကြီးကို စတင်ရေးသားလေတော့၏။

ကျွန်ုပ်၏ စားရေးသောက်ရေး အပါအဝင် ဟာရီရက်စ်များကို ဘိုးသူတော်ဂွတိုက စီမံပေးလေ၏။ ကျွန်ုပ်သည် မေလ (၄)ရက်နေ့တွင် စတင်ရေးသားခဲ့ရာ နောက်နှစ် မတ်လ (၁၇)ရက်နေ့တွင်မှ မှတ်တမ်းကြီး ရေးသားခြင်းကို အပြီးသတ်နိုင်လေတော့၏။

အပြီးသတ်သောနေ့၌ ကျွန်ုပ်သည် ထိုမှတ်တမ်းကြီးအား ဘိုးသူတော်ဂွတိုလက်သို့ အပြီးအပ်လိုက်လေတော့၏။ ဘိုးသူတော်ဂွတိုက

"မစ္စတာ တန်တော်မိုးရဲ့ မှတ်တမ်းကတော့ ပြီးသွားပါပြီ၊ ဒါပေမဲ့ ဒီမှတ်တမ်းဟာ မပြည့်စုံသေးဘူး၊ ကိုယ့်လူ အသေပြုရဦးမယ်၊ တရုတ်သချိုင်းကို ပို့ရဦးမှာ၊ ပြီးတော့ ကိုယ့်လူနဲ့ ကိုယ့်လူရဲ့ ရန်သူတွေဟာ ရွှေတိဂုံဘုရားကြီးမှာ ဆုံကြရဦးမယ်၊ အဲဒါတွေမပါဘဲ မှတ်တမ်းကြီးဟာ ဘယ်ပြည့်စုံမှာလဲ"

ဟု ဘိုးသူတော်ဂွတိုက ပြောလေ၏။

လာဘ်မိုးရွာ



"အဲဒီအထိ ပြည့်စုံချင်ရင်တော့ ဘိုးသူတော်ကြီးပဲ ဆက်ရေးရမှာပေါ့၊ ကျုပ်ရဲ့ မှတ်တမ်းကြီးကို ဘိုးသူတော်ရဲ့ လက်ကို အပ်ရမှာပဲ"

ဟု ကျွန်ုပ်ကပြောလိုက်လျှင် ဘိုးသူတော်ဂွတိုက ကြေးစည်ကို ထုလိုက်လေတော့သတည်း။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

ပြည်တော်ဝင် မှတ်တမ်းကြီး ပြီး၏။

မစ္စတာ တန်တော်မိုး
မဟာမြိုင်ခရီးသည်
ခေတ္တရန်ကုန်၊
မြန်မာပြည်။

လာဘ်မိုးရွာ

www.burmeseclassic.com

www.burmeseclassic.com



## မဟာမြိုင် ခရီးသည်မှတ်တမ်း နောက်ဆက်တွဲ

အောက်တွင်ရေးသားဖော်ပြလတ္တံ့သော အကြောင်းအရာတို့မှာ ကျွန်ုပ်ဂွတို၏ ရေးသားချက်များသာဖြစ်ပါ၏။ ကျွန်ုပ်သည် မစ္စတာတန်တော်မိုး (ခေါ်) ပြည်တော်ဝင် တန်တော်မိုး သို့မဟုတ်၊ မဟာမြိုင်ခရီးသည်တစ်ဦး၏ ရင်းနှီးသောမိတ်ဆွေ သို့မဟုတ်၊ တစ်လမ်းတည်းအတူတူလျှောက်ခဲ့သော ခရီးဖော်တစ်ဦးပင်ဖြစ်ခဲ့ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ မဟာမြိုင်ခရီးသည်ကြီး မစ္စတာတန်တော်မိုး၏ မှတ်တမ်း ပိုမိုပြည့်စုံစေခြင်းအလို့ငှာ ကျွန်ုပ်အနေနှင့် ဤသို့ နောက်ဆက်တွဲ ရေးရခြင်းဖြစ်ပေ၏။

မစ္စတာတန်တော်မိုးသည် ၎င်း၏ မှတ်တမ်းကြီးကို ကျွန်ုပ်အား အပ်ပြီး နောက်တစ်နေ့၌-

"ဒီမှာ ဘိုးသူတော် . . . ၊ ခင်ဗျားပဲ စီစဉ်ဗျာ၊ ဒီနေ့ ကျွန်တော်

**လာဘ်မိုးရွေ**

www.burmeseclassic.com

www.burmeseclassic.com

သေချင်တယ်"

ဟု မစ္စတာတန်တော်မိုးက ပြောလေ၏။

"သေချင်တော့လည်း သေပေါ့ဗျာ၊ ကျုပ်ပဲ စီစဉ်ပါ့မယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ ဈာပနဟာ မသေသော ဈာပနလို့ ပြောရမှာပဲ"

ဟု ကျွန်ုပ် ဘိုးသူတော်ဂွတိုက ပြန်၍ ပြောပြီးလျှင် မစ္စတာ တန်တော်မိုးတို့ တရုတ်သင်္ချိုင်းသို့ သွားရောက်ခဲ့လေ၏။ ထိုနေရာသို့ ရောက်လျှင် သင်္ချိုင်း အလယ်၌ဆောက်လုပ်ထားသော နှစ်ထပ်အုတ်ဇရပ် ကလေးဆီသို့သွား ရောက်ကာ သုဘရာဇာအား ရှာဖွေရလေတော့၏။

တရုတ်သုဘရာဇာသည် ကျွန်ုပ်ကို တွေ့လျှင် တရုတ်ဘာသာဖြင့် လှမ်း၍စကားပြော၏။ ကျွန်ုပ်က တရုတ်စကားကို ပြောတတ်သော်လည်း မပြောတတ်ဟန်ဆောင်၍ 'ဂွတ်မောနင်း'ဟု ပြောလိုက်လေ၏။ ထိုအခါ သုဘရာဇာက

"ဘယ်ကလာ ဂွတ်မောနင်းရမှာလဲ ဘိုးသူတော်ရဲ့၊ အမင်္ဂလာ နံနက်ခင်းလို့ ပြောရမှာပေါ့၊ ကျုပ်ဆီကို လာတဲ့ လူတွေဟာ ပတ်သက်ရာ ပတ်သက်ကြောင်း သေမှလာကြတာပဲ၊ဘယ်နည်း နဲ့မှ ကောင်းသောနံနက်ခင်း မဖြစ်နိုင်ဘူး၊ ကဲ. . . ဆိုစမ်းပါဦး၊ ကျုပ်က ဘာတွေလုပ်ပေးရမှာလဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က

"ကျုပ်ရဲ့ အင်မတန်ရင်းနှီးတဲ့မိတ်ဆွေ၊ သူက တရုတ်ကပြား ပါပဲ၊ သူ့နာမည်က မစ္စတာတန်တော်မိုးတဲ့၊ အခု နေ့လယ်





လောက်မှာ သေမယ်၊ ဪ. . . ယောင်လို့ ယောင်သို့ မနက် က သေပြီ၊ အဲဒီတော့ သူ့အတွက် တရုတ်ခေါင်းကြီးလိုတယ်၊ မသာချတဲ့အခါမှာ လှည်းလိုတယ်၊ တရုတ်စာလုံးကြီးတွေပါတဲ့ အလုံးကြီးဘွေလိုတယ်၊ ပြီးတော့ ဘင်တီးဝိုင်းလိုတယ်၊ အုတ်ဂူ တစ် ဂူလိုတယ်၊ ပြီးတော့ အုတ်ဂူမှာ တရုတ်၊ မြန်မာ၊ အင်္ဂလိပ် သုံးဘာသာရေးထိုးထားတဲ့ သင်္ချိုင်းကျောက်စာလိုတယ်၊ နောက် တစ်ခု ပြောချင်တာကတော့ ကျုပ်က တရုတ်မဟုတ်ဘူး၊ ပြီးတော့ သူ့မှာ ဆွေမျိုးသားချင်း မရှိဘူး၊ ကုန်ကုန်ပြောမယ် ကိုယ့်လူ၊ ငိုမယ့်သူတောင် မရှိဘူး၊ ကျုပ်လည်း ငိုမှာမဟုတ်ဘူး အဲဒါတွေကိုပါ ကိုယ့်လူဆောင်ရွက် ပေးပါ၊ ကျသလောက် ပေး ပါ့မယ်"

ဟု ပြောလိုက်ရာ သုဘရာဇာကြီးက-

"ဘာမှ မပူနဲ့ ဘိုးသူတော်ကြီး၊ အဲဒါတွေ ငှားလို့ရတယ်၊ မသာ မှာ ငို ဖို့ ငိုချင်းသည်လည်း ငှားလို့ရတယ်၊ အားလုံး ကျုပ်စီစဉ် ပေးပါ့မယ်"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်လည်း သုဘရာဇာကြီးအား ငွေသုံးရာနှင့် အတူ မစ္စတာတန်တော်မိုး၏ လိပ်စာကို ပေးပြီးလျှင် ပြန်ခဲ့လေတော့၏။

ညနေပိုင်းသို့ရောက်သောအခါ၌ လွန်စွာကြီးမားသော တရုတ်ခေါင်း ကြီးကို ချယ်ကာလီပေါ်တင်၍ ကုလားများက တွန်းလာ၏။ ၎င်းတို့နှင့် အတူ တရုတ်သုဘရာဇာသည် အိမ်နံပါတ်များကို ကြည့်ရှု၍ လိုက်၏



www.burmeseclassic.com

www.burmeseclassic.com



သာ၏။ မစ္စတာတန်တော်မိုး၏ အိမ်နံ့ပါတ်ကိုတွေ့လျှင် ထိုသုဘရာဇာက ကုလားများကို ရပ်ခိုင်းလေ၏။ ပြီးလျှင် အိမ်ပေါ်သို့တက်လာပြီး ကျွန်ုပ်ကိုတွေ့သောအခါ-

"ပစ္စည်းပါလာပြီ အပေါ်ကိုသယ်ခဲ့မယ်"

ဟု ပြောလေ၏။ ထို့နောက် ခုတင်ပေါ်တွင် သေချင်ယောင်ဆောင်နေသော မစ္စတာတန်တော်မိုးကို ကြည့်ပြီးနောက်-

"အိပ်ပျော်နေသလိုပဲနော်"

ဟု ပြောလေ၏။ သို့ရာတွင် မစ္စတာတန်တော်မိုးမှာ နှလုံးသွေးကိုမင် အပြီးအပိုင်ရပ်ပစ်လိုက်ပြီဖြစ်၏။ သုဘရာဇာကြီးသည် တန်တော်မိုးအနီးသို့လာ၍ ရပ်ကြည့်ပြီးလျှင် ရင်ဘတ်ပေါ်သို့ လက်တစ်ဖက်ကို တင်လိုက်၏။ ထို့နောက်-

"နှလုံးသွေးရပ်နေတာတော့ အမှန်ပဲ၊ ဒါပေမဲ့ လူသေနဲ့တော့ မတူဘူး၊ လူသေဟာ ဒီလောက်နာရီကြာရင် မေးရိုးအောက်က ကြွက်သားဟာ ဆွဲမထားနိုင်တဲ့အတွက် ပါးစပ်ဟသွားတယ်၊ ဒါပေမဲ့ ခင်ဗျားတို့ မသာက ပါးစပ်မဟပါလား၊ ပြီးတော့ သွေးပြန်ကြောကြီး အလုပ်မလုပ်တဲ့ အတွက် ခြေခုံနေရာတွေက ဝါဖန့်ဖန့် ဖြစ်နေတတ်တယ်၊ ခင်ဗျားတို့ မသာက ဒီလိုမဟုတ်ပါလား"

ဟု ပြောဆိုကာ ကျွန်ုပ်ဘက်သို့ လှည့်လိုက်၏။ ထိုအချိန်၌ မစ္စတာတန်တော်မိုးသည် ပါးစပ်ဟသွားပြီဖြစ်၏။ ခြေထောက်များမှာလည်း ဝါဖန့်ဖန့် အရောင်ပြောင်းသွားပြီဖြစ်၏။





တရုတ်သုဘရာဇာသည် သူ၏ လက်ကို မစ္စတာတန်တော်မိုး၏ ရင်ဘတ်ပေါ်မှ ရုပ်လိုက်ပြီး တစ်ချက်လှည့်ကြည့်လိုက်ရာ ပါးစပ်ဟနေကြောင်း တွေ့ရပြီး ခြေခုံမှာလည်း ဝါဖန့်ဖန့်အရောင်သို့ ပြောင်းသွားသည်ကို တွေ့ရသဖြင့် သူ၏မျက်လုံးမှာ ပြူးသွားလေ၏။ ထို့နောက် ၎င်းက-

"ခင်ဗျားတို့ မသာကလည်း ကျုပ်ပြောမှ ပါးစပ်ဟရသလားဗျ၊ ခြေခုံကလည်း အဝါရောင်ဖြစ်လာပြီ၊ ကျုပ်အနေနဲ့ သုဘရာဇာလုပ်လာတဲ့ သက်တမ်းက မနည်းတော့ဘူး၊ အစိုးရဌာနမှာဆို ပင်စင်တောင် ရလောက်ပြီ၊ ဒီလို မသာမျိုး တစ်ခါမှ မတွေ့ဖူးဘူး၊ ကျုပ်ကို ဘယ်လောက်များ ဒုက္ခပေးဦးမလဲ မသိဘူး၊ နောက် ဘိုးသူတော်ကြီးလူက တရုတ်သာ ဆိုတယ်၊ ရွှေသွားလည်း မပါပါလား၊ ဘာပဲဖြစ်ဖြစ်လေ သူက သေပြီဆိုတော့ လည်း ဂူထဲထည့်ရမှာပေါ့ဗျာ"

ဟု တရုတ် သုဘရာဇာက ပြောလေ၏။

ထို့နောက် ကုလားများသည် ခေါင်းကြီးကို သယ်လာလေ၏။ ခေါင်းကြီးရောက်လာသောအခါ တန်တော်မိုးအား ကုလားများ၏ အကူအညီဖြင့် ခေါင်းအတွင်းသို့ သွင်းလိုက်လေ၏။ တရုတ်သုဘရာဇာသည် မယုံသကဲ့သို့ အလောင်းကို မကြာခဏ ကြည့်နေလေ၏။

ထို့နောက် ၎င်းက-

"တိုက်ကြီးက နှစ်ထပ်တိုက်ကြီး ဆောက်ပြီး လူတစ်ယောက်နဲ့ ဘိုးသူတော်တစ်ယောက်ပဲ နေရသလားဗျာ၊ သုတ်ထားတဲ့ ဆေးတွေ



www.burmeseclassic.com

www.burmeseclassic.com

မကြာသေးခင်ကမှ သုတ်ထားတဲ့သဘောပဲ၊ ဒီလူ ဘာအလုပ်လုပ်သလဲ"

ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်က-

"အရင်တုန်းကတော့ နိုင်ငံခြားမှာ ဥပဒေပညာသင်လာပြီး ဒီမှာ အမှုလေး ဘာလေး လိုက်တယ်"

ဟု ပြောလိုက်ရာ သုဘရာဇာက-

"ဒါပေမဲ့ သူ့တိုက်ရဲ့ နဖူးစည်းမှာ ငါးရုပ်တွေ၊ မျိုင်းရုပ်တွေ ထွင်းထားတာတွေ့ရတယ်၊ အဲဒီအရုပ်တွေဟာ သုံးဆယ့်ခြောက်ကောင်မှာပါတဲ့ အရုပ်တွေပဲ၊ ပြီးတော့ 'ရှမ်ဘဲလား' ဆိုတဲ့ စာတန်းတစ်ခု လည်း တွေ့တယ်၊ ရှမ်ဘဲလားဆိုတာ ကမ္ဘာပေါ်မှာ အလွန်ထူးဆန်းတဲ့ အရာတစ်ခုပဲ၊ မအိုမနာ မသေရာ အရပ်လို့တောင် ပြောတယ် ဒါပေမဲ့ ဘိုးသူတော်ကြီးရဲ့ မိတ်ဆွေကတော့ အခု သေသွားပြီ၊ ထားလိုက်ပါတော့လေ၊ ဟော ဒီ ခေါင်းနားမှာ သူ့ရဲ့ ခတ်ပုံကို ထောင်ရမယ်၊ ခတ်ပုံပေးပါ"

ဟု ပြောလေ၏။ ကျွန်ုပ်သည် အကျပ်ဆိုက်၍သွားလေ၏။ မစ္စတာတန်တော်မိုး၏ ဓာတ်ပုံဟူ၍ တစ်ပုံမျှ မရှိပေ။

"ခက်တယ် သုဘရာဇာကြီးရယ်၊ ကျုပ်မိတ်ဆွေ မစ္စတာတန်တော်မိုးမှာ ဓာတ်ပုံဆိုလို့ တစ်ပုံမှ မရှိဘူး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ တရုတ်သုဘရာဇာကြီးက ရယ်လေ၏။ ထို့နောက်-





"ဒီလို ခမ်းခမ်းနားနားနေပြီး ဓာတ်ပုံတောင် မရှိဘူးဆိုတော့ ဘယ်လို တရုတ်မျိုးလဲ"

ဟု ပြောလေ၏။

"မတတ်နိုင်ဘူး သုဘရာဇာကြီးရယ်၊ ဒီလူက ဓာတ်ပုံရိုက်ရမှာ သိပ်ပြီး ပျင်းတဲ့လူ၊ အဲဒီတော့ သုဘရာဇာကြီးမှာ ဓာတ်ပုံမရှိဘူးလား၊ ရှိရင် ခင်ဗျားဓာတ်ပုံပဲ ဒီမှာ ထောင်လိုက်ပါလား"

ဟု ကျွန်ုပ်က ပြောလိုက်ရာ သုဘရာဇာကြီးက-

"ဟာ. . . နိမိတ်မရှိ နမာမရှိဗျာ၊ ဒီလို လုပ်မယ်လေ၊ ဓာတ်ပုံဆိုင်မှာ လာပြီး မရွေးလို့ ကျန်တဲ့ ဓာတ်ပုံတွေရှိတယ်၊ သွားပြီးဝယ်မယ်၊ အဲဒါကိုပဲ မှန်ပေါင်သွင်းပြီး ဒီနားမှာ ထောင်ထားလိုက်ရမှာပဲ"

ဟု ပြောလိုက်လေ၏။ ထို့နောက် သုဘရာဇာကြီးသည် ကုလားများနှင့်အတူ ထွက်သွားလေ၏။ များမကြာမီ၌ ၎င်းသည် တရုတ်ဓာတ်ပုံကြီးတစ်ပုံကို ကိုင်လျက် ပြန်လည်ရောက်ရှိလာလေ၏။ ဓာတ်ပုံပေါ်၌လည်း 'မစ္စတာတန်တော်မိုး' ဟူသော စာတန်းကို ရေးထိုးထားသည်ကို တွေ့ရ၏။

ထိုအချိန်၌ပင် တရုတ်ဘုံကျောင်းမှ လူကြီးများ ရောက်ရှိလာ၏။ ၎င်းတို့နှင့်အတူ တရုတ်လူငယ်များလည်း ပါလာ၏။ များမကြာမီ၌ လူငယ်များသည် အိမ်ရှေ့တွင် ဘာပေါ်လင်ပြားကြီးကို အမိုးပြုလုပ်လေ၏။ စားပွဲများ၊ ခေါက်ကုလားထိုင်များ ချ၏။ စားပွဲများပေါ်တွင်လည်း ကွာစေ့ပန်းကန်များ တင်ပေးလေ၏။ မစ္စတာတန်တော်မိုးအား တွေ့ဖူးမြင်ဖူး နည်းလှ၏။ ထို့ကြောင့် သုဘရာဇာကြီး ထောင်ထားသော ဓာတ်ပုံကိုသာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှု၍ စိတ်မကောင်းကြောင်း ပြောကြ၏။ ထိုအထဲတွင် ဘောင်းဘီဝတ်
ခြေသေး တရုတ်မကြီးက-

"တန်တော်မိုးနဲ့ ဝနဲ့ တစ်လမ်းထဲနေတာ တစ်ခါမှ သူ့ကို မမြင်ဖူး
ဘူး၊ သူ့ခာတ်ပုံကို ကြည့်လိုက်တော့ ဝရဲ့မောင်'ကြင်ဆွိ'နဲ့ မှတ်
တော့ တူတာပဲ၊ ကြင်ဆွိက ဒီလဆန်းမှာ မင်္ဂလာဆောင်မှာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် မျက်လုံးပြူး၍ သွားလေ၏။ ထို့ နောက်
တရုတ်သုဘရာဇာကြီးသည် ငိုချင်းသည်နှစ်ယောက် ခေါ်လာ၏။ ငိုချ
သည်များမှာ မိန်းမများ ဖြစ်ကြ၏။ ငိုချင်းသည်များသည် အိမ်ပေါ်ရော
သည်နှင့် စတင်၍ ငိုကြွေးကြလေ၏။ ကျွန်ုပ်မှာ နားပူလွန်းသဖြင့် မငိုရ
ပိုက်ဆံအကြွေများ မကြာခဏ ပေးရလေ၏။

ဤသို့နှင့်ပင် တန်တော်မိုး၏ မသေသော ရုပ်အနသည် ခမ်းနားကြ
ကျယ်စွာဖြင့် ဗိုလ်ချုပ်စိတ်တရုတ်သင်္ချိုင်းဆီသို့ ချခဲ့လေ၏။ မသာ
မည့်နေ့၌ မစ္စတာတန်တော်မိုးသည် ခေါင်းအတွင်းမှ ထွက်လိုက်ပြီဖြစ်
၎င်း၏ နေရာတွင် ကျွန်ုပ်မှာ အုတ်ခဲများ ထည့်ထားလိုက်ပြီဖြစ်၏။

မသာချသွားသောအခါ၌ မစ္စတာတန်တော်မိုးသည် ၎င်းကိုယ်တိုင်
၎င်း၏ အသုဘကို လိုက်လံပို့ဆောင်ခဲ့လေ၏။

၎င်း၏ ခေါင်းကြီးအား ဂူသွင်းပြီးသောအခါ၌ မသာပို့သူများ ပြ
သွားကြပြီဖြစ်၏။ ကျွန်ုပ်နှင့် မစ္စတာတန်တော်မိုးသာ သင်္ချိုင်း၌ ကျန်
ခဲ့၏။ ထိုအခါ်ချိန်၌ တရုတ်သုဘရာဇာကြီးသည် ကျွန်ုပ်တို့အနီးသို့ ရော
လာပြီး မစ္စတာတန်တော်မိုးအား-



## မင်းလေးပါးဆုံ ရွှေတိဂုံ

BURMESE CLASSIC .com

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ရက်အနည်းငယ် ကြာ
သောအခါ၌ တပေါင်းလပြည့်နေ့နှင့် ကြုံကြိုက်နေ၏။ တပေါင်းလပြည့်
နေ့ အရက်တက်ချိန်၌ ကျွန်ုပ်တို့ ဝိဥာများသည် မြန်မာပြည်၌ ပြည်တော်
ဝင်ပါက ရွှေတိဂုံဘုရားသို့ မလာမနေရ လာရ၏။

ထို့ပြင် ဘုရား၏ တနင်္ဂနွေထောင့်တွင် ဝတ်ပြုရ၏။ မဟာမြိုင်မှ
ဆရာသခင်များ၏ မနောဓာတ်များနှင့်လည်း ပေါင်းစည်းရ၏။ ထို့ကြောင့်
တပေါင်းလပြည့်နေ့အား ကျွန်ုပ်တို့က 'ဓာတ်ပေါင်းပွဲ'ဟုခေါ် ၏။ ထိုဓာတ်
ပေါင်းပွဲပြီးသည်နှင့် ကျွန်ုပ်လည်း မဟာမြိုင်သို့ ပြန်ရမည်ဖြစ်၏။

မစ္စတာတန်တော်မိုးမှာမူ မြန်မာပြည်အရပ်ရပ်သို့ မဟိဒ္ဓိဂန္ဓာရီခရီး
လှည့်လည်ရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လက်သံဆိုတော့ သူလည်း ကောင်းလိမ့်မယ်ဗျို့"

ဟု ပြောလေ၏။ ထိုအချိန်၌ ပီကွမ်းသည် တယောကို စမ်းနေပြီ ဖြစ်၏။ ကျေနပ်လောက်အောင် စမ်းပြီးသောအခါ၌ စတင်၍ တယောထိုးလေ၏။ မြင့်သောအသံကို ထိုးသောအခါ၌ ကျွန်ုပ်အား ဝါးလုံးအရှည်ကြီး အဖျားတွင် ထိုးကော်၍ မြှောက်တင်လိုက်သကဲ့သို့ ဖြစ်သွား၏။ နိမ့်သော အသံကို ထိုးလိုက်သောအခါ၌ ကျွန်ုပ်အား အသူတစ်ရာနက်သော ချောက်အတွင်းသို့ ပစ်၍ချလိုက်သကဲ့သို့ ပီကွမ်း၏ တယောလက်သံသည် စွမ်းဆောင်နိုင်လေ၏။

ကျွန်ုပ်သည် အသက်ကို မျှဉ်းမျှဉ်းကလေးမျှသာ ရှူထားနိုင်၏။ ကျွန်ုပ်၏စိတ်သည် ပီကွမ်း၏ တယောဘိုးတံထိပ်၌ သွား၍ တွယ်ကပ်နေ၏။ ဘိုးတံလှုပ်ရှားသရွေ့ ကျွန်ုပ်သည် ရော၍ လှုပ်ရှားနေ၏။ ကျွန်ုပ်၏ ခန္ဓာကိုယ်အတွင်းရှိ အူအသည်းနှလုံးများသည် ပြုတ်ထွက်သွားသကဲ့သို့ တစ်ခါ တစ်ခါ၌ ခံစားရ၏။

ပီကွမ်း၏ တယောတစ်ပိုဒ်အတွင်း၌ ကျွန်ုပ်သည် ဘဝပေါင်းများစွာ ဖြတ်သန်းလိုက်ရသည့်အလား ခံစားလိုက်ရလေတော့၏။ ပီကွမ်း တယော ထိုး၍ ပြီးသွားသောအခါ၌ ကျွန်ုပ်သည် ပင်ပန်းနွမ်းနယ်လွန်း၍ သတိလစ် မေ့မြောသွားလေတော့သတည်း။

လာဘ်မိုးစွေ

www.burmeseclassic.com

www.burmeseclassic.com



## မင်းလေးပါးဆုံ ရွှေတိဂုံ

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ရက်အနည်းငယ် ကြာသောအခါ၌ တပေါင်းလပြည့်နေ့နှင့် ကြုံကြိုက်နေ၏။ တပေါင်းလပြည့်နေ့ အရုဏ်တက်ချိန်၌ ကျွန်ုပ်တို့ ဝိဇ္ဇာများသည် မြန်မာပြည်၌ ပြည်တော်ဝင်ပါက ရွှေတိဂုံဘုရားသို့ မလာမနေရ လာရ၏။

ထို့ပြင် ဘုရား၏ တနင်္ဂနွေထောင့်တွင် ဝတ်ပြုရ၏၊ မဟာမြိုင်မှ ဆရာသခင်များ၏ မနောဓာတ်များနှင့်လည်း ပေါင်းစည်းရ၏။ ထို့ကြောင့် တပေါင်းလပြည့်နေ့အား ကျွန်ုပ်တို့က 'ဓာတ်ပေါင်းပွဲ'ဟုခေါ်၏၊ ထိုဓာတ်ပေါင်းပွဲပြီးဆည်နှင့် ကျွန်ုပ်လည်း မဟာမြိုင်သို့ ပြန်ရမည်ဖြစ်၏။

မစ္စတာတန်တော်မိုးမှာမူ မြန်မာပြည်အရပ်ရပ်သို့ မဟိဒ္ဓိဂန္ဓာရီခရီး လှည့်လည်ရမည်ဖြစ်၏။

**လာဘ်မိုးရွှေ**

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ မြန်မာပြည်တစ်ဝန်းလုံးတွင် 'သာသနာတစ်ဝကဲ့ မင်းကောင်းတစ်ဆက်'ဆိုသော စကားသည်လည်းကောင်း၊ 'မင်းငေ ုးပါးဆုံ ရွှေတိဂုံ'ဆိုသောစကားသည်လည်းကောင်း တဘောင်အဖြစ် ပေါ်ပေါက်လျက်ရှိလေ၏။ သိုက်စာတစ်ခု၌လည်း-

"ရွှေတိဂုံလေးစုံ မင်းမျိုးဆုံလိမ့်မည်
ရန်ပြေဘုရား တည်စိုက်ထား၊ အများဝေနေ ငြိမ်းလိမ့်မည်"

ဟူသော သိုက်စကားသည် လူပြောများလေ့ရှိ၏။ ထိုအချိန်က လူအများသည် ရွှေစက်တော်သိုက်၊ မှန်ကန်းသိုက်၊ ဂဝံပတွေသိုက်၊ ဗုဒ္ဓရာဇသိုက်၊ နတ်စက်ရောင်သိုက်၊ မုဆိုးသိုက်ဟု ဆိုအပ်သော သိုက်စကားများသည် တွင်ကျယ်လေ့ရှိကြ၏။

မစ္စတာတန်တော်မိုးနှင့် ကျွန်ုပ်သည် ဈာပနပြီးသည့်အချိန်မှစ၍ လူချင်းခွဲလိုက်ကြ၏။ ကျွန်ုပ်သည် ၎င်း၏ အိမ်တွင် ဆက်လက်နေထိုင်ပြီး ၎င်း၏ မှတ်တမ်းကို ပြည့်စုံအောင် ဆက်လက်ရေးသားနေ၏။ ၎င်းမှာမူ ကျွန်ုပ်နှင့် ခွဲခွာပြီး မည်သည့်အရပ်သို့ သွားရောက်နေထိုင်သည်ကို ကျွန်ုပ်အနေနှင့် မသိပါ။ အကယ်၍ သိချင်ပါက သိအောင် လုပ်နိုင်သော စွမ်းရည်သတ္တိများ ကျွန်ုပ်၌ ရှိသော်လည်း ကျွန်ုပ် သိအောင် မလုပ်ခဲ့ပါ။

ကျွန်ုပ်သည် တပေါင်းလပြည့် အဖိတ်နေ့ညတွင် ရွှေတိဂုံ ဘုရားပေါ်၌ပင် အိပ်စက်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်လည်း တပေါင်းလပြည့်နေ့၌ ရွှေတိဂုံဘုရား တနင်္ဂနွေထောင့်တွင် ဝတ်ပြုရမည်ဖြစ်၏။

ပြီးလျှင် မဟာမြိုင်ရှိ ဆရာသခင်များထံသို့ ပြန်လည်၍ ခေတ်ပို့





အဂ္ဂိအရင်ခံရမည်ဖြစ်၏။ ထို့ကြောင့် ညကတည်းကပင် ဘုရားပေါ်ရှိ ဇရပ်တစ်လုံးတွင် ဝင်ရောက်အိပ်စက်နေခြင်းဖြစ်၏။

အရုဏ်တက်သောအခါ၌ ကျွန်ုပ်၏ မိတ်ဆွေကြီး မစ္စတာ တန်တော်မိုးသည် လွန်စွာအချိုးကျသော အဖြူရောင် ဥရောပဝတ်စုံကို ဝတ်ဆင်၍ ဘုရားပေါ်သို့ တက်လာလေ၏။ သူ၏ အရပ်အမောင်း၊ သူ၏ဥပဓိရုပ်၊ သူ၏အဝတ်အစားသည် လွန်စွာကြည့်၍ ကောင်းလှ၏။

သူသည် တနင်္ဂနွေထောင့်သို့ရောက်သောအခါ၌ ဖယောင်းတိုင်များ ထွန်းညှိ၍ ရှိခိုးပူဇော်လေတော့၏။ မစ္စတာတန်တော်မိုး ဘုရားဝတ်ပြုနေသည့်အချိန်၌ ကျွန်ုပ်သည် စေတီတော်ကို ညာရစ်ပတ်၍ လျှောက်နေ၏။

ထိုအချိန်၌ ပိတ်၍ထားသော အနောက်ဘက်မုခ်ဆီမှ တစ်စုံတစ်ယောက်သည် ဘုရားရင်ပြင်ပေါ်သို့ တက်လာလေ၏။ ကျွန်ုပ်သည် ထိုလူကိုမြင်လျှင် အံ့သြ၍သွား၏။ ထိုသူအား ကောင်းစွာသိ၏။ ထိုသူသည် စနေဂိုဏ်းမှ ဂိုဏ်းချုပ်တစ်ဦးဖြစ်၏။

သူသည် မစ္စတာတန်တော်မိုးအား သတ်ဖြတ်လုပ်ကြံရန် ချောင်းနေသူဖြစ်၏။ ကျွန်ုပ်သည် ထိုသူအား တစေ့တစောင်း ကြည့်ပြီး ဆက်လက်၍လျှောက်ခဲ့ရာ မြောက်ဘက်မုခ်ဆီမှ ဘလက်ဘရေးသားဂိုဏ်းချုပ်တစ်ဦး တက်လာသည်ကိုတွေ့ရ၏။

ထိုသူမှာလည်း မစ္စတာတန်တော်မိုးကို တွေ့လျှင် ချမ်းသာပေး မည့်သူ မဟုတ်။ သဲသဲမဲမဲ စုံစမ်းရှာဖွေနေသူဖြစ်၏။ ကျွန်ုပ်သည် ဆက်၍လျှောက်



www.burmeseclassic.com

လာ၏။ မစ္စတာတန်တော်မိုးသည် စိတ်အေးလက်အေး ဘုရားဝတ်ပြု နေ၏။ ကျွန်ုပ်သည် ၎င်းအား ကြည့်၍ လျှောက်ခဲ့ပြန်၏။ အရှေ့မုခ်သို့ ရောက်သောအခါ၌ ဗနာဂျီဆိုသော ကုလားဆရာဝန်တစ်ဦးကို တွေ့ရ၏။ ၎င်းနှင့် မလှမ်းမကမ်းတွင် ရပ်၍နေသော ကပြားမတစ်ဦးကိုကြည့်လိုက်ရာ ရှိစီဆိုသော မိန်းကလေးဖြစ်ကြောင်းကို တွေ့ရလေ၏။

ကျွန်ုပ်သည် ရှေးမဆွကပင် ထိုနှစ်ဦးကို တွေ့ဖူး၊ မြင်ဖူး၍ သိနေ၏။ ကျွန်ုပ် အိန္ဒိယပြည်၌ နေခဲ့စဉ်က ထိုနှစ်ဦးအကြောင်းကို ကောင်းစွာသိနေ၏။ ကျွန်ုပ်လည်း ဆက်၍လျှောက်လာ၏။ တောင်ဆက်မုခ်ဆီသို့ ရောက် သောအခါ၌ လူတစ်ယောက်ကို တွေ့ရလေ၏။ ကျွန်ုပ်သည် ထိုသူကို တွေ့သောအခါ၌ လွန်စွာ အံ့ဩသွား၏။ ထိုသူမှာ ၎င်းလိုချင် တာကို မရလျှင် အသက်တိုင်အောင် အဆုံးစီရင်မည့် လူစားမျိုးဖြစ်၏။ ထိုသူ၏ အမည်မှာ စနေမောင်မောင်ဟူ၍ ဖြစ်၏။

ထိုသူ၏ လက်တွင် ကျောက်ခုနစ်လုံးပါသော လက်စွပ်ကို ဝတ်ဆင်ထားကြောင်း ကျွန်ုပ် တွေ့ရ၏။ ထိုလက်စွပ်မှာ ရှမ်ဘဲလားအဘိုးအို ရှုတ်အားသတ်၍ ၎င်းယူသွားသော ကင်းဆော်လမွန်၏ လက်စွပ်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်၌-

"မင်းလေးပါးဆုံ ရွှေတိဂုံ ဆိုတာတော့ ဖြစ်နေပြီ၊ မစ္စတာတန်တော်မိုးကို သတ်ကြမယ့် လူစွမ်းကောင်းလေးယောက်တော့ ဘုရားပေါ်မှာ တွေ့နေကြပြီ"

ဟု တွေးမိလေ၏။





၎င်းတို့လေးဦးသည် ရင်ပြင်ပေါ်၌ တရွေ့ရွေ့လှမ်းရင်း ရန်သူဖြစ်သူ တန်တော်မိုးအား ရှာဖွေကြလေ၏။ တနင်္ဂနွေထောင့်သို့ ရောက်သောအခါ၌ မစ္စတာတန်တော်မိုး ဝတ်ပြုနေသည်ကို ၎င်းတို့လေးဦးစလုံး တွေ့မြင်သွားပြီဖြစ်၏။ ၎င်းတို့သည် တရွေ့ရွေ့နှင့် မစ္စတာတန်တော်မိုးအား လေးဘက်လေးတန်ပိတ်၍ ဝိုင်းနေကြပြီဖြစ်၏။ မစ္စတာတန်တော်မိုးသည် စိတ်အေးလက်အေးဖြင့် ဘုရားဝတ်ပြုနေ၏။ ပြီးလျှင် မေတ္တာပို့နေ၏။ မေတ္တာပို့ပြီးလျှင် မဟာမြိုင်မှ ဆရာသခင်များသို့ မနောစာတ်များ လွှတ်၏။

အလုံးစုံပြီးသောအခါ၌ မစ္စတာတန်တော်မိုးသည်မတ်တတ်ရပ်လိုက်၏။ ထို့နောက် ပတ်ဝန်းကျင်သို့ လှည့်ကြည့်လိုက်၏။ ရန်သူလေးဦးသည် သူ့ထံသို့ တရွေ့ရွေ့ လာနေကြပြီဖြစ်၏။ သူသည် အိတ်အတွင်းမှ စီးကရက်ကိုထုတ်၍ မီးညှိကာ သောက်၏။ ရှေ့သို့ တရွေ့ရွေ့ တိုးလာကြ၏။ မျက်လုံးများ ပြူးသည်ထက် ပြူးလာကြ၏။ အံများ ကြိတ်ကြ၏။ ပါလာသော လက်နက်များကို ဆွဲထုတ်ကြ၏။ လေးဘက်လေးတန်မှ ပိတ်၍ ဝိုင်းပြီးဖြစ်၏။

မစ္စတာတန်တော်မိုးသည် မီးခိုးများကို မှုတ်ထုတ်လိုက်ပြီးနောက် ထိုလူလေးယောက်က မိမိ၏အသက်အား အဆုံးစီရင်ရန် တရွေ့ရွေ့ လှမ်းလာသော ပုံကိုကြည့်၍ ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ပြီးနောက်

"ကျုပ်ကို သတ်ကြတော့မလို့လား၊ မိုက်လှချည်လား၊ ထူလှချည်လား၊ အလှချည်လား၊ ဘယ်သူ့အဆင့်ရောက်နေပြီကို မသိပါကြသေးဘူးကိုး၊ သတ္တဝါတွေတယ်ရှိ မြည်တော်ဖွင့်ရဦးတော့ကိုယ့်

www.burmeseclassic.com



အသက်ကို ကိုယ်မကယ်နိုင်ဘဲရှိပါမလား၊ မစ္စတာတန်တော်မိုး ဆိုတာ သာမန်လူသား မဟုတ်တော့ဘူး၊ သတ်လို့မသေတဲ့ မဟာမြိုင် လူသားဖြစ်သွားပြီ၊ ကိုယ့်လူတို့ မသိကြဘဲကိုး"

ဟု ဆိုကာ ကျေကျေနပ်နပ်ကြီး ရယ်မောလိုက်လေ၏။

"ဟား. . . ဟား. . . ဟား. . . ဟား"

မစ္စတာတန်တော်မိုး၏ ရယ်သံကြီးပြီးဆုံးသည်နှင့်တစ်ပြိုင်တည်း လေးဘက်လေးတန်မှ ရန်သူလေးဦးတို့သည် ၎င်းအား ဖမ်းဆီးရန် သတ်ဖြတ်ရန် အမျိုးမျိုး ကြိုးပမ်းကြသော်လည်း အထမမြောက်ဘဲ လွတ်မြောက်သွားလေတော့၏။

ကျွန်ုပ်·ဘိုးသူတော်ဂွတိုမှာမူကား ကျွန်ုပ်၏ မိတ်ဆွေကြီး မစ္စတာ တန်တော်မိုးအတွက် ကျေနပ်ခြင်း၊ ဂုဏ်ယူခြင်း၊ ဝမ်းမြောက်ခြင်းစသော ဝေဒနာမျိုးစုံ ခံစားမှုမျိုးစုံတို့ကို တစ်မုဟုတ်ချင်း ခံစားလိုက်ရ သောကြောင့် ကျွန်ုပ်၏ ကြေးစည်ကို အားရပါးရ ထုလိုက်လေတော့သတည်း။

"နောင်. . . ဝေ. . . ဝေ. . . ဝေ. . ."

လာဘ်မိုးဇွေ

ဝတ္ထုရေး ဆရာတို့တွင် အချို့သည် အချစ်ဝတ္ထုဆိုသော ဝတ္ထုများရေးဖွဲ့၏၊ အချို့သည် လျို့ဝှက်ဆန်းကြယ်သော ဝတ္ထုများရေးဖွဲ့၏၊ အချို့သည် ဘဝဒဿနများနှင့် ဝတ္ထုများရေးဖွဲ့၏၊ အချို့သည် တော တောင် ရေ မြေ သဘာဝကို ခြယ်မှုန်း၏၊ ယခုထုတ်ဝေမည် ဖြစ်သော စာအုပ်သည် အချစ်ဝတ္ထုဟုလည်း ပြောလို့မရ လျို့ဝှက်ဆန်းကြယ်ဟုလည်း မဆိုသာ၊ ဘဝဒဿနလည်း ဖြစ်ဖြစ်မြောက်မြောက်မရှိ၊ တော တောင် ရေ မြေ လည်း မပါ၊ သို့သော် ဘုရားရှိခိုး စာတွေလည်းပါ၏၊ ဂါထာတွေလည်း ပါ၏၊ ဆွတ်ပျံ့လွမ်းမောစရာများလည်း ပါ၏၊ အံ့ဩ ထိတ်လန့်စရာတွေလည်း ပါ၏၊ ထိုအကြောင်းအရာတို့ကို ဝတ္ထုဟုလည်း ယူဆပြီး ဖတ်နိုင်၏၊ ဆောင်းပါးဟုလည်း ဖတ်နိုင်၏၊ မည်သို့ပင် ဖတ်ဖတ်၊ ဖတ်ကောင်းအောင် ရေးထားသော စာအုပ်တစ်အုပ်ဟုပင် ဆိုလိုက်ရပါစေ. .

# မောင်မောင်မြင့်အေး

စာမူခွင့်ပြုချက် - ၅၈၈ / ၂၀၀၄(၆)

# မေ့လို့မရမယ့် မိန်းမများ

**လာဘ်မိုးဇွေ**
အမှတ်(၁၁၁)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၂၅၃၅၁၉၊

BURMESE CLASSIC .com
www.burmeseclassic.com